www.burmeseclassic.com



# ဝဏ္ဏအောင်

## နှောင်ကြိုးတစ်မျှင် သံယောဇဉ်

လျှို့ယှစိမ်း၏ဝမ်း [illegible] ကျွန်

ဒုတိယပိုင်း
ဇာတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# ဉာဏ်မျှားတဲ့လူ

'ခြင်'

ချိုလှိုင်သော အမိန့်ပေးခေါင်းလောင်းသံ ထွက်ပေါ်လာသောအခါ တိုက်ခိုက်ရန်ဟန်ပြင်နေသော မီးလျှံဘွားဘွား ထပျံ့လာသော နေ့ဒ်တော်ဆုတ်လိုက်လေသည်။

သူမသည် အနီရောင်ဝေါစင်ဘက်သို့လှည့်ကာ ဦးညွှတ်လိုက်လေသည်။

'အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး'

ဝေါစင်ထဲမှ ချိုလှိုင်ကြည်လင်သော စကားသံလေး ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘုန်းဘုန်း၊ ချူစန်းကိုဖမ်းခေါ်ခဲ့ပါ၊ ကျွန်တော် မီးလျှံ
အောင်ကို ပြန်ကြိုမယ်'

ပုထင်းသည် အနီရောင်မဂ္ဂါခြင်ကို လှမ်းကြည့်မိသည်။
ခေါင်ထဲမှ ထွက်ပေါ်လာသော စလေ့သံလေးအား နား
ထောင်ထားမိသည့်အပြင် ရင်ထဲအားမြဲ့အုနေသည်ဟု ခံစားလိုက်
ရခြင်းကြောင့် ဖြစ်လေသည်။

အသံရှင်အား တွေ့မြင်လိုစိတ်များ ဘာဆီးမရအောင်
ဖြစ်ပေါ်လာသည်။

မကျွစ၏ တီးတိုးစကားသံကို ကြားရတော့မှ ပုထင်း
အာရုံပြောင်းသွားလေသည်။

'နဂါးစိမ်းကိုးကျော်မှာ ညီမတစ်ယောက်ရှိတယ်၊ သူ
ညီမဟာ အိမ်ထောင်ကျသွားပြီး ကလေးတစ်ယောက်ရတဲ့
အချိန်မှာ ခင်ပွန်းသည် သေဆုံးသွားခဲ့တယ်'

'နဂါးစိမ်းကိုးကျော်ဟာ ဖတ်ဆင်းသေးဖြစ်တဲ့တူလေး
ကို ချစ်မြတ်နိုးလို့ ခေါ်ယူမွေးစားထားတယ် သိုင်းပညာ
သင်ကြားပေးခဲ့တယ်'

'တစ်နေ့ နဂါးစိမ်းကိုးကျော်ချုပ်နေရာကို ဆတ်ခိုးဖို့ လျှာထား
ကြောင့် တူအောင်မေ့ဖြစ်တဲ့ နဂါးမင်းသားဟာ အရှုံးနဲ့
လိုက်အောင် ဆိုးသွမ်းမိုက်မဲနေတယ်လို့ သတင်းကြီးနေတယ်'

တိုးတိုးကြားလျှင် ယခု မတွေ့မြင်နေရသောလူရွယ်သည်
နဂါးမင်းသားဖြစ်ရမည်ဟု ပုထင်းရိပ်မိလိုက်သည်။



နဂါးစိမ်းကိုးကျော်မှ အလွန်အရေးပါသူတစ်ယောက် ရှော
ရှိနေခြင်း ဖြစ်ပါတော့သည်။

မီးလျှံ ကိုးကျော်ချုပ်၏ အမိန့်ပေးသံအဆုံးတွင် မီးလျှံ အဘွား
က ဦးညွှတ်လိုက်သည်။

'ကောင်းပါပြီ ကိုးကျော်ချုပ်ကြီး'

သူမလည်း သွေးကြောပိတ်ထားသော ချူစန်းအား ဖမ်း
ဆီးခေါ်ဆောင်သွားရန် ဟန်ပြင်လိုက်သည်။

'တာ…တား…ဟာ'

နဂါးမင်းသားက ရယ်မောလိုက်၏။

'ကျုပ်တစ်ယောက်လုံး ရှိနေပါလျက်နဲ့ ခုလို ဖမ်းခေါ်
သွားလို့ ရမယ်ထင်ရင် မှားသွားမှာပေါ့'

စကားဆုံးလျှင် ရှေ့သို့ လျှပ်တပြက်တိုးလာ မီးလျှံ အဘွား
အား တိုက်ခိုက်လိုက်လေသည်။

မီးလျှံ ဘွားဘွားသည် နဂါးမင်းသားထံ တိုက်ခိုက်လာ
လိမ့်မည်ဆိုသည်ကို နားလည်ထားပြီးဖြစ်ပါသည်။

ထို့ကြောင့်

ဘယ်ဘက်ဖက်မှ ချူစန်းအားဆွဲထားပြီး ကျန်ညာဘက်
လက်ကို ဝှေ့ယမ်းကာ ဆီးကြိုတိုက်ခိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လှမ်းမ၏လက်ဖဝါး ဆန့်ထုတ်လိုက်သည်နှင့်အတူ အပူလှိုင်း တစ်ခုသည် နဂါးမင်းသားထံသို့ တိုးဝင်သွားလေ၏။

နဂါးမင်းသား ရင်ထိတ်သွားသည်။

မီးလျှံဘွားဘွားသည် မသေမှုတုတ်ကြောင်း ရိပ်မိသွားပြီး မဝေါ်ဆစံဘဲ လက်တစ်ဖက်ကို လက်ဖဝါးဖြင့်လည်းကောင်း၊ ကျန်လက်တစ်ဖက်ကို လက်ငါးချောင်း စွန့်ကုပ်ထားသည့် ပုံသဏ္ဌာန်ဖြင့်လည်းကောင်း၊ သိုင်းကွက်များထုတ်ပေါ်ကာ တိုက်ခိုက်လိုက်၏။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်လျှင်—

'ဝုန်း'

လျှပ်လေပင်လော အသံတစ်ချက်ထွက်ပေါ်လာပြီး မီးလျှံ ဘွားဘွား နောက်ဆုတ်လိုက်ရသည်။

နဂါးမင်းသားလည်း နောက်ဆုတ်လိုက်လေ၏။

နဂါးမင်းသား မကျေမနပ်ဖြစ်သွားသည်။

'အဘွားကြီး၊ ခင်ဗျားရဲ့ပညာ တော်ပါလား၊ ဒါပေမယ့် ကျုပ်ခွင့်မပြုဘဲ ဒီနေရာက ထွက်သွားလို့ရမယ်မထင်နဲ့'

စကားဆုံးလျှင် သိုင်းကွက်ပြောင်းလဲကာ တိုက်ခိုက်လိုက် သည်။

လူ၏လက်နှစ်ဖက်သည် မြွေနဂါးနှစ်ကောင်အသွင် မီး လျှံဘွားဘွား၏ နားထင်နှစ်ဖက်ဆီသို့ တိုက်ခိုက်လိုက်လေ သည်။



သူ၏တိုက်ကွက်မှာ ရိုးစင်းသည်။

နားထင်နှစ်ဘက်သို့ တိုက်ခိုက်လိုက်သည်ကို ထင်ထင် ရှားရှား တွေ့မြင်လိုက်ရ၏။

မီးလျှံဘွားဘွား မဲ့ပြုံးပြုံးလိုက်သည်။

'အမြွေမကြီးစမ်းပါနဲ့ မင်း ဘွားမျှ တော်နိုင်မှာမို့ ..'

သူမသည် လက်နှစ်ဘက်ဝှေ့ယမ်းကာ နဂါးမင်းသား၏ လက်နှစ်ဘက်ကို ရိုက်ချပစ်လိုက်လေသည်။

နဂါးမင်းသား၏တိုက်ကွက်ကို ချေဖျက်ရန် ရည်ရွယ်သည့် အပြင် လက်နှစ်ဘက်ကို ရိုက်ချိုးရန် ကြံရွယ်လိုက်ခြင်းဖြစ်လေ သည်။

သို့သော်

သူမ ဝှေ့ယမ်းလိုက်သည့်လက်မှာ လေထဲသို့သာ ဝှေ့ ယမ်းမိလိုက်လေသည်။

နဂါးမင်းသား၏ မြွေနဂါးနှစ်ကောင်နှင့်တူသော လက် နှစ်ဖက်သည်ကား မီးလျှံဘွားဘွား၏ နားထင်နှစ်ဘက်ဆီသို့ တိုးဝင်သွားလေသည်။

'တင်'

မီးလျှံဘွားဘွား ထိတ်လန့်သွားသည်။

နဂါးမင်းသား မည်သို့သောတိုက်ကွက် အသုံးပြုသွား သည်ကို မသိနိုင်အောင်ဖြစ်နေ၏။

www.burmeseclassic.com



နဂါးမင်းသား၏ လက်ချက်ဖြင့် ဒုက္ခရောက်ရတော့မည် ဖြစ်သည်။

ထိုအချိန်တွင်...

'ဗြုံး'

ခေါင်းလောင်းသံယောင်း တစ်ချက် ထွက်ပေါ်လာသည်။

အနီရောင် အဆောင်းတန်းအလေးနှစ်ခုသည် နဂါးမင်းသား၏ လက်နှစ်ဘက်ဆီသို့ ရိပ်ခနဲစစ်လွင့်သွားလေသည်။

နဂါးမင်းသားမှာ မီးလျှံဘွားဘွား၊ အနိုင်ရတော့မှ ရုတ်တရက် ဖြစ်ပေါ်လာသော တုံ့ခြားမှုကြောင့် ဆတ်၍ မတိုက်နိုင်ရဲတော့ဘဲ ဖော်ယျာအေးယား တိုက်ကွက်ကို ရုပ်သိမ်းပြီး နောက်ဆုတ်လိုက်ရလေသည်။

အနီရောင် အလင်းတန်းလေးနှစ်ခုသည် ချူစန်း၊ စီးနင်း လာခဲ့သည့် ဝေါစင်ကိုထိမှန်သွားလျှင်...

'ဝုန်း'

မီးတောက်မီးလျှံများ ထွက်ပေါ်လာသော ဝေါစင်ကို မီးစွဲလောင်သွားလေတော့သည်။

'တင်'

'ဟာ'

ဝေါစင်ထမ်းထားသော အမျိုးသမီးကြီးလေးယောက်အား ဝေါစင်ကိုလွှတ်ချ၍ နောက်ဆုတ်လိုက်ကြသည်။



နဂါးမင်းသား ရောက်လာသည့်တိုင် ချူစန်း အဖမ်းခံ လိုက်ရခြင်းကြောင့် ချူစန်းအသည်းရုံးထားသူများ ထိတ်လန့်နေကြပြီး ဟန့်မထားနိုင်တော့ဘဲ ထွက်ပြေးသွားကြလေသည်။

ချူစန်းအား အတင်းဖမ်းဆီး၍ မီးလျှံ ဂိုဏ်းသားတို့ အဖြစ်သွတ်သွင်းခြင်း ခံထားရသော မိန်းကလေး များသည်လည်း ကြောက်လန့်တကြား ထွက်ပြေးသွားကြလေတော့၏။

ချူစန်း၏ အနေယာင်ဆောင် မီးလျှံ ဂိုဏ်းသည် တမဟုတ်ချင်း ပြိုကွဲပျက်စီး သွားလေတော့သည်။

ပုတင်း၊ ကျော့စုနှင့် ပေချင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြ၏။

မကာရှားဖမ်းဆီးခံရသည့် မိန်းကလေးများ ပြန်လည် လွတ်မြောက် သွားကြပြီဖြစ်၍ ဝမ်းသာသွားကြ၏။

'ချူစန်းရဲ့ အကြောင်းကိုသိလို့ မီးလျှံ ဂိုဏ်းက သဲကြီးမဲကြီး လိုက်ရှာခဲ့တာပဲ ဖြစ်မယ် ရှူးလဲ့ တစ်ချက်ခုတ် နှစ်ချက်ပြတ် ပုအိမ်တော်ကို အကြံနဲ့ ဝင်လာခဲ့တာပဲ...

'ဒါပေမယ့်...သခင်ကြီးအာ အားခြံအနေကို တွေ့ဆုံနိုင်ခဲ့လို့ ကံကောင်းသွားတာ၊ ဒါကြောင့် သခင်ကြီးတို့ နဂါးငါးဖော် ထဲက အမှတ်ငါး ပညာရှင်နဂါးဆီက မပြည့်စုံတဲ့ အရိပ်မဲ့ ဓားသွမ်းကို ရသွားလို့ နို့မဟုတ်ရင် သခင်ဒဏ်တိုက်ကို ဘယ်အလွှင်ပေးပါမလဲ၊ ခုတော့ ချူစန်းလဲ သူ့အဘက်ကို စူးနေပြီ

www.burmeseclassic.com



ပုထင်းတော အခြေအနေကို တစ်ချက် အကဲခတ် ကြည့်လိုက်လေ သည်။

'နဂါးမင်းသားက ရှောင်နှပ်မယ် မထင်ဘူး၊ ကျွန်တော်တို့ မီးလျှံနတ်သမီးအုပ်ကြော ဝင်ရှုရင် ကောင်းမလား'

ကျော့စု ခေါင်းခါယမ်းသည်။

'လူအ နဂါးမင်းသားကို ရင်ဆိုင်နိုင်ပါလိမ့်မယ်၊ ကျုပ်တို့ ဝင်ရှုစရာ မလိုဘူး၊ ထင်တယ်'

ပေချင်းက အနည်းငယ် စဉ်းစားပြီး ပြောလိုက်လေတော့ သည်။

'အဖမ်းခံရတဲ့ မိန်းကလေးတွေ လွတ်မြောက်သွားကြပြီဆို တော့ မိဘဆွေမျိုး သားချင်းတွေဆီကို ပြန်ရောက် သွားရင် အဖြစ်မှန်ကို အားလုံး သိသွားကြမှာပါ—

'ကျွန်မတို့ ဂမုန်းတောင် ထင်းယန်းဂိုဏ်းအပေါ် အထင် လွဲနေတာတွေ ပျောက်ကွယ်သွားတော့မှာပါ၊ ထင်းယန်းဂိုဏ်း မှာ မရှင်းလင်းသေးတဲ့ကိစ္စတွေ ရှိနေသေးတာကြောင့် ကျွန်မ ပြန်လိုက်ဦးမယ်'

ပုထင်း စိုးရိမ်သွား၏။

'ညီမ...ထင်းယန်းဂိုဏ်းမှာ အကြီးအကဲ အဆောင်ကိုင် သုံး ယောက်ကြောင့် ရှုပ်ထွေးမှုတွေ ဖြစ်ပေါ်နေတာ မဟုတ်လား၊ ဒါဆို....ကျုပ်လိုက်ပြီး ဖြေရှင်းပေးပါ့မယ်'

ပေချင်း ခေါင်းခါယမ်းလိုက်၏။



'အဆောင်ကိုင်တွေက ထင်းယန်းဂိုဏ်းရဲ့ စည်းကမ်းကြောင့် ကျွန်မ ထောက်ပြီး ပြဿနာရှာခဲ့ကြပေမယ့် အဘွားရဲ့ အစီအစဉ် ကြောင့် အစ်ကို ကို ဂိုဏ်းချုပ်အဖြစ် တင်မြှောက်ရမှာကို သူ တို့ မကျေနပ်လို့ လှုံ့ဆော်ခံကြမှာ မဟုတ်ပါဘူး၊ ဒီအတွက် စိတ်မပူပါနဲ့ရှင်'

ပုထင်း ငိုင်သွားလေသည်။

ပေချင်းနှင့် လိုက်သွားလျှင် ထင်းယန်းဂိုဏ်း၏ စည်းမျဉ်း များကြောင့် ဂိုဏ်းချုပ်ရာထူးကို မလွှဲမသွေ လက်ခံရတော့မည် ဖြစ်၏။

ထို့ထက်ပို၍အရေး ပေချင်းအား လက်ထပ်ရမည် ဖြစ်လေ သည်။

ယခု ဘဝတွင် ဖြေရှင်းစရာ ကိစ္စများစွာ ရှိနေသေးသဖြင့် ပေချင်းအား လက်ထပ်၍ ထင်းယန်းဂိုဏ်းချုပ် ရာထူးလက်ခံဖို့ ရာ စိတ်မကူးလိုချေ။

ဖခင်နှင့် အစ်ကိုအား ရှာဖွေရန်နှင့် နဂါးစိမ်းဂိုဏ်းကို ရင် ဆိုင်ရန် အရေးအကြီးဆုံးဟု ခံယူထားလေ၏။

ထို့ကြောင့်—

ပေချင်းနှင့် လိုက်မသွားဘဲနေရန် ဆုံးဖြတ်လိုက်ရလေတော့ သည်။

'ကောင်းပြီလေ—ညီမ ပြန်မယ်ဆိုရင် ပြန်နှင့်ပါ၊ ထင်းယန်း ဂိုဏ်းကို အစ်ကို လိုက်ခဲ့ပါမယ်'

www.burmeseclassic.com

www.burmeseclassic.com



ပေချင်းသည် ပုထင်းအား ထူးခြားသော မျက်လုံးအစုံဖြင့် စေ့စေ့ကြည့်လိုက်ပြီး မချင့်မရဲ ပြောလေ၏။

'အစ်ကို ဆက်ဆက်လာခဲ့ပါနော်'

'အောင်းဝါပြီ ညီမရယ် စိတ်ချပါ'

ပုထင်း အတိပေးလိုက်ခြင်းကြောင့် ပေချင်း ကျေနပ်သွား၍ ပြီး ကျေးစုကို နှုတ်ဆက်၍ ထွက်သွားလေတော့သည်။

* * *

ပေချင်း ထွက်သွားသဖြင့် ပုထင်း၏ ရင်ထဲ ဟာသွားသည်။

သူမသာ ရှိနေလျှင် အစ်ကိုနှင့် မခင်တို့အား လိုက်လံရှာဖွေရာ၌ နေ့တိုင်းဆင်းနေရပြီ ဖြစ်၏။

ပေချင်း မြင်ကွင်းမှ ပျောက်ကွယ်သွားသည့် အထိ ငေး ကြည့်နေပြီးမှ နဂါးမင်းသားတို့ဘက်သို့ လှည့်လိုက်လေတော့ သည်။

ထိုအခါမှ မီးလျှံ ဂိုဏ်းသည် ပြိုကွဲပျက်စီးသွားခဲ့ပြီဖြစ် သည်။



ချုံစန်း သွေးကြောပိတ်၍ အပမ်းခံနေရပြီး နဂါး မင်း သား တစ်ယောက်တည်းသာ ကျန်ရှိခဲ့၏။

မီးလျှံ အဘွားတို့သည် ချုံစန်းကို ခေါ်ဆောင်၍ ထွက် သွားရန် ဟန်ပြင်နေကြ၏။

နဂါးမင်းသား ဒေါသထွက်၍ မျက်နှာ နီမြန်းနေသော သည်။

မီးလျှံ နတ်သမီးရှိနေသည့် ဝေါစင်ကိုလှမ်းကြည့်၍ ခြေဆော် ဆပ်အော်ရယ်လိုက်၏။

'တင်း ဟင်း ဟင်း မီးလျှံနတ်သမီးကွာ ဘယ်ဆိုးလို့ဘုန်း။ ကျုပ်တော့ အတော်ကို စိတ်ရင်စေးသွားပြီ'

သူက ခေါင်းတဆတ်ဆတ် ညိတ်၍ ဆက်ပြောလိုက်လေ သည်။

'ကျုပ်ကြားဖူးတာ မီးလျှံ ဂိုဏ်းချုပ်ဟာ အံ့ဩစရာမိန်း မချောလေး ဖြစ်တယ်၊ နတ်သမီးတွေအားလောက် အချိုးမပေရ အောင် ချောမောတယ် ဆိုပဲ...

'အင်း...ဒီအနေတော့ မီးလျှံ ဂိုဏ်းချုပ်ရဲ့ အလှကို ကျုပ် ကြည့်ခွင့်ရတော့မယ် ထင်ပါရဲ့'

မီးလျှံ အဘွား စိတ်ဆိုးသွားသည်။

'မင်း စော်ကားလွန်းသည်သာ။ သေချင်ပြီထင်တယ်'

ချိုဆော်ချင်ပင် နေ့စက်လှည့်၍ တိုက်ခိုက်ရန် ဟန်ပြင်ပြီးဆို ဆို—

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲမှ ချီလွှင့် သားယားဆော အသံလေး ထွက်ပေါ် လာသည်။

'ဘွားဘွား—ကျွန်မတို့ကို စွန့်ပြီး ပြီမကျွတ်လား။ သွားကြပါ စို့ရှင်'

အဘွားအိုသည် မီးလျှံ ကိုဏ်းချုပ်၏ စကားကို အလွန် ဝရှဲ စိတ်ဆိုးမှုဖြစ်ကြောင်း ပေါ်လွင်လာလေသည်။

'ကောင်းပါပြီ ကိုဏ်းချုပ်ကြီး'

နဂါးမင်းသားအား အမှုမထားတော့ဘဲ ထွက်သွားရန် ဟန်ပြင်လိုက်၏။

'ဟား—ဟား—ဟား ခင်ဗျားတို့ ဒီအတိုင်း ထွက်သွားလို့ မရဘူးဆိုတာ ကျုပ်ပြောပြီးပါပြီလေ'

သူသည် ရယ်မောရင်း အဘွားအိုထံသို့ ရိပ်ခနဲ ခုန်ဝင်တိုက်ခိုက်လိုက်၏။

အဘွားအိုကလည်း ချာခနဲ လှည့်၍ လက်ဝါးဖြင့် ရိုက်ချလိုက်၏။

နဂါးမင်းသားက အလွတ်မပေးဘဲ တိုက်ခိုက်တော့မည်ဖြစ်ကြောင်း အဘွားအို ရိပ်မိထားပြီး—

အကယ်၍ တိုက်ခိုက်လာခဲ့ပါက မမျှော်လင့်သော တုံ့ပြန်မှုမျိုး အသုံးပြု၍ လျှပ်တစ်ပြက် အနိုင်ယူရန် ကြံရွယ်ထားခဲ့သည်။

အဘွားအို၏ တုံ့ပြန်မှုက လျှပ်ပြက်သလို လျင်မြန်နေပြီး နဂါးမင်းသားကို လက်ဝါးတစ်ချက်တည်းဖြင့် အပြီးတိုင် ချေမှုန်းရန် ရည်ရွယ်လိုက်ခြင်း ဖြစ်၏။



သို့သော်—

နဂါးမင်းသားသည် လူမထင်ပို၍ ပါးနပ်ပြီး သိုင်းပညာ အဆင့်မြင့်ကြောင်း ပေါ်လွင်လာ၏။

အဘွားအို ချာခနဲလှည့်၍ လက်ဝါးဖြင့် ရိုက်ချလာသည်နှင့် သူသည် လက်ကိုတစ်ဖက်ဆန့်ထုတ်ကာ လက်ညှိုးဖြင့် အဘွားအို၏ လက်ဝါးပြင် အလယ်ဗဟိုသို့ ဆတ်ခနဲ ထောက်ချလိုက်ပြီး နောက်ဆုတ်လိုက်၏။

လူချင်းကပ်လိုက်သည်နှင့် အဘွားအိုက ချက်ချင်း တုံ့ပြန်တော့မည်ဖြစ်သည်ကို ကြိုတင် ရိပ်မိပြီး တုံ့ပြန်လာပါက မည်သို့ ပြုလုပ်မည်ဆိုသည်ကို စဉ်းစားထားပုံ ရ၏။

သူ၏ ကျွမ်းကျင်မြင့်မှု၊ ပါးနပ်မှုတို့ကြောင့် ဝါရင့် သိုင်းသမားကြီး ဖြစ်သော အဘွားအိုမှာ အငိုက်မိ၍ မရှုမလှ အရေးနိမ့်သွားရလေတော့၏။

သူမ၏ လက်ဝါးပြင်မှ အရေးပါသော သွေးကြောကို ဖျက်ဆီးခံလိုက်ရ သကဲ့သို့ ဖြစ်သွားရကာ၊ အားပြတ်သွားရသော လူတစ်ယောက်ပမာ အကြောဆွဲ၍ ခန္ဓာကိုယ် အနေအထား ပျက်ယွင်းသွားရတော့၏။

နဂါးမင်းသားသည် ရရှိလာသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ အဘွားအိုအား လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

နဂါးမင်းသားက အငိုက်ဖမ်းပြီး ချေမှုန်းရန် ကြံရွယ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုမှာ ထစ်ချုန်းလေး မှုးသည်နှင့် အသာထိုင်ရ ငိုရှာနေတော့၏။

'ထွန်း'

ချယ်ထောင်သော အသံ ထွက်ပေါ်လာ၍ အဝေးသို့ လွင့်စင်သွားပြီး မြေပေါ် လဲကျသွား၏။

ထိုနောက်

တုတ်တုတ်မျှ မလှုပ်တော့ချေ။

အဘွားအို၏ အဖြစ်ဆိုးကို မြင်လျှင် မီးလျှံ ဂိုဏ်းမှ မိန်းမစိုးမျိုး အထိတ်တလန့် ဖြစ်သွားကြ၏။

'ဘွားဘွား'

ပြိုင်တူ ဟစ်အော်ခေါ်လိုက်ကြပြီးလျှင်—

'ယခု'

ညာသံပေး၍ နဂါးမင်းသားထံသို့ တစ်ယောက်တိုးစစ်ဆောင်ကို ချိန်လိုက်ကြသည်။

ရှမတိုထ၏ ဆိုင်းဝည အဆင့်မြင့်သော မီးလျှံ အဘွားအိုသည်ပင်လျှင် နဂါးမင်းသားအား မယှဉ်နိုင်ခဲ့ရသား—

'ဟား ဟား ဟား မင်းတို့ အဘယ်တတ်နိုင်ကြမှာမို့လဲ'

နဂါးမင်းသားမှာ လှောင်ပြောင် ရယ်မောရင်း ရင်ဆိုင်ခုခံမလိုနှင့် နောက်သို့ လှစ်ခနဲ ဆုတ်လိုက်ပြီး အင်္ကျီလက်အိုးနှင့် ရင်ဘတ်ကြားမှ ထွက်လာသော ဆောင်နက်ပုန်းဒေါ်မျှား ဖြင့် ပစ်ခတ်လိုက်သောအခါ—

အခြေအရံ မိန်းမလေးများသည် မရှုမလှ ခံလိုက်ကြရပြန်လေတော့သည်။



'အင့်'

'အွန့်'

'အမယ်လေး'

အားလုံးရသော အခြေအရံ မိန်းမလေးများသည် မီးလျှံ အဘွားအိုနှင့် မနီးမဝေး၌ လဲကျသွားကြပြီး တုတ်တုတ်မျှ မလှုပ်တော့ချေ။

နှစ်ပေါင်းများစွာ ကျော်ကြားခဲ့သော မီးလျှံ ဂိုဏ်းမှာ အချိန်ပိုင်းအတွင်းမှာပင် ဖရိုဖရဲ ဖြစ်သွားရချေပြီတကား။

'ဟား ဟား ဟား'

နဂါးမင်းသားသည် ရယ်မော၍ ဆက်၍ မတိုးနိုင်တော့ဘဲ ဖွေ့ခနဲ နောက်သို့ ခုန်ဆုတ်သွားပြီးလျှင် ကိုယ်ဖော့ ပညာ အသုံးပြု၍ ထွက်ပြေးသွားလေ၏။

ထိုစဉ်—

'ဟား'

အနီရောင်ဝတ်စုံမှ ယင်းအသံများ လှုပ်ရှားသွားပြီး ရွှေရောင် အလင်းတန်း တစ်ခု ထွက်ပေါ်လာ၍ နဂါးမင်းသား နောက်သို့ လိုက်ပါသွားသည်ကို တွေ့ရ၏။

နဂါးမင်းသားနှင့် ရွှေရောင် အလင်းတန်းတို့သည် တောင်ကြီးတစ်ခုဆီသို့ ရိပ်ခနဲ ရွေ့လျားသွားကြပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တို့၏ပွဲမှာ လျှင်မြန်စွာ ပြီးသွားလေသည်။

မီးလျှံ အာနုဘော်သည် သည်းထန်ကောင်း၊

အခြေအရံ မိန်းမပျိုလေးတို့သည် လည်းကောင်း၊ မြေပေါ်တွင် လူနံ့အရှိန်၊ ထိုးကျနေကြပြီ ဖြစ်၏။

မီးနတ်ဂိုဏ်းမှာ မျက်စိတမှိတ် လျှပ်တပြက်အတွင်း မျှော်မှန်းခံထိုက်ရခြင်း ဖြစ်လေသည်။

မီးနတ်ဂိုဏ်းချုပ်သည် ထွက်ပြေးသွားသည့် နဂါးမင်းသားအား နောက်ကဖြင့် လိုက်သွားပြီ၊ ကျန်ရှိနေသည့် ဂိုဏ်းသား မိန်းကလေးများမှာ ဖရိုဖရဲဖြစ်နေကြသည်။

အထိတ်တလန့် အော်ဟစ်သံ၊ သေဆုံးနေသူများကို ပြေးပွေ့ဖက်ကာ ငိုကြွေးနေကြသော အသံများ ထွက်ပေါ်လာသည်။

ငေးငိုင်နေသည့် ပုထင်းလည်း သတိဝင်လာ၏။

'အဘ၊ နဂါးမင်းသားတွေ ပြေးသွားတာ အကောင်းမတော်တဲ့၊ မီးနတ်ဂိုဏ်းချုပ်ကို လှည့်စားပြီး အဖော်ကြဲမှာ မသေချာဘယ်၊ ကျွန်တော်တို့ လိုက်သွားမှဖြစ်မယ်'

စကားဆုံးလျှင် မြေပေါ်ခြေချောင်းကာ ခုန်ထွက်ပြီး ကိုယ်ဖော့ပညာ အသုံးပြုကာ ပြေးလွှား သွားကြလေတော့သည်။

'သခင်လေး'

ကျွန်ုပ်ရာ ပြေးလိုက်သွားရန် တန့်ပြင်လိုက်စဉ် ပုထင်းမှာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

ထိုအချိန်တွင်...

'ဟိတ်'



အော်ခေါ်သံနှင့်အတူ ချူစန်း လှုပ်လှုပ်ရှားရှား ဖြစ်လာသည်ကို တွေ့မြင်ရလေသည်။

ချူစန်းသည် ပိတ်ဆို့နေသော လေးကြောများကို အားကောင်းအားဖြင့် ကြိုတ်ချိုးဖွင့်ရာ အောင်မြင်သွားပုံရသည်။

ထူမ လှုပ်ရှားလာနိုင်သည်နှင့် မီးနတ်ဂိုဏ်းသား မိန်းကလေးများကို ရင်ဆိုင်တိုက်ခိုက်ရန် တိုးဝင်ခိုက်လိုက်လေတော့သည်။

မီးနတ်ဂိုဏ်းသား မိန်းကလေးများမှာ အငိုမီသွားကြရလေ၏။ ကျန်ရှိနေသော အော်ဟစ်သံများနှင့်အတူ တစ်ယောက်ပြီး တစ်ယောက် လဲကျသွားကြလေတော့၏။

ကျွန်ုပ် လက်ပိုက်ကြည့်မနေနိုင်တော့ပါ၊

'ရပ်လိုက်'

အော်ခေါ်သံနှင့်အတူ ချူစန်းထံသို့ ပြေးဝင်တိုက်ခိုက်လိုက်လေတော့သည်။

ချူစန်းသည် ကျွန်ုပ်ကိုမြင်လျှင် ချက်ချင်းမှတ်မိသွားပြီး မဲ့ပြုံးပြုံးလိုက်၏။

'ဘယ်သူများလဲမှတ်တယ်၊ ပုဘိမ်ခံတော်ကြီး သံစွာရှိ ကျွေးကျွန်ကြီး ကိုး၊ ကျွန်တို့ တွေ့ဆုံခဲ့ရတာ ဘာမှမကြာသေးပေမယ့် ရှင့်ကို ကောင်းကောင်းကြီး မှတ်မိပါတယ်၊ ရှင့်ရဲ့ အသုံးမကျတဲ့ သခင်ကြီးလေး ဘယ်မှာလဲ၊ ဟင်း...ဟင်း၊ ကျွန်မနဲ့

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့ရတဲ့ ရက်ပိုင်းလေးကို ပြောမဆုံးအောင် ဖြစ်နေတယ် မဟုတ်လား၊ ဒီရက်ပိုင်းအတွင်းမှာ ကျွန်မရဲ့ အဆိပ်ကို အသုံးပြုခဲ့တာအောင် မသိနိုင်အောင် ဖြစ်ခဲ့ရတယ်ဆိုပြီး နေ့စဉ်တာမှ မဆုံးအောင် ဖြစ်နေတယ်မဟုတ်လား’

ကျွန်ုပ် ဒေါပွသွားလေ၏။

ချူစန်းသည် ပုအိမ်တော်သို့ ရောက်ရှိလာသည့် ရက်ပိုင်းလေးအတွင်းမှာပင် ဆရာကြီးပုကျောင်းအား အဆိပ်ခတ်၍ အကောက်ကြံခဲ့သည်ကို ယခုမှ သိလိုက်ရခြင်းဖြစ်လေသည်။

သူမ ပြောသည့်အတိုင်း ပုကျောင်း အဆိပ်မိခဲ့ခြင်း ရှိမရှိကား မသေချာသေးပါ။

ဒေါသထွက်နေသည့် ကျွန်ုပ်အား ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

ကျွန်ုပ်၏သိုင်းပညာ မစခမှန်းသိလျှင် ချူစန်းသည် သိုင်းကစ်ကွက်နှစ်ကွက်မျှသာ ရင်ဆိုင်ပြီး

‘ကျွန်မမှာ အရေးကြီးတဲ့ကိစ္စ ရှိသေးတာကြောင့် နောက်မှပဲ တွေ့ကြသေးတာပေါ့’

ချက်ချင်း နောက်ဆုတ်ထွက်ပြေးသွားလေသည်။

‘မပြေးနဲ့’

ကျွန်ုပ် ဒေါသတကြီးအော်ဟစ်ရင်း တဟုန်ထိုး ပြေးလိုက်သွားလေတော့သည်။

—၉—

## ကံအကျိုးပေး

---

တောင်ကြီးများ၏အလယ်တွင် စိမ်းစန်းစိုပြေသော တောအုပ်ကြီးတစ်ခု ရှိလေ၏။

နဂါးမင်းသားသည် ထိုတောအုပ်ကြီးအတွင်းသို့ ပြေးဝင်သွားခြင်း ဖြစ်လေသည်။

ရွှေရောင် အလင်းတန်းသည်ကား ရွှေရောင်ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက်ဖြစ်သည်။

သူမ၏ လျင်မြန်လှသည့် လှုပ်ရှားမှုကြောင့် ရွှေရောင်အလင်းတန်းတစ်ခုအဖြစ်သာ တွေ့မြင်လိုက်ရခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေရောင်တောက်ဆင်ထားသည့် မိန်းကလေးမှာ အသက်အယ်ခြောက်နှစ်ခန့်သာ ရှိသေးသည့် မိန်းမချောလေး တစ်ယောက်ဖြစ်သည်။

မျက်လုံးလေးများဝိုင်းစက်ကာ မျက်တောင်များ ကော့ညွတ်နေ၏။

နီးထွားသော နှုတ်ခမ်း၊ ဖြူဖွံ့စင်းစသော နှာတံနှင့် ပါးပြင်၌ သွေးကြောလေးများကို မြင်နေရသည်။

ပြင်သစ်[illegible]ငါးယောက အလှတစ်ပါးဖြစ်ပေတော့၏။

ဤမျှ လှပနုနယ်ငယ်ရွယ်သော မိန်းကလေးမှာ လျှမ်းလျှမ်းတောက် တောက်ကြွားသည့် မီးနတ်ဂိုဏ်းချုပ်ဖြစ်နေသည်မှာ မယုံနိုင်စရာ ကောင်းလှပေတော့၏။

မီးနတ်ဂိုဏ်းချုပ် မိန်းမချောလေးသည် တောအုပ်ထဲသို့ ရောက်ရှိသွားလျှင် ခြေလှမ်းတုန့်ခနဲရပ်သွားပြီး စက်ဝန်းကျောက်ကို အကဲခတ်ကြည့်လိုက်၏။

သူ၏ခြေ့မှာ တောအုပ်ထဲသို့ ပြေးဝင်သွားသည့် နဂါးမင်းအားမှာ မြင်ကွင်းမှ ပျောက်ကွယ်သွားခြင်းကြောင့် ဖြစ်သည်။

မီးနတ်ဂိုဏ်းချုပ် ကြည့်နေစဉ်မှာပင် နေ့ဖက်ကျောက်အောက်မှ အဆောက်အသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မီးနတ်ဂိုဏ်းချုပ်သည် နောက်လှည့်မကြည့်ဘဲ လက်ကို သိမသာ ယမ်းလိုက်လေသည်။



အနီရောင် အလင်းတန်းနှစ်ခုသည် အနောက်ဘက်သို့ ရိပ်ခနဲ ဖြတ်လွင့်သွားလေ၏။

သူမ၏ အနောက်ဘက်မှ လှုပ်ရှားသံထွက်ပေါ်လာသည်မှာ လူတစ်ယောက် ပြေးလာခြင်းကြောင့် ဖြစ်လေသည်။

ထိုလူသား မီးနတ်ဂိုဏ်းချုပ်အား စိတ်မချသဖြင့် လိုက်လာခဲ့သည့် ပုဆင်းဖြစ်လေသည်။

ပုဆင်းလိုက်လာသည်ကို သူမက လှမ်းပြီး တိုက်ခိုက်လိုက်ခြင်းဖြစ်၏။

ပုဆင်းက ခန္ဓာကိုယ်တစ်ချက်လှုပ်ရှားပြီး ရှောင်တိမ်းလိုက်၏။

အနီရောင်အလင်းတန်းလေးနှစ်ခုက ပွတ်ကာသီကာ ဖြတ်သွားရာ သူ၏ဝတ်ရုံခမောင်းသားများမှာ ပူစပ်ပူလောင် ဖြစ်သွားလေသည်။

သူ့မှ အသုံးပြုလိုက်သည့် စက်နတ်ပုနီးသည် ကြောက်မက်ဖွယ် ကောင်းလှပေတော့သည်။

'ဝုန်း...ဝုန်း'

ကျယ်လောင်သော ပေါက်ကွဲသံများ ထွက်ပေါ်လာပြီး ပုဆင်း၏နောက်ဘက်မှ သစ်ပင်နှစ်ပင်မှာ မီးလျှံများ ဟုန်းဟုန်း တောက်လောင်သွားပေတော့၏။

သူက ဆတ်ခနဲ ပြုံးသွားလျှင် သူမက ချက်ခနဲ လှည့်၍ ရင်ဆိုင်လိုက်လေသည်။

သူမ၏ ချောမောလှပသော မျက်နှာလေးက အသ ကြောင့် အနီရောင်သမ်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒီကနေ့ ကျွန်မရဲ့လက်နက်ဖိနပ်ပုန်းကို ရှောင်နိုင်တော့ နှစ်ဦး ရှိသွားပြီ ချီးကျူးပါတယ်ရှင်၊ ဒါပေမယ့် ကျွန်မရဲ့သိုင်းပညာကို ခုခံနိုင်စွမ်းရှိမှဖြစ်မယ်'

အနီးသို့ရောက်ရှိလာသည့် ပုထင်းကို ဆီးကြိုတိုက်ခိုက်ရန် အန့်ပြင်လိုက်သည်။

'ရပ်လိုက်'

သူက လေပြေလေယာ တန့်တားလိုက်၏။

သူမသည် သူ့အား တွေ့မြင်လိုက်ရလျှင် မျက်မှောင်ကုပ် သွားလေသည်။

ပေါင်ကြီးအတွင်း၌ ချူစန်းတို့လူစုနှင့် ရင်ဆိုင်နေစဉ် လှမ်းမျှော်မှုနေ၍ စောင့်ကြည့်နေကြသော ပုထင်းတို့မှာ ဝေါစင်ထဲမှနေ၍ သူမ တွေ့မြင်ခဲ့ရလေသည်။

ပုထင်းသည် ရန်သူလော၊ မိတ်ဆွေလော ရုတ်တရက် ဝေခွဲမရသဖြင့် တိုက်ခိုက်ခြင်းမပြုသေးဘဲ ဓားကို ပြန်ရုပ် သိမ်းလိုက်သည်။

သူက ဦးညွတ်လိုက်သည်။

'မီးနတ်ဂိုဏ်းချုပ်ကို ဂါရဝပြုပါတယ်ဗျာ၊ ကျုပ်က ပုထင်းပါ၊ နဂါးစိမ်းဂိုဏ်းကို ရင်ဆိုင်ဖို့ ကြိုးစားနေသူ တစ်ယောက်ပါ'

ကိုယ့်ကိုယ်ကို မိတ်ဆက်လိုက်လေသည်။

သူမသည် ပုထင်းကို ခြေဆုံးခေါင်းဆုံးကြည့်၍ ဓားဝှေ့ ယမ်းပြလိုက်၏။



'ရှင်ဟာ ကျွန်မရဲ့ ရန်သူမဟုတ်ဘူးဆိုရင် ဒီက ထွက်သွား နိုင်ပါတယ်၊ ရှင်နဲ့ နဂါးစိမ်းရဲ့ပြဿနာဟာ ကျွန်မနဲ့မဆိုင်ဘူး နဂါးမင်းသားဟာ ကျွန်မအတွက်ပဲဖြစ်တယ်၊ ဒါကြောင့် ရှင် အမြန်ဆုံးထွက်သွားတော့ အကောင်းဆုံးပါပဲ'

သူ ပင့်သက်ရှိုက်လိုက်မိလေသည်။

ဆောက်တကျွစ်လုံးသည့် နဂါးမင်းသားနှင့်ရင်ဆိုင်ရလျှင် မီး နတ်ဂိုဏ်းချုပ် အခက်တွေ့နိုင်မည်ဟုယူဆကာ လိုက်လာခဲ့ ခြင်းဖြစ်သည်။

ချူစန်း၏မကာရာမှုကို ခံခဲ့ရသော မီးနတ်ဂိုဏ်းချုပ်အား ကူညီသင့်သည်ဟု ယူဆထား၍လည်းဖြစ်လေသည်။

သူမသည် သူ့အား ထွက်သွားရန် မောင်းထုတ်လာသော အခါ စိတ်ပျက်သွားရလေတော့သည်။

'မိန်းကလေး၊ နဂါးမင်းသားကို ပေါ့ပေါ့တန်တန် သဘောထားရင် ဒုက္ခရောက်သွားလိမ့်မယ်'

ပွင့်ပွင့်လင်းလင်း ပြောချလိုက်သည်။

သူမမှာ သူ့ထက်အသက်ငယ်သဖြင့် သိုင်းလောက ထုံးစံ ဂိုဏ်းချုပ်ကြီးဟု ခေါ်ရမည်ကိုပင် မခေါ်တော့ဘဲ မိန်း ကလေးဟု ခေါ်လိုက်ခြင်းဖြစ်၏။

ငယ်ရွယ်သူ မိန်းမချောလေးတစ်ယောက်ကို ဂိုဏ်းချုပ် ကြီးတစ်ယောက်ဟူ၍ ဦးညွတ်အရိုအသေပေးကာ လွတ်ဟန် ဖြင့် ပြောဆိုဆက်ဆံနေရမည်ကို ရှက်တွေးသည် ထင်မိခြင်း ကြောင့်လည်း ဖြစ်လေသည်။

သူမ မဲ့ပြုံးပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'နဂါးမင်းသခင်လေးရဲ့ နဂါးစိမ်းအဖွဲ့ဝင်ဟာ ကျွန်မ အမှုထမ်းဘူး ကျွန်မတို့မိုးနတ်အဖွဲ့ကို ဖော်အားပြီးတဲ့နောက် သူတို့ကိုမဆုံးမရရင် ကျွန်မ လူမလုပ်တော့ဘူး'

သူမသည် အလွန်မာနကြီးသည့် မိန်းကလေးတစ်ယောက် ဖြစ်သလို နဂါးမင်းသခင်အပေါ် ခံပြင်းဒေါသထွက်နေမှန်း ထင်ရှားနေပါတော့သည်။

သူမ ဒေါသထွက်လာလေလေ ဥာဏ်များလှသည့် နဂါးမင်းသားအား ယှဉ်ပြိုင်ဖို့မလွယ်လေလေဖြစ်ကြောင်း ပုထင်းဆင်ခြင်မိ၏။

သူမအား ဖျောင်းဖျလိုပါသော်လည်း အခြေအနေအရ မဖြစ်နိုင်ကြောင်း နားလည်လိုက်လေသည်။

ထို့ကြောင့်

ထွက်ပြေးရန် ဆုံးဖြတ်လိုက်ရလေတော့သည်။

ထို့စဉ်—

'ဟား—ဟား—ဟား—ညီမလေး၊ တော်တော် စိတ်ဆိုးနေတယ်ထင်ပါရဲ့၊ ကျုပ်ကို မဆုံးမရလို့ ကိုယ့်ကိုယ်ကို အဆုံး စီရင်လိုက်ပါနဲ့ ညီမရယ်၊ ညီမလေးရဲ့အလှအပတွေကို နှမြောမိလို့ပါ'

ပုထင်းနှင့်သူတို့ လှမ်းကြည့်လိုက်ကြသောအခါ သစ်ပင်တစ်ပင်ပေါ်ကနေ ထွက်လာသော နဂါးမင်းသားကို တွေ့မြင်လိုက်ရလေ၏။



နဂါးမင်းသားအား ရယ်မောရင်း တင်တင်စီးစီး ပြောနေခြင်းကြောင့် သူမဆိုထားနှင့် ပုထင်းသည်ပင် ခံပြင်းသွားမိလေသည်။

သူမ အံသွားတင်းတင်းကြိတ်လိုက်၏။

'လူယုတ်မာ -သေဖို့သာပြင်ထားပေတော့'

ချက်ချင်းပင် သူမ ပြေးဝင်တိုက်ခိုက်လိုက်၏။

သူမ၏ခန္ဓာကိုယ် လှုပ်ရှားလိုက်သည်နှင့် ရွှေရောင်အလင်းတန်းတစ်ခုပမာဖြစ်သွားကာ သူ့အနီးသို့ ရိပ်ခနဲရောက်ရှိသွားပြီး တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

ဤသည် သူမ၏သိုင်းပညာ အခြေမှန်းသိ၍ ကမျာဂဒယာ သစ်ပင်တစ်ပင်နောက်သို့ ခုန်ဝင်ကာ ရှောင်တိမ်းလိုက်ရလေသည်။

'ဝှန်း'

ကျယ်လောင်သည့်အသံ ထွက်ပေါ်လာကာ ထူ စင်ရောက် ပုန်းကွယ်လိုက်သည့် သစ်ပင်ကြီး တုန်ခါသွားရသကဲ့သို့ ပင်စည်တွင် မီးလောင်ကျွမ်းသွားသကဲ့သို့ မည်းနက်သော အရာဝါးရာတစ်ခု ဖြစ်ပေါ်လာလေ၏။

ပုထင်း ရင်ထိတ်သွားသည်။

မီးနတ်ခေါင်းဆောင်သည် ငယ်ရွယ်သူ ဖြစ်သော်လည်း အဆင့်မြင့် သိုင်းပညာရပ်များ တတ်မြောက်ထားကြောင်း သူမ၏သိုင်းပညာသည် အပူအခြေခံသော လောင်ကျွမ်းရခြင်းဖြစ်ကြောင်း ထင်ပေါ်လေ၏။

'ရှင် ပုန်းနေလို့လည်းမရဘူး ထွက်ပြေးလို့လည်းမရဘူး မှတ်ပါ'

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ဒေါ်ဘတကြီးအော်ငေါက်၍ သစ်ဝင်နေရာသို့ ခုန်ဝင်လိုက်လေသည်။

ပုထင်း ငေးကြည့်နေမိ၏။

သူမသည် သူ့အား အလွတ်မပေးဘဲ စာရကြမ်းလိုက်သွားခြင်းသည် ထောင်ချောက်ထဲသို့ တိုးဝင်လိုက်သကဲ့သို့ ဖြစ်သွားလေ၏။

သစ်ပင်နေရာသို့ ခုန်ဝင်မိလိုက်သည်နှင့် ရယ်မောနေသည့် နဂါးမင်းသားကို တွေ့လိုက်ရ၏။

သူမနှင့် နဂါးမင်းသားတို့ နှစ်ယောက်ကြား၌ ရောင်စုံကြိုးမျှင်တန်းများ တရရ်ထားလျက်ရှိသည်။

ထိုကြိုးမျှင်တန်းများသည် လေးထောင့်ကွက်များ ဖြစ်ပေါ်လာအောင် တစ်ခုနှင့်တစ်ခု ယှက်ထိုးထားသည့် ပိုက်ကြီးပမာ ရှိနေ၏။

မမျှော်လင့်သော မြင်ကွင်းကို တွေ့မြင်လိုက်ရသဖြင့် သူမ ကြောင်အမ်းအမ်း ဖြစ်သွားစဉ်မှာပင်...

'မင်းလွဲ မပြေးနဲ့'

သူ၏ ရယ်မောပြောဆိုသံ ထွက်ပေါ်လာ၏။

ရောင်စုံကြိုးများ လှုပ်ယမ်းသွားသည်။

ထိုကြိုးများက ရောင်စုံပိုက်ကွန်တစ်ခုပမာ သူမကို ဖုံးလွှမ်းသွားသည်။

သူမ ကြောင်အမ်းအမ်းဖြစ်ပြီးမှ သတိဝင်လာသော အပျောအယာ ရှောင်တိမ်းရန် ကြိုးစားလိုက်ပါသော်လည်း နောက်ကျသွားပြီဖြစ်ပါသည်။



ရောင်စုံကြိုးများသည် သူမ၏တစ်ကိုယ်လုံးကို လွှမ်းခြုံသွားလေသည်။

'ဟာ'

သူမ၏ ညာသံပေး၍ လက်ဝါးနှစ်ဘက် ဝေ့ယမ်းရိုက်ထုတ်လိုက်သည်။

အတိုးသံများ တဟူးဟူးမြည်လာ ထွက်ပေါ်လာပြီး အပူလှိုင်းများသည် ပတ်ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွားလော စိမ်းစိုနေသောသစ်ရွက်တို့ ချက်ချင်း ညှိုးကျသွားလေတော့သည်။

'ထောက်...ထောက်...ထောက်'

ရောင်စုံကြိုးအချို့ အရည်ပျော်ကာ ပြတ်တောက်သွားသည်။

သို့သော်

ကျန်ကြိုးများက သူမ၏ခြေလက်များကို ဖုံးအုပ် ချုပ်နှောင်ပြီးသား ဖြစ်သွားလေ၏။

'လွှတ်လိုက်စမ်း'

သူမက ထိတ်လန့်သော ဒူရှရှယ်လောင်စွာ ရုန်းထွက်လိုက်ပါသော်လည်း မလွတ်နိုင်ပါတော့ချေ။

ရုန်းလေလေ ရောင်စုံကြိုးများက ပို၍ တင်းကြပ်လာလေလေပင်။

နောက်ဆုံး တစ်မုံမှတတ်နိုင်တော့ဘဲ ပိုက်ကွန်ထဲမိသော ငါးတစ်ကောင်ပမာ ဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် မမျှော်လင့်ဘဲ ထောင်မျှော့ထိုမိသော နဂါးမင်းသား၏ လက်တွင်းသို့ သက်ဆင်းလိုက်ရလေတော့သည်။

'ဟား...ဟား...ဟား'

ဟူ၍ ဟားတိုက်ရယ်မောလိုက်၏။

'ဘယ်လိုလဲ မိန်းမလှလေး၊ ကျုပ်ရဲ့ နဂါးပတ်ကျော့ကွင်းမှ သက်ဆင်းရပြီမဟုတ်လား၊ ဟင်း...ဟင်း...ကိုယ့်ကိုယ်ကို အဆုံးစီရင်စရာ မလိုပါဘူးလေ၊ ကျုပ်ရဲ့ကြင်ယာတော် နဂါးမယ်လေးအဖြစ် ခံယူလိုက်ရင်ပြီးတာပဲ'

ပြောရင်း သူမအနီးသို့ ချဉ်းကပ်ခဲ့လေသည်။

မီးလျှံဂိုဏ်းချုပ်မှာ နဂါးမင်းသားကို အရှုံးပေးလိုက်ရပြီဖြစ်ရသော်ငြား ယူကျုံးမရ ဖြစ်နေ၏။

ရှန်းဆန်ခြင်း မပြုတော့ဘဲ အံတင်းတင်းကြိတ်၍ ရပ်နေမိသည်။

နဂါးမင်းသား၏ လက်တွင်းသို့ သက်ဆင်းရမည့် အစား ကိုယ့်ကိုယ်ကို အဆုံးစီရင်ရန် ဆုံးဖြတ်လိုက်ပြီ ဖြစ်လေတော့သည်။

နဂါးမင်းသားမှာ ရိပ်မိ၍ အချိန်မီ သွေးကြော ပိတ်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်...

'ရပ်လိုက်'



ဟန့်တားသံနှင့်အတူ လူရိပ်တစ်ခု ရိပ်ခနဲ ရောက်ရှိလာပြီး မီးလျှံဂိုဏ်းချုပ်ရှေ့သို့ ရောက်ရှိလာ၍ အကာအကွယ်ပြုထားလိုက်လေ၏။

ပုထင်း ရောက်ရှိလာခြင်း ဖြစ်လေတော့သည်။

၀ ၀ ၀

မီးလျှံဂိုဏ်းချုပ် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ပုထင်းက သူမအား အကာအကွယ် ပေးလာသဖြင့် ဝမ်းသာမိသလို ဖြစ်ရ၏။

သို့သော်

ပုထင်းသည် နဂါးမင်းသားကို ယှဉ်နိုင်ခြင်း ရှိ မရှိ မသေချာသဖြင့် စိုးရိမ်ပူပန်စွာဖြင့် ကြည့်နေမိ၏။

နဂါးမင်းသားသည် ပုထင်း ကြားဝင်လာသဖြင့် မကျေမနပ်ဖြစ်သွား၏။

'မင်း သေချင်ပြီ ထင်တယ်'

ချက်ချင်းပင်...

လက်ဝါးဖြင့် လှမ်းရိုက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပုထင်းက ရှောင်တိမ်းခြင်း မပြုဘဲ လက်ဝါးချင်း ငြင်ဆိုင်လိုက်ရာ—

လက်ဝါးနှစ်ဖက် ဆုံတွေ့မိသည်နှင့်—

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာ၍ နဂါးမင်းသားမှာ နောက်ဆုတ်လိုက်ရ၏။

'ဟင်'

နဂါးမင်းသား မျက်နှာပျက်သွားသည်။

ပုထင်းကို မျက်လုံးပြူး၍ ကြည့်လေ၏။

'မင်း...မင်း'

ထစ်ထစ်ငေါ့ငေါ့ဖြင့် မည်သို့ပြောရမှန်း မသိ ဖြစ်နေလေသည်။

ပုထင်း၏ သိုင်းပညာ အဆင့်မြင့်နေမည်ဟူ၍ မထင်မှတ်ဘဲ အထင်သေးမိခြင်းကြောင့် ဖြစ်၏။

ပုထင်းက တည်ကြည်သော မျက်နှာထားဖြင့် မေးလိုက်သည်။

'ခင်ဗျားအနေနဲ့ နဂါးစိမ်းဂိုဏ်းကို အထင်ကြီးပြီး ထင်ရာလုပ်မယ်ဆိုရင် မှားလိမ့်မယ်'

နဂါးမင်းသား ဒေါပွမိ၏။

'မင်းက ဘာကောင်မို့လဲ'

ချက်ချင်းပင်—

ရှေ့တိုး၍ တရကြမ်း တိုက်ခိုက်လိုက်လေသည်။



လေတိုးသံများ တဟူးဟူးမြည်၍ ထွက်ပေါ်လာလေတော့သည်။

ပြင်းထန်သော တိုက်ကွက်များ၊ ပုထင်းထံသို့ တိုးဝင်လာလေသည်။

ပုထင်းသည် တည်ကြည်သော အသွင်ဖြင့် မလှုပ်မယှက်ရပ်နေလိုက်၏။

နဂါးမင်းသားကို တော်ရုံ သိုင်းပညာဖြင့် ယှဉ်ပြိုင်နိုင်မည်မဟုတ်ကြောင်း နားလည်ထားရသော...

လျှို့ဝှက်စွာ ချောင့်ထားသည့် အရိပ်မဲ့ သိုင်းကို ထုတ်ဖော်ခင်းဆိုင်လိုက်၏။

ပုထင်း၏ သိုင်းကွက် ထွက်ပေါ်လာသည်နှင့်—

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာ၍ နဂါးမင်းသား အဝေးသို့ လွင့်စင်သွားလေတော့၏။

၀ ၀ ၀

တိုက်ပွဲသည် အံ့သြစရာ ကောင်းလောက်အောင်ပင် လျှင်မြန်စွာ ပြီးဆုံးသွားသော်။

www.burmeseclassic.com

www.burmeseclassic.com



နဂါးမင်းသားသည် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားပြီး မြေပေါ် လဲကျသွား၏။

ညီရသော်

ချက်ချင်း ခုန်ထလိုက်၏။

ပုဏ္ဏား လိုက်လံ တိုက်ခိုက်ခြင်း မပြုဘဲ အခြေအနေ စောင့်ကြည့်နေလိုက်၏။

နဂါးမင်းသားသည် သိုင်းကွက် တစ်ကွက်ထည်းဖြင့်အခံရး နိမ့်သွားရသည်ကို မယုံနိုင် အောင် ဖြစ်နေ၏။

'မင်း ... မင်း'

နဂါးမင်းသားသည် ဒေါသတကြီးဖြင့် တိုက်ခိုက်ရန် ဆုန် ပြင်မိသော်လည်း ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၍—

'ဝေါ'

သွေးမျှား အန်ထုတ်လိုက်သည်။

အတွင်းဒဏ် ပြင်းပြင်းထန်ထန် ရသွားကြောင်း ထင်ရှား ပေါ်လွင်နေပါတော့သည်။

'မင်း ... အတိသား ထားနေဝေတော့'

နဂါးမင်းသားသည် အလျှော့မပေးဘဲ အော်ဟစ်ကြိမ်း မောင်းပြီးနောက် ချာခနဲ လှည့်၍ ပြေးထွက် သွားလေတော့ သည်။

မလွတ်စေနဲ့

မီးလျှံ ဂိုဏ်းချုပ်က အော်ပြောလိုက်သော်လည်း ပုဏ္ဏား ... ခြင်း ပြုဘဲ နေလိုက်၏။



နဂါးမင်းသား နောက်သို့ လိုက်သွားချိန်၌ တစ်စုံတစ်ဦး ရောက်လာ ပြီး မီးလျှံ ဂိုဏ်းချုပ်ကို ရန်ရှာမည် စိုးရိမ်မိခြင်း ကြောင့် ဖြစ်လေ၏။

နဂါးမင်းသားမှာ ဒယီးဒယိုင်ဖြင့် ပြေးသွားပြီးမြင်ကွင်း မှ ပျောက်ကွယ်သွားလေ၏။

မီးလျှံ ဂိုဏ်းချုပ် ဒေါပွသွားသည်။

'ရှင်ဘာဖြစ်လို့ အသုံးမကျတဲ့လူပဲ'

ပုဏ္ဏားကို အပြစ်တင် အော်ငေါက်လိုက်၏။

ပုဏ္ဏား သက်ပြင်းချ၏။

'မိန်းကလေးအတွက်သာ စိတ်ချရမယ် ဆိုရင် သူ့နောက်ကို လိုက်သွားဖို့ ကျုပ် ဝန်မလေးပါဘူး။ ကျုပ် လိုက်သွားတုန်း တစ်ယောက်ယောက် ရောက်လာပြီး မိန်းကလေးကို ဒုက္ခပေး သွားမှာ စိုးလို့ပါ'

'ဟာ ... ရှင့်'

မီးလျှံ ဂိုဏ်းချုပ်သည် ခေါင်းစုံ မိုးကြိုးများဖြင့် ပမ်းဆီး ချုပ်နှောင်ထားခြင်းသာ မခံရပါလျှင် ပုဏ္ဏားကို ပါးရိုက်မိ မည် ဖြစ်၏။

ယခုတော့—

သူမသည် လှုပ်ရှားချင်တိုင်း လှုပ်ရှား၍ မရနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံ ကြိုးများသည် အလှန် နိုင်ခန့်ပြီး ထူးခြားမြဲသော အနေအထားရှိသေး၏။

ရှုန်းလေလေ ပို၍ တင်းကြပ်လာသောလေဖြစ်၍ နောက်ဆုံး သူမ တစ်ကိုယ်လုံး လှုပ်ရှား မရအောင် ဖြစ်သွားလေတော့သည်။

လက်နှစ်ဖက်ကိုသည်၊ လိုသလို လှုပ်ရှားနိုင်ခြင်း မရှိတော့သဖြင့် ကိုယ့်ကိုယ်ကို အဆုံး စီရင်ဖို့လည်း မဖြစ်နိုင်တော့ပါ ချေ။

ပုထင်းသာ လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်လိုက်၏။

'ကဲ—ဂိုဏ်းချုပ် ညီမလေး၊ ကျုပ်ကို နေခွင့်မှ အပြစ် တင်ပါ၊ ညီမလေးရဲ့ ခန္ဓာကိုယ်ပေါ်က ကြိုးတွေကို ဖယ်ရှား ပစ်ရအောင်'

သူမသာ အံကြိတ်လိုက်၏။

'ကျွန်မ ဘာပဲဖြစ်ဖြစ် ရှင်နဲ့ မဆိုင်ဘူး'

ပုထင်း ခေါင်းခါယမ်းသည်။

'ဘယ်ဖြစ်မလဲ၊ ဂိုဏ်းချုပ် ညီမလေး ဒုက္ခရောက်သွားမှာ ပေါ့'

'ရှင့်အပူမပါဘူး'

'မရှုတ်သေးပါဘူး၊ ကျုပ်က ဂိုဏ်းချုပ်ညီမလေးကို ဘာ မျှ ဒုက္ခပေးမိလို့လဲ၊ ညီမလေးကို ဒုက္ခပေးမယ့်လူကိုဘောခွင် မောင်းထုတ်ပြီး ကူညီခဲ့သေးတာပဲ မရှုတ်သေး'

ပုထင်းသာ နားမလည်နိုင်စွာ မေးသည်။

သူမ ဒေါသဖြင့် အော်လိုက်၏။



'အဲ့ဒီလို ရှင်ကူညီခဲ့တာကိုပဲ ကျွန်မ မနှစ်သက်ဘူးပါ'

'ကောင်း—တော်တော် ခက်ကျပါလား၊ ကဲ—ကဲ—ပိုးကြိုးတွေ ကို ဖြည်ပစ်ကြရအောင်'

သူသည် သူမအနီးသို့ ချဉ်းကပ်သွားပြီး ပိုးကြိုးများကို ဖယ်ရှားပစ်ရန် ဟန်ပြင်လိုက်၏။

'ကျွန်မ အသားကို မထိနဲ့'

သူမက အထိတ်တလန့် အော်လိုက်သည်။

ပုထင်း ရယ်လိုက်၏။

'ဂိုဏ်းချုပ် ညီမလေးရယ်၊ မထိဘဲနဲ့ ပိုးကြိုးကို လုပ် ဖယ်ရှားနိုင်မှာလဲ'

သူမ၏ ပခုံးကို စက်တစ်ဖက်ဖြင့် အသာထိန်း၍ ကျန် တစ်ဖက်ဖြင့် ခန္ဓာကိုယ်ပေါ်မှ ကြိုးများကို ဖယ်ရှားရန် စားလိုက်၏။

မီးလျှံ ဂိုဏ်းချုပ် ငြိမ်ကျသွားပြီး ဘာမှ မပြောတော့ပါ ချေ။

ပုထင်းကိုမကြည့်ဘဲ မျက်လုံးမှိတ်ထားလိုက်၏။

ပိုးကြိုးများ ဖြည်ဝေးမည်ဆိုခြင်းကြောင့် ငြိမ်နေလိုက် ခြင်းဖြစ်မည်ဟု ထင်မိ၏။

ပုထင်းသာ တင်းကြပ်နေသောပိုးကြိုးများကို ဖြုတ်တောက် ဖယ်ရှားရန်ကြိုးစားလိုက်၏။

ပိုးကြိုးများသည် အံ့ဩစရာကောင်းလောက်အောင် နိုင်ခန့်နေသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ပုထင်းအတန်ကြာကြိုးစားသော်လည်း ကြိုးထုံးချောင်းကို ပင်၊ ပြေအောင်ဖြည်နိုင်စွမ်းမရှိခဲ့ချေ။

'ဒုက္ခပဲ'

စိုးရိမ်ပူပန်စိတ်ဖြင့် လှတ်ခနဲညည်းတွားလိုက်မိ၏။

မီးနတ်ဂိုဏ်းချုပ်သည် စကားအနည်းငယ်မပြော၊ လှုပ်လည်း မလှုပ်၊ မျက်လုံးလည်းမဖွင့်ပါ။

သူ့ မျက်မှောင်ကုပ်သွားလေ၏။

'ဂိုဏ်းချုပ်ညီမလေး၊ မင်း ဘယ်လိုဖြစ်နေတာလဲ'

ပုယ — — —

'ကဲ—ကြိုးတွေကို ဖြတ်တောက်ပစ်ဖို့မလွယ်ဘူး၊ ထက်မြက်တဲ့ တင်ပါ၊ ဥစ်သော်ရှိမှဖြစ်မယ်'

ပစ်ရအောင် — —

သူမတို့တောအောင်ထဲမှာတော့ဖို့မလွယ်ဘူး၊ မြို့တော်မြို့ရောက် 'ကျွမ်းသွားရမှာပဲ'

ပ '— — —'

မီးနတ်ဂိုဏ်းချုပ် တုတ်တုတ်မျှမလှုပ်သဖြင့် ပုထင်း စိတ်ပျက်သွားလေတော့သည်။

'ကျုပ်က ကူညီမယ်ဆိုတာတောင် ဒီလောက်ခေါင်းမာနေရသလားဆိုတာ နည်းနည်းလေးမှ မရတော့ဘူး၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ ကူညီလေစနဲ့ ဆက်ပြီး ကူညီရမှာပဲ၊ နှုတ်ခမ်းမှာတော့ လက်မလျှော့နိုင်တော့ဘူး၊ ကျုပ်ကို ခွင့်လွှတ်ပေးထား'

မီးနတ်ဂိုဏ်းချုပ်အား ပွေ့ချီထမ်းခေါ်သွားရန် ဟန်ပြင်လိုက်လေ၏။



ထိုစဉ်—

'ဂိုဏ်းချုပ်ကြီး'

ခေါ်သံများနှင့်အတူ မီးနတ်ဂိုဏ်းမှ မိန်းမငယ်လေးများပြေးလွှားလာကြသည်ကို တွေ့လိုက်ရလေ၏။

ပုထင်း ဝမ်းသာသွား၏။

'အတော်ပဲ၊ မြန်မြန်လာကြစမ်း၊ ဂိုဏ်းချုပ်ညီမလေးကို ဖန်းပဲ့ဖို့ဘာစခုနစ်ရာအောင် ခေါ်သွားမှဖြစ်မယ်'

ရောက်လာကြသော မိန်းမငယ်လေးများသည်ကား ပုထင်းနှင့် သူတို့ဂိုဏ်းချုပ်၏ အခြေအနေကို မြင်လျှင် ဝမ်းမသာကြသည့်အပြင် ဒေါသပေါ်၍ မြွေစင်တိုက်ခိုက်ကြတော့သည်။

'ယာ၊'

ပုထင်း ကြောင်အမ်းအမ်းဖြစ်သွား၏။

'ဟေ—ဟဲ—ဘယ်လိုလုပ်လိုက်တာလဲ'

အပျော်အယား နှုတ်ဆက်မရှောင်တိမ်းလိုက်ရလေ၏။

မိန်းကလေးတချို့က ပုထင်းကိုဆက်၍တိုက်ခိုက်လိုက်ကြပြီး၊ တချို့က မီးနတ်ဂိုဏ်းချုပ်အနီးသို့ ဝိုင်းရံသွားကြသည်။

တစ်ဖန်—

မီးနတ်ဂိုဏ်းချုပ်ကို ဖေးမသယ်ဆောင်၍ လျင်မြန်စွာထွက်ခွာသွားကြသည်။

တချို့က ပုထင်းအား ဟန့်တားတိုက်ခိုက်ရန်နေရာ၌ နေရစ်ခဲ့ကြ၏။

ပုထင်း စိတ်ပျက်သွားလေ၏။

www.burmeseclassic.com

'မင်းတို့လဲ လိုက်သွားကြပါ၊ ကျုပ်ကိုစောင့်တားနေစရာမလို ပါဘူး'

စကားဆုံးလျှင် သူတို့ ထွက်သွားရာအရပ်နှင့် ဆန့်ကျင်ရာ အရပ်သို့ ထွက်သွားလေသည်။

မိန်းမအဖော်များ ကြောင်အမ်းအမ်းဖြစ်သွားကြလေတော့ သည်။

ပုထင်းကို ငေးမော၍ကြည့်ရင်း ကျန်ရစ်ခဲ့ကြလေတော့ သည်။

—o—

## မင်းမျှော်ဆင့်ဝေသသတင်း

---

ထိုဏ်ကျွန်းမြို့၊

စည်ကားသိုက်မြိုက်နေသည့် ထိုဏ်ကျွန်းမြို့သို့ ပုထင်း ရောက်ရှိလာသောအခါ နေ မွန်းတည့်တော့မည် ဖြစ်တော့ သည်။

တောင်ကြားအတွင်း၌ လှည်းချင်းကဲ့သွားသည့် အိမ်ထိန်းကြီး ကျော်စိုကို လိုက်ဆ ရှာဖွေပြီး နေ့ရွက်တစ်နေ့ မွန်းတည့်ချိန်မှ [illegible]မြို့သို့ ရောက်လာခဲ့ခြင်းတည်း ဆိုနိုင်၏။

ပုထင်း မြို့ထဲသို့ ရောက်ရှိချိန်မှစ၍ မြို့ခံ သိုင်းဆရာကြီး ပိ တော့ဆ်၏ အိမ်၌ ပြဿနာပေါ်ပေါက်နေကြောင်း သိလိုက်ရ သည်။

www.burmeseclassic.com

www.burmeseclassic.com



ပီအောတဲသည် အမြွှေးရှောင် သိုင်းသမားကြီး တစ်ယောက် ဖြစ်သလို နာမည်ကျော် သိုင်းသမားကြီး တစ်ယောက်လည်း ဖြစ်ပေ၏။

ယခု...

ပီအောတဲအား လူတစ်ယောက်က စိန်ခေါ်ထားပြီး နေ့မွန်းတည့်ချိန်၌ ဇာမရောက် ယှဉ်ပြိုင်လိမ့်မည်ဟု သတင်းရရှိသည်။

ချိန်းဆိုထားသူမှာ မနေ့ခဲ ချယ်ရီ မိန်းမဆိုးလေး ကျောင်းမေ ဖြစ်ကြောင်း သိရလျှင်...

ပုထင်း မနေနိုင်တော့ဘဲ သွားရောက်ရန် ဆုံးဖြတ်လိုက်လေသည်။

လမ်းသွားလမ်းလာ တစ်ယောက်ထံ၌ သိုင်းဆရာပီအောတဲ၏ အိမ်တည်နေရာကို မေးမြန်း စုံစမ်းလိုက်၏။

ထိုစဉ်...

'ခွပ်ခွပ်... ခွပ်ခွပ်'

'ခွပ်ခွပ်...ခွပ်ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာပြီး မြင်းစီးသမား အချို့ မလှမ်းမကမ်းမှ ဖြတ်သန်းသွားကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူတို့သည် အနက်ရောင်အဝတ်စုံ ဝတ်ဆင်ထားကြပြီး ဓားကိုယ်စီ ကိုင်ဆောင်ထားသဖြင့် သိုင်းလောကသားများ ဖြစ်သည်မှာ ပေါ်လွင်နေ၏။



သိုင်းလောကသားများ လှုပ်ရှားသွားလာနေကြပုံကို လေ့လာချင့်ချိန်၍ နဂါးစိမ်းဂိုဏ်း သိုင်းလောကနှင့် ပြန်လည်ပေါင်း ထောင်လာပြီးနောက် သိုင်းလောကသားတို့လည်း လှုပ်ရှား လာကြခြင်း ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသည်။

သိုင်းလောက လှုပ်ရှားလာခြင်းသည် ကောင်းမသလားလာ မှာ မဟုတ်ဟု ပုထင်း ခံယူထားလေ၏။

'ဆရာကြီး ပီအောတဲတို့နဲ့ ယှဉ်ပြိုင်ပွဲမှာ သိုင်းလောကသား တွေကို ရောက်လာကြမှာ ထင်ရှားနေတယ်။ အခြေအနေကောင်းပုံ မပေါ်ဘူး'

ပုထင်းသည် တွေးရင်း တွေးရင်း ကျောချမ်းလာကာ စိုးရိမ်လာလေ၏။

သူ၏ ခြေလှမ်းများသည် ပို၍ လျင်မြန် သွက်လက်လာလေသည်။

ဆရာကြီး ပီအောတဲ၏ အိမ်မှာ အရှေ့ဘက် မြို့စွန်ရှိ မြေပြင်ကျယ်ကြီး တစ်ခု အတွင်း၌ ဆောက်လုပ်ထားခြင်း ဖြစ်လေသည်။

ခြံဝင်းအတွင်း၌ ဆေးဖော်စပ်ရာတွင် အသုံးပြုသည့် ဆေးပင် အမျိုးပေါင်း ရာနှင့်ချီ၍ စိုက်ပျိုးထား၏။

ပုထင်း ရောက်ရှိသွားချိန်၌ ဆရာကြီး ပီအောတဲ၏ခြံဝင်း အတွင်း၌ လူများ ကျိတ်ကျိတ်တိုး စည်ကားနေသည်ကို တွေ့မြင်ရ၏။

ပုထင်း စိတ်ပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခြံဝင်းထဲကို ရောက်ဖို့တောင် မလွယ်လှဘူးဆိုတော့ ကျောင်းမကို တွေ့ရဖို့ ပိုခက်နေပြီ၊ ဘယ်လို လုပ်ရပါ့မလဲ'

ကျောင်းမနှင့် သီးခြားတွေ့ဆုံနိုင်ရန်ဘယ်နည်းနှင့်မျှမဖြစ်နိုင်သောအကြောင်း တွေးမိ၏။

တစ်ဖန်—

ရွာနှင့် လမ်းခွဲခဲ့ရပုံကို ပြန်လည် မြင်ယောင်လာသေးတော့သည်။

ဂမုန်းတောစပ်၌ ထင်းယန်ဂိုဏ်းချုပ် စောရှင်းနှင့် ဗတ်သ်တို့ နေသည်ဟူ၍ စိတ်ဆိုးလာ၍ ထွက်သွားခဲ့ခြင်း ဖြစ်၏။

ကျောင်းမသည် တဇွတ်ထိုး နိုင်လှသော မိန်းမလေးဖြစ်ကြောင်း ပေါ်လွင်နေ၏။

ယခုအချိန်၌—

ရွာသား မာန်တားမည်ဆိုလျှင်လည်း ကျောင်းမက လုံးဝလက်ခံမည် မဟုတ်ဘဲ အရွဲ့တိုက်လာ၍ ပို၍ လုပ်ပြလိမ့်မည့်သူ ဖြစ်သည်။

ထို့ကြောင့်—

အခြားလူများနှင့် ရောနှော၍ အခြေအနေ စောင့်ကြည့်ခြင်းသည်သာ အကောင်းဆုံး ဖြစ်မည်ဟု တွေးပြီး ခြံဝင်းထဲ တိုး ဝေ့ဝင်လိုက်လေ၏။

ပုထင်၊ ကံကောင်းလှသည်ဟု ဆိုနိုင်၏။

'ဘောကို—ဘောကို'

'မြို့စားကြီး ကြွချီတော် မူလာတယ်'



အောင်ပွဲသံ ခရာမှုတ်သံများ၊ ဆူညံစွာ ထွက်ပေါ်လာသည်ကို ကြားရ၏။

လက်နက်ကိုင် ရဲမက်များ ခြံရံ၍ ဘိုတ်ကျောင်းမြို့စားကြီး စီးနင်းလာသည့် ဝေါယာဉ်လည်း ရောက်ရှိလာသည်ကို တွေ့ရသည်။

ခြံဝင်းထဲ၌ ရောက်ရှိနေကြသော ပရိသတ်များသည် တိုး ဝှေ့၍ လမ်းဖယ်ပေးကြ၏။

ပုထင်းသည် အခွင့်အရေးရလာသည်နှင့် ဝေါယာဉ်နောက်မှ မနေ၍ လိုက်ပါသွား၏။

သို့ဖြင့်—

ခြံထဲသို့ သက်သတောင် သာသာဖြင့် ရောက်ရှိသွားလေတော့သည်။

မြို့စားကြီး၏ ဝေါယာဉ်သည် သမားတော် ဖိုးတာ၏ အိမ်ရှေ့ဆီသို့ ဆက်၍ သွားသောအခါ ပုထင်း လိုက်မသွားတော့ပါ။

အိမ်ဂေဟာရှေ့ မြေကွက်လပ်သို့ ထွက်လာခဲ့၏။

မြေကွက်လပ်တွင် သိုင်းယှဉ်ပြိုင်ရန်ပြင်ဆင်ထားသည်မဟုတ်ပါလား။

ပုထင်းမှာ မြေကွက်လပ် ရှေ့ဆုံး၌ နေရာယူလိုက်လေသည်။

မကြာမီ—

ပွဲကြည့်ပရိသတ်များသည် မြန်မြန် စုရုံး ရောက်ရှိလာကြပြီး စည်စည်ကားကား ဖြစ်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မြေကွက်လပ်၌တော့ ဆရာကြီး ပိတောက်ရော စိန်ခေါ်သည့် ကျွန်းမေပါ ရောက်မလာကြသေးချေ။

ဧရိသတ်များသည် မကြာခင်မီ ကျင်းပမည့် သိုင်းပြိုင်ပွဲအား စိတ်ရှည်လက်ရှည် စောင့်မျှော်နေကြသည်။

o o o

အချိန်များ ရွေ့ရွေ့ ကုန်ဆုံးသွားသည်။

သိုင်းပြိုင်ပွဲအား စတင်ခြင်း မပြုသေးပါချေ။

ဆရာကြီး ပိတောက်ရော ကျွန်းမေပါ ရောက်မလာကြသေးပါ။

ပုထင်းသည်လည်း စည်တဆန့်ဆန့်ဖြင့် စောင့်မျှော်နေရင်း အတွေးတစ်ခု ဝင်ရောက်လာ၏။

အိမ်ဂေဟာကြီးဆီသို့ လှမ်းကြည့်လိုက်သော အခါ မြို့စားကြီး၏ ဝေါယာဉ်မှာ ရပ်ထားဆဲပင် ဖြစ်သည်ကို တွေ့လိုက်ရသည်။

မြို့စားသည် အိမ်ဂေဟာထဲသို့ ဝင်သွားပြီး ယခုတိုင် ပြန်ထွက်လာခြင်း မရှိပါချေ။



ပုထင်းသည် ဆုံးဖြတ်ချက် တစ်ခုချလိုက်ပြီး မြေကွက်လပ်ကို ကျောခိုင်း၍ ထွက်လာခဲ့လေ၏။

ပရိသတ်များလှသဖြင့် ခြံဝင်း အပြင်ဘက်သို့ ထွက်သွားဖို့ မလွယ်လှပါ။

ပုထင်းလည်း ခြံဝင်းအပြင်ဘက်သို့ ထွက်မသွားဘဲ အိမ်ဂေဟာကြီးဆီသို့ လှမ်းသွားလိုက်ခြင်း ဖြစ်၏။

အိမ်ဂေဟာကြီး၌ အသံဗလံ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေသကဲ့သို့ လူရိပ်လူယောင်လည်း မတွေ့ရချေ။

ပုထင်း၏ ရင်ထဲမှ အတွေးသာ ပို၍ ခိုင်မာလာတော့သည်။

ပတ်စန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး ဖွင့်ထားသော ပြတင်းပေါက်မှတစ်ဆင့် အိမ်ထဲသို့ခုန်ဝင်လိုက်လေသည်။

လူတိုင်းလူတိုင်းသည် မြေကွက်လပ်သို့သာ အာရုံရောက်နေကြသည်ဖြစ်ရာ ပုထင်း၏လှုပ်ရှားမှုကို အမှုမဲ့အမှတ်မဲ့ သတိမပြုမိကြဘဲ ဖြစ်သွားလေ၏။

ပုထင်းက အိမ်ထဲရောက်သွားသည်နှင့် အခန်းနံရံကို ပြေးကပ်လိုက်ပြီး လူရိပ်လူခြေကြည့်လိုက်သည်။

အိမ်ထဲ၌ လူတစ်ယောက်မှ မတွေ့ရပါချေ။

'ဘယ်လိုဖြစ်ကုန်ပါလိမ့်'

ပုထင်း အံ့ဩစိတ်ဖြင့် စင်္ကြံဆီသို့ လှမ်းထွက်ရန် ပြင်လိုက်စဉ်မှာပင် ခြေသံများ စကားပြောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

www.burmeseclassic.com



ပုထင်း တပျော့ကာယပုန်းကွယ်၍ ချောင်းကြည့်လိုက်လျှင် မြို့ထဲ၌တွေ့ခဲ့ရသော မြင်းစီးသမား သိုင်းသမားများထဲတွင် ပါဝင်သော သိုင်းသမားနှစ်ယောက်က စကားတပြောပြောဖြင့် ခပ်သွက်သွက် လှမ်းလာနေကြသည်ကို တွေ့ရလေ၏။

'မြို့စားကြီးရောက်လာတော့မှ ပြိုင်ပွဲကြည့်ဖို့ ရောက်လာကြတဲ့လူတွေကို ထားဆီးလို့မရအောင် ဖြစ်နေတယ်'

'ဟုတ်တယ်၊ တို့တတွေ အခြေအနေကြည့်ထိန်းပေးရမှာပဲ၊ အနောက်ဆောင်ကို ကျုပ်တို့မိတ်ဆွေတွေက ကြည့်ထားကြပါလိမ့်မယ်၊ ကျုပ်ကိုမသွားရလို့ အကြောင်းမထူးတော့ပါဘူး'

ထိုလူနှစ်ယောက်သည် စကားတပြောပြောဖြင့် အိမ်ဂေဟာ အပြင်ဘက်သို့ ထွက်သွားကြလေတော့၏။

ပုထင်း၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာသည်။

'ဟုတ်ပြီ၊ သူတို့ အနောက်ဆောင်မှာ ရှိနေကြလိမ့်မယ်'

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သောအခါ စင်္ကြံလမ်းမှာ အမိုးခွဲနှစ်ခုရှိနေပြီး တစ်ခုက အနောက်ဘက်သို့ ဦးတည်နေ၏။

လူရိပ်လူရောင်လည်း မတွေ့ရသဖြင့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ လှစ်ခနဲ ပြေးသွားလိုက်လေသည်။

ပုထင်း၏ကိုယ်ဖော့ပညာ ကောင်းလှသည်ဖြစ်ရာ၌ စင်္ကြံလမ်းအတိုင်း အနောက်ဘက်သို့ ရောက်ရှိသွားလျှင် ဆွ



ဝန်းသော ခန်းမဆောင်ကြီးတစ်ခု ရှိနေသည်ကို တွေ့ရလေသည်။

ထိုခန်းမဆောင်ကြီးအရှေ့၌ အရောင်အသွေး စုံလှင်စွာ ဝတ်ဆင်ထားကြသော သိုင်းသမားများ စောင့်ကြပ်နေကြသည်ကို တွေ့ရလေသည်။

ပုထင်း ကျေနပ်သွား၏။

'ခန်းမဆောင်ကြီးထဲမှာ ထူးခြားမှုတစ်ခုခုတော့ ရှိနေပြီ၊ သိုင်းပြိုင်ပွဲ ကျင်းပနေတာမျိုးဖြစ်မယ်၊ ငါသာ မြေကွက်လပ်မှာ ဆက်ပြီးစောင့်နေမယ်ဆိုရင် အချိန်ကုန်လူပမ်း ဖြစ်ရတော့မှာပဲ'

ခန်းမဆောင်ကြီးအတွင်း၌ ကျင်းပမည့်ဆောက်ရှိနေပြီး ဆရာကြီး ပိုတောင်နှင့် သိုင်းပညာယှဉ်ပြိုင်နေပြီဖြစ်ကြောင်း တွေးမိလိုက်၏။

သိုင်းသမားများ စောင့်ကြပ်နေကြသည်ဖြစ်ရာ၌ ခန်းမဆောင်ကြီးအတွင်းသို့ လွယ်လင့်တကူ ဝင်ရောက်နိုင်တော့မည် မဟုတ်ပါချေ။

ပုထင်းသည် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြီး ခန်းမဆောင်အတွင်းသို့ ဝင်ရောက်နိုင်မည့်နည်းလမ်းကို ရှာဖွေလိုက်သည်။

စင်္ကြံလမ်းခေါင်မိုးနှင့် ခန်းမဆောင်၏ လေဝင်ပေါက်တို့ ဆက်စပ်နေသည်ကို တွေ့ရလျှင် ဝမ်းသာသွားလေသည်။

ချက်ချင်းပင် စင်္ကြံလမ်းခေါင်မိုးပေါ်သို့ အသာတက်လိုက်ပြီး ကိုယ်ဖော့တဲ့လမ်းလျှောက်ပညာကို အသုံးပြု၍ သော

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရှိရာသို့ ရွေ့လျားသွားပြီး လျှောခနဲတိုးဝင်လိုက်လေသည်။

ပုထင်းသည် သိုင်းပြိုင်ပွဲပြုလုပ်နေသည့် ခန်းမဆောင်အတွင်းသို့ ရိပ်ခနဲ ရောက်ရှိသွားတော့သည်။

၀ ၀ ၀

ခန်းမဆောင်အတွင်း၌ လူအချို့သာရှိနေသည်။

အစားဆိုသည် ခန်းမဆောင်အလယ်၌ မျက်နှာချင်းဆိုင် ရပ်နေသူနှစ်ယောက်ကို အာရုံရောက်နေကြလေ၏။

မျက်နှာချင်းဆိုင် ရပ်နေသူနှစ်ယောက်မှာ မုတ်ဆိတ်ဖြူများရှိသည့် အဘိုးအိုတစ်ယောက်နှင့် ချောမောလှပသော မိန်းကလေးတစ်ယောက်တို့ ဖြစ်ကြလေသည်။

ထိုမိန်းကလေးကိုမြင်လျှင် ပုထင်း၏ရင်ထဲ လှုပ်ရှားသွားသည်။

'ကျောင်းမေ'

တိုးတိုးညည်းတွားလိုက်မိ၏။

ထိုမိန်းကလေးမှာ အလွန်ခေါင်းပါးသော မိန်းမချောလေး ကျောင်းမေ ဖြစ်ပါတော့သည်။



ဆရာကြီးပိတောက်သည် အမျိုးအကျိုး ဆောင်ရွက်နေသည့် အဖြူရောင် သိုင်းဆရာကြီးတစ်ယောက် ဖြစ်ရကား ကျောင်းမေက အဘယ်ကြောင့် စိန်ခေါ်ရသည်ကို စဉ်းစားမရအောင် ဖြစ်နေပါတော့သည်။

ဆရာကြီးပိတောက်နှင့် ကျောင်းမေတို့သည် တစ်ကြိမ် ယှဉ်ပြိုင်ခဲ့ကြပြီး ဖြစ်ပုံရသည်။

ယခု…

နောက်တစ်ကြိမ်ယှဉ်ပြိုင်ရန် တာစူနေကြခြင်းသာ ဖြစ်ပုံရလေသည်။

ပုထင်းရောက်သွားချိန်မှာပင် ဆရာကြီးပိတောက်၏ မေးမြန်းသံ ထွက်ပေါ်လာသည်ကို ကြားရလေသည်။

'မိန်းကလေးရဲ့ဆရာဟာ သိုင်းလောကမှာ နာမည်တစ်လုံးနဲ့ နေခဲ့သူပါ၊ တကယ်တမ်းတော့ ရှေးက အမျိုးအကျိုး သိုင်းလောကအကျိုး သယ်ပိုးဆောင်ရွက်ခဲ့တာပဲ၊ မိန်းကလေးကမှ ဘာကြောင့် ကျွန်ုပ်ကို လိုက်ပြီးရန်ရှာချင်နေရတာလဲ၊ ကျုပ်… စဉ်းစားလို့မရဘူး'

ကျောင်းမေ ရယ်မောလိုက်၏။

'ကျွန်မဟာ သိုင်းလောကမှာ ကိုယ့်သဘောနဲ့ကိုယ် ထင်ရာလုပ်ချင်လို့ပေါ့ရှင်'

'မဟုတ်ပါဘူး၊ မိန်းကလေးမှာ အကြောင်းတစ်ခုခု ရှိရမယ်လို့ ကျုပ်ထင်တယ်'

ကျောင်းမေ ရယ်မောလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီး ဒီဆေးဆေးမင်ချင်တယ်ဆိုရင်လဲ ပြောပြရသေးတာပေါ့၊ ကျွန်မတော့ နဂါးစိမ်းဂိုဏ်းမှာ တာဝန်ရှိသူတစ်ဦး ဖြစ်နေပြီလေ၊ နဂါးစိမ်းဂိုဏ်းတော့ မကြာခင်မှာ သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးတော့မယ်ဆိုတာ ဆရာကြီးသိပါတယ်'

ပီတေးကက် အံ့သြသွားလေ၏။

'မိန်းကလေး အကြယ်မပြောနေတာလော၊'

'ဟင်း—တင်—တကယ်ပေါ့ရှင်၊ ကျွန်မ ဘာကြောင့် လိမ်ပြောရမှာလဲ၊ မယုံရင် ဟောဒီမှာကြည့်ထားပါ'

ကျင်းမေသည် လက်ဘယ်ဖက်ကို အပေါ်သို့ဝေ ယမ်းလိုက်လေသည်။

'ဝှစ်'

ရှည်မျောမျော အရာဝတ္ထုငယ်တစ်ခုသည် ခန်းမဆောင်ကြီးအပေါ်ဘက်သို့ ပစ်လွှင့်သွားလေသည်။

'ဒေါက်'

ခေါင်မိုးထုတ်တန်း၌ ထိမှန်စိုက်ဝင်သွားလျှင် အလံတစ်ခု လျှောခနဲ ကျလာလေသည်။

ထိပ်ချွန်နှစ်ဖက်ရှိသော ကြေးပိုဖြင့် လိပ်ထားသော တြိဂံ အလံလေးဖြစ်၏။

ထိုအလံလေးသည် လျှောခနဲ ပြေကျသွားပြီး လေထဲ၌ လေ ယမ်းနေတော့၏။

အလံပေါ်တွင် ကောင်းကင်ပေါ်၌ပျံဝဲနေသော တိမ်ညွန့်နှင့်ရှုပ်စီး နေသော နဂါးတစ်ကောင်ပုံကို အစိမ်းရောင်ခြည်ဖြင့် ထိုးထားလေ၏။



နဂါးစိမ်း၏ အထိမ်းအမှတ် အလံဖြစ်ပါတော့သည်။

ထိုအလံသည် နဂါးစိမ်း၏ အရေးပါသော ပုဂ္ဂိုလ်များမှသာလျှင် ကိုင်ဆောင်ခွင့်ရသော အထိမ်းအမှတ်အလံလည်း ဖြစ်လေ၏။

အားလုံး မျက်နှာပျက်သွားကြလေ၏။

နဂါးစိမ်းဂိုဏ်း ပြန်လည်သက်ဝင်လှုပ်ရှားလာသော သိုင်းလောကအား ဒုက္ခပေးနေကြောင်း အားလုံးသိထားကြလေသည်။

ယခုအကြိမ် ပြန်လည်ပေါ်ပေါက်လာသော နဂါးစိမ်းဂိုဏ်းသည် ယခင်က နဂါးစိမ်းဂိုဏ်းထက်ပို၍ ကြောက်စရာကောင်းကြောင်းလည်း အားလုံး သိထားကြလေတော့သည်။

နဂါးစိမ်း အထိမ်းအမှတ်အလံကိုတွေ့လိုက်ရသဖြင့် ဥပဓိရုပ်ကောင်းလှသည့် အဘိုးအိုဘစ်ယဲခူသည် ရှေ့သို့ လှမ်းထွက်လာလေ၏။

အဘိုးအိုသည် ကျင်းမေကို စိုက်ကြည့်၍ ပြောလိုက်လေသည်။

'ကျုပ်ကတော့ ထိုင်ဖေကျွန်းမြို့စားပါ၊ ကျုပ်ရဲ့မြို့မှာနေတဲ့ ဆရာကြီးဝိဇ္ဇာတစ်ယောက်ကို နဂါးစိမ်းဂိုဏ်းက ဒုက္ခပေးလိမ့်မယ်ဆိုတဲ့ သတင်းကြောင့် လာခဲ့တာပဲ—

'မိန်းကလေးဟာ နဂါးစိမ်းအဖွဲ့ဝင်တစ်ယောက် ဖြစ်နေမယ်ဆိုရင်တော့ ဖမ်းဆီး အရေးယူရလိမ့်မယ်'

ထိုအဘိုးအိုကား ထိုင်ဖေကျွန်းမြို့စား ဖြစ်နေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမေမဲ့ ပြုံးပြုံးလိုက်သည်။

'ထိုင်ကျွန်းမြို့ကို ကျွန်မလာခဲ့ကတည်းက ထိုကျွန်းမှာ ခြင်္သေ့ကြီးတွေလို ရဲရင့်တဲ့ သိုင်းသမားကြီးနှစ်ယောက်ရှိတယ်လို့ သတင်းကြားခဲ့ရပါတယ်၊ ထိုကျွန်းမြို့စားကြီးနဲ့ ဆေးဆရာကြီးဝိတောက်တို့ကို သိုင်းလောကမှာ ရဲရင့်တဲ့ ခြင်္သေ့ကြီးတွေလို့ တင်စားခေါ်ကြတဲ့အတွက် ကျွန်မ လေးစားမိပါတယ်၊ ဒါကြောင့်လဲ နဂါးစိမ်းမှာ သစ္စာခံဖို့လာပြီး စည်းရုံးသိမ်းသွင်းရတာဖြစ်ပါတယ်'

ထိုကျွန်းမြို့စားက တည်ကြည်သော မျက်နှာထားဖြင့် ပြောလေ၏။

'ကျုပ်တို့ သိုင်းလောကမှာနေထိုင်ခဲ့တာ နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ၊ ဘယ်လိုခြိမ်းခြောက်မှုကိုမဆို၊ ဘယ်လိုအန္တရာယ်မျိုးကိုမဆို မမှုခဲ့ပါဘူး၊ ကျုပ်တို့ဟာ မှန်ကန်တဲ့ဘက်က ရပ်တည်နေကြသူတွေဖြစ်လို့ နဂါးစိမ်းဂိုဏ်းရဲ့ သြဇာခံဘဝကို ဘယ်တော့မှ လက်ခံကြမှာ မဟုတ်ပါဘူး၊ မိန်းကလေး နားလည်သဘောပေါက်အောင် ရှင်းရှင်းပဲ ပြောလိုက်ပါမယ်၊ ကျုပ်တို့ဟာ နဂါးစိမ်းကို ဆုံးမမယ့်လူတွေပါဘဲ'

ဆရာကြီး ဝိတောက်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်... လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကလဲ နဂါးစိမ်းဂိုဏ်းကို ချေမှုန်းတဲ့နေရာမှာ ကျုပ်တို့ တစ်ဘက်တစ်အားပါဝင်ခဲ့ကြသေးတယ်...



'နဂါးစိမ်းလို ထင်ရာစိုင်းတဲ့ ဂိုဏ်းမျိုး သိုင်းလောကထဲမှာ ရပ်တည်လှုပ်ရှားဖို့ ကျုပ်တို့ ဘယ်တော့မှ ခွင့်ပြုမှာ မဟုတ်ပါဘူး၊'

ကျောင်းမေ လက်ခါပြသည်။

'သိပ်လဲ အပြောမကြီးကြပါနဲ့ဦး၊ ဆရာကြီးတို့ အရေးနိမ့်သွားကြရင် ခုလို ပြောနိုင်ကြပါဦးမလား၊ နဂါးစိမ်းဂိုဏ်းကို ဒူးထောက်ပြီး အညံ့ခံကြရမှာပဲ မဟုတ်လား၊'

ဝိတောက် စိတ်ဆိုးသွားသည်။

'ကျုပ် အသက်သေသွားပါစေ၊ နဂါးစိမ်းဂိုဏ်းကို ဘယ်တော့မှ ဒူးမထောက်ဘူး၊ စော်ကားမော်ကား ပြောတဲ့ မိန်းကလေးကိုလဲ ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး'

ကျောင်းမေ ရယ်မောလိုက်၏။

'ကျွန်မဟာ ဆရာကြီးတို့ကို ဂရုစိုက်နေမယ်ဆိုရင် ဒီနေရာကို တစ်ယောက်ထဲ လာခဲ့ပါ့မလားရှင်'

အခြေအနေ တင်းမာသွားပြီး တိုက်ပွဲပေါ်ပေါက်လာရန် တာစူနေတော့၏။

ပုထင်းသည် ကျောင်းမေကို ကြည့်ရင်း စိတ်မကောင်း ဖြစ်မိသည်။

ဩော် အဘယ်ကြောင့်...

နဂါးစိမ်းဂိုဏ်းနှင့် ပူးပေါင်းလိုက်ရသည်ကို စဉ်းစားလို့ မရအောင် ဖြစ်လာလေ၏။

ကျောင်းမေ၏ သိုင်းပညာ မည်မျှ ထက်မြက်သည်ဖြစ်စေ...

www.burmeseclassic.com

www.burmeseclassic.com



ဝါရင့် သိုင်းသမားကြီး မျက်စေ့ ရှိခနဲသော ကျွဲခေါ်ရာနှင့် လှုပ်မည် မဟုတ်ကြောင်း တွေး၍ စိုးရိမ်သွားမိလေတော့သည်။

ထိုအချိန်မှာပင်....

'ယား'

ဆရာကြီး ပီတောက်ဖော ညာသံပေး၍ ဝင်တိုက်ခိုက်လိုက်သည်။

ကျောင်းမလေးသည်။ ပြန်လည် တိုက်ခိုက်လိုက်ရာ တိုက်ပွဲဖြစ်ပေါ်လာလေတော့သည်။

—၈—

## အစွန်းရောက်မေတ္တာ

---

ခန်းမဆောင် အတွင်း၌ တိုက်ပွဲ ဖြစ်ပေါ်လာနေလေသည်။

ပုအောင်သည် ကျောင်းမလေးအတွက် စိုးရိမ်၍ ရှေ့သို့လှမ်းတွေ့ရန် မာန်ပြင်လိုက်ပြီးမှ....

အခြားသူတို့ကို သတိပြုမိ၍ ကိုယ်ရှိန်သပ်ကာ ရပ်လိုက်မိသည်။

ဆရာကြီး ပီတောက်ဖော်နှင့် မြို့စားကြီးတို့အပြင် နောက်ထပ် လူငါးယောက် ရှိနေကြ၏။

ထိုငါးယောက်အနက် သုံးယောက်မှာ မြို့စားကြီး၏ သက်တော်စောင့် ကိုယ်ရံတော်များ ဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်နှစ်ယောက်တို့ အသက်ငါးဆယ်ကျော်ခန့် ရှိသော အဘိုးအိုများ ဖြစ်ကြလေ၏။

ပုထင်း စဉ်းစားမိသည်မှာ လမ်း၌ တွေ့ဆုံရသော သိုင်းသမားတို့အား အစောင့်အကြပ်များကဲ့သို့ ခန်းမဆောင်အပြင်တွင် စောင့်ကြပ်ခိုင်းထားနိုင်သည်မှာ အောင်ရဲ့ ကိစ္စဘာမှမဟုတ်ပါ။

ဆရာကြီး ပိတောဇော်သည် လည်းကောင်း—

မြို့စားကြီးသည် လည်းကောင်း—

သို့မဟုတ်—

ထိပ်တန်း သိုင်းဆရာကြီးများ အသွင်ရှိကြသည့် အဘိုးအို နှစ်ယောက်သည် လည်းကောင်း—

သိုင်းလောက အချိန်အခါ ကြီးမားသူများ ဖြစ်၍ ထိုသို့ စွမ်းဆောင်နိုင်ခြင်း ဖြစ်ရမည်ဟု နားလည်မိခဲ့ခြင်း ဖြစ်ပါသည်။

ပုထင်း တွေဝေနေစဉ်မှာပင်—

'ဝုန်း'

ကျယ်လောင်သောအသံ တစ်ချက် ထွက်ပေါ်လာ၍ ကျောင်းမနှင့် ဆရာကြီး ပိတောဇော်တို့ ပြိုင်တူ နေရာဆီသို့ ဆုတ်သွားကြရသည်ကို တွေ့မြင်လိုက်ရ၏။

ကျောင်းမသည် ဆရာကြီး ပိတောဇော်ကိုဝင် ထောက်ရည်ညီယှဉ်နိုင်သဖြင့် သူမ၏ သိုင်းပညာ မခေကြောင်း ထင်ရှားနေလေသည်။

သူမသာ ရယ်လိုက်၏။



'ဆရာကြီး ရှုံးသွားပြီ'

သူမ၏ စကားကြောင့် ပိတောဇော် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'မိန်းကလေး အနေနဲ့ ကျုပ်ကို အနိုင်ယူနိုင်ဖို့ ခဲယဉ်းပါသေးတယ်၊ ဘာကြောင့် ကျုပ်ရှုံးသွားရမှာလဲ'

ကျောင်းမလေး ဟန်ပါပါပြုံး၍ ရှင်းပြလိုက်၏။

'ဆရာကြီးဟာ ကျွန်မထက် အသက်တော်တော်မက ကြီးပါတယ်—'

'ဒါပေမယ့် ကျွန်မကို အနိုင်မယူနိုင်ဘဲ လက်ရည် ညီမျှတယ်ဆိုရုံရှိတော့ ကျွန်မထက်သာ ဆရာကြီးအရွယ် အတွေ့အကြုံနဲ့ သိုင်းပညာ ရှိခဲ့ရင် ကျိန်းသေ ရှုံးသွားမှာပဲ မဟုတ်ဘူးလား—'

'ဒါကြောင့် ဥပဒေအရ ဆရာကြီး ရှုံးသွားပြီလို့ ကျွန်မ ပြောတာပါ'

ဆရာကြီး ပိတောဇော် ပါးစပ် အဟောင်းသား ဖြစ်သွားရသည်။

ကျောင်းမသည် မာနကြီးသူ ဆတ်ဆတ်ထိ မခံသူဖြစ်သည့်အပြင် ဉာဏ်များသူလည်း ဖြစ်နေပါတော့၏။

မြို့စားကြီး သက်ပြင်းချလိုက်သည်။

'ဆရာကြီး နောက်ဆုတ်လိုက်ပါ၊ သူ့ကို ကျုပ်တစ်ယောက်ယှဉ် လိုက်ပါမယ်'

ပြောရင်း ရှေ့သို့ လှမ်းထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ပိဓာတ်ကဲ မကျေမနပ်ဖြစ်နေသော်အည်း ဆာမှ မပြောသောဘဲ နေ့ဆက်ဆုတ်ပေးလိုက်၏။

ထိပ်တန်း သိုင်းသမားကြီးတို့သည် မိမိကိုယ်ကို ထိန်းချုပ်နိုင်သည့်အပြင်...

စိတ်နှလုံးဖြောင့်မတ်အညီကြည်သူများ ဖြစ်ကြောင်းလည်း ထင်ရှားပေါ်လွင်နေပါတော့၏။

ကျောင်းမေက မြို့စားကြီးကို ဦးညွှတ်လိုက်သည်။

'မြို့စားကြီးကို ကျွန်မ အစ်ခု မေးချင်ပါတယ်'

မြို့စား ခေါင်းညိတ်လိုက်၏။

'မြော့ပါ မိန်းကလေး'

'ကျွန်မတို့ နှစ်ယောက် ယှဉ်ပြိုင်ကြတဲ့အခါ ကျွန်မရှုံးနိမ့်သွားရင် မြို့စားကြီး ကြိုက်သလို စီမံနိုင်ပါတယ်၊ မြို့စားကြီး ရှုံးနိမ့်သွားရင်လဲ ကျွန်မ စီမံတာကို နာခံရပါလိမ့်မယ်'

'ကြော်'

မြို့စား ပြုံးသည်။

'ကျုပ်အရေးနိမ့်သွားရင် နဂါးစီမံရဲ့ သစ္စာကို ခံယူရမယ်လို့ မိန်းကလေး ပြောချင်တာ မဟုတ်လား'

'ဒါအမှန်ပါပဲရှင်'

'ကျုပ်ဟာ အမျိုးအကျိုး သိုင်းလောကအကျိုးကို တစ်သက်လုံး သယ်ပိုးဆောင်ရွက်သွားမယ်လို့ ဆုံးဖြတ်ထားသူ တစ်ယောက်ပါ၊ မိန်းကလေးတောင်းဆိုတာကို လိုက်လျောနိုင်မှာ မဟုတ်ပါဘူး'



မြို့စားကြီးအငြင်းလိုက်လျှင် ကျောင်းမေ ဆေးဒဏ်တက်လိုက်သည်။

'ဒါဆိုရင် ကျွန်မတို့ရဲ့ပြိုင်ပွဲဟာ တရားမျှတမှု ရှိမှာမဟုတ်ပါဘူး'

'ဘာကြောင့်ဖြစ်လို့ ဒီလိုပြောတာလဲ မိန်းကလေး'

'ရှင်းပါတယ်၊ တရားမျှတမှုကို အလေးထားတယ်ဆိုရင် ကျွန်မဘက်က လိုက်လျောမှုရှိသလို မြို့စားကြီးဘက်ကလဲ လိုက်လျောမှုရှိရပါလိမ့်မယ်၊ ဒါမှတရားမျှတမှု ရှိပါလိမ့်မယ်'

မြို့စားကြီး အံ့ကြိုသွားလေ၏။

ငြင်းပယ်လိုက်ပြန်လျှင်လည်း မမျှော်လင့်ဘဲ အရှုံးနိမ့်သွားပါက နဂါးစီမံ၏သစ္စာကို ခံယူရမည်ဖြစ်၏။

မြို့စားကြီး တွေဝေသွားပြီးမှ...

'သူ့ကို မယှဉ်နိုင်စရာအကြောင်း မရှိပါဘူးလေ'

ဟူ၍ တွေးတောလက် ခံရန် ဆုံးဖြတ်လိုက်လည်း၊

'ကောင်းပြီလေ မိန်းကလေးရဲ့တောင်းဆိုမှုကို ကျုပ်လက်ခံပါတယ်'

ကျောင်းမေ ရယ်မောလိုက်၏။

'မြို့စားကြီးဟာ ထင်တယ်ကို တရားမျှတတဲ့လူတစ်ယောက်ပါပဲ၊ ကဲ...ကျွန်မတို့ ယှဉ်ပြိုင်လိုက်ကြပါစို့ရှင်'

စကားဆုံးလျှင် လက်ဝါးနှစ်ဘက်ကိုအသုံးပြုကာ ဆောင်တိုက်ခိုက်လိုက်လေတော့သည်။

* * *

www.burmeseclassic.com



ကျောင်းမေ၏မျက်နှာ ပြုံးရွှင်နေသော်လည်း ရွှေမ၏ တိုက်ကွက်များမှာ ပြင်းထန်ပြီး ရက်စက်ကြမ်းကြုတ် နေလေသည်။

လက်တစ်ဘက်ကို လက်ဝါးသဏ္ဌာန် ကျန်လက်တစ်ဘက်ကို ဓားသီးသဏ္ဌာန် အသုံးပြုလျက် တိုက်ခိုက်လိုက်လေသည်။

ငယ်ရွယ်သော မိန်းမချောလေးတစ်ယောက်၏ တိုက်ခိုက်မှုမှာ ထိုမျှပြင်းထန်လှ ရက်စက်နေမည်ဟု မည်သူမျှ ထင်မှတ်ကြမည်မဟုတ်ပါချေ။

မြို့စားကြီး ကြောင်အမ်းအမ်းဖြစ်သွား၏။

နေရာဆုတ်ရှောင်တိမ်းရန် ဟန်ပြင်ပြီးမှ ကျောင်းမေက လေးဖြင့် အနိုင်ယူမည်ကို စိုးရိမ်လေ၊ ရှောင်တိမ်းခြင်း မပြုတော့ဘဲ လက်ဝါးနှစ်ဘက်ဆန့်ထုတ်ပြီး ထိပ်တိုက်ရင်ဆိုင်လိုက်သည်။

မြို့စားကြီး၏မျက်နှာ တည်ကြည်လေးနက်နေ၏။

လူနှစ်ယောက်လက်နှစ်ဘက်ကို ဝေ ယမ်းလိုက်လျှင် မလေတိုးသံများ တဟူးဟူးမြည်လျက် ထွက်ပေါ်လာသည်။

ပြင်းထန်သော လေပွေလှိုင်းများ ထွက်ပေါ်လာသော ကျောင်းမေ၏တိုက်ကွက်များကို ချေဖျက်ပစ်လိုက်၏။

ပုထင်၊ ထိတ်လန့်သွားသည်။

မြို့စားကြီး၏လက်ချက်ကြောင့် ကျောင်းမေဒုက္ခရောက်ရမည်ကို စိုးရိမ်သွား၏။

မည်သို့ဆိုစေ…

တိုက်ပွဲကိုဟန့်တားဖို့ အချိန်မမီတော့ပေ။



မြို့စားကြီးမှာ ငယ်ရွယ်စဉ်အခါက သိုင်းလောကအတွင်း ကျော်ကြားကျော်စောခဲ့သည့် သိုင်းသမားတစ်ယောက် ဖြစ်ပါသည်။

အိမ်ထောင်ကျပြီးမှ မိဘအရိုက်အရာ မြို့စားကြီးရာထူးကို ဆက်ခံပြီး ထိုကျွန်းမြို့၌ အခြေတကျနေခဲ့သူဖြစ်၏။

သိုင်းလောကနှင့် အဆက်အသွယ်မပြတ်ဘဲ ထိုကျွန်းမြို့အား စီမံအုပ်ချုပ်မှု ကိစ္စအဝဝကိုသာမက သိုင်းလောကအကျိုးကိုပါ သယ်ပိုးဆောင်ရွက်နေသူဖြစ်သည်။

မြို့စားကြီး၏ လေပွေလှိုင်းလက်ဝါးသည် သိုင်းလောကတွင် ထင်ရှားခဲ့သော သိုင်းပညာတစ်ရပ်လည်းဖြစ်သည်။

မြို့စားကြီးက အခြေအနေအရ ကျောင်းမေအား အနိုင်ရမှဖြစ်မည်ဟု နားလည်ထားခြင်းကြောင့် လေပွေလှိုင်း လက်ဝါးသိုင်းပညာကို ထုတ်ဖော်အသုံးပြုလိုက်ရ၍ ကျောင်းမေအပေါ် အသာစီးရသွားတော့သည်။

ကျောင်းမေ ဆက်၍ ထိပ်တိုက်ရင်ဆိုင်မည်ဆိုလျှင် အကြီးအကျယ် ထိခိုက်ဒဏ်ရာရသွားမည် ဖြစ်ပါသည်။

သူမအနေနှင့် နောက်ဆုတ်ရှောင်တိမ်းရန် နည်းလမ်းတစ်ခုသာ ရှိတော့သည်။

မျက်စိတစ်မှိတ် လျှပ်တပြက်အတွင်း မြို့စားကြီးက ကျောင်းမေကို အနိုင်ယူလိုက်ခြင်းဖြစ်ပါသည်။

သို့တိုင်…

ကျောင်းမေသည် လွယ်လွယ်နှင့် အလျှော့ပေးမည့်သူ မဟုတ်ကြောင်း ထင်ရှားပေါ်လွင်နေ၏။

www.burmeseclassic.com



မြို့စားကြီး၏ ဖောပွေ့လှိုင်း လဏ်ဝါးထိုင်းကို ထိုပ်တိုက်ကို ငင်ဆိုင်နိုင်သည်မဟုတ်ကြောင်း နားလည်လိုက်သည်နှင့် ရွှမ၏ တိုက်ကွက်ကို ရုပ်သိမ်းလေ၏—

'ယား'

ညာသံတစ်ချက်ပေးပြီး အပေါ်သို့ ခုန်တက်လိုက်သည်၊

ညာသံတစ်ချက်ပေးပြီး အပေါ်သို့ ခုန်တက်လိုက်သည်၊ ထုတ်တန်းပေါ်မှ နဂါးစိမ်း ရွှမ၏လက်တစ်ဖက်သည် ထုတ်တန်းပေါ်မှ နဂါးစိမ်း ဂိုဏ်း၏ အမိန့်အလံကို ဖျတ်ခနဲဆွဲယူလိုက်ပြီး ကျန်လက်တစ်ဖက်က လက်နက်ပုန်းများဖြင့် ဝဝ ယမ်းပစ်ခတ်လိုက်လေသည်၊

'ဝှစ်—ဝှစ်—ဝှစ်'

လက်နက်ပုန်းလေးများသည် မြို့စားကြီးထံသို့ ဝလုပ်ချ အောင် တိုးဝင်သွားလေ၏၊

မြို့စားကြီးက ရှောင်တိမ်းခြင်းမပြုပါ၊

သူ၏ ဖောပွေ့လှိုင်းလဏ်ဝါးသိုင်းသည် သူ၏တစ်ကိုယ်လုံး လုံခြုံမှုရှိရအောင် ငှက်ချေးလည်း မဖောက်ဝင်နိုင်သော သံကာကဲ့သို့ ရှိနေသည်မဟုတ်ပါလား၊

'ထောက်—ထောက်—ထောက်'

ကျင်းမေ၏ လက်နက်ပုန်းလေးများသည် ဖောပွေ့လှိုင်း များကို ဖောက်ဖြတ်နိုင်ခြင်းမရှိဘဲ [illegible]မ်းပြင်ပေါ်သို့ တဖွဲဖွဲ ကျသွားသကဲ့သို့ အချို့လက်နက်ပုန်းလေးများသည် လှည့်ဝင် လာ လာလမ်းအတိုင်း ပြန်လည်ဝင်လွင့်သွားလေတော့သည်၊

'ယား'



လေထဲရောက်နေသော ကျင်းမေသည် ခန္ဓာကိုယ်ကွန့်လိမ် ကာ လေထဲ၌လူးလွန့်ပြီး ခပ်လျှမ်းလျှမ်းသို့ ခုန်ထွက်သွားလေ သည်၊

ပြန်လည်ပစ်လွင့်လာသော လက်နက်ပုန်းလေးများသည် ပွတ်ကာသီကာ ဖြတ်ကျော်သွားပြီး ခေါင်းမိုးထုတ်တန်း၌ လည်းကောင်း၊ မျက်နှာကျက်၌လည်းကောင်း၊ တဒေါက်ဒေါက် မြည်ကာ စိုက်ဝင်သွားတော့၏၊

'ဖုတ်'

ကျင်းမေက ကြမ်းပြင်ပေါ်သို့ခုန်ဆင်းပြီးသည်နှင့် မြို့စား ကြီးထံသို့ တစ်ရှိန်ထိုးပြေးဝင်လာကာ တိုက်ခိုက်လိုက်ပြန်လေ သည်၊

မြို့စားကြီးကလည်း လေပွေ့လှိုင်းလက်ဝါးကို အသုံးပြု၍ သိုင်းကွက်ရိုက်ချလိုက်သည်၊

ရုတ်တရက်—

ကျင်းမေ၏တိုက်ကွက် ပြောင်းသွား၏၊

'ဝုန်း'

ကြမ်းပြင်ပေါ်သို့ လှဲချလိုက်ပြီး အရှိန်ဖြင့် လှိမ့်၍ မြို့စား ၏ ခြေထောက်နှစ်ဖက်ကို တိုက်ခိုက်လိုက်လေ၏၊

ဖောပွေ့လှိုင်း လဏ်ဝါးသိုင်း၏ စက်ကွင်းအောက်သို့ တိုး တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



မြို့စား ကြောင်အမ်းအမ်း ဖြစ်သွားလေ၏။

ကျောင်းမေ ယခုကဲ့သို့ ပြုလုပ်လိမ့်မည် မထင်မိသဖြင့် သိုင်းကွက် ပျက်သွားပြီး ဓားပျံကလေး နောက်ဆုတ် ရှောင်ရလေသည်။

ထွေးမ ဆက်၍ တိုက်ခိုက်ခြင်း မပြုတော့ဘဲ ခုန်ထွက်လိုက်သည်။

ထွေးမ သဘောကျစွာ ရယ်လိုက်၏။

'မြို့စားကြီး ရှုံးသွားပြီ'

မြို့စား မကျေမနပ် ဖြစ်သွားသည်။

'ကျုပ် ဘာကြောင့် ရှုံးရမှာလဲ'

'ကျွန်မရဲ့ တိုက်ကွက်ကို မခံနိုင်လို့ မြို့စားကြီး နောက်ဆုတ် လိုက်ရတာပဲ မဟုတ်လား'

'ဒါဆို...'

'မြို့စားကြီးဟာ ကျွန်မထက် ဝါရင့်သလို အသက်လည်း ကြီးပါတယ်၊ ထိပ်တိုက်ယှဉ်ပြိုင်ကြရာမှာ နောက်ဆုတ်လိုက်ရတဲ့လူက ရှုံးလို့ အမှတ်ပေးကြတာကို မြို့စားကြီး သိပြီးသား ဖြစ်မှာပါ'

မြို့စား ငိုင်သွားသည်။

အမှတ်မထင် နောက်ဆုတ်မိခြင်းကြောင့် ကျောင်းမေကို အရှုံးပေးလိုက်ရမည်လော။



ဟူ၍ အခက်ကြုံနေစဉ်မှာပင်—

'မြို့စားကြီး မရှုံးပါဘူး'

စကားသံနှင့်အတူ လူတစ်ယောက် ရှေ့သို့ လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

ကျောင်းမေသည် ရှေ့သို့ လှမ်းထွက်လာသူအား တွေ့ရသျှင် အံ့ဩသွားသကဲ့သို့ မကျေမနပ်လည်း ဖြစ်သွားမိလေတော့သည်။

'ဆက်စသတ်တော့ ရှင်ကိုး'

ထိုလူကား...

ပုထင်း ဖြစ်သည်။

ပုထင်းက မြို့စားအား ဦးညွှတ်လိုက်၏။

'မြို့စားကြီးကို ဂါရဝပြုပါတယ်၊ အခု ယှဉ်ပြိုင်ပွဲမှာ မြို့စားကြီး ရှုံးနိမ့်သွားတယ်လို့ မပြောနိုင်ပါဘူး၊ အမှန်ကို ထွက်ဆိုရင် မြို့စားကြီး အသာစီးရခဲ့တာပါ။ ဒါပေမယ့် ဒီပွဲကို သရေပွဲ အဖြစ် ဆုံးဖြတ်လို့လဲ ရတယ်'

မြို့စား စိတ်အေးသွားဟန် ရှိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပါပဲ မောင်ရင်လေး'

ကျင်းမေ မကျေမနပ် ဖြစ်သွားသည်။

'ရှင် ဘာကြောင့် ကြားဖြတ်ရှုပ်ချင်ရတာလဲ မြို့စားကြီး နောက်ဆုတ်လိုက်ရတာကို အားလုံး မြင်တယ်ပေါ့ ရှုံးသွားတယ်လို့ မခေါ်ရင် ဘာကို ခေါ်မလဲ...'

'ဂုဏ်သိက္ခာ ရှိတဲ့ သိုင်းသမားဆိုရင် ဘာကြောင့် အမှန်အတိုင်း ဝန်မခံရဲရမှာလဲ'

ဆရာကြီး ပိတောက်တို့ မျက်နှာပျက်၍ ငြိမ်နေကြလေသည်။

မြို့စား နောက်ဆုတ်လိုက်ရသည်ကို တွေ့မြင်ထားကြခြင်းကြောင့် ကျင်းမေ၏ စွပ်စွဲ ပြောဆိုမှုကို မချေပနိုင်ဘဲဖြစ်နေကြလေသည်။

ပုထင်း ပြုံးလိုက်သည်။

'နောက်ဆုတ်လိုက်ရလို့ ရှုံးတယ်ပြောမယ်ဆိုရင် ညီမအရင် နောက်ဆုတ်ခဲ့လို့ ညီမ အရင်ဆုံး ရှုံးသွားတယ်လို့ ပြောရမှာပဲ မဟုတ်လား'

'ဘာရှင့်'

'မြို့စားကြီးရဲ့ ဓားဖွဲ့ဂါးသိုင်းကို ထိပ်တိုက် ရင်မဆိုင်နိုင်လို့ ညီမ ရှောင်တိမ်းလိုက်ရတာ အားလုံးအမြင်ပဲ'

ဤတွင်...

ပိတောက်တို့ လှုပ်လှုပ်ရွရွ ဖြစ်လာလေတော့သည်။

'ဟုတ်တယ်၊ သူ နောက်ဆုတ်လိုက်ရသေးတာပဲ'



'အပေါ်ခုန်တက်ပြီး လက်နက်ပုန်းနဲ့ ပစ်တာလဲ မဟုတ်လို့ မနည်းရှောင်လိုက်ရတာ'

'ဒီလိုနဲ့ ရှုံးတာမဆိုရင် သူ အရင်ဆုံး ရှုံးသွားတာပေါ့'

စသည်ဖြင့် တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုလာကြလေ၏။

ကျင်းမေ မျက်နှာ နီမြန်းသွားသည်။

'ရှင်...ရှင်'

ပုထင်း လက်ကာပြသည်။

'ညီမ ဘာကြောင့် နဂါးစိမ်းဂိုဏ်းနဲ့ ပူးပေါင်းချင်ရတာလဲ၊ နဂါးစိမ်းဂိုဏ်းဟာ ကောင်းတဲ့ဂိုဏ်း တစ်ခု မဟုတ်ဘူး ဆိုတာ ညီမသိပါတယ်၊ စိတ်ဆင့်ရောမလုပ်ဖို့ ကျုပ်တောင်းပန်ပါတယ်'

လူမင်း ကြမ်းပြင်ပေါ် ခြေဆောင့်လိုက်၏။

'ရှင့် ပါးစပ် ပိတ်ထားလိုက်စမ်း၊ ကျွန်မကို ဆရာလာ မလုပ်နဲ့'

'ညီမ'

'ရှင်...ဘာလို့သူလဲ၊ ရှင့်ကို ကျွန်မ မသိဘူး၊ ရှင့်စကားတွေကို ကျွန်မ နားမထောင်ဘူး၊ နဂါးစိမ်းဂိုဏ်းရဲ့ သစ္စာခံမလား၊ ဒါမှမဟုတ် အသက်အသေခံမလား၊ ကြိုက်တဲ့လမ်း ရွေးပါ'

ပုထင်း စိတ်မကောင်း ဖြစ်သွား၏။

'ညီမရယ်... မကောင်းမှုနဲ့ သိလျက်နဲ့ ဘာကြောင့် ရှေ့ဆက်တိုး မိုက်ချင်ရတာလဲ၊ ကျုပ် တောင်းပန်ပါတယ် ညီမရယ်၊ ရပ်တန့်အောင် ရပ်လိုက်ပါတော့'

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမေ အကြိတ်လိုက်သည်။

'ရှင်ဟာ အတ်မတည့်တဲ့လူ၊ သစ္စာမရှိတဲ့လူ၊ ရှင့်ကို ကျွန်မ မုန်းတယ် အို—အားလုံးကို မုန်းတယ်'

ခေါသတကြီး အော်ဖပြောလိုက်သော သူမ၏ အသံမှာတုန် ခါနေ၍ ငိုသံပါ ပါလာ၏။

'ညီမ—ကျုပ် ရှင်းပြချင်ပါတယ်၊ ထင်းထန် ဂုဏ်းချုပ် တာ—

ပုထင်၊ ရှင်းပြရန် မည်သို့ပင် ကြိုးစားသော်လည်း၊ ကျောင်းမေက လက်မခံပါတော့ချေ။

'ရှင့်ကို ရန်သူတစ်ယောက်လို သဘောထားလိုက်ပြီဆိုတာ ကျွန်မ ပြောပြီးပြီပဲ'

လူမသည် ပုထင်းအား စိတ်ကြည့်၍ ပြတ်သားစွာ ပြော လေ၏။

'ရှင်ဟာ သိုင်းလောကမှာ လူတော်လူကောင်းတစ်ယောက် လုပ်ချင်တယ် ဆိုတော့။ နတ်သမီးလေးတွေလို ချောမော ပြီး ဂုဏ်သရေရှိ မိန်းကလေးတွေနဲ့ ဝိုင်းနေကြတယ်မဟုတ် လား။—

'ကျွန်မကတော့ ကိုယ်သတောနဲ့လိုက် ထင်ရာစိုင်းနေတဲ့ လူ တစ်ယောက်ပဲ၊ ရှင်က သိုင်းလောက အကျိုး ဆောင်ရွက်ရင် ကျွန်မက သိုင်းလောက ပျက်စီးရာ ပျက်စီးကြောင်း ဆောင် ရွက်မယ်—

'ဘယ်တော့မဆို ရှင်နဲ့ ဆန့်ကျင်ဖက် အရပ်မှာ နေတော့ မယ်ဆိုတာ မှတ်ထားပါ'



စကားဆုံးလျှင် ချာခနဲ လှည့်၍ ပြေးထွက်သွားလေတော့ သည်။

'ရပ်လိုက်'

မြို့စားကြီးနှင့် အတူ ယှဉ်တွဲ၍ ရပ်နေခဲ့သော အဘိုးအို ရှေ့သို့ လှမ်းထွက်ပြီး ဟန့်တားရန် ဟန်ပြင်လိုက်၏။

ပုထင်းသည် ကျောင်းမေအတွက် စိတ်ပူသွားသော ကြောင့်အဘိုး အို၏ရှေ့မှ လမ်းပိတ်ထားလိုက်လေသည်။

အဘိုးအို ရှေ့တိုး၍မရတော့သဖြင့် ကျောင်းမေထွက်သွား သည်ကို ဟန့်တား၍မရတော့ချေ။

—၁—

အမွေခံ

---

ကျင်းမေ ထွက်သွားပြီဖြစ်သည်။

သူမအား လွှတ်ပေးလိုက်ရသဖြင့် အဘိုးအို မချော့မနပ် ဖြစ်သွား၏။

'မင်း ဘာရှုပ်တာလဲ'

ပုထင်းမှာ အဘိုးအို၏စကားသံကို မကြားနိုင်အောင်ပင် အတွေးလွန်နေပါတော့သည်။

ကျင်းမေသည် အဘယ်ကြောင့် အပြောင်းလဲကြီး ပြောင်းလဲသွားရပါသနည်း။



ထင်းယန်ဂိုဏ်းချုပ်ခေါင်းနှင့် ပတ်သက်မိခဲ့ခြင်းကြောင့် သူ့အပေါ် စိတ်ဆိုးရက်ကာ ထွက်သွားပြီးနောက် အရှဲ့ ကိုဏ်းဖြင့် ထင်ရှားစိုးနေခြင်းဖြစ်ကြောင်း ဆင်ခြင်မိလိုက်သည်။

သိုင်းလောကတွင် စည်းကမ်းသတ်မှတ်ခြင်း မရှိသော်လည်း မိန်းကလေးတစ်ယောက်နှင့် ရင်းနှီးစွာ အနီးကပ်ဆုံးရှိလိုက်သည်နှင့် သူမ၏အရှက်နှင့် ဂုဏ်သိက္ခာကို ကာကွယ်စောင့် ရှောက်သောအားဖြင့် လက်ထပ်ယူရသည့်ဓလေ့ ရှိလေ၏။

ကျင်းမေကား သူ့အား လက်ထပ်ဖို့ငြင်းဆည်ဟူ၍ ခံပြင်းကာ အရှဲ့ ကိုဏ်းနေခြင်းဖြစ်ကြောင်းလည်း ဆင်ခြင်မိသည်။

သူမကိုယ်တိုင်လည်း မိမိအပေါ် မေတ္တာသက်ဝင်မှု ရှိနေကြောင်း ပုထင်းရိပ်မိလေသည်။

ကျင်းမေ၏မေတ္တာမှာ အဖွန်းမရောက်မေတ္တာမျိုး ဖြစ်မနေ သည်ဟု တွေးမိကာ စိတ်မကောင်းဖြစ်လာသည်။

'မင်းလို နဂါးစိမ်းဂိုဏ်းက လူတစ်ယောက်ပဲဖြစ်တယ်လေ'

အဘိုးအို၏အော်ခေါ်သံ ထပ်မံ ထွက်ပေါ်လာခြင်းတော့မှ ပုထင်း သတိဝင်လာတော့သည်။

ပုထင်းက ခေါင်းယမ်းလိုက်သည်။

'မဟုတ်ပါဘူးခင်ဗျာ'

'ခင်းမလိမ်နဲ့၊ မင်းဟာ နဂါးစိမ်းဂိုဏ်းသား မဟုတ်ဘူး ဆိုရင် မိန်းမဆိုးလေးကျင်းမေနဲ့ ဘာမှ မပတ်သက်စရာ အကြောင်း မရှိဘူး'

ထိုအဘိုးအိုမှာ ဆရာကြီးပီတော၏ ရင်းနှီးသော မိတ်ဆွေတစ်ယောက်ဖြစ်ပြီး ဆရာကြီးပီးဆောင်အား နဂါးစိမ်း

www.burmeseclassic.com



ဂိုဏ်းမှ ဒုက္ခပေးလိမ့်မည်ဟူ၍သာ သတင်းကြားသဖြင့် ရောက်ရှိလာသူဖြစ်ပါသည်။

သူ့အမည်မှာ ကျိုစုဖြစ်ပြီး ခြေလှမ်းတစ်ရာ သွေးကြောသေပါတ်ဖြင့် ထင်ရှားသူဖြစ်သည်။

ကျိုစုက စွပ်စွဲပြောဆိုခြင်းကြောင့် ကျင်းမေနေရာသို့ လိုက်သွားကာ ဖျောင်းဖျ နှစ်သိမ့်ရန် ပုထင်း၏အကြံ ပျက်သွားလေသည်။

ပုထင်း ဦးညွှတ်လိုက်၏။

'ကျင်းမေမှာ မိန်းမကောင်းတစ်ယောက်ပါ၊ နဂါးစိမ်းဂိုဏ်းရဲ့ စည်းရုံးသိမ်းသွင်းမှုကို နားထောင်ပြီး ခုလိုဖြစ်ရတာပါ၊ သူ့ကို နှစ်သိမ့်ဖျောင်းဖျလို့ရပါတယ်၊ သူ့ကိုခွင့်လွှတ်ဖို့ ကျွန်တော်တောင်းပန်ပါတယ်'

ဤနေရာ၌ဆက်နေလျှင် ကျင်းမေကို လိုက်၍မီတော့မည် မဟုတ်ပေ။

ပုထင်းမှာ တောင်းပန်စကားဆိုကာ ပြေးထွက်သွားလေသည်။

မကျေမနပ်ဖြစ်နေသော ကျိုစုက အလွတ်မပေးပါချေ။

'မင်း ထွက်သွားလို့ရမလား'

ချက်ချင်းပင် လက်ဝှေ့ယမ်းပြီး တိုက်ခိုက်လိုက်သည်။

ဆရာကြီးပီတောင်ဆွာ မြို့စားကြီးပါ အခြေအနေကို စောင့်ကြည့်နေကြ၏။

[illegible]သည့် ပုထင်းကိုမသိကြပါ။



ပုထင်းမှာ လာရောက်ရန်ပြုသည့် ကျော်မေနှင့် ရင်းရင်းနှီးနှီးရှိနေခြင်းကြောင့် ကျိုစုကတိုက်ခိုက်လိုက်သည်ကို ဟန့်တားခြင်း မပြုခဲ့ကြခြင်းဖြစ်သည်။

ခပ်လှမ်းလှမ်းသို့ ရောက်ရှိသွားသော ပုထင်းမှာ ကျိုစု၏ တိုက်ခိုက်မှုကြောင့် ရှေ့ဆက်သွား၍ ရမည်မဟုတ်ဟု ယုံကြည်ထားသည်။

ကျိုစုက ခြေလှမ်းတစ်ရာ သွေးကြောသေစေပညာကို အသုံးပြု၍ ပုထင်းအား သွေးကြောလှမ်းပိတ်လိုက်ခြင်း ဖြစ်ကြောင်း နားလည်ထားကြလေ၏။

ကျိုစုက ထိုပညာကို ထုတ်ဖော်အသုံးပြုလိုက်လျှင် ခြေလှမ်းတစ်ရာအတွင်း မည်သူမျှ ရှောင်တိမ်း၍မရဘဲ သွေးကြောပိတ် ခံရလိမ့်မည်ဟူသည်။ ယုံကြည်ထားကြလေသည်။

ပုထင်းကိုယ်တိုင် နေ့စဉ်ကျော့မှ အမိုးကျသော သွေးကြောတစ်နေရာသို့ တိုက်ခိုက်ခံရကြောင်း သိရှိလိုက်၏။

သူကိုယ်တိုင် ချဉ်းကပ်တိုက်ခိုက်ခြင်းမဟုတ်ဘဲ အဝေးရောက် သွေးကြောပိတ်ပညာတစ်မျိုး အသုံးပြု၍ တိုက်ခိုက်ခြင်းဖြစ်ကြောင်း နားလည်သွား၏။

ရှောင်တိမ်းရန် အလွန်ခက်ခဲနေကြောင်းလည်း ဆင်ခြင်မိလိုက်ရ၏။ သူ၏သျှိုဝှက် အရိပ်မဲ့လက်ညှိုးပညာကို ထုတ်ဖော် ခုခံလိုက်ရလေတော့သည်။

ယခုတိုက်လက်ကို အက်ညှိုးနှင့်လက်ခလယ်တို့ကို လက်ကို ဆန့်ထုတ်ပြီး တောက်ထုတ်ပစ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသော တိုက်ကွက်နှစ်ခုသည် မျက်စိဖြင့် မြင်တွေ့နိုင်ခြင်းမရှိဘဲ လေထဲ၌ပင် ဆုံတွေ့မိသွားတော့သည်။

လျှို့ဝှက်ဆန်းကြယ်လှသော တိုက်ကွက်ကို တန်းတူညီမျှသော ပညာရပ်မျိုးဖြင့် ခုခံချေဖျက်လိုက်ခြင်းပင် ဖြစ်ပါတော့သည်။

ထိုနောက်

'ဟူး'

ပုထင်းသည် ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက် ခုန်ထွက်သွားတော့ မြင်ကွင်းမှ ပျောက်ကွယ်သွားတော့လေသည်။

ဝ ဝ ဝ

ကျော်စုသည် ဓာတ်လျှပ်ထိရုပ်တစ်ရုပ်အလား မလှုပ်မယှက် ရပ်နေမိလေသည်။

လူငယ်လေးတစ်ယောက်က ထူးပညာကို ခုခံချေဖျက်သွားနိုင်သည်ကို မယုံကြည်နိုင်အောင် ဖြစ်နေမိသည်။

မြို့စားကြီးနှင့် ဆရာကြီးပိတောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

ပိတောက် သက်ပြင်းချလိုက်သည်။



'လူငယ်လူရွယ်လေး မခေကြပါလား၊ သိုင်းလောကကြီးတော့ အတော်ကိုတိုးတက်လာတာပဲ'

မြို့စားကြီး ခေါင်းညိတ်လိုက်သည်။

'ကိုယ့်သဘောနဲ့ကိုယ် ထင်ရာစိုင်းချင်တဲ့လူမိုက်သမို့ မတရားမှုကို လက်မခံတဲ့လူလဲ ရှိသေးတာ ကောင်းတာပဲ၊ ဒါထက် လူငယ်လေးက ဘယ်လိုသိုင်းပညာမျိုး၊ အသုံးပြုသွားသလဲဆိုတာ ဆရာကြီးတွေ့မိသလား'

ဆရာကြီးပိတောက် ခေါင်းခါလိုက်သည်။

'အမှန်အတိုင်းပြောရရင် ဘယ်လိုသိုင်းပညာရပ်ကိုသုံးသွားသလဲဆိုတာမပြောနဲ့၊ ဘယ်လို ခုခံသွားတယ်ဆိုတာတောင် ကျုပ်မမြင်လိုက်ရဘူး၊ ကိုယ့်ကိုယ်ကိုတောင် ရှက်မိပါရဲ့ဗျာ'

ဤတွင်—

မကျေမနပ်ဖြစ်နေသော ကျော်စုက ပြောလာ၏။

'ဒီ အသုံးပြုသွားတာ ဆရာကြီးမိတ်ဆွေတစ်ယောက်ရဲ့ ပညာပါပဲ၊ ကျုပ် ကောင်းကောင်းကြီးသိပါတယ်'

ဆရာကြီးပိတောက် အံ့သြသွားလေ၏။

'ကျုပ်ရဲ့မိတ်ဆွေဆိုတာ ဘယ်သူ့ကိုများ ရည်ရွယ်ပြီးပြောတာလဲဗျာ'

ဟူ၍—

ပြန်မေးလိုက်မိလေ၏။

www.burmeseclassic.com

ကျိုစု ပြုံးလိုက်သည်။

'ဆရာကြီးရဲ့ အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက်ကိုပြောတာပေါ့၊ မကြာသေးခင်ကတောင် ဆရာကြီးဆီလာပြီးဆေး ကုသမှု ခံယူခဲ့သေးတယ်လို့ သတင်းကြားမိတယ်'

ဆရာကြီးပီတောက်၊ မြို့စားကြီးနှင့်ကျိုစုတို့မှာ သိုင်းပညာ အတော်ဆုံးဖြစ်ကြလေ၏။

ကျိုစု၏စကားကြားလျှင် ဆရာကြီးပီတောက် လှုပ်လှုပ်ရှားရှားဖြစ်သွားလေ၏။

'ခေါင်းနှစ်လုံးနဂါးပုချောင်းကိုပြောတာလား'

ကျိုစု ခေါင်းညိတ်လိုက်သည်။

'ဟုတ် လို့ပြီး ဘယ်သူ့ရှိဦးမှာလဲဗျ'

ပီတောက်၏မျက်နှာတွင် အံ့ဩသည့် အရိပ်အယောင်များ ဖြစ်ပေါ်လာပြီး တည်ကြည်လေးနက်သွားလေသည်။

ပုအိမ်တော်သခင်ပုချောင်းသည် ဆရာကြီးပီတောက်နှင့် ငယ်သူငယ်ချင်းများ ဖြစ်ခဲ့ကြလေ၏။

ပီတောက်က ဆေးဆရာဖြစ်လာချိန်၌ ပုချောင်းသည် လည်း ထင်ရှားသော သိုင်းသမားတစ်ယောက် ဖြစ်လာခဲ့လေသည်။

ပုချောင်းသည် အရိုင်းမဲ့သိုင်းကျမ်းအား ပြန်လည်ရယူ နိုင်ရေးအတွက် နဂါးစိမ်းဂိုဏ်း၌ ခေါင်းနှစ်လုံးနဂါးအဖြစ် ဝါဝင်နေစဉ် ဆရာကြီးပီတောက်နှင့်ထင်ကြိမ်တွေ့ဆုံခဲ့ပြီးအဖြစ် စုံကို ရှင်းပြခဲ့သည်။



နဂါးဂိုဏ်းအား ကိုယ်ရံတော် နဂါးခေါင်းဆောင်များ သတ္တိဖော်ကြရာ၌ သိုင်းလောကသားများ၏ အထူးအညီ ကို ရယူနိုင်ရန် ပုချောင်းနှင့် ပီတောက်တို့ဆက်သွယ်၍ စီစဉ် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်၏။

ပီတောက်နှင့် အဖြူရောင်သိုင်းအင်အားစုသည် ပုချောင်း၏ အစီအစဉ်အတိုင်းနဂါးစိမ်းဂိုဏ်းကိုချေမှုန်းအောင်ပွဲ ခံနိုင်ခဲ့ကြခြင်းဖြစ်လေသည်။

ထို့ကြောင့်လည်း—

ပုချောင်းနှင့် ပီတောက်တို့၏ ရင်းနှီးမှုကို ကျိုစုကောင်းစွာ သိနေခဲ့ခြင်း ဖြစ်သည်။

ပီတောက် သက်ပြင်းချလိုက်၏။

'ပုချောင်းဟာ နဂါးစိမ်းဂိုဏ်းက လွှတ်လိုက်တဲ့ မိန်းမ ဆိုး တစ်ယောက်ကြောင့် အဆိပ်မိခဲ့တယ်၊ ကျုပ် အစွမ်းကုန် ကုသပေးခဲ့ပေမယ့် အချိန်လွန်နေပြီ ဖြစ်လို့ အသက်ကိုဘေးမှ ကယ်နိုင်ခဲ့ပါရဲ့—'

'သိုင်းပညာတွေ အားလုံး ဆုံးရှုံးသွားခဲ့ရတယ်၊ တကယ် တော့ ပုချောင်းဟာ လူဆိုး တစ်ယောက် မဟုတ်ပါဘူး၊'

ကျိုစု ပြုံးလိုက်သည်။

'ကျုပ်လည်း သူ့ကို လူဆိုး တစ်ယောက်လို့ စွပ်စွဲနေတာ မဟုတ်ပါဘူး၊ တစ်ချိန်က သူကူညီခဲ့လို့သာ နဂါးစိမ်းဂိုဏ်းကို ချေမှုန်းနိုင်ခဲ့တာပေါ့—'

www.burmeseclassic.com

www.burmeseclassic.com



'သူ့ရဲ့သိုင်းပညာ အသုံးမပြုနိုင်တော့ဘူး၊ ဆိုရင် ပြန်ခေါင်းထောင်လာတဲ့ နဂါးစိမ်းဂိုဏ်းကို ချေမှုန်းတဲ့ နေရာမှာ မပါဝင်နိုင်တော့လို့ ဝမ်းနည်းစရာပဲပေါ့…

'ဒါပေမယ့် စောစောက လူငယ်ကို ကြည့်ရင်၊ ပုကျော်ခင်းမှာ အမွေဆက်ခံနိုင်မယ့်လူတွေ ရှိနေပြီဆိုတာ ထင်ရှားနေတာပေါ့'

ကျိုစုက ပုကျော်ခင်းအား လူဆိုးတစ်ယောက်ပမာ သဘောမထားသဖြင့် ပိတောက်ဖြီ စိတ်သက်သာရာ ရရှိသွားလေတော့သည်။

ထို့အပြင်…

ပုကျော်ခင်း၏ ပညာအမွေ ဆက်ခံမည့်သူ ရှိနေကြောင်း သိရသဖြင့် ဝမ်းသာသွားသည်။

'နဂါးစိမ်းဂိုဏ်းက ရန်ငြိုးထားပြီး ဒုက္ခပေးခဲ့လို့ ပုကျော်ခင်းတို့ မိသားစု နဲ့ပြိုကွဲ ပျက်စီးသွားခဲ့ရတယ်၊ သားအဖတစ်တွေ တကွဲတပြား ရှောင်တိမ်းသွားခဲ့ကြရတယ်…

'စောစောက လူငယ်ဟာ ပုကျော်ခင်းရဲ့ သားတစ်ယောက်ယောက်များ ဖြစ်နေမလား၊ ဒီအကြောင်းကိုသာ ပုကျော်ခင်း သိရင် ဘယ်လောက် ဝမ်းသာလိုက်မလဲ'

ကျိုစု ပြုံးလိုက်၏။

'ကျုပ်ရဲ့ပညာကို ခုခံချေဖျက်သွားနိုင်တယ်ဆိုတော့ စိတ်ထဲ အတော်ကလေး ကသိကအောက် ဖြစ်သွားပြီး စိတ်ဆိုးမိတယ်…



'ဒါပေမယ့် ပုကျော်ခင်းရဲ့ အမြင်ကို တွေ့ပြီး ဒါတွေ ဝမ်းသာရမယ့် ကိစ္စတွေ လာတော့မယ်လို့ထင်မိပါတယ်'

ပိတောက်ဖြီ ဦးညွှတ်သည်။

'မိတ်ဆွေကြီးရဲ့ သဘောထားကို လေးစားပါတယ်ဗျာ'

ကျိုစုက သတိပေးလိုက်၏။

'ဒီကောင်လေးဟာ နဂါးစိမ်း ဂိုဏ်းကို သစ္စာ ခံထားတဲ့ မိန်းမဆိုးကောင်နဲ့ ပတ်သက်နေတာ ခက်တယ်၊ တော်ကြာ ဇမ်းမှာ ရောက်သွားရင် မလွယ်ဘူး၊ ဒီအကြောင်း ပုကျော်ခင်းကို အသိပေးထားတာ ကောင်းမယ်'

ပိတောက်ဖြီ လက်ခံလိုက်သည်။

'ကောင်းပါပြီဗျာ၊ မြင်းဖြူဘုံကျောင်းကို ကျုပ်လိုက်သွားပါမယ်'

မြို့စားကတော့ ကြာဝင် ပြောလိုက်၏။

'ထိုကဲ့ကျွန်းမြို့ထဲကို နဂါးစိမ်း ဂိုဏ်းသားတွေ ဝင်လာပြီး မသောင်းကျန်းရဲအောင် ကျုပ်စီမံ ဆောင်ရွက် ထားလိုက်ပါမယ်'

ထိုနေ့က

လူချင်းခွဲရန် နှုတ်ဆက်လိုက်ကြ တော့သည်။

—o—

www.burmeseclassic.com

## နေ့ရက်တစ်ယောက်

ပုထင်းသည် ထိုအခါကျွန်း၊ မြို့ပြင်သို့ ရောက်သွားသည့်တိုင် ချောင်းမေကို ရှာ၍မတွေ့သဖြင့် စိတ်ပျက်သွားလေ၏။

'ချောင်းမေ—ချောင်းမေ'

သူ့ကြော်ကြော် အော်ဟစ် ခေါ်လိုက်သော်လည်း၊ တုန့်ပြန်သံ မကြားရချေ။

ချောင်းမေ ပျောက်ချင်းမလှ ပျောက်သွားပြီ ဖြစ်လေတော့သည်။

'အင်း—စိတ်ထင်ရာ လျှောက်လုပ် နေရင်တော့ ဒုက္ခပါပဲကွ'



ခေါင်းမကြီး အဆွတ်ထိုးသည့်ရှိသည့် ချောင်းခြေအကုန်ထိ တိုး ရှိမ်ပူပန်နေမိတော့သည်။

ထို့စဉ်—

အဝေးမှ နှုတ်သံ၊ ပုံထိုးသံများ၊ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ပုထင်း တောအုပ်ထဲမှ ထွက်ပြေးလာ၍ ကြည့်လိုက်မိသောအခါ မင်္ဂလာ အခမ်းအနားတွင် အသုံးပြုသော ဝေါစင် တစ်ခုအား လူတစ်စုက သယ်ဆောင် လာနေသည်ကို တွေ့ရသည်။

မင်္ဂလာအခမ်းအနား ကျင်းပရန် သတို့သမီး၊ သတို့သားကို သယ်ဆောင်သွားရာ၌ အသုံးပြုလေ့ရှိသည့် မင်္ဂလာ ဝေါစင်အား သယ်ဆောင်၍ တီးမှုတ် အခုန်အပေါက်ကြီးခြင်း ဖြစ်လေတော့သည်။

ဝေါစင်သယ်လာသည်ကို ကြည့်ပြီး ပုထင်းမှာ မဆီမဆိုင် မီးနတ်ဂိုဏ်းချုပ်ကိုဝင် သတိရလိုက်မိ၏။

မင်္ဂလာ ဝေါစင်သည် စစ်စထက် တစ်စ နီးကပ်လာလေသည်။

အဖျားအတိုင်းမသွားဘဲ မိမိထံသို့ ဦးတည်လာသည်ဟု ထင် မှတ်မိခြင်းကြောင့် ပုထင်း မျက်မှောင် ကုတ်သွားမိလေတော့သည်။

မင်္ဂလာ ဝေါစင်ကား၊ တဖြည်းဖြည်း နီးကပ်လာပြီး သူ့ထံသို့ ဦးတည်လာနေခြင်း ဖြစ်ပေ၏။

'ဟိုက်—ဘယ်သူ့ဖြစ်လာလဲ'

www.burmeseclassic.com

www.burmeseclassic.com



မုထင်း နားမလည်နိုင်အောင် ဖြစ်နေစဉ်မှာပင် ဝေါစင်သည် မလှမ်းမကမ်းသို့ ရပ်တန့်သွားလေ၏။

သူ တပျာကယာ နောက်ဆုတ်လိုက်၏။

ထိုမှတစ်ဆန့်ခြင်း ရပ်သွားရာ၌ အားလုံးက ပုထင်း၏ရှေ့သို့ ဒူးထောက် ဂါရဝပြုလိုက်ကြ၏။

'ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဒါဘာလုပ်ကြတာလဲ'

ပုထင်း လှတ်ခနဲ မေးလိုက်မိ၏။

လူတစ်ယောက်က ရှေ့သို့ လှမ်းထွက်လာသည်။

'အတိုသား...ဝေါစင်ပေါ်ကို ကြွပါ'

'ဘာဗျ'

'မင်္ဂလာပွဲ အတွက် အားလုံး စီစဉ်ထားပြီးပါပြီ၊ ဝေါစင်ပေါ်ကို ကြွပါ'

ပုထင်း ခေါင်းခါယမ်းသည်။

'ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ကျုပ် ဘာစုကြောင့် ဝေါစင်ပေါ် ရမှာလဲ၊ ကျုပ်က သတို့သားမှ မဟုတ်တာ၊ ခင်ဗျားတို့ လူမှားနေပြီဗျ'

ထိုလူလည်း ခေါင်းခါယမ်းသည်။

'မေးစင်ရှင်ဘာ သခင်လေး ပုထင်း မရောက်လာမချင်း ကျုပ်တို့ လူမမှားပါဘူး'

'ဗျာ'

ထိုလူများက သူ၏အမည်ကိုပါ သိနေခြင်းကြောင့် ပုထင်း ပါးစပ်အဟောင်းသား ဖြစ်သွားရ၏။

'ခင်...ခင်ဗျားတို့'



'သတို့သမီး စောင့်နေပါတယ် သခင်လေး၊ မင်္ဂလာပွဲကို အချိန်မီ ကျင်းပနိုင်အောင် ဝေါစင်ပေါ်သို့ ကြွပါ'

'ဟာ... မဖြစ်နိုင်တာ'

ပုထင်းက နောက်သို့ ထပ်မံ ဆုတ်လိုက်ပြီးမှ တစ်စုံတစ်ခု ကိုရုနေ၍ မေးလိုက်၏။

'နေပါဦး...ခင်ဗျားတို့ သတို့သမီးက ဘယ်မှာလဲ'

ထိုလူက ဦးညွတ်လိုက်၏။

'မီးနတ် ဂိုဏ်းချုပ်ပါ'

'ဗျာ'

'ကျုပ်တို့ဟာ မီးနတ်ဂိုဏ်းရဲ့ အုပ်ချုပ်မှုအောက်မှာ ရှိနေတဲ့ ဝေဘာသ လူတွေပါ၊ ခုဆိုရင် မီးနတ်ဂိုဏ်းချုပ်က လက်ထပ်ရမယ့်သူမှာမို့ မီးနတ်ဂိုဏ်းကို ဖျက်သိမ်းလိုက်ပါပြီ'

မီးနတ်ဂိုဏ်း၏ အုပ်ချုပ်မှု အဆုံးသတ်သွားပြီး အားလုံး လွတ်လပ်သွားကြပြီ ဖြစ်ကြောင်း ရှင်းပြလေ၏။

ပုထင်းအဖို့ ယခုမှ အဘယ်ကြောင့် လက်ထပ်ရမည် ဆိုသည်ကို နားမလည်နိုင်အောင် ဖြစ်နေ၏။

သူမသည် သိုင်းပညာ တတ်ပြီး တရားမျှတမှု ကိုမြတ်နိုးသည့် မိန်းမချောလေး တစ်ယောက် ဖြစ်သော်လည်း အိမ်ထောင်ဖက် အဖြစ် လက်မခံနိုင်စရာ အကြောင်း မရှိပါချေ။

သို့သော်

ဘာမသိဘာမသိ လက်ထပ်ရမည်ကို အငင်မကျ နိုင်အောင် ဖြစ်နေရ၏။

'ဝေါစင်ပေါ် ကြွပါ'

www.burmeseclassic.com

www.burmeseclassic.com



ထိုသူက ထပ်မံ ဖိတ်ခေါ်လာသည်။

ပုထင်း ခေါင်းခါယမ်းသည်။

'ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်မလိုက်နိုင်ပါဘူး'

'ကောင်းပါပြီ'

ထိုလူသည် အသင့်ယူလာခဲ့ဟန်ရှိသော ပစ္စည်းထုပ်တစ်ခုကို ထုတ်ယူလိုက်၏။

နှင်းကဲ့သို့ ဖွေးဖွေးဖြူနေသည့် ဝဝါဖြူလေးတစ်ထည် ဖြစ်သည်။

သေချာစွာ သိမ်းဆည်းထားခြင်းကြောင့် မြူမှုန်မျှဝင်ခဲ့ဟန် ကြောင်း ပေါ်လွင်နေသည်။

ထိုလူက ပဝါဖြူလေး အကြောင်း ရှင်းပြသည်။

'သခင်လေး..... လက်မခံနိုင်ဘူး ဆိုရင် ဒီပဝါဖြူလေးကို လက်သုတ်လိုက်ပါ၊ မီးနတ်ဂိုဏ်းချုပ်ကို ပြန်ပေးဖို့ ယူဆောင် သွားပါမယ်—'

'လက်သုတ်ထားတဲ့ အတွက် သခင်လေးက ငြင်းဆယ်လိုက် တယ်ဆိုတာ သက်သေပြရမှာပဲ'

ပုထင်း တွေဝေသွားသည်။

'ဒီလိုဆိုရင် သူက လက်ခံမလား'

ထိုလူ ခေါင်းညိတ်လိုက်သည်။

'သက်သေပါလာတာမို့ လက်ခံပါလိမ့်မယ်'

'ကောင်းပြီ'

ပုထင်းက ပဝါဖြူလေးကို ယူ၍ လက်သုတ်ရန် ဟန်ပြင်မိ သည်။



ကိစ္စတစ်ခုကို မြန်မြန် ပြီးပြတ်သွားစေလိုသည့် အတော ဖြစ်သည်။

သို့သော်—

ပဝါလေး လက်ထဲ ရောက်လာသည်နှင့် စိတ်ထဲ တစ်မျိုး ဖြစ်သွားလေ၏။

ဖြူစင်သန့်ရှင်းလှသော ပဝါလေးအား မီးလျှံ ဂိုဏ်းချုပ် ထံသို့ ပြန်ပေးလိုက်ရပါလျှင်—

ပုထင်းသည် ပဝါလေးကို ကိုင်၍ ငိုင်သွားလေ၏။

မီးနတ် ဂိုဏ်းချုပ်၏ မျက်နှာလေးကိုလည်း မြင်ယောင်မိ လာသည်။

ပုထင်း ခေါင်းခါယမ်းလိုက်၏။

'ပဝါလေးကို ပြန်ယူသွားပါတော့'

ထိုလူအား ပြန်ပေးလိုက်သည်။

ထိုလူ ဝမ်းသာသွား၏။

'သခင်မလေး လိုက်ခဲ့မယ် တွက်လား'

'မလိုက်ဘူး'

'ဟာ—ဒီလိုတော့ ဘယ်ဖြစ်မလဲ၊ ပဝါလေးကို လက်မသုတ် ဘူးဆိုရင် သခင်လေး လိုက်ခဲ့မှ ဖြစ်မယ်'

ပုထင်းတွေ ရှင်းပြလိုက်သည်။

'ကျွန်တော် လက်မသုတ်ရတာက ဖြူစင်သန့်ရှင်းနေတဲ့ ပဝါ လေး ညစ်ပေသွားမှာ စိုးရိမ်လို့ပါ၊ ဒီအတိုင်းပဲ ပြန် ပေးလိုက်ပါဗျာ'

ထိုလူ လက်မခံပါချေ။

www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်သေးပါဘူး သခင်လေး၊ မီးနတ်ဂိုဏ်းချုပ်ဟာ ညစ်ထေးပေကျံနေပါပြီ။ သခင်လေး လက်မခံနိုင်တဲ့ နေ့ခက်တော့ ပေါ်ဖော၊ ညစ်ပေသွားတာ ဘာမှ အကြောင်း မဟုတ်တော့ပါဘူး'

ပုထင်း စိတ်ပျက်သွားသည်။

သူ့အား အဓမ္မ အကြပ်ကိုင်သည့် သဘောမျိုးကို မနှစ်မြို့ပါချေ။

လူ... တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

'သခင်လေး လက်မခံတဲ့ ငြင်းပယ်လိုက်တာနဲ့ ဂိုဏ်းချုပ် ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားမှာပါ'

'ဘာရဲ့'

'ဂိုဏ်းချုပ်ဟာ အင်မတန် သနားစရာ ကောင်းတဲ့ မိန်းကလေး တစ်ယောက်ပါ'

ပဝါဖြူလေး တစ်ထည်သည် လက်သုတ်ဖို့ မဆိုထားနှင့် ဦးထွယ်လိုက်လျှင်ပင် စွန်းထင်း မပျောက်သွားမည် ဖြစ်ပါပေသည်။

မိန်းကလေး တစ်ယောက်၏ ဘဝသည်လည်း ပဝါဖြူလေး တစ်ထည်နှင့် တူလှပေသည်။

အနည်းငယ် ထိတွေ့မိသည်နှင့် စွန်းထင်း ပေကျံ၍ မသန့်ရှင်းတော့ဟု ဆိုနိုင်ပါ၏။

မသန့်ရှင်းသော မိန်းကလေး တစ်ယောက်အား မည်သူမှ စိတ်ဝင်စားကြလိမ့်မည် မဟုတ်ပါချေ။



ပုထင်းသည် မီးနတ် ဂိုဏ်းချုပ်၏ ဘဝကို စာနာထောက်ထား သွားမိတော့၏။

ထို့ကြောင့်...

'ကောင်းပြီ...ကျုပ် သူနဲ့ လိုက်တွေ့မယ်'

ဟု ပြောဆိုလိုက်မိလေတော့သည်။

o o o

လှပသော တောင်ကုန်းလေး...

တောင်ကုန်းလေး ပေါ်၌ ရောင်စုံပန်းများ ဖူးပွင့်နေလေသည်။

ပန်းခင်းအလယ်တွင် လေသာဆောင်ကလေး တစ်ခုရှိလေသည်။

ပုထင်းအား သယ်ဆောင်လာသည့် ဝေါယာဉ်သည် လေသာဆောင်လေး ရှေ့သို့ ရောက်ရှိလာ၏။

ထမ်းမှတ် ထမ်းခုနှစ်ကြီးများသည် ရပ်တန့်လိုက်ကြသကဲ့သို့ ပေါ်စင်ကလည်း အသာအယာပင် မြေပေါ် ချထားလိုက်လေသည်။

ပုထင်းက ဝေါယာဉ်ပေါ်မှ ဆင်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ခန်းကျောင်ကို အကဲခတ်ကြည့်လိုက်လျှင် လေသာဆောင်လေးအတွင်း၌ မိန်းကလေး တစ်ယောက် ကြော့ပေါ်၌ ထိုင်နေသည်ကို တွေ့ရ၏။

ထိုမိန်းကလေးကား ကျော်ကြားခဲ့သော မီးနတ်ဂုဏ်ချုပ် ဖြစ်ပါတော့၏။

ဝေါစင် ထမ်းခဲ့သူများ၊ တီးမှုတ် ကခုန်ခဲ့သူများသည် တောင်ကုန်းလေးပေါ်မှနေ၍ တိတ်ဆိတ်စွာ ပြန်ဆင်းသွားကြလေ၏။

တောင်ကုန်းလေးပေါ်၌ ပုထင်းနှင့် မီးနတ်ဂုဏ်ချုပ်တို့နှစ်ယောက်တည်းသာ ကျန်ရစ်ခဲ့ကြလေ၏။

လပြည်ဆည်း ဝေယံ၊ တိုက်ခတ်လာသောအခါ မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ လွင့်ပျံလာသည်။

တော၊ ငှက်ကလေးများကား ရွာသာဘာဝ တေးသီကျူးနေကြ၏။

ဝန်းကျင်သည် အိပ်မက်ဆန်သော စန်းရောင်ဖြူး တစ်ချပ်မျှ ရှိနေပါတော့သည်။

ပုထင်း သက်ပြင်းချလိုက်သည်။

'ညီမ'

သူ၏ခေါ်သံကြောင့် မီးနတ်ဂုဏ်ချုပ် လှည့်ကြည့်လာသည်။

ပုထင်း ပြုံးလိုက်သည်။

'ကျုပ်က ညီမကိုပြောစရာရှိလို့ လိုက်လာတာ'

သူမ တွေတွေလေးဖြစ်သွားသည်။



'ကျွန်မကို ပြောစရာရှိလို့လိုက်လာတာ'

'ဟုတ်ပါတယ်ညီမ'

'ဘာ...ဘာများ ပြောစရာရှိလို့လဲဟင်'

ပုထင်းက တည်ကြည်သောမျက်နှာထားဖြင့် ရှင်းပြလိုက်သည်။

'ညီမ၊ ကျုပ်ဟာ ငယ်စဉ်ကတည်းက ရန်သူ့ရဲ့လက်ချက်ကြောင့် မိဘတွေနဲ့ တကွဲတပြားဖြစ်ပြီး ဒုက္ခရောက်ခဲ့ရပါတယ်၊ ကံကောင်းထောက်မလို့ အသက်မသေဘဲ ကူညီစောင့်ရှောက်မယ့်လူနဲ့ တွေ့ခဲ့ရပါတယ်'

သူ့ဘဝ၏ အဖြစ်အပျက်များကို ပြောပြလိုက်၏။

ပုထင်း၏စကားက ရင်နာစရာကောင်းလှပေသည်။

မမျှော်လင့်ဘဲ ရန်သူ၏လက်ချက်ကြောင့် ဒုက္ခရောက်ခဲ့ရသည် မဟုတ်ပါလား။

အရွယ်ရောက်၍ သိုင်းပညာပြည့်စုံသောအခါ အစ်ကိုနှင့် ဖခင်ကို ရှာဖွေရန်၊ နဂါးစိမ်းဂိုဏ်းအား ချေမှုန်းရန် သိုင်းလောကသို့ ဆင်းလာခဲ့ရာမှ ညီမနှင့်တွေ့ဆုံရပုံများကို ရှင်းပြလိုက်သည်။

မီးလျှံဂိုဏ်းချုပ်မှာ စိတ်ဝင်စားစွာ နားထောင်နေပြီး ပုထင်း၏ဘဝကို ဂရုဏာသက်သွား၏။

ပုထင်းက တည်ကြည်သောမျက်နှာထားဖြင့် ဆက်လက် ပြောဆိုသည်။

'ကျုပ်ရဲ့ အဖေနဲ့အစ်ကိုကို ရှာဖွေဖို့က အရေးအကြီးဆုံး ဖြစ်ပါတယ်၊ နဂါးစိမ်းဂိုဏ်းကိုလဲ ချေမှုန်းရဦးမှာပါ၊ ဒါ

www.burmeseclassic.com



ကြောင့် ကျော်အပေါ် နားလည်ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်'

သူမ ခေါင်းညိတ်လိုက်၏။

'ကျွန်မနားလည်သဘောပေါက်ပါတယ်၊ အစ်ကို အပေါ်မှာ အတင်းအကြပ် ပြုလုပ်မိသလိုဖြစ်သွားတာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ရှင်'

'ကိစ္စမရှိပါဘူး၊ ညီမရယ်၊ ရပါတယ်'

'အစ်ကို သွားနိုင်ပါပြီရှင်၊ ကျွန်မကြောင့် အစ်ကို ဆောင်ရွက်ရမယ့်ကိစ္စတွေမှာ နှောင့်နှေး ကြန့်ကြာနေပါလိမ့်မယ်၊ အစ်ကိုသွားပါတော့'

'ကျော်အပေါ် နားလည်တာကို ကျေးဇူးတင်ပါတယ်၊ ကဲ... ခွင့်ပြုပါဦး'

ပုထင်းသည် သူမအား နှုတ်ဆက်ကာ ထွက်သွားရန် ခြေလှမ်းပြင်လိုက်မိလေသည်။

ထိုစဉ်---

စေသာဆောင်ဈေးအတွင်းရှိ ခေါက်စားပွဲပေါ်၌ ကြေးရေးတစ်အိုး ရှိနေသည်ကို တွေ့ရ၏။

ကြေးဒန်းအနုလုံးဆေး နှစ်လုံးစည်းရှိနေသည်။

ပုထင်း မျက်မှောင်ကုပ်သွား၏။

'ဒီပစ္စည်းတွေက ဘာသဘောနဲ့ ထားရတာလဲ'

မင်္ဂလာအထိမ်းအမှတ် အရက်သောက်ရန် အသင့်ပြင်ထားခြင်းဖြစ်ကြောင်း ထင်ရှားနေ၏။



မိမိ... မင်္ဂလာကိစ္စကို ... အိမ်မခံဘဲ ငြင်းလိုက်သောအခါ မည်သို့ရှိမည်နည်း။

ပုထင်းသည် လာရောက်ခေါ်ဆောင်ဖို့ ပြောခဲ့သည့်စကားများကို ပြန်လည်ကြားယောင်နေသည်။

ရုတ်တရက်

သူ့၏ခြေလှမ်းများသည် စားပွဲရှိရာသို့လှမ်းသွားပြီး ကြေးခရားလေးကိုမ ယူကာ ပန်းအနုလုံးထဲသို့ ငှဲ့ထည့်လိုက်လေသည်။

အလွန်မွှေးကြိုင်သော အရက်တစ်ခွက် ငှဲ့ပြီးသားဖြစ်သွားသည်။

သူမ ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

'အစ်ကို မသောက်နဲ့'

တပျာတယား ပြောသော်ငြား ပုထင်း၏လက်ထဲမှ အရက်ခွက်ကို လုယူ၍ သွန်ပစ်လိုက်၏။

အရက်များကား စေသာဆောင်ဈေးအပြင်ဘက် ပန်းပင်များပေါ်သို့ ကျသွားလေသည်။

ဤတွင်---

ကြောက်မက်ဖွယ်ကောင်းသော အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာခဲ့လေတော့သည်။

အရက်စင်သွားသော ပန်းပင်များမှ ရွက်ချင်း ညှိုးနွမ်းသွားကြပြီး ပျော့ခွေလဲကျသွားသည်ကို တွေ့လိုက်ရလေ၏။

'အရက်ထဲ၌ အလွန်ပြင်းထန်သော အဆိပ်များ ပါနေသည်တကား။'

www.burmeseclassic.com



'ဒါ...ဒါ'

ပုထင်းက ညွှမအား ကြည့်လိုက်၏။

ညွှမ မျက်နှာမှာမူ ခေါင်းငုံ့ထားလေသည်။

'ညီမ၊ ကျုပ်က လက်မခံဘူးဆိုရင် အဆိပ်အရက်ကိုသောက်ပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်မယ် ဟုတ်လား'

ပုထင်းက မေးလိုက်သောအခါ မီးနတ်ဂိုဏ်းချုပ် တာမှ မပြောပါချေ။

'ဘာကြောင့် ဒီလိုလုပ်ချင်ရတာလဲ ညီမရယ် ကျုပ်ဟာ ညီမကို လက်ထပ်ဖို့'

ညွှမကိုယ်နှိုက်ကလည်း အခက်အခဲကြုံနေခြင်းကြောင့် မည်သို့ ဆက်ပြောရမှန်းမသိ ဖြစ်သွားလေ၏။

ညွှမက မကြားတကြားသောအသံဖြင့် ပြောလေသည်။

'အစ်ကို သွားပါတော့ရှင်၊ ကျွန်မကို မေ့ပစ်လိုက်ပါတော့'

ပုထင်း မျက်မှောင်ကြုတ်သွားသည်။

'ညီမ ဘာကြောင့် ဒီလောက်တောင် ခေါင်းမာချင်ရတာလဲ၊ ဘာကြောင့် ကိုယ့်ကိုယ်ကို အဆုံးစီရင်ချင်ရတာလဲ'

ညွှမ ခေါင်းခါယမ်းလေသည်။

'ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မဟာ မီးနတ်ဂိုဏ်းရဲ့ စည်းကမ်းကို တသွေမတိမ်း လိုက်နာရမှာပါ'

'ညီမ'

'အစ်ကိုသွားပါတော့ရှင်'

ပုထင်း အံကြိတ်မိသည်။



ညွှမ၏လက်မောင်းနှစ်ဖက်ကို ခပ်ကြမ်းကြမ်းဆုပ်ကိုင်ပြီး ပြတ်သားစွာ ပြောလေသည်။

'ကျုပ်ကြောင့် လူတစ်ယောက် ဒုက္ခရောက်ရမယ့်အဖြစ်မျိုး လုပ်မယ်လို့ထင်နေသလား၊ မင်းက ကိုယ့်ကိုယ်ကို အဆုံးစီရင်မှုကို ဘယ်နည်းနဲ့မှ ခွင့်မပြုနိုင်ဘူး၊ ကောင်းပြီ မင်းကို ကျုပ် လက်ထပ်ယူမယ်'

ညွှမ ခေါင်းမော့ကြည့်လေသည်။

ညွှမ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျနေလေတော့သည်။

• • •

'ဒေါင်ဒေါင်...ဒေါင်ဒေါင်'

ချိုလွင်သော ခေါင်းလောင်းသံများ လွင့်ပျံလာလေသည်။

ကျောက်ဖြူများဖြင့် ဆောက်လုပ်ထားသော ဘုံကျောင်းသည် လှပသန့်ရှင်းစွာရှိနေ၏။

ခေါင်းလောင်းသံနှင့် မရေမနှုန်းမှုပင် ဘုရားစာ ရွတ်ဆိုသံများ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုထင်း၊ မေဖုံးတို့သည် ဘုံကျောင်းလေးဆီသို့ဦးတည်ကာ လှမ်းလျှောက်နေကြသည်။

မေဖုံးမှာ မီးနတ်ဂိုဏ်းချုပ် မိန်းမချောလေးပင် ဖြစ်ပါသည်။

ပုထင်းနှင့်မေဖုံးတို့ အဘယ်သို့သောရည်ရွယ်ချက်ဖြင့် ဘုံကျောင်းလေးဆီသို့ ဦးတည်ခရီးနှင်နေရပါသနည်း။

ပုထင်းသည် မေဖုံးအား လက်ထပ်ရန် ဆုံးဖြတ်လိုက်ခြင်းကြောင့် ဘုံကျောင်းလေးဆီသို့ လာခဲ့ကြခြင်းဖြစ်သည်။

ဘုံကျောင်းလေးမှ ဆရာတော်တစ်ပါးပါးထံ၌ အကြောင်းမယားအဖြစ်သို့ သစ္စာဆိုကြရန်ဖြစ်လေသည်။

ကျောင်းသားလေးတစ်ယောက်က ပုထင်းတို့အား ဆီးကြိုကာ အကျိုးအကြောင်း မေးမြန်းလိုက်၏။

ပုထင်းတို့က လာရင်းကိစ္စကိုပြောပြကာ အလှူငွေများ ပေးအပ်လှူဒါန်းလိုက်လျှင် ကျောင်းသားလေးက သူတို့ကိစ္စကို ဆောင်ရွက်ပေးမည့် ဘုန်းတော်ကြီးထံသို့ ခေါ်ဆောင်သွားလေသည်။

ပုထင်းနှင့်မေဖုံးတို့က ဘုန်းတော်ကြီးအား ဦးချလိုက်ကြ၏။

ဘုန်းတော်ကြီးသည် ပုထင်းတို့အား သစ္စာပြုစေပြီး ကောင်းချီးမင်္ဂလာ ပေးလေသည်။

ပုထင်းနှင့်မေဖုံးတို့၏ အဖြစ်ကား အံ့သြစရာကောင်းနေပြီး ဇနီးမောင်နှံ အဖြစ်သို့ ရောက်ခဲ့ကြလေတော့သည်။

ပုထင်းသည် ထွက်ခွာခါနီး ဘုန်းတော်ကြီးအား ကျေးဇူးတင်စကားပြောရန် ဟန်ပြင်လိုက်တော့မှ—



'ဟင်—'

ဘုန်းတော်ကြီး၏အသွင်ကို သတိထားလိုက်မိပြီး အံ့အားသြဖြစ်သွားလေ၏။

ဘုန်းတော်ကြီး၏ရုပ်သွင်မှာ သူ့ဖခင်ပုကျောင်းနှင့် တူနေသည် မဟုတ်ပါလော။

'အရှင်...အရှင်ဘုရားဟာ—'

ဘုန်းတော်ကြီးက ခေါင်းညိတ်လိုက်၏။

'ဒကာလေးတို့ ဘုံကျောင်းထဲဝင်လာကတည်းက ဒကာလေးဟာ ပုထင်းဖြစ်လိမ့်မယ်လို့ ကျုပ်ခန့်မှန်းမိခဲ့ပါတယ်'

'ဒါ—ဒါဖြင့် အရှင်ဘုရားဟာ—'

'ကျုပ်ရဲ့ဘွဲ့က နတ္တိဘုန်းတော်ကြီးပါ၊ လူဝတ်ကြောင်ဘဝတုန်းကတော့ ပုကျောင်းလို့ ခေါ်ခဲ့တာပေါ့ကွယ်'

ပုထင်း ပါးစပ်အဟောင်းသားဖြစ်သွားလေ၏။

ကွဲကွာသွားခဲ့ရသည့်ဖခင်ပုကျောင်းအား ဘုန်းတော်ကြီးတစ်ပါးအဖြစ် ပြန်လည်ဆုံတွေ့လိုက်ရပြီမဟုတ်ပါလော။

'ဖေဖေ'

ပုထင်းသည်ကြမ်းပြင်ပေါ်သို့ ဒူးထောက်ချ၍ ဝမ်းနည်းကြေကွဲစွာ ခေါ်လိုက်လေ၏။

ပုကျောင်း(ခ)နတ္တိဘုန်းတော်ကြီး ပြုံးလိုက်လေသည်။

'ဒကာလေး စိတ်ထိန်းပါကွယ်၊ ကျုပ်ဟာ လူဝတ်ကြောင် မဟုတ်တော့ပါဘူး၊ သာသနာ့ဘောင်ထဲဝင်ရောက်ပြီးသား ဖြစ်နေပါပြီ'

'ဖေဖေရယ်'

www.burmeseclassic.com

www.burmeseclassic.com



ပုဇော်ချင်းက တည်ကြည်သောမျက်နှာထားဖြင့် ပြောသေးသည်။

'ကျုပ်တို့မသေလို့ ပြန်ဆုံတွေ့ခဲ့ကြတာဖြစ်ပေမယ့် တခြားနေပါပြီကွယ်၊ လေးဘ ဒေါ်သဲ မော်ဟာတွေအကြောင်း ကျုပ်ကောင်းကောင်းကြီးနားလည်နေပါပြီ ဒီအဘလေး၊ ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေအတွက် ကျုပ်တရားနဲ့ဖြေနိုင်ပါပြီကွယ်'

ဖခင်ကြီးသည် လေးစားမှုတခုကို ကောင်းစွာ တွေ့မြင်သွားခဲ့ပြီဖြစ်ကြောင်း ထင်ရှားနေသည်။

'ဖေဖေ နဂါးစိမ်းဂိုဏ်းအကြောင်းကိုတော့ မေ့ပစ်လိုက်တော့မလို့ လားဟင်'

'မှတ်ပါတယ် ဒီအဘလေး၊ ပြည့်သူ့အသစ် မြစ်သူ့အဟောင်း ဆိုတဲ့ စကားပုံရှိတယ်မဟုတ်လား၊ နဂါးစိမ်းအကြောင်းတွေ မေ့ပစ်လိုက်တာ အကောင်းဆုံးဖြစ်ပါလိမ့်မယ်'

ဖခင်ကြီးမှာ ရန်သူကိုပင် ခွင့်လွှတ်နိုင်သည့်သဘော ရှိနေသည်မို့ ပုထင်း အံ့ဩနေရလေ၏။

ပုဇော်ချင်းက တည်ကြည်သောမျက်နှာထားဖြင့် ပြောသေးသည်။

'ဒီအဖေအား... နဂါးစိမ်းဂိုဏ်းကို မေ့ပစ်လိုက်ပါတော့'

'ဖေဖေ... နဂါးစိမ်းဂိုဏ်းကိုမေ့ပစ်လို့ စကား ပြဿနာတွေ ပြီးဆုံးသွားမှာလား၊ ကျွန်တော်တို့ကိုလဲ ဘယ်နည်းနဲ့မှ ချမ်းသာပေးကြမှာမဟုတ်ဘူး



'ဒီတော့ လေးရယ်... အတိတ်ဘဝ အကြောင်းကိုလို့ ပဲ အမှတ်မထားလိုက်ပါတော့၊ ကဲ... ကျုပ်လဲ ဘုရားဝတ်ပြုရဦးမှာမို့ ခွင့်ပြုပါဦး'

ပုဇော်ချင်းသည် ပုထင်းနှင့်မေဖုးတို့ကို နှုတ်ဆက်၍ထွက်သွားလေ၏။

ပုထင်းသည် ဖခင်အား တွေ့ဆုံနိုင်ရန် ကြိုးစားမျှော်သော်ပါ စောင်လည်း ထပ်၍ မတွေ့ရတော့ပါချေ။

—o—

www.burmeseclassic.com

www.burmeseclassic.com

အကြော

-----

လေပြေ ယမ်းတိုက်ခတ်လာ၏။

သစ်ရွက်ဝါလေးများ ဖွဲဖွဲကလေးဝဲကာဖြင့် ကြွေကျလာ ကြ၏။

ပုထင်းသည် မေပုံးနှင့်လက်ထပ်ရန် မြင်းဖြူဘုံကျောင်း၌ တိုက်တိုက်ဆိုင်ဆိုင် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ပုဂျောင်းသည် လူ့ဝတ်ကြောင်ကိုစွန့်လွှတ်၍ ရန်ငြိုး ရန်စဟူသမျှကို မေ့ထားလိုက်ပြီဖြစ်လေ၏။

မေပုံးသည် ပုထင်းငိုင်နေသည်ကိုကြည့်၍ စိတ်မကောင်း ဖြစ်နေပါတော့သည်။

ပုထင်း ငိုင်နေသည်။



'အစ်ကို—ဘာ့ပဲဖြစ်ဖြစ် အစ်ကို့ရဲ့ဖေဖေကို ပြန်တွေ့ရပြီဆို တော့ မေ၊ သာစရာပဲမဟုတ်လား၊ လူဝတ်ကြောင်ဘောနဲ့နေတာ ထက် ခုလိုဘာ၀မျိုးနဲ့ သံသရာခရီးအတွက် ပိုပြီးသင့်လျော် ပါတယ်၊ လူတွေ အသက်အရွယ်လဲ ထောက်နေပြီ မဟုတ် လား၊'

ပုထင်း သက်ပြင်းချလိုက်၏။

'လွှတ်တယ်ညီမရယ်၊ ဖေဖေဟာ အတိတ်ကိုစွဲတွေကိုမေ့ပစ် လိုက်ပြီဆိုပေမယ့် သိုင်းလောကအားရေးအဘွဲ့နဂါးစိမ်းဂိုဏ်း ကို ချုပ်ဆက်ပြီး ရင်ဆိုင်သွားမှာပါ'

'ဟုတ်ပါတယ်ရှင်၊ နဂါးစိမ်းဂိုဏ်းဟာ သိုင်းလောကကို ဖျက်ဆီးမယ့် အဖွဲ့တစ်ခုပါ၊ သူတို့ကို ရင်ဆိုင်သွားရမှာပေါ့'

နဂါးစိမ်းဂိုဏ်းကိုချေမှုန်းဖို့ကို ပုထင်းနှင့်မေပုံးတို့သဘော တိုက်ဆိုင်မှုရှိကြလေ၏။

ထိုစဉ်—

'ဟေး—ဟေး—'

'ခွပ် ခွပ် ခွပ်'

အော်ဟစ်သံ၊ မြင်းခွာသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

မြင်းစီးသမားတစ်စု မလှမ်းမကမ်းမှ ဒုန်းစိုင်းနှင်လာကြ သည်ကို တွေ့မြင်လိုက်ရလေ၏။

လမ်းတစ်လျှောက် ဖုန်တထောင်းထောင်းထသွား၏။

ပုထင်း မျက်မှောင်ကျုပ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



'သိုင်းသမားတွေပဲ၊ ဘယ်လို အရေးကြီးတဲ့ကိစ္စတွေများ ရှိနေလို့ပါလိမ့်'

မြင်းစီးသမားများသည် မြင်းဖြူဘုံကျောင်းသို့ဦးတည် ခရီးနှင်နေကြခြင်းဖြစ်၏။

ပုထင်းရင်ထိတ်သွားလေ၏။

'သူတို့တော့ မြင်းဖြူဘုံကျောင်းကို သွားနေကြတာပဲ၊ အကြောင်းထူးတစ်ခုခုရှိနေပြီထင်တယ်'

မြင်းစီးသမားများသည် အဝေးသို့ရောက်ရှိသော် မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေ၏။

ပုထင်းသည် မခင်အတွက် စိတ်မချနိုင်အောင် ဖြစ်လာရလေသည်။

'ညီမ မြင်းဖြူဘုံကျောင်းကို ချက်ချင်းပြန်ပြီး အခြေအနေ ကြည့်ရင် ကောင်းမယ်ထင်တယ်'

မေဖုံးသည် ပုထင်းစိတ်ချမ်းသာစေရန် သဘောတူလိုက်လေသည်။

နှစ်ယောက်သား မြင်းဖြူဘုံကျောင်းဆီသို့ နောက်လှည့် ပြန်သွားကြလေသည်။

တောအုပ်နှင့် တောင်ကုန်းလေးကို ဖြတ်ကျော်လိုက်ပြီး သောအခါ အဝေးမှ မီးခိုးလုံးများ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေ၏။

'ဟင်...'

'မြင်းဖြူဘုံကျောင်းမှာ တစ်ခုခုတော့ဖြစ်နေပြီ'



ထိုမီးခိုးလုံးများသည် မြင်းဖြူဘုံကျောင်း တည်ရှိရာနေရာမှ ထွက်ပေါ်လာသည်ဖြစ်ရကား နှစ်ယောက်သား ထိတ်လန့်သွားကြပြီး လျင်မြန်စွာ ပြေးလိုက်သွားကြသည်။

ဘုံကျောင်းအား တွေ့မြင်ရသောနေရာသို့ ရောက်လျှင် ပိုပြီး ထိတ်လန့်သွားကြတော့သည်။

မကြာသေးမီကမှ သူတို့ရောက်ရှိခဲ့ကြသော ဘုံကျောင်းမှာ မီးဟုန်းဟုန်းတောက်လောင်နေသည်ကို တွေ့မြင်လိုက်ရတော့သည်။

'ညီမ...မြန်မြန်လာ'

မေဖုံးလည်း လိုက်သွားလေသည်။

'ဖော...ဖော...'

'ခွပ် ခွပ် ခွပ်'

'တစ်ယောက်မှ မလွတ်စေနဲ့'

မြင်းစီးသမားများသည် မီးတုတ်များ၊ လက်နက်များကိုင်ကာ မြင်းဖြူဘုံကျောင်းအား မီးတိုက်ဖျက်ဆီးနေကြသည်ကို တွေ့ကြရလေသည်။

ပုထင်း ဒေါသချောင်းချောင်းထွက်သွားတော့သည်။

'လူယုတ်မာတွေ...သတ်ဖို့သာပြင်ထားပေတော့'

ဓားကိုဝေ့၍ ပြေးဝင်သွားကာ တချက်ကြမ်းတိုက်ခိုက်လိုက်လေ၏။

မေဖုံးလည်း ပုထင်းနှင့်အတူလက်တွဲကာ တိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား လက်တွဲညီညီတိုက်ပွဲဝင်ကြလျှင် မြင်းစီးသမားများ မရိုးမရွဲဖြစ်သွားကြလေတော့သည်။

မြင်းထိန်းသော တိုက်ပွဲလည်း ဖြစ်ပေါ်လာလေတော့သည်။

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်လာလေသည်။

မြင်းစီးသမားများ တစ်ယောက်ပြီးတစ်ယောက် မြင်းပေါ်မှ ပြုတ်ကျသွားကြလေသည်။

အခြေအနေ မဟန်သည်ကို မြင်လျှင်—

'ဟေး…ဟေး'

မြင်းစီးသမားတို့သည် မြင်းများကို အော်ငေါက်၍ နေ့လာကြောင်း ပြန်လှည့် ထွက်ပြေးသွားကြလေတော့၏။

ပုထင်နှင့် မေဖုံးတို့သည် မြင်းစီးသမားများကို မောင်းထုတ်နိုင်ခဲ့ကြသော်လည်း အနည်းငယ် နေ့ထိကျွသွားသည်ဟု ဆိုနိုင်ပါ၏။

အဘယ်ကြောင့်ဆိုသော်—

ထိုလူတို့၏ လက်ချက်ကြောင့် မြင်းဖြူဘုံကျောင်းမှ ရစရာ မရှိအောင် ပျက်စီးသွားသည့်အပြင် ဘုန်းတော်ကြီးများလည်း ဒုက္ခရောက်ခဲ့ကြလေ၏။



ပုထင်တို့ စုံစမ်းလိုက်သောအခါ နဂါးစိမ်းကိုက်း၏ လက်ဝေခံ ကြောင်နက် ခေါ်ပြေအဖွဲ့၏ လက်ချက်ဖြစ်ကြောင်း သိရသည်။

ကြောင်နက် ခေါ်ပြေအဖွဲ့သည် မြင်းဖြူ ဘုံကျောင်းမှ နတ္တ ဘုန်းကြီးအား လောရောက် ရှာဖွေပြီး ဒုက္ခ ပေးခဲ့ကြောင်းသည်။ သိလိုက်ရသောအခါ—

၀ ၀ ၀

'ဖေဖေ'

ပုထင်း ဆို နှစ်ကြေကွဲစွာ ခေါ်လိုက်၏။

နတ္တ ဘုန်းကြီး(ဝါ)ပုကျောင်းသည် ပြိုကျနေသော အုတ်နံရံကို ကျောမှီ၍ ထိုင်ရင်း ညည်းတွားနေ၏။

သူ၏ တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲ၍ ဝမ်းဗိုက်မှဒဏ်ရာကြီးမှ မြင်မကောင်းအောင် ဖြစ်နေ၏။

ကြောင်နက်ခေါ်ပြေအဖွဲ့၏ လက်ချက်ကြောင့် ပုကျောင်းဒုက္ခရောက်ခဲ့ရပြီ ဖြစ်လေသည်။

ပုထင်းသည် ပုကျောင်းထံသို့ ပြေးသွားပြီး ပေါ့မ လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပုဇော်ချောင်း မှုဆိုးလုံးဖွင့်လေသည်၊

'ဟောဒီမှာ ပြန်လာတာကို၊

ဘယ်—ဘယ်လိုဖြစ်ရတာလဲလို့ မေးမရယ်'

ပုကျော်ခင်း မချိပြုံး ပြုံးလိုက်၏၊

'ချုပ်ဘဝရဲ့ အတိတ်ကံကြောင့်လို့ပဲ ဆိုရမှာပေါ့တွယ်၊ ဒီနယ်ဆက်ဝိုက်မှာ ကျက်စားနေတဲ့ ကြောင်နဖါးအဖွဲ့ဟာ မကြာသေးခင်မှာ နဂါးစိမ်းဂိုဏ်းကို သစ္စာခံလို့ဖက်ကြတယ်၊ သူတို့ဆီမှာ တစ်ဆင့် ကျုပ်ရဲ့ အကြောင်းကို နဂါးစိမ်းဂိုဏ်းက သိသွားပုံရတယ်—

'နဂါးစိမ်း ဂိုဏ်းချုပ်ဟာ အမှတ်ငါး နဂါး ဝူးလုံးဆီက ရသွားတဲ့ သိုင်းကျမ်းကို လေ့လာ ထတ်မြောက်သွားခဲ့ပြီ၊ ဒီသိုင်းကျမ်းက အမှန်အကယ် ပြည့်စုံမှုမရှိဘဲ လျှို့အပ်ချက်တွေရှိနေတယ်ဆိုတာလဲ သူသိသွားပြီး မေမေ ကို သဲကြီးမဲကြီးလိုက်ရှာနေတယ်'

ပုထင်း အံကြိတ်လိုက်၏၊

'နဂါးစိမ်းဂိုဏ်းချုပ်ကို ကျွန်တော် ရင်ဆိုင် ချေမှုန်းသွားပါမယ် မေမေ'

မည်သို့ဆိုစေ—

ပုဇော်ချောင်း သည် သားဖြစ်သူအား စိတ်မချနိုင်ပါချေ၊

'သား—နဂါးစိမ်းဂိုဏ်းကို ရင်ဆိုင်ဖို့ထက် သားရဲ့အစ်ကို ပုချိုကို တွေ့အောင် ရှာဖို့ ပိုပြီး အရေးကြီးတယ်'

'စိတ်ချပါ မေမေ၊ ကျွန်တော် အစ်ကိုကို တွေ့အောင် ရှာပေးသွားမှာပါ'



'သားရဲ့အစ်ကို ပုချိုဟာ ကျွင်းလိန်မြို့မှာရောက်နေပြီ၊ ဘာအရေးဆိုင် ဖွင့်ထားတယ်လို့ သတင်းရတယ်၊ ကျွင်းလိန်မြို့ကိုသာ သွား—သွား—သွား'

ပုကျော်ခင်းသည် စကားဆုံးအောင် မပြောနိုင်ဘဲ ခေါင်းမြှားဝေခဲ့ အန်ထွက်၍ ခေါင်းငိုက်စိုက်ကျ ကျသွားလေတော့သည်၊

'မေမေ—မေမေ'

ပုထင်း အထိတ်တလန့် ခေါ်လိုက်၏၊

ပုထင်း၏ ခေါ်သံကို ပုဇော်ချောင်း ကြားနိုင်တော့မည်မဟုတ်ပါချေ၊

ပုထင်း မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေတော့သည်၊

၀ ၀ ၀

မြင်းဖြူ ဘုံကျောင်း မီးလောင် ပျက်စီးသွားပြီး ဖြစ်လေသည်၊

ပုဇော်ချောင်းသည်လည်း မသမာသူများ၏ လက်ချက်ဖြင့် သေဆုံးသွားခဲ့ပြီ ဖြစ်၏၊

www.burmeseclassic.com

www.burmeseclassic.com



ပုထင်းနှင့် မေဖုံးတို့သည် ဒေသခံများထံ စုံစမ်း၍ ကြောင်နဖော်ကိုက်းသို့ လာခဲ့လေ၏။

ကြောင်နဖော်ကိုက်းသည် မြင်းဖြူဘုံကျောင်းနှင့် ငါးမိုင်ခန့် အကွာစမှ မြို့လေးတစ်မြို့၌ တည်ရှိလေ၏။

သို့ဖြင့်…

ပုထင်းတို့သည် ကြောင်နဖော်ကိုက်းသို့ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်ရှိသွားခဲ့ကြတော့၏။

ကြောင်နဖော်ကိုက်းသည် လူဆိုးဓားပြများဖြင့် ဖွဲ့စည်းထားသော ဒုစရိုက်ကိုက်းတစ်ခု ဖြစ်၏။

ယခင်က…

ခိုးကြောင် ခိုးဝှက် လုယက်ခဲ့ကြသော်လည်း နဂါးစိမ်းကိုက်း၌ သစ္စာခံပြီးသော အခါ နဂါးစိမ်းကိုက်း၏ ကျောထောက်နောက်ခံ ပြုမှုနှင့် မည်သူ့ကိုမျှ အရေးမထားဘဲ လယ်ထိုမ ထောင်လာကြခြင်း ဖြစ်၏။

ကြောင်နဖော်ကိုက်းကို ကြောင်ဘိုလူးဆိုသူက ဦးဆောင်ပြီး အဖွဲ့ဝင် နောက်လိုက် အင်အား နှစ်ရာကျော်မျှ ရှိလေတော့သည်။

ကြောင်နဖော်ကိုက်း၏ ထင်ရာစိုးမှုကြောင့် တစ်မြို့လုံး ကျိုးလန့်စွာ အငြိမ်အနေ ရောက်နေလေ၏။

ပုထင်းနှင့် မေဖုံးတို့ ရောက်ရှိလာကြသောအခါ ကြောင်နဖော်ကိုက်း၌ လှုပ်လှုပ်ရှားရှား ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။



မြင်းဖြူ ဘုံကျောင်းအား ထွားခရာသီ တိုက်ခိုက်ခဲ့သော ပုထင်းတို့နှင့် ဆုံတွေ့မိပြီး ဆုံးမခံလိုက်ရသူများ ပြန်ရောက်လာကြပြီဖြစ်၍ ထိုသို့ လှုပ်ရှားနေခြင်း ဖြစ်၏။

ပုထင်းနှင့် မေဖုံးတို့ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ကြောင်နဖော်ကိုက်း၏ အဆောက်အဦး အတွင်းသို့ ဝင်ရောက်သွားကြ၏။

မကြာမီ…

ပြင်းထန်သော တိုက်ခိုက်သံများ၊ ဆူညံသော အော်ဟစ်သံများ ထွက်ပေါ်လာလေတော့သည်။

ထို့နောက်

ကြောင်နဖော်ကိုက်း၏ အဆောက်အဦးကြီး မီးတောက်မီးတောက် တောက်လောင်သွားလေတော့၏။

—၀—

www.burmeseclassic.com

www.burmeseclassic.com

## လကြီးမဲ့ကြီး

---

နေဝန်းနီမှာ အနောက်ဘက်၌ ငုပ်လျှိုးပျောက်ကွယ်သွားပြီဖြစ်သည်။

နေခြည် ကွယ်ပျောက်သွားသည်နှင့် အမှောင်ထုသည် ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွားလေ၏။

ညသည် မှောင်မည်း တိတ်ဆိတ်သွားပြီး မကြာမီ လဝန်းထွက်ပေါ်လာသဖြင့် လင်းလင်းချင်းချင်း ဖြစ်လာပါတော့သည်။

ပုထင်နှင့် မေဖုံးတို့သည် ကျွင်းလိန်မြို့သို့ ဦးတည် လာရင်း လမ်းခရီး၌ ခေတ္တအနားယူ စားသောက်လိုက်ကြခြင်းဖြစ်သည်။



လူရှင်းသော စားသောက်ဆိုင်လေး တစ်ဆိုင်၌ ရောက်ရှိနေကြခြင်းလည်း ဖြစ်၏။

ပုထင်၏ ဘဝသည် အချိန်ပိုင်း အတွင်းမှာပင် အပြောင်းအလဲ များစွာ ဖြစ်ပေါ်လာခဲ့၏။

ကွဲကွာနေသော ဖခင်ကြီးအား ပြန်တွေ့လိုက်ရပြီး မကြာမီမှာပင် သေကွဲ ကွဲပြီး ခွဲခွာသွားခဲ့ကြလေ၏။

အစ်ကိုဖြစ်သူမှာ—

ကျွင်းလိန်မြို့၌ ရှိနေသည်ဟု သိရပြီး တွေ့လိုစိတ်ပြင်းပြနေတော့၏။

နှစ်ယောက်သား စားသောက်နေကြစဉ်မှာပင် ဆိုင်ထဲသို့ အဝါရောင် ဝတ်ဆင်ထားသည့် လူတစ်ယောက် ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူကို မြင်လျှင် ပုထင်၏ မျက်မှောင် တွန့်သွားရလေသည်။

အကြင်းဝါသော မေဖုံးက တီးတိုး မေးလေ၏။

'အစ်ကို ဘာဖြစ်လို့လဲရှင်'

ပုထင်က အဝါရောင် ဝတ်ထားသူအား ညွှန်ပြလိုက်လေသည်။

'သူဟာ သိုက်ယန် ဂိုဏ်းက လူတစ်ယောက်ပဲ'

www.burmeseclassic.com

ထင်းယန်ဂိုဏ်းသည် ပုထင်းနှင့် ဝတ်အသင်းလျှော် ရှိကြောင်း မေဖုံး နားလည်ထားလေ၏။

ပုထင်းအား အသတ်ခံယ်ခဲ့သည့် ကျေးဇူးရှင်အားထင်းယန် ဂိုဏ်းချုပ်ဝေချင်းနှင့်အတော်ဆက်ပေးရန် စီစဉ်ခဲ့သည်ကိုလည်း မေဖုံး သိထားပြီး ဖြစ်၏။

ယခု—

လှမသည် ပုထင်းနှင့် အတော်ထပ်ထားသော ဇနီးသည် ဖြစ်နေချေပြီ။

ထို့ကြောင့်

မိန်းအလေးမျှားနှင့် ဝတ်သတ်ယားသည့်အခါ အဝန်တို့စိတ်တို့ ဖြစ်ပေါ်လာလေ၏။

လှမ မရိုင်မိဘဲ ဆတ်ပြေသည်။

'လှဟာ ထင်းယန် ဂိုဏ်းရဲ့ အကြီးအကဲ သုံးယောက်မှာ ပါဝင်တဲ့ လူတစ်ယောက်ပဲ၊ ထင်းယန် ဂိုဏ်းကို အပိုင်စီးချင်လို့ ဂိုဏ်းချုပ် ပေချင်း အပေါ် အကျော်ကြံဖို့ ကြိုးစားနေတာပေါ့'

ထိုအခါရှောင်ဝတ်ထားလှမ—

ထင်းယန်ဂိုဏ်း၏ အကြီးအကဲ သုံးယောက်၌ ပါဝင်ခဲ့သည် ဝူးလုံဖြစ်သည်။

ဝူးလုံသည် ပုထင်းကို မတွေ့မမြင်ဘဲ ဆိုင်တော်ပြူတစ်နေရာ သို့လှမ်းသွားပြီး နေရာယူ၍ စားစရာများမှာကြားပေးလာ လိုက်၏။



ပုထင်းလေလည်း မမှတ်မိနိုင်အောင် မျက်နှာ လွှဲထားလိုက် သည်။

'ဝူးလုံ ဒီနေရာကို ရောက်လာတာ အာရုံကြောင်းတစ်ခုခု ရှိရ မယ်'

ထိုစဉ်—

'ခွပ်ခွပ်—ခွပ်ခွပ်'

မြင်းခွာသံများ ကျွယ်လောင်စွာ ထွက်ပေါ်လာ၍ မြင်းစီး သမားအချို့ ဆိုင်ရှေ့သို့ ရောက်ရှိလာကြ၏။

လူတို့သည် လွှားခနဲ လွှားခနဲ ခုန်ဆင်းလာကြပြီး ဆိုင်ထဲ ဝင်လာကြ၏။

ထိုလူတို့အား ကြောင်နက် ဂိုဏ်းသားများ ဖြစ်ကြပြီး ဦး ဆောင်လာသူမှာ အစိမ်းရောင် ဝတ်ဆင်ထားသူ တစ်ယောက် ဖြစ်သည်။

နဂါးစိမ်းဂိုဏ်းမှ သိုင်းသမား တစ်ယောက် ဖြစ်ကြောင်း ပုထင်း ချက်ချင်း သတိပြုမိသည်။

ထိုလူသည် ဝူးလုံထံသို့ ဦးတည်သွားနေသည်ကို မြင်လျှင် ပုထင်း မျက်နှာပျက်သွား၏။

'လာပြီသတ်မှတ့် ဝူးလုံဟာ နဂါးစိမ်းဂိုဏ်းနဲ့ဆက်သွယ် နေတာကိုး'

နဂါးစိမ်း ဂိုဏ်းမှ လူသည် ဝူးလုံနှင့် မျက်နှာချင်းဆိုင်၍ ထိုင်ချလိုက်ပြီး ကြောင်နက် ဂိုဏ်းသားများက အနီးမှ ဝိုင်းရံ ထားလိုက်ကြ၏။

www.burmeseclassic.com



ကြောင်နှင့်ကိုက်သားတို့သည် မြင်တွင်းကို ကုယ်ထားလိုက်သကဲ့သို့ ဖြစ်သွားခြင်းကြောင့် ပုထင်း အားမလိုအားမရ ဖြစ်သွားလေ၏။

မေပုံး ပြုံးလိုက်၏သည်။

'ဘာမှမပူပါနဲ့ရှင်၊ သူတို့ ဘာတွေ တိုင်မင်နေကြတယ် ဆိုတာကို နဂါးစိမ်းက လူကို ဖမ်းဆီး မေးလိုက်ရင် ပြီးတာပဲ မဟုတ်လား'

ပုထင်း သဘောတူလိုက်သည်။

ထိုစဉ်—

နဂါးစိမ်း ကိုက်မှုလူ ဦးဆောင်သော ကြောင်နှင့် ကိုက်သားများနှင့် ဝူးလုံတို့ ဆိုင်ထဲမှ ထွက်သွားကြသည်ကို တွေ့ရသည်။

ပုထင်းနှင့် မေပုံးတို့လည်း ဈေးဆင့်ငွေ ပေးချေ၍ ချက်ချင်း ဆိုင်အပြင်ဘက်သို့ ထွက်လာခဲ့ကြ၏။

ဆိုင်အပြင်ဘက် ရောက်လျှင်—

'ရပ်လိုက်'

မေပုံးက အော်တားလိုက်ပြီး ကြောင်နှင့် ကိုက်သားတို့ကို တိုက်ခိုက်လိုက်၏။

ကြောင်နှင့်ကိုက်သားများ ကြောင်အမ်းအမ်းဖြစ်သွားကြသော်လည်း သတိဝင်လာကြပြီး ချက်ချင်း ပြန်လည်တိုက်ခိုက်လာသည်။

ပြင်းထန်သော တိုက်ပွဲ ရုတ်ခြည်း ဖြစ်ပေါ်လာလေတော့သည်။



'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

ရှူးရှမသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာပြီး ကြောင်နှင့် ကိုက်သားတို့ ဗရုံးဗရဲ ဖြစ်သွားကြလေတော့သည်။

'ဟင်'

နဂါးစိမ်းကိုက်မှ လူသည် ကြောင်အမ်းအမ်း ဖြစ်သွားပြီး အခြေအနေမကောင်းမှန်း သိလျှင် ချက်ချင်း ထွက်ပြေးသွားလေသည်။

ဝူးလုံကလည်း ရှောင်တိမ်းသွားသည်။

'မပြေးနဲ့'

ပုထင်းက အော်ငေါက်ရင်း ဝူးလုံတို့နောက်သို့ ပြေးလိုက်သွားလေတော့သည်။

www.burmeseclassic.com



မျောင် ပြာကျနေသဖြင့် ဓနိုးကျင် တစ်ခုလုံး သာယာလှပနေသည်။

ပုထင်းသည် အောအုပ်ထဲသို့ ပြေးဝင် သွားသည်နှင့်—

'ဟူး'

ဗေတိုးသံ တစ်ချက် ထွက်ပေါ်လာ၍ သစ်ပင်တစ်ပင်၏ နောက်ကွယ်မှ လူရိပ်တစ်ခု ခုန်ထွက်လာပြီး ချောင်းမြောင်း တိုက်ခိုက်လေ၏။

နဂါးစိမ်းဂိုဏ်းမှလူ၏ အလစ်အငိုက်ဖမ်း၍ တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ပုထင်းလည်း ချက်ချင်း ပြန်လည် တိုက်ခိုက်လိုက်လေတော့သည်။

နှစ်ယောက်သား ထိပ်တိုက် ရင်ဆိုင်လိုက်သည်နှင့်—

'ဝုန်း'

ကျယ်လောင်သော အသံ ထွက်ပေါ်လာ၍ နဂါးစိမ်းဂိုဏ်းမှလူ ဒယီးဒယိုင်ဖြင့် နောက်ဆုတ် သွားရလေတော့သည်။

ထိုလူထိတ်လန့်သွားသည်။

ထပ်မံရင်ဆိုင်ခြင်း မပြုဘဲ ထွက်ပြေးရန် ဟန်ပြင်လိုက်လေသည်။

သို့သော်

'ချပ်လိုက်'

ပုထင်း၏ ရှေ့သို့ ခုန်ထွက်၍ ဟန့်တားလိုက်၏။

ထိုလူ ထွက်ပြေး၍ မရတော့သဖြင့်—



'ယား'

ညာသံပေး၍ တိုက်ခိုက်လိုက်သည်။

ပုထင်းသည်လည်း ပြင်းထန်စွာဝင် တိုက်ခိုက်လိုက်လေတော့သည်။

'ဝုန်း'

'အား'

အခုတစ်ကြိမ်သည်—

ထိုလူသည် ခုခံနိုင်စွမ်း မရှိဘဲ ဖရိုဖရဲ လွင့်စင်သွားတော့သည်။

ထိုလူ မြေပေါ် လဲကျသွားပြီး အပျော့ဆယာ လူးလိမ့်ထနေ၏။

'ကျုပ်...ကျုပ်ကို မသတ်ပါနဲ့'

ကြောက်လန့်တကြား တောင်းပန် လေတော့၏။

ထိုစဉ်—

'ဟူး'

အဝတ်အစား ဗေတိုးသံများ ထွက်ပေါ်လာ၍ လူတစ်ယောက် ပြေးလာသည်ကို တွေ့လိုက်ရ၏။

ဝူးလို့ ထွက်ပြေးသွားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပုထင်း ဒေါ်မှုစွာ၏။

'ခင်ဗျား ရှယ်မြေးမလို့'

အောက်မေ့ခဲ့၍ မြေးနေသွားသည်။

ပုထင်းမှာ ဝူးလို့ကို အစရှိစိမ်လိုက်သည်နှင့် နဂါးစိမ်းကိုက်၊ လားမှာ အနိုင်အရေး ရှုသွား၍ ထွက်ပြေး သွားလေတော့သည်။

၀ ၀ ၀

ဝူးလို့ ဆက်ဟုန်ထိုး ထွက်ပြေးသွားသည်။

သူ့သေ...

ဝါးတစ်ရှိ၍ ခန့် အကွာသို့ ပြေးသွားမိသည်နှင့် ရှေ့၌ ဆမ်းပိတ်ရပ်နေသူ တစ်ယောက်ကို တွေ့မြင်လိုက်ရသဖြင့် ခြေလှမ်း တုံ့ခနဲ ရပ်သွားလေ၏။

ဆမ်းပိတ်ရပ်နေသူအား ကြည့်လိုက်သောအခါ ပုထင်းဖြစ်နေသည်ကို တွေ့မြင်လိုက်ရလေ၏။

'ဟင်...ခင်း...ခင်း'

ပုထင်း မှုပြုံး ပြုံးသည်။



'ကျုပ်ကို တွေ့ရမယ်လို့ ခင်ဗျား မမျှော်လင့်ခဲ့ဘူး မဟုတ်လား၊ ကျုပ်ကလဲ ခင်ဗျားဟာ နဂါးစိမ်း ဂိုဏ်းသားတွေနဲ့ ဆက်သွယ်လိမ့်မယ်လို့ မမျှော်လင့်မိခဲ့ပါဘူး'

ဝူးလို့ မျက်နှာပျက်သွားသည်။

ပုထင်းမှာ အသံမာမာဖြင့် မေးသည်။

'ကဲ...ဘာကြောင့် ဧချင်းအပေါ်မှာ အဖွဲ့ဝင်ဖောက်ချင်ရတာလဲ ပြောပါ'

ဝူးလို့ [illegible] အံကြိတ်လိုက်၏။

'ကျုပ်တို့မှာ နှစ်ပေါင်းများစွာ ကြိုးစားဆောင် ထင်းလန်ဂိုဏ်းမှာ သစ္စာရှိရှိ အစဉ် ထမ်းဆောင်ခဲ့ကြတယ်၊ နောက်ဆုံး ဘာမှ အရည်အချင်း မရှိတဲ့ လူတစ်ယောက်က ဂိုဏ်းချုပ်ဖြစ်လာတယ်၊ ဒါကို ကျုပ်က သွေးနုပ်ရမှာလား'

ပုထင်း မှုပြုံး ပြုံးသည်။

'လေးစားသတ်တော့ ခင်ဗျားဟာ ဂိုဏ်းချုပ်ဖြစ်နေရာကို လိုချင်နေတာကိုး'

'ကျုပ်ရဲ့ မြေးလောက်အရွယ်ရှိတဲ့ မိန်းကလေးတစ်ယောက်ကို ဂိုဏ်းချုပ်အဖြစ် ဦးညွှတ်နေရတာကို ကျုပ်တို့ သဘောတူမယ်များ ထင်နေလား'

ဝူးလို့ ဒေါသကြီး ပြောသည်။

ပုထင်း ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျားမကျေနပ်ဘူးဆိုရင် ပေချင်းကို ပွင့်ပွင့်လင်းလင်း ပြောသင့်တာပေါ့ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'မလိုချင်ဘူး၊ ဝေချင်းကိုရော မင်းကိုပါ ကျုပ်တို့ တွေ့နိုင် မယ် ထင်နေသလား'

'ဆရာမောင်တို့တွေ ကျုပ်ကိုပါ မတွေ့မနိုင် ဖြစ်နေကြတာ ကို'

'ဟုတ်တယ်—ဝေချင်းနဲ့ ဆက်ထပ်လိုက်ရင် မင်းတာ ဂိုဏ်း ချုပ် ဖြစ်လာတော့မှာပဲ၊ ငါတို့ သတ်မခံနိုင်ဘူး၊ ကဲ—သေဖို့ သာ ပြင်ထားပေတော့'

ဝူးလိုသည့် ညသံပေး၍ ဒေါ်သတကြီး ခုန်အုပ်တို့ထိ ခိုး ရန် ယာန်ပြင် ထိုးဆိုလေတော့သည်။

—၆—

တတိယပိုင်း ပြီး၏

စတုတ္ထပိုင်း ဆက်လက် ဖတ်ရှုပါရန်

ဓဏ္ဏာအောင်

# ဓဏ္ဏာအောင်

## နှောင်ကြိုး တစ်မျှင် သံယောဇဉ်

( [illegible] )

www.burmeseclassic.com

www.burmeseclassic.com

## အစပ၊ အယူ

ထင်းယန်ဂိုဏ်းတောင်၌ ပဋိပက္ခဖြစ်ပေါ်နေကြောင်း အထောက်အထားပေါ်လွင်နေပြီဖြစ်ပါသည်။

ပုထင်းဆည် အဖြစ်အပျက်များကို စေ့စေ့တွေးဆင်ခြင်ပြီး လျှင်ဝူးရှိတို့ မည်သို့ခံစားနေရမည်ကို ခံစားနားလည်လိုက်ကြလော့။

နှစ်ပေါင်းများစွာ အနှစ်နာခံ၍ တာဝန်ထမ်းဆောင်ခဲ့ကြပြီးနောက် ထင်းယန်ဂိုဏ်း၌ တစ်ကြိမ်တစ်ခါမှ မတွေ့ဖူး မမြင်ဘူးသော မျက်နှာစိမ်းတစ်ယောက်ကို ဂိုဏ်းချုပ်အဖြစ်လက်ခံ၍ ဆရာအသေပြုရမည်မှာ အောင့်သီးအောင့်သက်နိုင်လှသော ကိစ္စဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်းယန်ဂိုဏ်းချုပ်ဖြစ်လာသူသည် သဘောထားပြည့်ဝသည့် လူတော်လူကောင်းအစစ်အမှန်ဖြစ်လျှင် မကောင်းတား လွန်သော်လည်း သဘောထားမပြည့်ဝသူ၊ အရည်အချင်းမရှိသူဖြစ်ပါက အနေခက်တော့မည်ဖြစ်သည်။

မိမိ၏အကြောင်းကို ဘာမျှမသိကြသေးသဖြင့် လက်ခံဖို့ ခက်ခဲနေရတာ၊ ပေချင်းကိုလည်း အားမလိုအားမရ မနှစ်မြို့နိုင်ကြတော့ပဲ ကောင်းနိုးရာရာ ဈေးတောကြဲသလိုပိုကိုင်ခဲ့ကြခြင်းဖြစ်ပေတော့သည်။

ပုထင်းက ဥုးလိုကိုစိုက်ကြည့်၍ တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်၏။

'ဖြစ်ပျက်ခဲ့တဲ့ ကိစ္စတွေကို ခဏ မေ့ထားလိုက်ပါခင်ဗျာ၊ ဦးကို ကျွန်တော်စကားတစ်ခွန်းမေးချင်ပါတယ်'

ဥုးလိုက ဘာမျှမပြောဘဲ မရေမရာမျက်နှာဖြင့် စိုက်ကြည့်နေလေ၏။

ပုထင်းက မေးလိုက်သည်။

'ဦးဟာ ထင်းယန်ဂိုဏ်းမှာ နှစ်ပေါင်းများစွာ အစွမ်းရှိရှိ တာဝန်ထမ်းဆောင်ခဲ့တယ်မဟုတ်လား၊ ဘာကြောင့် ခုမှသစ္စာဖောက်ချင်ရတာလဲ'

သစ္စာဖောက်ဟူသော စကားအသုံးအနှုန်းကြောင့် ဥုးလို ဒေါသထွက်သွားလေ၏။

'ဘာကြောင့်လဲ...တုတ်လား၊ ငင်းကြောင့်ဆိုတာ မှတ်ထား'

ပုထင်းပြုံးလိုက်၏။



'ကျွန်တော်ဟာ ထင်းယန်ဂိုဏ်းချုပ်ရာထူးကိုရယူဖို့ ဘယ်တုန်းကမှ စိတ်ကူးမရှိခဲ့ပါဘူးဗျာ'

'မင်း...မင်း...'

'ဦးစိတ်ချစေချင်ပါတယ်၊ ထင်းယန်ဂိုဏ်းကို ကျွန်တော် လက်ခံတာဟာ ဆွေးနွေးရှင် ဆရာစေလွှတ်လို့လာလို့ပါ၊ ဂိုဏ်းချုပ်နေရာရယူမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့မဟုတ်ပါဘူး၊ ထင်းယန်ဂိုဏ်းကို ရောက်မှ ဘုမသိဘမသိနဲ့ကြုံခဲ့ရတာပါ...

'ခုလို စိတ်ဝမ်းကွဲစရာအဖြစ်မျိုးတွေနဲ့ ကြုံတွေ့ရမယ်လို့ ကျွန်တော် မမျှော်လင့်ခဲ့ပါဘူး၊ တကယ်လို့သာ ဦးတို့လက်ခံမယ်ဆိုရင် ထင်းယန်ဂိုဏ်းကို ကျွန်တော် လိုက်ပါပြီး ပြန်ရှင်းပေးပါမယ်'

ဥုးလို အံ့သြနေသည်။

ပုထင်းကို တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူး၊ မမြင်ဖူးသူ တစ်ယောက်ပမာ ကြည့်နေ၏။

'ဦး လက်ခံနိုင်မလားဗျာ'

ပုထင်းက မေးလိုက်သည်။

ဥုးလို ဇဝေဇဝါဖြင့်...

'မင်းဘယ်လိုပြန်ရှင်းပေးမှာလဲ'

'ထင်းယန်ဂိုဏ်းချုပ်နေရာကို ကျွန်တော်လက်ခံနိုင်တဲ့ အကြောင်း မပြန်ရှင်းပေးပါမယ်'

'ဒါ တစ်ကယ်ပဲလား'

'စိတ်ချပါ၊ အားလုံး အဆင်ပြေသွားအောင် ကျွန်တော် ဆောင်ရွက်ပေးပါမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဦးလှိုင် အနည်းငယ်စဉ်းစားပြီးမှ ခေါင်းခါယမ်းလိုက်လေ သည်။

'မင်းပြောတာမဆိုးပါဘူး၊ ဒါပေမယ့် ခုချိန်မှာတော့ မဖြစ်နိုင်တော့ပါဘူး'

'ဘာများဖြစ်လို့ပါလဲခင်ဗျား'

'ကျုပ်တို့က ထင်းယန်ဂိုဏ်းကိုသိမ်းပိုက်ဖို့ ကြိုးစားခဲ့တာ လို့ သခင်မလေးသိသွားပါပြီ၊ သူက ဦးပိန်နဲ့ဖိုးဟန်တို့ကို ထိန်း ချုပ်ထားလိုက်ပါပြီ၊ ကျုပ်က ရှောင်ထွက်လာပြီး ထင်းယန်း ဂိုဏ်းကို သိမ်းပိုက်ဖို့—'

ဦးလှိုင်သည် ဆက်၍ ပြောမထွက်ဟန်ဖြင့် စကားအစ်ပိုင်း တစဖြင့် ရပ်ထားလိုက်လေ၏။

ပုထင်း သက်ပြင်းချလိုက်သည်။

'ဦးက နဂါးစိမ်းဂိုဏ်းနဲ့ဆက်သွယ်ခဲ့တယ်ဆိုပါတော့'

ဦးလှိုင် ခေါင်းညိတ်လိုက်လေ၏။

ထင်းယန်ဂိုဏ်းအပေါ် မကျေမနပ်ဖြစ်ကာ ကြံရာမရသည့် အဆုံး နဂါးစိမ်းဂိုဏ်းနှင့် ဆက်သွယ်ခဲ့ကြောင်း ထင်ရှားလေ သည်။

'နဂါးစိမ်းဂိုဏ်းဟာ ယိုင်းဒေသတစ်ခုလုံးကို ဒုက္ခပေး နေတဲ့ ဂိုဏ်းတစ်ခုပေါ့၊ သူတို့နဲ့ ပေါင်းသင်းမယ်ဆိုရင် အောင်မြင် ဖြစ်ဖို့ထက် အဆုံးဖြစ်ဖို့က ပိုများပါတယ်၊ ကျွန်တော်အဆင် ပြေအောင်ဖြေရှင်းပေးပါမယ်ဗျာ'

ဦးလှိုင်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

ပုထင်း၏အမှားကြောင့် သိမြင်သွားပုံရသည်။



'မောင်ရင်အားခဲ့ကျေးဇူး ကြီးမားလှပါတယ်'

လက်နှစ်ဖက်ဆုပ်၍ ဦးညွတ်၍ ပြောဆိုလာလေ၏။

ပုထင်းသည် ကျောင်းလိန့်သို့ မသွားဖြစ်တော့ပဲ ထင်းယန် ဂိုဏ်းသို့သွားရန် ဆုံးဖြတ်လိုက်ရလေတော့သည်။

ပုထင်းနှင့်ဦးလှိုင်တို့ ပြေလည်မှုရရှိသွားကြပြီး—

တောအုပ်ထဲမှ ထွက်လာသောအခါ မေဖုံးကို မတွေ့ရ တော့ပေ။

မေဖုံး ပျောက်ချင်းလှပျောက်သွားသည်။

သူမ မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။

○ ○ ○

ဂမုန်းတောင်

ဂမုန်းတောင်သည် အလွန်သာယာလှပသော တောင် တစ်လုံးဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုထင်းနှင့်ထင်စာန်တို့သည် ဂမုန်းတောင် ထင်ယန်ဂိုဏ်းသို့ ပြန်ရောက်ရှိလာကြပြီဖြစ်လေသည်။

နှစ်ယောက်သား ထင်ယန်ဂိုဏ်း အဆောက်အဦးရှေ့သို့ ရောက်ရှိလာသည်နှင့်—

'ရပ်လိုက်'

ထင်ယန်ဂိုဏ်းသားများသည် ချက်ချင်း ပြေးထွက်လာကြပြီး သူတို့နှစ်ယောက်အား တန်တားလိုက်ကြလေသည်။

ဝှူလိုင်က ပုထင်းကို လှမ်းကြည့်လိုက်သည်။

ပုထင်းက ရှေ့သို့လှမ်းထွက်လာ တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

'ထင်ယန်ဂိုဏ်းချုပ်ကိုပြောလိုက်ပါ၊ ကျုပ်ပုထင်းက သူ့ကို ဂါရဝပြုဖို့ ရောက်လာတယ်လို့'

ပုထင်းအား ထင်ယန်ဂိုဏ်းသားများ မှတ်မိသွားကြပြီး ချက်ချင်း ဦးညွှတ်လိုက်ကြသည်။

'ဂိုဏ်းချုပ်ကြီးကို ဂါရဝပြုပါတယ်'

ပုထင်း စိတ်ပျက်သွားလေသည်။

ထိုစဉ်—

ဆူဆူညံညံအသံများကြားရသဖြင့် ဝေချင်းက ကိုယ်ရံတော်တို့ ခြံရံ၍ ထွက်လာလေ၏။



ဝေချင်းသည် ပုထင်းကို တွေ့ရလျှင် ဝမ်းသာသွားမိလေသည်။

'အစ်ကို…အစ်ကို လိုက်လာတယ်နော်'

သူမသည် ဝှူလိုင် ပါလာသည်ကို မြင်လျှင် မျက်မှောင်ကြုတ်သွား၏။

'ရှင်က သစ္စာဖောက်ပြီး ကိုယ်လွတ်ရုန်း ထွက်ပြေးသွားခဲ့တာမေ့ပါ ဟုတ်လား၊ ထင်ယန်ဂိုဏ်းကို ပြန်လာခဲ့တာ နည်းတဲ့သတ္တိ မဟုတ်ဘူး'

သူမသည် အနီး၌ အသင့်ရှိနေသော ကိုယ်ရံတော်များကို အမိန့်ပေးလိုက်၏။

'သစ္စာဖောက်ကိုဖမ်းလိုက်ကြစမ်း'

ကိုယ်ရံတော်များသည် ချက်ချင်းဝင် ရှေ့သို့လှမ်းထွက်လာကြသည်။

ပုထင်း လက်ကာပြသည်။

'ဒီကိစ္စကို ကျုပ် ရှင်းပေးပါမယ်၊ နောက်ဆုတ် လိုက်ကြပါ'

ကိုယ်ရံတော်များသည် ဝေချင်းအား လှည့်ကြည့်လိုက်ကြသည်။

သူမက လက်ဝှေ့ယမ်းလိုက်၏။

'နောက်ဆုတ်လိုက်ပါ'

ကိုယ်ရံတော်များ နောက်ဆုတ် လိုက်ကြသည်။

ပုထင်းက ရှေ့တိုးလိုက်၏။

'အစ်ကို'

www.burmeseclassic.com

www.burmeseclassic.com



ပေချင်းသည် ဝမ်းသာ အားရဖြင့် ရှေ့တိုး လာမေးတော့သည်။

သူမသည် ပုထင်းအား သံယောဇဉ် တွယ်တာနေပြီ ဖြစ်ကြောင်း ထင်ရှား၏။

သူမက မေးလိုက်သည်။

'ညီမ - ထင်းယန်းကျွန်းမှာ ပြဿနာ ကျော် ဖြစ်ပါနေတယ် ဆိုတဲ့ အကြောင်းကြားလို့ လိုက်လာခဲ့တာ'

'ဟုတ်ပါတယ် အစ်ကို၊ အကြီးအကဲ သုံးယောက်က ကျွန်မ ထင်းယန်းကျွန်းကို ပြန်ရောက်လာတဲ့အချိန်မှာ ကျွန်မကို ဝိုင်းဝန်း ဖမ်းဆီးပြီး အကျဉ်းချထားခဲ့ကြတယ်၊ ကျွန်မ ဒုက္ခရောက်ခဲ့ ရသေးတယ်'

ပြောရင်း သူမ ဒေါသထွက်လာသည်။

'သူတို့က ကျွန်မကို ဖမ်းဆီးပြီး ထင်းယန်းကျွန်းကို အပိုင်စီးဖို့ စီစဉ်ကြတယ်၊ နဂါးစိမ်းကျွန်းနဲ့ ဆက်သွယ်ပြီး အကူအညီ ယူကြတယ်...'

'ကျွန်မအပေါ် သစ္စာရှိကြတဲ့ ကျွန်းသားအချို့က ကျွန်မကို ကယ်တင်ခဲ့ကြလို့ သူတို့ရဲ့ သစ္စာဖောက်မှုကို ချေမှုန်းနိုင်ခဲ့ကြတယ်...'

'စုပိနဲ့ စုနန်ကို ကျွန်မ ဖမ်းဆီးနိုင်ခဲ့တယ်၊ သူတာတော့ ကိုယ်လွတ်ရုန်းပြီး ထွက်ပြေး လွတ်မြောက်သွားတာ၊ အစ်ကိုနဲ့တွေ့ခဲ့တယ်ပေါ့ ဟုတ်လား'

သူ ခေါင်းညိတ်သည်။

'ဟုတ်တယ် ညီမ'



စုးလုံ ရင်ထိတ်နေသည်။

ပုထင်းက ထွာညီခြင်း မရှိလျှင် သူ ဒုက္ခရောက်ရတော့မည် မဟုတ်ပါလား။

'ညီမ — အကြီးအကဲ သုံးယောက်ရဲ့ သစ္စာဖောက်မှုကို ခွင့်လွှတ်လိုက်စေချင်ပါတယ်'

'ရှင်'

ပေချင်း အံ့ဩသွားသည်။

'သူတို့ရဲ့ သစ္စာဖောက်မှုကို ခွင့်လွှတ်ရမယ် ဟုတ်လား၊ အဲ ဖြစ်ပါမလား အစ်ကိုရယ်၊ သူတို့ကို ချမ်းသာပေးလိုက်ရင် ကျန်တဲ့ ကျွန်းသားတွေကို ကျွန်မ ဘယ်လို လုပ်ပြီး စီမံအုပ်ချုပ်နိုင်တော့မလဲ'

'အားလုံးက ကျွန်းရဲ့ စည်းကမ်းတွေကို လေးစား လိုက်နာကြမှာ မဟုတ်တော့ဘူး၊ ကျွန်မတို့ ထင်းယန်း ပျက်စီးသွားမှာပေါ့'

သူမ ဆက်မခံဘဲ ခါးခါးသီးသီး ငြင်းဆန်လိုက်လေတော့သည်။

စုးလုံ မျက်နှာပျက်သွားပြီး ခေါင်းငုံ့ ထားလိုက်လေတော့သည်။

ပုထင်း ဆတ်ပြင်းချလိုက်၏။

'ညီမ သိုင်းကျွန်းတစ်ခုမှာ စည်းကမ်းတဲ့ အရေးကြီးပုံ ဆိုတာ ကျွန်ုပ်နားလည်ပါတယ်၊ ဒါပေမယ့် အကြီးအကဲ သုံးယောက်ရဲ့ ကိစ္စကိုတော့ ခြွင်းချက်တစ်ခု အဖြစ် ထားစေချင်ပါတယ်...'

www.burmeseclassic.com

www.burmeseclassic.com



'ဘာကြောင့် သတ္တုပေါက်မှု ဖြစ်ပေါ်လာရတယ် ဆိုတာကို ပြောပြသင့်ပါတယ်'

ပေချင်း တွေဝေသွားသည်။

'သတ္တုပေါက်မှု ဆိုတာ ကြောက်စရာ အကောင်းဆုံးနဲ့ အန္တရာယ် အကြီးမားဆုံး ကိစ္စတစ်ခုပါ၊ ဒီကိစ္စ ဘာကြောင့် ဖြစ်ခဲ့ရတယ်ဆိုတဲ့ အကြောင်းရင်းကို ဖော်ထုတ်နိုင်မှ နောက်နောင် အလားတူ အဖြစ်မျိုး ဖြစ်ပေါ် မလာအောင် စီမံဆောင်ရွက်သွားနိုင်ပါလိမ့်မယ် မဟုတ်လား'

ပုထင်းက အကျိုးသင့် အကြောင်းသင့် ပြောလျှင် ပေချင်း ခေါင်းညိတ်လိုက်၏။

'အစ်ကိုပြောတာ မှန်ပါတယ်၊ ကျွန်မ လက်ခံပါတယ်၊ ဒါပေမယ့် အကြီးအကဲ သုံးယောက်ဟာ...'

ပုထင်း လက်ကာပြလိုက်၏။

'သူတို့ဟာ ငယ်စဉ်ကတည်းက ထင်းယန်ဂိုဏ်းမှာ ဝင်ရောက် အမှုထမ်းခဲ့ကြတယ်၊ သစ္စာရှိရှိ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ကြတယ်...

'ထင်းယန်ဂိုဏ်းအတွက် အသက်စွန့်ဖို့ ဝန်မလေးသူတွေဖြစ်ခဲ့ကြတယ်၊ ထင်းယန်ဂိုဏ်း တိုးတက်ဖို့ ကောင်းကျိုးဆောင်ရွက်ခဲ့ကြတာ...

'ကောင်းကျိုး ဆိုးကျိုး ဟူသမျှ အေးအတူပူအမျှ ခံယူပြီး ထင်းယန်ဂိုဏ်းမှာ အသက်ထက်ဆုံး နေသွားကြမယ့်လူတွေ ဖြစ်တယ်'



ပေချင်းက ငှုလုံအား လှမ်းပြီး အကဲခတ်ကြည့်လိုက်လေသည်။

ငှုလုံကား ခေါင်းငုံ့၍ ကျောက်ရုပ်ပမာ မလှုပ်မယှက်ရပ်နေသည်။

သစ္စာဖောက်၊ လူယုတ်မာ တစ်ယောက်သည် ထင်းယန်သို့ ပြန်လာရပါမည်လော။

ပုထင်းက အကြီးအကဲ သုံးယောက်သည် ထင်းယန်အပေါ် သံယောဇဉ်ကြီးလွန်းလှသည် ဖြစ်ရကား...

လူစိမ်း တစ်ယောက်အား ဂိုဏ်းချုပ်အဖြစ် တင်မြှောက်ထားသဖြင့် သစ္စာခံ အရိုအသေ ပြုရမည်ကို မကျေနပ်ကြသည် ယူဆတော်ပင်...

သူတို့၏ ခံစားချက်မှာ သဘာဝ ကျနေကြောင်း ပေချင်း နားလည်အောင် ရှင်းပြလိုက်၏။

'သူတို့က ပေဖေ ကွယ်လွန်သွားပြီးတဲ့ နောက်ပိုင်း ကျွန်မ ဂိုဏ်းချုပ် ရာထူး ရယူလိုက်တာကို ကျေနပ်ကြတာ မဟုတ်ဘူး'

ဤတွင်...

ငှုလုံ လှုပ်လှုပ်ရွရွ ဖြစ်သွားလေသည်။

'သခင်မလေးကို မကျေနပ်တာ မဟုတ်ပါဘူး၊ သခင်မလေးဟာ ငယ်ရွယ်သူ မိန်းကလေး ဖြစ်တယ်၊ သိုင်းလောကမှာ ထင်ရှားတဲ့ ဂိုဏ်းကြီးတစ်ဂိုဏ်းကို စီမံအုပ်ချုပ်နိုင်တဲ့ အားရည် ပြည့်မီဦးမှာ မဟုတ်ဘူးလို့ ယူဆပြီး အားမလို အားမရ ဖြစ်ခဲ့ကြတာပါ...

www.burmeseclassic.com

www.burmeseclassic.com



'ထင်းယန်ဂိုဏ်း အစစ်တစ်ခု ဖြစ်သွားမှာကို ကျုပ်တို့အမြဲ ထမ်း စိုးရိမ်ပူပန်ခဲ့ကြတာပါ'

ဝူးလီခါမကျေနပ်မှုသည် ကိုယ်ကျိုးအတွက်မဟုတ်ဘဲ ထင်းယန်ဂိုဏ်းအတွက် ဖြစ်ကြောင်း ထင်ရှား ပေါ်လွင်နေတော့သည်။

'မိန်းမလေးတွေ ပျောက်ဆုံးနေတဲ့ ကိစ္စနဲ့ ပတ်သတ်ပြီး ဂမုန်းတောင်ကို အားလုံးက အထင်လွဲနေကြတယ်၊ ဒီကိစ္စမှာ သခင်မလေးက ချစ်ချင်း မဖြေရှင်းဘဲ စောင့်ကြည့်နေခဲ့တာကို ကျုပ်တို့ သဘောမကျဘူး...

ထင်းယန်ဂိုဏ်းရဲ့ သိက္ခာကို ထိခိုက်စေမယ့် အရေးကိစ္စကို နေ့ညအချိန်မရွေး ချက်ချင်း ဖြေရှင်းရမှာပေါ့၊ ဒါကြောင့် သခင်မလေးအပေါ် မကျေမနပ်ဖြစ်ခဲ့ကြတာပါ'

ပုထင်းက ဝေချင်းအား ပြုံးပြလိုက်၏။

'ညီမ...အကြီးအကဲတွေဟာ လူ့ဂုဏ်ထက် ထင်းယန်ဂိုဏ်းရဲ့ အရေးကို ပိုပြီး အလေးထားတယ်ဆိုတာ ထင်ရှားနေပါတယ်....

'ဒါကို သစ္စာဖောက်တယ်လို့ မခေါ်နိုင်ပါဘူး၊ ညီမရဲ့ ဆုံးဖြတ်ချက်ကို ပြန်ပြီး စဉ်းစားစေချင်ပါတယ်'



ဝေချင်းသည် သစ္စာဖောက်သော အကြီးအကဲ သုံးယောက်ကို သေဒဏ် အပြစ်ပေးခဲ့လေ၏။

ပုထင်းက အကျိုးအကြောင်း ရှင်းပြလိုက်သောအခါ ဝေချင်း ရုတ်တရက် သွားသည်။

နောက်ဆုံး...

ဝူးလိုတို့သည် ထင်းယန်ဂိုဏ်း ဆောင်းကျိုးကို ဦးဆောင်၍ မှားယွင်းခဲ့ခြင်းကြောင့် ခွင့်လွှတ်ရန်ဆုံးဖြတ်လိုက်တော့၏။

* * *

အကြီးအကဲ သုံးယောက်အား သေဒဏ် အပြစ်ပေးထားခဲ့ခြင်းမှ ခွင့်လွှတ်လိုက်သောအခါ ဝူးလိုတို့ သုံးယောက်ဝမ်းသာ ပျော်ရွှင်သွားကြလေတော့၏။

သုံးယောက်သား ဝေချင်း၏ ရှေ့၌ ဒူးထောက်ဦးညွှတ်၍ နောက်နေ့တွင် အသိသော အခါမှ သစ္စာမဖောက်ပါ ဟူ၍ သစ္စာဆိုလိုက်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထင်းယန် အဖွဲ့သားတို့အား ဝမ်းသာ ပျော်ရွှင်သွားကြသည်။

သူတို့အား နှစ်ပေါင်းများစွာ ဦးဆောင်မှု ပေးလာခဲ့သော အကြီးအကဲ သုံးယောက်အပေါ် သံယောဇဉ်ရှိကြသည်မဟုတ်ပါလား။

ထင်းယန် အဖွဲ့မှ အချင်းချင်း သဘောကွဲမှုအား ပြေလည်သွားခဲ့ပြီ ဖြစ်လေ၏။

ခက်ခက်ခဲခဲ ပြေရှင်းရခြင်းမျိုး မရှိသဖြင့် ပုထင်းလည်း ဝမ်းသာနေပါသည်။

ပေချင်းက မေးလာသည်။

'အစ်ကို ဖြစ်စေချင်တဲ့အတိုင်း အကြီးအကဲသုံးယောက်ကို ခွင့်လွှတ်ပြီးခဲ့ပါပြီ။ ဒါပေမယ့်— သူတို့လုပ်ခဲ့တဲ့ကိစ္စရဲ့ နောက်ဆက်တွဲဖြစ်ပေါ်လာမယ့် အကျိုးဆက်တွေကို ကျွန်မတို့ ဘယ်လိုဖြေရှင်းကြမလဲ'

အကြီးအကဲသုံးယောက်ကို ခွင့်လွှတ်သည့်ကိစ္စတွင် စိတ်သဘောထားကို ဦးစားပေးလိုက်လျှောခဲ့ကြောင်း ပုထင်းရိပ်မိလိုက်ပြီး ပေချင်းအပေါ် အရေးတယူသဘောထားလေသည်။

'နောက်ဆက်တွဲ ဖြစ်ပေါ်လာမယ့် အကျိုးဆက်ဆိုတာ နဂါးစိမ်းဂိုဏ်းနဲ့ပတ်သက်ပြီးပြောတာလား'



'ဟုတ်တာပေါ့အစ်ကို၊ အကြီးအကဲတွေဟာ နဂါးစိမ်းဂိုဏ်းနဲ့ဆက်သွယ်ခဲ့ကြတယ်'

ပုထင်း သေသေချာချာ စဉ်းစားလိုက်လေ၏။

အကြီးအကဲသုံးယောက်သည် ထင်းယန်ဂိုဏ်းအပေါ် အရိုးစွဲအောင်သစ္စာရှိကြသည်မှန်သော်လည်း နဂါးစိမ်းဂိုဏ်းနှင့် ပတ်သက်ဆက်သွယ်ခဲ့ကြသည်မှာ လွန်စွာမှပင် မှားယွင်းနေပါတော့သည်။

နဂါးစိမ်းဂိုဏ်းသည် သိုင်းလောကအား ဒုက္ခပေးနေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိထားသင့်သည် မဟုတ်ပါလား။

ပုထင်းနှင့်ပေချင်းတို့ တိုင်ပင်မပြောဆိုနေကြသည့် စကားများကြားလျှင် အကြီးအကဲသုံးယောက် ရှက်ကိုးရှားကြလေသည်။

သုံးယောက်သား ပြိုင်တူဦးညွှတ်လိုက်ကြပြီး အကြီးဆုံးဖြစ်သော ပိစုံက ပြောလေသည်။

'ကျုပ်တို့ဟာ သိုင်းလောကကို ဖျက်ဆီးမယ့် နဂါးစိမ်းနဲ့ တမင်ပူးပေါင်းခဲ့ကြတာမဟုတ်ပါဘူး။ ကျုပ်တို့ကို လူတစ်ယောက်ရောက်လာပြီး ဆက်သွယ်ခဲ့ပါတယ်—

'ကျုပ်တို့ အကြီးအကဲတွေဟာ ထင်းယန်ဂူကြီးမှာ ချောင်ပိတ်ထားရပြီး နို့နံ့တောင်မစင်သေးတဲ့ မိန်းမလေးတစ်ဦးက ဂူကြီးချုပ်လုပ်နေတယ်၊ ထင်းယန်ဂူကြီး ပျောက်ဆုံးသွားတော့မယ်ဆိုပြီး စည်းရုံးပြောဆိုလာပါတယ်...

'ကျုပ်တို့က သခင်မလေးကို မျှော်မှန်းပြစ်နေချိန်ဆိုတော့ သူရဲ့စကားကို နားယောင်ပြီး ပူးပေါင်းမိခဲ့ကြတာပါ၊ နောက်ပိုင်းကျမှ သူဟာ နဂါးစိမ်းဂူကြီးက လူတစ်ယောက်ဖြစ်နေတာကို သိလိုက်ရတယ်၊ သူ့ဆီက အကူအညီ အထောက်အပံ့ယူမိခဲ့တော့ နဂါးစိမ်းဂူကြီးနဲ့ပတ်သက်သလိုဖြစ်သွားတာပေါ့'

အပြစ်တစ်ခုဟု သတ်မှတ်နိုင်သကဲ့သို့ ဆန္ဒစောပြီးအမှားလုပ်ခဲ့ခြင်းဖြစ်သည်ဟူ၍လည်း ပြောနိုင်ပါသည်။

'ထင်းယန်ဂူကြီးဟာ နဂါးစိမ်းနဲ့ဆက်သွယ်လို့ သိုင်းလောကမှာ သတင်းတွေဖြစ်ပေါ်ခဲ့ရင် ထင်းယန်ဂူကြီးရဲ့ဂုဏ်သိက္ခာကိုထိခိုက်မှာကို ဘာဘတ်တို့ မစဉ်းစားခဲ့ကြဘူးလား၊ ဒါမှ သိုင်းလောကတစ်ခုလုံး ကဲ့ရဲ့ရှုံ့ချမှုခံရမှာပဲ'

'ကျုပ်တို့ မှားသွားပါတယ် သခင်မလေး'

ခုပိတ္တိုအ သူတို့၏အမှားကို ဝန်ခံလိုက်ကြလေတော့သည်။

ပုသင်းသည် အမှားထဲမှ သင်ခန်းစာ ယူရန် ဆုံးဖြတ်လိုက်သည်။

'နဂါးစိမ်း ဂိုဏ်းနဲ့ အဆက်အသွယ် ရခဲ့တာလဲ တစ်မျိုးကောင်းတာပဲ၊ သူတို့ရဲ့အကြောင်းကို ဖော်ထုတ်ဖို့ လမ်းပွင့်သွားတာပေါ့၊ ကျုပ်တို့ ဒီလိုလုပ်ကြရင် ကောင်းထိမ့်မယ်ထင်တယ်'



သူ၏ အကြံအစည်ကို ပြောပြလိုက်လျှင် ဓေချောင်းနှင့် အကြီးအကဲများ တာထက်ကြကြ ဖြစ်သွားကြလေ၏။

'ဟုတ်တယ်... ဒီလိုလုပ်တာ အကောင်းဆုံးပဲ'

'ထင်းယန်ဂိုဏ်းရဲ့ ဂုဏ်သိက္ခာကို ဆည်ပြီးသားလဲဖြစ်သွားလိမ့်မယ်'

ချစ်ချောင်းပင် ထောက်ခံလိုက်ကြ လေတော့သည်။

—ဝ—

www.burmeseclassic.com

## ပုထင်း၏ အကြံ

---

နေဝန်းနီမှာ အနောက်ဘက်တော၌ ငုပ်လျှိုးပျောက်ကွယ်သွားပြီ ဖြစ်၏။

အဆင်းရောင် ကုယ်ပျောက်၍ အမှောင်ပုံးသွားပြီ၊ မကြာမီ ဖျောင်းဖြောင် ပေါ်၌ လဝန်း ထွက်ပေါ် လာလေတော့သည်။

ကြည်လင် အေးမြသော အရောင်အောက်တွင် ဝန်းကျင် တစ်ခုလုံး သာယာလှပလာ၏။

ပုထင်းသည် ဖျောင်းဖြောင်ပေါ်မှ လဝန်းကို ငေးမောကြည့်ရင်း ဖခင်ကြီး၏ မျက်နှာကို မြင်ယောင်၍ လာလေတော့သည်။



နှစ်ပေါင်းများစွာ ကွဲကွာသွားခဲ့ကြပြီးနောက် ပြန်ဆုံတွေ့လိုက်ရသောအခါ အချိန်ပိုင်းလေးသာ ရှိခဲ့ပြီး ထာဝရ ခွဲခွာခဲ့ကြရသည်မှာ ဝမ်းနည်း ကြေကွဲစရာ ကောင်းလှပေတော့သည်။

အစ်ကိုဖြစ်သူရော အခြေအနေ မည်သို့ရှိမည်နည်း။

တစ်ဖန်—

အိမ်ထိန်းကြီး ကျော့စု၊ မီးလျှံကျ်မှ မေပုံးနှင့် မဲနုကြီး လှသည့် ကျောင်းမေတို့အား သတိရမိလို့၏။

အေးမြသော လေပြည် ဖြည်းဖြည်း ဝှေ့ယမ်းတိုက်ခတ် လာသည်။

မွှေးကြိုင်သော ဝန်းရန့်များ လွင့်ပျံ့လာ၏။

ရုတ်တရက်—

'ဟူး—ဘူး'

အဝတ်အစား ဖောက်သံများ ထွက်ပေါ်လာပြီး မရှေး မနှောင်းမှာပင်—

'ရှူရော ဝင်လာပြီ'

ဝူးလုံ၍ စကားသံ ထွက်ပေါ်လာသည်။

အနက်ရောင် ဝတ်ဆင်ထားသူတစ်ယောက်သည် ပုထင်းတို့ မလှမ်းမကမ်းသို့ ရောက်ရှိလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူမှာ စားသောက်ဆိုင်ဆောင်၌ ဝူးလုံနှင့်ချိန်းတွေ့ခဲ့သည့် နဂါးစိမ်းဂိုဏ်းမှလူ ဖြစ်သည်။

ဝူးလုံက ရှေ့သို့ လှမ်းထွက်လိုက်၏။

'တော်ပါသေးရဲ့၊ မိတ်ဆွေရောက်မလာမှာကို ကျုပ်စိတ်ပူနေမိသား'

ထိုလူ မောဟိုက်နေပုံ ဖြစ်နေသည်။

'ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ၊ ဒုက္ခပေးမယ့်လူကိုခေါ်လာတယ် ဟုတ်လား'

လူက အပျာအယာ ရှင်းပြသည်။

'မဟုတ်ပါဘူး၊ သူက ကျုပ်ကို အထင်မှားပြီး တိုက်ခိုက်ခဲ့တယ်၊ နောက်တော့ ဘာမှ ပူစရာ မလိုတော့ပါဘူး၊ သူ့ကို ကျုပ်ဘက် ပါအောင် ညှိနှိုင်း သိမ်းသွင်းထားလိုက်ပါပြီ'

'ဟုတ်ပါတယ်ဗျာ...ဟုတ်ပါတယ်'

ပုထင်းက မှင်သေသေဖြင့် ပြောသည်။

ထိုလူ အကြောင်းတွေ့ပုံ မရှင်းသော်လည်း အပြစ်မပြောတော့ချေ။

ပုထင်းက မေးသည်။



'ထင်းယန်ဂိုဏ်းချုပ်ကို ကျုပ်တို့ အကြီးအကဲတွေက သစ္စာဖောက်ပြီး ထင်းယန်ဂိုဏ်းကို သိမ်းပိုက်ဖို့ စီစဉ်ထားတယ်၊ အဲ့ဒါ ခင်ဗျားတို့ ကူညီနိုင်မလား၊ သိပါရစေ'

နဂါးစိမ်းဂိုဏ်းမှ အကူအညီရယူလိုအပြင် ဆွေးနွေးကြည့်လိုသည့် သဘောဖြစ်၏။

နဂါးစိမ်းဂိုဏ်းမှလူသည် ရုတ်တရက် အဖြေမပေးဘဲ ပြန်လည် မေးခွန်းထုတ်လိုက်၏။

'ထင်းယန်ဂိုဏ်းကို သိမ်းပိုက်တဲ့ ကိစ္စကို ဘယ်သူက ဦးစီးမှာလဲ'

ဝူးလုံက ရင်ဘတ်ကို ပုတ်ပြလိုက်၏။

'ကျုပ်တို့ အကြီးအကဲ သုံးယောက်က ဦးဆောင်မှာပါ၊ ထင်းယန်ဂိုဏ်းမှာ ကျုပ်တို့ တစ်ဝန်ထမ်းဆောင်ခဲ့ကြတာကြာပါပြီ၊ ကျုပ်တို့ကို ယုံကြည်သူတွေလည်း ရှိနေကြပါတယ်...'

'ထင်းယန်ဂိုဏ်း ပျက်စီးမသွားစေရအောင် ကျုပ်တို့ဘက်က ယူသွားနိုင်မှာပါ'

ထိုလူ ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားပြောတာ မဆိုးဘူး၊ ကျုပ်တို့ နဂါးစိမ်း ဂိုဏ်းဟာ ဘယ်လို ကူညီရမလဲ ပြောပါ'

'ဝမ်းသာလိုက်တာဗျာ၊ အခြားတော့ မဟုတ်ပါဘူး၊ ထင်းယန်ဂိုဏ်းရဲ့ အခြေအနေကို ကျုပ်တို့ နိုင်နိုင်နင်းနင်း သိပါတယ်...'

'မြင်ပေါ့ သိုင်းလောကသားတွေ ဝင်ရှုပ်လာမှာကို စိုးရိမ်မိတာပါ၊ ထင်းယန်ဂိုဏ်းချုပ်ဟာ သိုင်းလောကနဲ့ အဆက်အသွယ်ရှိတယ် မဟုတ်လား'

ထိုလူ အနည်းငယ် စဉ်းစားပြီး ခေါင်းညိတ်သည်။

'ခင်ဗျားရဲ့ တောင်းဆိုမှုဟာ မဆိုးပါဘူး၊ ထင်းယန်ဂိုဏ်းကို သိမ်းပိုက်ရာမှာ နဂါးစိမ်းဟာ အင်အားသုံးပြီး ကူညီစရာ မလိုဘဲ နောက်ကွယ်က ပံ့ပိုးပေးရုံလောက်ပါ'

'ဟုတ်တယ်...ဟိုတစ်ခါကလည်း ကျုပ်ပြောခဲ့ပြီးပါပြီ'

ထိုလူက...

'အင်း...နဂါးစိမ်းဂိုဏ်းထဲမှာလည်း ပြဿနာတွေ ဖြစ်ပေါ်နေတယ်၊ ခင်ဗျားတို့ကို အင်အားနဲ့ ကူညီဖို့ ခုချိန်မှာ မဖြစ်နိုင်သေးဘူး...'

'ခင်ဗျားဘာအကူအညီမှ မလိုဘူးဆိုတော့ စာန်ကျသွားတာပေါ့၊ ဒါပေမယ့် ဘယ်လိုနည်းနဲ့ပဲ ကူညီရသည် ဖြစ်စေ နဂါးစိမ်းဂိုဏ်းရဲ့ အကူအညီကို ယူမယ်ဆိုရင် နဂါးစိမ်းရဲ့အမိန့်ဩဇာကို ခံယူရလိမ့်မယ်'



ဝူးလုံ မေးသည်။

'ကျုပ်တို့ဟာ နဂါးစိမ်းနဲ့ မဟာမိတ် ဖွဲ့ချင်တာပါ၊ ဩဇာ ခံယူရမယ်ဆိုတော့ ဘယ်လို သဘောလဲ'

'ရှင်းပါတယ်ဗျာ၊ နဂါးစိမ်းဂိုဏ်းရဲ့ လက်အောက်ခံ အနေမှာ နေရမယ်၊ မဟာမိတ် ဖွဲ့ရလောက်အောင် ထင်းယန်ဟာ ဘယ်လောက်များ ကြီးကျယ်နေလို့လဲ'

ထိုလူ၏ စကားကြောင့် ဝူးလုံ မကျေမနပ် ဖြစ်သွားလေသည်။

'ထင်းယန်ဟာ သိုင်းလောက တစ်ခုလုံး လေးစားရတဲ့ ဂိုဏ်းတစ်ခုပါ၊ ကျုပ်တို့က...'

'နဂါးစိမ်းရဲ့ ဩဇာ မခံဘူးဆိုရင် ဘာမှ စဉ်းစားမနေနဲ့၊ ခင်ဗျား ပြန်နိုင်ပါတယ်'

ဝူးလုံက အလျှော့မပေးသလို နဂါးစိမ်းမှ လူကလည်း အလျှော့ မပေးသဖြင့် အခြေအနေ တင်းမာသွားရလေတော့သည်။

ပုထင်း မနေနိုင်တော့ဘဲ ကြားဝင် လိုက်ရလေ၏။

'ထင်းယန်ရဲ့ အရေးကိစ္စနဲ့ ပတ်သက်ပြီး သေချာ တိုင်ပင် ဆွေးနွေးချင်ပါတယ်ဗျာ၊ နောက်ဆုံးမှာ နဂါးစိမ်းရဲ့ သဘောကို ခံယူရမယ်ဆိုရင် ကျုပ်တို့အတွက် ဘယ်လို အကျိုးကျေးဇူး ခံစားရမယ်ဆိုတာကို အသေးစိတ် တိုင်ပင် ဆွေးနွေးချင်ပါတယ်၊ ဒါကြောင့် တာဝန်ရှိသူ တစ်ယောက်ယောက်နဲ့ တွေ့ခွင့်မရနိုင်ဘူးလားဗျာ'

www.burmeseclassic.com

www.burmeseclassic.com



၁၁

ဆိုလှ တွေဝေသွားသည်။

နဂါးစိမ်း ကိုကျော်ကျော် မတွေ့ချင်တော့ဘူး ကိုယ်မေး ဆုံး ဖြတ်ချက် ပေးနိုင်မယ့် လူတစ်ယောက် ယောက်နဲ့ တွေ့ချင်ပါ တယ်၊ ခင်ဗျား စီစဉ်ပေးနိုင်မလား’

ပုထင်းက ထပ်မံ တောင်းဆိုလိုက်သောအခါ ဆိုလှ ခေါင်း ညိတ်လိုက်၏။

‘ကောင်းပြီလေ၊ ကျုပ် စီစဉ်ပေးပါမယ်၊ မနက်ဖြန် နေမွန်းတည့်ချိန်မှာ ရွှေဝါမြို့ကို လာခဲ့ပါ’

‘ကျေးဇူးတင်ပါတယ်ဗျာ’

ပုထင်း လက်နှစ်ဖက် ဆုပ်၍ ဦးညွှတ်ရင်း ပြောလိုက်လေ သည်။

ဆိုလှက သူ့ကိုအစုံး ငေးကြည့်လိုက်၏။

‘မင်းတို့ နှစ်ယောက်ထဲက ဘယ်သူလာမလဲ ဟစ်ယောက်ပဲ လာရမယ်’

‘သူလာပါလိမ့်မယ်’

ငွေလှုံက ပုထင်းအား ညွှန်ပြ၍ ပြောလိုက်သည်။

‘ဒါဖြင့် ကျုပ်သွားမယ်’

ဆိုလှသည် ချာခနဲလှည့်၍ ပြေးလွှား ထွက်သွားလေတော့ သည်။



ရွှေဝါမြို့သည် မြို့ကြီးပြကြီးများနှင့် မနီးမဝေး ရှိသော မြို့ငယ်လေး တစ်မြို့ဖြစ်၏။

ရွှေဝါမြို့ တောင်ဘက်၌ သိုင်းလောကတွင် ထင်ရှားသည့် ဆင်းယုန် သိုင်းသမားကြီး အောက်ရှန်၊ နေထိုင်ခြင်းကြောင့် သိုင်းလောကသားတို့က ရွှေဝါမြို့အား ဆင်းယုန်မြို့ဟုခေါ်ဝေါ်ကြ၏။

ရွှေဝါမြို့(ဝါ)လင်းယုန်မြို့သို့ နေမွန်းမတည့်မီမှာပင် ပု ထင်း ရောက်ရှိလာခဲ့၏။

လမ်းပေါ်၌ လူစည်ကားနေသည်။

နဂါးစိမ်းမှ လူက ရွှေဝါမြို့သို့ လာခဲ့ရန် မှာကြားသွား သော်လည်း မည်သည့် နေရာသို့ လာရမည်ဆိုသည်ကို ပြော မသွားသဖြင့် မြို့အဝယ်ပိုင်း၌ ယောင်လည်လည် ဖြစ်နေတော့ သည်။

နေမွန်းတည့်ချိန်သည် တစ်စတစ် တစ်စ နီးလာပြီဖြစ် သည်။

နေကျဲကျဲတောက် ပူပြင်းနေသောကြောင့် လမ်းပေါ်၌ လူသွားလူလာ ရှင်းသွားလေ၏။

ထိုစဉ်—

‘ခွပ်ခွပ်—ခွပ်ခွပ်’

www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာသံများ၊ မြင်းလှည်း ဘီးလိမ့်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

မြင်းလှည်းတစ်စီး အပြင်၊ ခမောင်းနှင့်လာသည်ကို တွေ့ရသဖြင့်—

ပုသိမ်းဆေးဆိုမ်းဘေးသို့ ဆင်း၍ ရှေ့စင်တိမ်းရန် တန်ပြင်လိုက်စဉ်မှာပင်—

'အော…ဟော'

မြင်းလှည်းသမားသည် မြင်းများကို အော်ငေါက်၍ ပုထင်းရှေ့တွင် ရပ်တန့်လိုက်၏။

ထိုလူသည် လှေးခနဲ ခုန်ဆင်းလာပြီး ပုထင်းအား ဖိတ်ခေါ်လိုက်၏။

'မြင်းလှည်းပေါ် တက်ပါ'

သူ့ ကြောင်အမ်းအမ်း ဖြစ်မိသော်လည်း နဂါးစိမ်းအဖွဲ့နှင့် ချိန်းထားသည်ကို သတိရလိုက်သဖြင့် မြင်းလှည်းပေါ်သို့ တက်လိုက်၏။

ထိုလူသည်လည်း မြင်းလှည်းမောင်းသူ နေရာသို့ ပြန်လည်ခုန်တက်၍ ဒုန်းစိုင်း မောင်းနှင် သွားတော့သည်။

'ဟီး ဟီး ဟီး'



'ခွပ်ခွပ် ခွမ်ခွပ်'

မြင်းခွာသံ၊ မြင်းလှည်း ဘီးလိမ့်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့သည်။

၀ ၀ ၀

နဂါးစိမ်း ဂိုဏ်းသည် သိုင်းလောက တစ်ခုလုံးအား စိုးမိုးထားသော ဂိုဏ်းတစ်ခု ဖြစ်၏။

ထက်ကိုယ်တော် သိုင်းသမားများ၊ သိုင်းအဖွဲ့အစည်းများအား စည်းရုံးသိမ်းသွင်းပြီး အခမ့်သစ္စာခံ ပြုလုပ်လျက်ရှိလေသည်။

သစ္စာမခံသူများကို နည်းအမျိုးမျိုး အသုံးပြု၍ လုပ်ကြံစစ်ဆေး ရှိသည်။

သိုင်းလောက၌ မည်သူကိုမှ အမှုမထားဘဲ ထင်ရာစိုင်းနေသည့် ဂိုဏ်းတစ်ခု ဖြစ်ရာအား—

www.burmeseclassic.com

www.burmeseclassic.com



ယခုကဲ့သို့ လျှို့ဝှက်စွာ လှုပ်ရှားနေသည်ကို ပုထင်းအံ့သြမိသည်။

'နဂါးစိမ်း ဂိုဏ်းထဲမှာလဲ ပြဿနာတွေ ဖြစ်ပေါ်နေပါတယ်'

နဂါးစိမ်းမှလူ ပြောခဲ့သည့် စကားကို ပြန်လည် ကြားယောင်လာသည်။

မြင်းလှည်းနှင့် လိုက်ပါသွားရသည့်အချိန် ကြာမြင့်လှသည် တော့ မဟုတ်ပါချေ။

'ဟော ဟော'

မြင်းလှည်းသမားက မြင်းများကို အော်ငေါက်လိုက်လျှင် မြင်းလှည်း ရပ်တန့်သွားလေတော့သည်။

'ကျွီ'

မြင်းလှည်းတံခါး ပွင့်သွား၏။

ပုထင်းက ချက်ချင်း ဆင်းလိုက်သည်။

ထိုအခါ...

ခမ်းနားထည်ဝါလှသည့် အဆောက်အအုံကြီးတစ်ခုရှေ့၌ ရောက်ရှိနေသည်ကို တွေ့ရ၏။

မြင်းလှည်းသမားက အိမ်တံခါးမကြီးဆီသို့ ညွှန်ပြလိုက်လေသည်။



'အထဲကို ဝင်သွားပါ'

ပုထင်းလည်း အိမ်ထဲ လှမ်းဝင်လိုက်သည်။

အဆောက်အအုံကြီး အတွင်း၌ အပ်ကျသံ ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေ၏။

ပုထင်း အကဲခတ် ကြည့်လိုက်သောအခါ ဧည့်ခန်းအတွင်း တွင် မလှုပ်မယှက် ထိုင်နေသူ တစ်ယောက်ကို တွေ့လိုက်ရလေသည်။

တုတ်တုတ်ခိုင်ခိုင်ရှိသော အသက်ငါးဆယ်အရွယ် လူတစ်ယောက် ဖြစ်လေသည်။

ထိုလူ လှုပ်ရှားလာသည်။

'ထိုင်ပါ'

သူ၏ရှေ့မှ ထိုင်ခုံတစ်လုံးကို ညွှန်ပြကာ ပြောလိုက်သည်။

ပုထင်းက သွားရောက်ထိုင်ချလိုက်လေ၏။

'အရက်သောက်ပါဦး'

ထိုလူက အရက်တစ်ခွက်ထည့်ပေးကာ ပြောလေသည်။

ပုထင်း ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် အရက်သောက်ဖို့လာခဲ့တာ မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ၊ မင်းဘာတွေများ ညွှန်းချင်သလဲ၊ ပြောပါ'

'ထင်းယန်ဂိုဏ်းဟာ နဂါးစိမ်းဂိုဏ်းကိုသစ္စာခံမယ်ဆိုရင် တာယ်လို အခွင့်အရေးတွေရမလဲဆိုတာသိချင်ပါတယ်'

'မင်းဘာလုပ်ချင်သလဲ၊ မင်းကြိုက်တာလုပ်လို့ရလိမ့်မယ်'

ထိုလူက ခပ်ပြုံးပြုံးပြောလိုက်လေသည်။

ပုထင်းပြုံးလိုက်သည်။

'ကျုပ်ဟာ မြို့စားကြီးတစ်ယောက် ဖြစ်ချင်တယ်ဆိုရင်ကော'

'နဂါးစိမ်းဂိုဏ်းကိုသစ္စာခံပြီးတာနဲ့ မင်းဖြစ်ချင်တဲ့မြို့စား ဖြစ်ရစေမယ်'

'နဂါးစိမ်းဂိုဏ်းက တာဝန်ယူမယ် ဟုတ်လား'

ထိုလူက ခေါင်းညိတ်လိုက်သည်။

ပုထင်းက ထပ်မေးလေသည်။

'ဘယ်သူက တာဝန်ယူမလဲဗျ'

'နဂါးစိမ်းက တာဝန်ယူမှာပေါ့'

'ပြောသလို ဖြစ်မလာရင်ကော'

ထိုလူ၏မျက်နှာကောင်းမနေသွားလေသည်။



'နဂါးစိမ်းဂိုဏ်းကို မယုံကြည်ဘူးဆိုရင် မင်းပြန်သွားနိုင်တယ်'

စကားဆုံးလျှင် ထိုင်ရာမှထလိုက်သည်။

ပုထင်း ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီဗျာ၊ ကျုပ်ပြန်သွားပါမယ်'

ချက်ချင်း ထွက်သွားရန်ဟန်ပြင်လိုက်လေသည်။

ထိုလူမှာ...

ပုထင်း ထွက်သွားမည်မထင်သဖြင့် ကြောင်အမ်းအမ်းဖြစ်သွားလေ၏။

'နေဦး'

အပျောက်ယောလှမ်းပြီး တန့်တားလိုက်လေ၏။

ပုထင်း ခြေလှမ်းရပ်၍ လှည့်ကြည့်လိုက်သည်။

ထိုလူက ပုထင်းအနီးသို့ လှမ်းလာသည်။

အံ့သြမှုဖြင့် ပုထင်းအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်၏။

'နဂါးစိမ်းရဲ့ အကူအညီလိုချင်လို့ မင်းလာခဲ့တာ မဟုတ်ဘူးလား၊ ဒီအတိုင်း ပြန်သွားတော့မလို့လား'

www.burmeseclassic.com

www.burmeseclassic.com



ပုထင်းအား တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

'နဂါးစိမ်းဂိုဏ်းရဲ့ အကူအညီမပါရင်လဲ ထင်းယန်ဂိုဏ်းကို ကျုပ်တို့ သိမ်းပိုက်နိုင်ပါတယ်ဗျာ'

'ဒါဆို မင်းက ဘာသဘောနဲ့လာတာလဲ၊ ပြောပါဦး'

'ထင်းယန်ဂိုဏ်းချုပ်ဟာ သိုင်းလောကမှာ မိတ်ဆွေတွေရှိနေတယ်၊ ပြဿနာတစ်စုံတခုပေါ်လာရင် သူ့ရဲ့မိတ်ဆွေတွေက လက်ပိုက်ကြည့်နေကြမှာ မဟုတ်ဘူး...

နဂါးစိမ်းဂိုဏ်းကလဲ သိုင်းလောကသားတွေနဲ့ အဆင်မပြေနေတယ်ဆိုတော့ ကျုပ်တို့ချင်း မဟာမိတ်ဖွဲ့ထားလိုက်ရင် သိုင်းလောကသားတွေကို ရင်ဆိုင်တဲ့နေရာမှာ ပူးပေါင်းဆောင်ရွက်နိုင်တာပေါ့ဗျ'

ထိုလူ မျက်မှောင်ကုပ်သွားသည်။

'နဂါးစိမ်းဂိုဏ်းနဲ့မဟာမိတ်ဖွဲ့ချင်တဲ့သဘောလား'

'မှန်ပါတယ်ဗျာ'

'ဒါဆိုရင် မင်းပြန်သွားတာ အကောင်းဆုံးပဲ'

ပုထင်းက မေးလိုက်သည်။

'ဘာဖြစ်လို့လဲဗျ'



'နဂါးစိမ်းဂိုဏ်းဟာ သိုင်းလောကတစ်ခုလုံးကို အမှုမထားသလို ဘယ်သူ့ကိုမှလဲ မဟာမိတ်ဖွဲ့စရာမလိုဘူး၊ ကိုယ့်အားကိုယ်ကိုး နဲ့ ကိုယ်လုပ်ချင်ရာလုပ်နိုင်တယ်၊ နဂါးစိမ်းဂိုဏ်းချုပ်ကြီးဟာ မင်းတို့ထင်းယန်ဂိုဏ်းကိုတောင် ဆုံးမလိမ့်ဦးမယ်'

'ဟာဗျ'

ပုထင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေ၏။

'ယူဟာ ထင်းယန်ဂိုဏ်းချုပ်နဲ့ အတူ ပါလာတဲ့ လူငယ်တစ်ယောက်ကို လိုက်ရှာနေတယ်'

'ဘယ်သူများလဲဗျာ'

ပုထင်း လွှတ်ခနဲ မေးလိုက်မိ၏။

ထိုလူက အဖြေမပေးဘဲ ပြန်မေးသည်။

'မင်းကသာ ဂိုဏ်းချုပ်ကြီးကို ကူညီနိုင်မယ်ဆိုရင် မင်းတို့ ထင်းယန်ကို သိမ်းပိုက်တဲ့အခါ မြန်ပြီး ကူညီမယ်၊ ဒါပေမယ့် ဂိုဏ်းချုပ်ကြီးဟာ ဘယ်သူ့ကိုမှ အမှုမထားဘူး၊ သူ့ရဲ့သတ္တိနဲ့ယှဉ်နိုင်မှာ သေချာတယ်'

ပုထင်း သက်ပြင်းချလိုက်၏။

သူ၏အကြံ အောင်မြင်နိုင်မည် မဟုတ်ကြောင်း နားလည်မိပြီး ထင်းယန်ဂိုဏ်းအပေါ် နဂါးစိမ်းဂိုဏ်းချုပ်က ရန်ရှာလိမ့်မည်ဟု သိလိုက်ရခြင်းသာ အမြတ်ထွက်သည်ဟု သဘောထားလိုက်၏။

ထို့အပြင်—

နဂါးစိမ်းမှ အခရာပါသူ တစ်ယောက်ကိုလည်း တွေ့မြင်ပူးလိုက်ပြီ မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



'ချုပ်အလဲ ဘယ်သူ့ကိုမှ ဒူးမထောက်နိုင်ဘူး ဗျာ၊ ကဲ— ချုပ်ကို ခွင့်ပြုပါဦး'

စကားဆုံးလျှင် ထိုလူ၏ စကားကိုပင် မစောင့်တော့ဘဲ ချုပ်ခနဲ လှည့်ထွက်သွားခဲ့လေတော့သည်။

—၈—

ရန်ငြိုး

---

'ခွပ်ခွပ် ခွပ်ခွပ်'

'ခွပ်ခွပ် ခွပ်ခွပ်'

မြင်းခွာသံများ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်နေသည်။

ခမ်းနားသော ထည်ဝါလှသော စံအိမ်ကြီးအတွင်းမှ ထွက်လာသည့် မြင်းလှည်းသည် ရွှေဘိုမြို့ပြင်သို့ ရောက်ရှိလာလေသည်။

ပုထင်းသည် နဂါးစိမ်းဂိုဏ်းမှ အစောင့်ရှိသူ လမ်းယောအား နှင့် တွေ့ဆုံပြီးနေစဉ်—

www.burmeseclassic.com

www.burmeseclassic.com



အပြန်ခရီး၌ မြို့ပြင်သို့ ပို့ပေးရန် မြင်းလှည်းသမားကို မပြော ခဲ့သည် မဟုတ်ပါလား။

ယခု—

မြို့ပြင်သို့ ရောက်ရှိလာပြီ ဖြစ်သည်။

လူပြတ်သော တစ်နေရာသို့ အရောက်တွင်—

'ဟေး၊ ဟေး'

မြင်းလှည်းသမားသည် မြင်းများကို အော်ငေါက်၍ မြင်းလှည်းကို ရပ်တန့်လိုက်၏။

ထိုနောက်

မြင်းလှည်းပေါ်မှ ခုန်ဆင်း၍ တံခါးကို ဖွင့်ပေးလိုက်လေသည်။

အတော်တစ်ဘုတ်မျှ မြင်းလှည်း တံခါး ဖွင့်ပေးလိုက်သော အခါ—

ကျွန်ုပ် ယောက်ျားတစ်ယောက်သည် နေရာ၌ ရှိ လိုက် သည်။

မျှော် အောက်ထဲ၌ ခေါင်း တစ်လက် ဆုပ်ကိုင်ထားပေါ် သည်။

ပုသင်း မြင်းလှည်းပေါ်မှ ဆင်းလာသည်နှင့် လျှပ်တပြက် လိုက်၍ ကြိုးချည်ထားခြင်း ဖြစ်၏။



'မြို့ပြင်ကို ရောက်ပြီဗျ'

လွှာ၏ အသံ ကျယ်လောင်စွာ ထွက်ပေါ် လာသော်လည်း တုံ့ပြန်သံ မကြားရပါချေ။

မြင်းလှည်းတံခါးလည်း ပွင့်လာခြင်း မရှိချေ။

'မြို့ပြင်ကို ရောက်ပြီဗျ'

မြင်းလှည်းသမားက ထပ်မံ အော်ပြောလိုက်သည်။

ပုထင်၊ ထွက်ပေါ်လာခြင်း မရှိပါချေ။

'ခင်ဗျား ဘာကြောင့် ဆင်းမလာသေးတာလဲ'

မြင်းလှည်းသမားသည် စိတ်မရှည်နိုင်တော့ဘဲ မြင်းလှည်း တံခါးကို ဖျပ်ခနဲ ဆွဲဖွင့်လိုက်၏။

'ကျွ'

စတ္တဝသံရှည်ဆွဲ၍ မြည်သံနှင့်အတူ မြင်းလှည်းတံခါး ပွင့် သွားသည်။

မြင်းလှည်းသမား လျှပ်တစ်ပြက် ထိုးသွင်းလိုက်သော ဓား သည် ဗိုးခနဲ မြည်၍ လေထုထဲ ဖြတ်သန်း သွားလေသည်။

မည်သူ့ တစ်ဦးတစ်ယောက်ကိုမှ ထိုးစိုက်မိလိုက်ခြင်း မရှိ

www.burmeseclassic.com

www.burmeseclassic.com



'ဟင်—'

မြင်းလှည်းသမား ကြောင်အမ်းအမ်း ဖြစ်သွားလေတော့သည်။

သေချာကြည့်လိုက်သောအခါ မြင်းလှည်းအိမ်မှာ ဟောင်းလောင်း ဖြစ်၍ မည်သူ တစ်ဦးတစ်ယောက်မျှ မရှိသည်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်၏။

ပုထင်း မည်သည့်နေရာ ရောက်သွားပါသနည်း။

မြင်းလှည်းသမားသည် မြင်းလှည်းကို ယှဉ်ပယ်၍ ရှာဖွေကြည့်လိုက်ပါသော်လည်း—

ပုထင်း၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့ပါချေ။

ပုထင်း ပျောက်ချင်းမလှ ပျောက်ဆုံး သွားတော့သည်။



ဆင်းယုန်သိုင်းသမားကြီး ကောက်ရှန်း၏ အိမ်ဂေဟာကြီးမှာ အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေ၏။

ကောက်ရှန်းသည် ဧည့်ခန်းအတွင်းရှိ စားပွဲတစ်လုံး၌ ထိုင်ကာ အရက်သောက်နေ၏။

သူ၏ ရှေ့၌ အရက်ခွက် နှစ်ခွက် ချထားသည်။

ကောက်ရှန်းသည် အရက် တစ်ခွက် သောက်လိုက်ပြီးလျှင် ကြည်လင်ပြတ်သားသော အသံဖြင့် ပြော၏။

'မင်း ထွက်မသွားဘူး ဆိုတာ ကျုပ်သိတယ်၊ ဘာကြောင့် အပြင်မှာ အချိန်ဖြုန်းနေရတာလဲ၊ အထဲ ဝင်လာပါလား၊ အရက်တစ်ခွက်လောက် သောက်ရအောင်'

သူ၏ စကားအဆုံးတွင် ရယ်မောသံတစ်ချက် ထွက်ပေါ်လာသည်။

လူရိပ်တစ်ခုသည် ပြတင်းပေါက်မှတစ်ဆင့် ဧည့်ခန်းအတွင်းသို့ ခုန်ဝင်လာ၏။

ထိုလူကား—

ပုထင်း ဖြစ်သည်။

ပုထင်းသည် ဆင်းယုန် သိုင်းသမားကြီး ကောက်ရှန်းနှင့် မျက်နှာချင်းဆိုင် ဝင်ရောက် ထိုင်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အောင်ရှိန်းက အရက်ခွက်ကို ပေးသည်။

'သောက်လိုက်ပါဦး'

ပုထင်း ခေါင်းခါယမ်းသည်။

'ကျွန်တော် ဝပြီ၊ အချိန် မဖြုန်းနိုင်တော့ပါဘူး... ခင်ဗျာ'

အောင်ရှိန်း ပြုံးသည်။

'နဂါးစိမ်းဂိုဏ်းအကြောင်းကို မင်းသိချင်နေတာယ် မဟုတ်လား'

'ဂိုဏ်းချုပ်နဲ့တွေ့ပြီး စာရင်းရှင်းစရာတွေ ရှိနေလို့ပါဗျာ'

'ကောင်းပြီ... မင်းတွေ့ချင်တယ်ဆိုရင် တွေ့ရပါလိမ့်မယ်'

အောင်ရှိန်းသည် ထိုင်ရာမှ ရုတ်ခြည်း ခုန်ထ၍ ပုထင်းကို တိုက်ခိုက်လိုက်လေတော့သည်။



'ဝုန်း'

ကျယ်လောင်သော အသံ တစ်ချက် ထွက်ပေါ် လာလေသည်။

ပုထင်းက မလှုပ်မယှက် ရပ်နေသည်။

အောင်ရှိန်း ဒယီးဒယိုင်ဖြင့် နောက်သို့ဆုတ်သွားပြီးမှ ခြေလှမ်းရပ်နိုင်၏။

သူ၏ မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်နေသည်။

မျက်လုံးကြီးပြူး၍ ပုထင်းအား မယုံကြည်နိုင်စွာ ကြည့်မိသည်။

'မင်း... မင်း'

ပုထင်းက တည်ကြည်သော မျက်နှာထားဖြင့် ပြုံးလိုက်မိသည်။

'နဂါးစိမ်းဂိုဏ်းချုပ် ဘယ်မှာလဲ၊ ပြောပါ'

အောင်ရှိန်း အံကြိတ်လိုက်၏။

'မင်း သူ့ကို တွေ့ချင်တယ်ဆိုရင် ဂမုန်းတောင်ကိုလိုက်သွားပါ'

'ဘာလဲ'

'ဒါဆို ထင်းယန့်ကို ဆုံးမဖို့ ဆုံးဖြတ်လိုက်ပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ခင်—ခင်ဗျား'

'ခုနေ မင်းလိုက်သွားမယ်ဆိုရင် နေဝင်ကျမှ မတွေ့တော့သေးဘူး'

ပုထင်း ခေါင်းခါယမ်းလိုက်၏။

'ခင်ဗျား လိမ်ပြောနေလို့လဲ အပိုပါပဲဗျား။ နဂါးစိမ်းကို ချုပ်ကာ ဆုံးမသွားမှာပါပဲ'

ဆောက်ရှန်း မဲ့ပြုံး ပြုံးလိုက်၏။

'ကျုပ် ဘာကြောင့် လိမ်ပြောရမှာလဲ၊ နဂါးစိမ်း ဂိုဏ်းချုပ်ဟာ ထင်းယန်ကို ချေမှုန်းဖို့ သွားနေပြီ'

'ခင်ဗျား'

'နဂါးစိမ်းဂိုဏ်းချုပ်မှူကို ထင်းယန်အဖွဲ့က ဒုက္ခပေးလာခဲ့တာကြောင့် မိုးမီးလောင်တော့မယ်'

ကော့ဆီရှန်းက ကျေနပ်စွာရယ်မောလိုက်သည်။

'နဂါးစိမ်းအဖွဲ့ဟာ သိုင်းလောကတစ်ခုလုံးကို ဖျက်ဆီးပစ်တော့မယ်၊ ဟား—ဟား—ဟား'

သူ၏ရယ်မောသံသည် ငိုကြွေးသံနှင့်တူလှသည်။

ရယ်သံပီသခြင်းမရှိဘဲ အက်ကွဲလှသည်။

နှုတ်ခမ်းထောင့်မှ သွေးမျှားယိုစီးကျလာပြီး ကြမ်းပြင်ပေါ် ဝုန်းခနဲလဲကျသွားလေသည်။

ပုထင်း သက်ပြင်းချလိုက်သည်။

ဆောက်ရှန်းထံမှ ရရှိလိုက်သော သတင်းကြောင့် စိုးရိမ်စရာကောင်းလှပေသည်။



နဂါးစိမ်းခေါင်းဆောင်မှာ သားသမီးမရှိသဖြင့် တူဖြစ်သူကို သားအရင်းပမာ သဘောထားကာ အလွန်ချစ်မြတ်နိုးသည်ဟု ကြားသိခဲ့ရပေသည်

နဂါးစိမ်းခေါင်းဆောင်၏တူမှာ သူ၏ [illegible] သွားခဲ့ရ [illegible] မည်သည့်နည်းနှင့်မျှ ခွင့်လွှတ်နိုင်မည်မဟုတ်ကြောင်း ထင်ရှားပေတော့သည်။

ပုထင်းသည် အတန်ကြာ တွေးတောနေပြီးလျှင် ထင်းယန်အဖွဲ့သို့ ပြန်ရန်ဆုံးဖြတ်လိုက်လေတော့သည်။

—၇—

www.burmeseclassic.com

www.burmeseclassic.com

## စမ်းခွဲ

---

ဂမုန်းတောင်—

လာမယ်လျှပဲပြော ဂမုန်းတောင်မှာ ထားခဲ့တော့ အရှုပ်ဆုံး အချည်းစန်နေပြီ ဖြစ်ပါသည်။

ဂမုန်းတောင်ပေါ်ရှိ ထင်းယန်းအုပ်ဖွဲ့၏ အစောဆုံးအဦး များသည် မီးလောင်ဗုတ်တို့များအဖြစ်ပြောင်းလဲသွားခဲ့ပေပြီ။

ကော်ကော်ရှန်းက လိမ်ညာပြောဆိုခြင်း မဟုတ်ကြောင်း ဈေးရောင်လွှမ်းနေသော မြေပြင်က ထက်သေခံနေ၏။

ဂမုန်းတောင် ထင်းယန်းအုပ်အပေါ် ချရောက်ခဲ့သည့် နဂါးစိမ်းခေါင်းဆောင်၏ ဒေါသတော ကြောက်စရာမျက်နှာမှ ထောင်းလှုပ်ပေတော့သည်။



'တော်စေ'

ပုထင်း ဒေါသတကြီး တဆင်ခေါ်လိုက်မိလေ၏။

'နဂါးစိမ်းအဖွဲ့ကို ကျုပ် ဘယ်တော့မှမချေနပ်ဘူးဆိုတာ မှတ်ထားပါ'

သူ၏ကြိုးဝါးသံ ဗလုံးဗထွေးဖြင့် ထွက်ပေါ်လာလေ၏။

ပေချင်း၏မျက်နှာလေးကို မြင်ယောင်လာသည်။

'ညီမရယ်'

ပုထင်းသည် နဂါးစိမ်းခေါင်းဆောင်အား ချေချင်းပိုက် ရှက်ကာ ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်လေသည်။

ဂမုန်းတောင်ပေါ်မှ လှည့်ထွက်သွားရန် ဟန်ပြင်လိုက်စဉ် မှာပင်—

'ခေါင်းဆောင်လေး'

နောက်ကျောဘက်မှ ခေါ်သံထွက်ပေါ်လာသည်ကို ကြား လိုက်ရသဖြင့် လှည့်ကြည့်လိုက်သောအခါ မီးလောင်ဗုတ်တို့ များကြားမှ ထွန်းထွက်လာသူတစ်ယောက်ကို တွေ့မြင်လိုက်ရ သည်။

'ဦးခေါ်စုံလို'

ပုထင်း ဝမ်းသာအားရခေါ်လိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စုလုံ ဒယီးဒယိုင်ဖြင့် လှမ်းလာ၏။

သူ၏တစ်ကိုယ်လုံးနေရာလပ်မရှိအောင်ပင် ဒဏ်ရာဒဏ်ချက်များ ရရှိထားလေ၏။

'ဘယ်လိုဖြစ်ရတာလဲ ဦးဒလးစုလုံရယ်'

ပုထင်း ညည်းတွားလိုက်မိလေသည်။

စုလုံ၏ မျက်ဝန်းအစုံ၌ မျက်ရည်များစီးကျလာလေ၏။

'ခေါင်းဆောင်လေး၊ ကျုပ်တို့ ကံဆိုးသွားပြီ၊ နဂါးစိမ်းခေါင်းဆောင်ဟာ ကျုပ်တို့ဆီကိုရောက်လာခဲ့တယ်၊ သူ့ရဲ့ရှူ သေဆုံးမှုတော့ ထင်းယန်အဖွဲ့ရဲ့ လက်ချက်ကြောင့်ဆိုပြီး တိုက်ခိုက်သွားခဲ့တာပဲ'

'အေးနော်'

ပုထင်း တအော်ခေါ်လိုက်လေ၏။

ထင်းယန်အဖွဲ့သား နဂါးစိမ်းခေါင်းဆောင်၏ လက်ချက်ကြောင့် မရှုမလှ ပျက်စီးသွားခဲ့ရချေပြီ။

ပေချုပ်၏အခြေအနေ မည်သို့ရှိမည်နည်း။

စုလုံက ပြောလိုက်သည်။

'နဂါးစိမ်းခေါင်းဆောင် ရောက်လာပြီး ခေါင်းဆောင်လေးကို ရှာဖွေတာ သခင်မလေးအား စိုးရိမ်စိတ်နဲ့ ထန်ထားခဲ့တယ် သူ—သူ့ဟာ'



'ညီမလေးပေချုပ်၊ ဘယ်မှာလဲ ပြောပါဦး'

'သူ—သူမ—သေဆုံးသွားခဲ့ပါပြီကွယ်'

'ဗျာ'

ပုထင်း၏ဦးခေါင်းထဲ မိုင်းခနဲဖြစ်သွားလေသည်။

ပေချုပ်တော့ သေဆုံးသွားချေပြီ။

လုံးဝ မမျှော်လင့်သည့်အဖြစ်နှင့် ရင်ဆိုင်လိုက်ရခြင်း ဖြစ်ပါတော့သည်။

'ဒါ—ဒါ'

'နဂါးစိမ်း ခေါင်းဆောင်ဟာ အင်မတန် ကြောက်စရာကောင်းတယ်၊ သူ့ရဲ့ ခေါင်းဆောင်ဆောကို လှီးဖြတ်ရလိမ့်မယ်'

ပုထင်း ဒေါသတကြီးဖြင့် ရယ်မောလိုက်သည်။

'ဟား—ဟား—ဟား'

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

စုလုံ ရင်ထိတ်စွာ အံ့ဩယာ နေစဉ်ဆွတ်လိုက်သည်။ ပုထင်းက အတန်ကြာ ရယ်မောပြီး၊ တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'နဂါးစိမ်းခေါင်းဆောင်ကို ဆုံးမရမှာ ကျွန်တော့်ရဲ့ တာဝန်ပါ။ ကျွန်တော် သူ့ကိုလိုက်ရှာမယ်'

စကားဆုံးလျှင် ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်သည်နှင့် ရိပ်ခနဲ ရွှေ့လျားသွားသော အဝေးသို့ရောက်ရှိသွား၏။

'ခေါင်းဆောင်ကြီး'

စုလုံ ဟန်ဆာ လိုက်အော်သော်လည်း မရတော့ချေ။

ပုထင်းသည် ကိုယ်ဖျောက်ပညာ အသုံးပြု၍ ထွက်ခွာသွားရာ တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

○ ○ ○

သိုင်းလောကတွင် ထိတ်လန့်စရာကောင်းသော လှုပ်ရှားမှုများ ဖြစ်ပေါ်လာလေသည်။

နဂါးစိမ်းအဖွဲ့ ပြန်လည်ခေါင်းထောင်လာပြီး သိုင်းလောကသားများကို ဒုက္ခပေးလာခြင်းဖြစ်လေသည်။



ရှေ့ပိုင်းအတွင်းမှာပင် ထိပ်တန်းသိုင်းသမားအတော်များများမှာ နဂါးစိမ်းဂိုဏ်း၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ရလေသည်။

နဂါးစိမ်းဂိုဏ်းသည် သိုင်းလောကသား အချို့ကိုလည်း စည်းရုံးသိမ်းသွင်းထားပြီးဖြစ်ရကား သိုင်းလောကတွင် ထွက်ပေါ်လာသည်နှင့် ပြင်းထန်သောတိုက်ပွဲများ ဖြစ်ပွားခဲ့ခြင်းဖြစ်လေသည်။

သိုင်းသမားကြီးများသည် လွန်ခဲ့သောနှစ်များက နဂါးစိမ်းဂိုဏ်း သိုင်းလောကတွင် သောင်းကျန်းခဲ့ပုံများကို ပြန်လည်သတိရလာကြလေသည်။

ဆိုစဉ်ကလည်း—

နဂါးစိမ်းဂိုဏ်းကြောင့် သိုင်းလောကကြီး ပျက်စီးမလို ဖြစ်ခဲ့ရသည် မဟုတ်ပါလား။

နဂါးစိမ်းဂိုဏ်းအတွင်း အချင်းချင်း ပြဿနာများ ပေါ်ပေါက်ခဲ့ခြင်းကြောင့်သာလျှင် သိုင်းလောကသားများ ကံကောင်းခဲ့ကြခြင်းဖြစ်လေသည်။

သို့မဟုတ်လျှင် သိုင်းလောကအရေး မတွေးရဲစရာဖြစ်လေသည်။

မကြာသေးမီက—

www.burmeseclassic.com

www.burmeseclassic.com



နဂါးစိမ်းဂိုဏ်း ပြန်အညီလျှပ်ရှားဖော်သော အခလောင်း အထားများ ပြန်လည်တွေ့ပေါ်လာခဲ့သည်။

ထိုနေ့မှာ—

နဂါးစိမ်းဂိုဏ်းချုပ်ကိုယ်တိုင် ဦးဆောင်သော နဂါးစိမ်းဂိုဏ်းသည် သိုင်းလောကအား စိန်ခေါ်သော စာကြွေးပေးလေတော့သည်။

ထင်းယန်ဂိုဏ်းသည် နဂါးစိမ်းဂိုဏ်း၏ သတ်ဖြတ်ချက်ဖြင့် ပထမဆုံး တစ်ဂိုဏ်းလုံး ဖျက်ဆီးခံလိုက်ရသော ဂိုဏ်းတစ်ခုအဖြစ် စာရင်းဝင်သွားလေသည်။

ထင်းယန်ဂိုဏ်း ဖျက်ဆီးခံလိုက်ရခြင်းကြောင့်လည်း ပုထင်းမှာ နဂါးစိမ်းဂိုဏ်းချုပ်အား သွဲကြီးမဲ့ကြီး ရှာဖွေခဲ့လေတော့သည်။

၀ ၀ ၀



လဆန်းငါးရက်။

ထိုင်းကျောင်းတော်ခြေမှ ရွှေစေးဂိုဏ်းသည် နဂါးစိမ်းဂိုဏ်း၏ တိုက်ခိုက်ဖျက်ဆီးခြင်း ခံရပြန်သည်။

လဆန်းခြောက်ရက်။

ရှောင်လင်ကျောင်း၏ အမှတ်သုံးဌာနခွဲ တိုက်ခိုက်ဖျက်ဆီး ခံရသည်။

လဆန်းခုနစ်ရက်။

သိုင်းလောက၌ ထင်ရှားသည့် ရဲတိုက်မှူး နဂါးစိမ်း၏ ပစ်မှတ်ဖြစ်ခဲ့၏။

နဂါးစိမ်းဂိုဏ်းသည် သိုင်းလောကမှ ထင်ရှားသော သိုင်းအဖွဲ့အစည်းများအား လိုက်လံချေမှုန်းနေပြီး လဆန်းရှစ်ရက်နေ့ရောက် ရှယ်ယင်လမ်းခွဲမှ ဝေးဆျော်ရှုအား တိုက်ခိုက်မည်ဟူသော သတင်းများ ထွက်ပေါ်လာ၏။

နဂါးစိမ်းဂိုဏ်းအကြောင်း လိုက်လံစုံစမ်းနေသည့် ပုဆင်းသည် ဝေးဆျော်ရှုဆီ ဦးတည် ခရီးနှင်လိုက်လေတော့သည်။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်ပွဲစားများ၊ ခရီးသည်များ၊ သိုင်းလောကသားများ ဖြတ်သန်းသွားလာကြသဖြင့် အစဉ်စည်ကားနေသော ရှဆံယင်မျှမ်းခဲ့သည့် မေးကျေးရွာအား နဂါးစိမ်းဂိုဏ်းမှတိုက်ခိုက်မည်ဆိုသော သတင်းကြောင့် လူသွားလူလာနည်းပါး၍ ခြောက်ကပ်သွားတော့သည်။

ပုထင်းသည် မေးကျေးရွာသို့သွားသည့် ရှဆံယင်လမ်းခွဲသို့ ရောက်ရှိလာသောအခါ လမ်းပေါ်၌ လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရချေ။

ပုထင်း စိတ်ပူလာ၏။

'နဂါးစိမ်းဂိုဏ်းချုပ်ဟာ မေးကျေးရွာကိုများ ရောက်သွားပြီလား'

သူ၏ခြေလှမ်းများ ပို၍သွက်လာ၏။

မေးကျေးရွာသို့သွားသည့် လမ်းကလေး၏ ဝဲယာတစ်ဖက်တစ်ချက်၌ သစ်ပင်ချုံနွယ်များ၊ ဝန်းပင်များ ဖုံးလွှမ်းထားသည်။

ပုထင်းသော ခပ်သုတ်သုတ်လျှောက်လာရင်း တစ်နေရာသို့အရောက်တွင်—

'ဝှစ်—ဝှစ်—ဝှစ်'

ရုတ်တရက်—



ချုံပုတ်များကြားမှ ပစ်လွှင့်လာခဲ့သော လက်နက်ပုန်းလေးများကြောင့် ကာပျံ့အယား ခြေလှမ်းရပ်ကာ အင်္ကျီလက်ကို ဝေ့ယမ်းပြီး ပုတ်ထုတ်ပစ်လိုက်ရ၏။

'ထောက်—ထောက်—ထောက်'

လက်နက်ပုန်းလေးများ မြေပေါ်သို့ တဖုတ်ဖုတ်ကျသွားသည်။

ထိုလက်နက်ပုန်းလေးများကို ကြည့်လိုက်ရာ ရွှေဆံထိုးလေးများဖြစ်နေသည်ကို တွေ့ရ၏။

ပုထင်း အံ့သြသွားသည်။

ရွှေဆံထိုးလေးများအား လက်နက်ပုန်းအဖြစ်အသုံးပြုတတ်သော မိထွေးဖြစ်သူ ချူစန်းကိုသာ သတိရလိုက်မိ၏။

သူ မကျေမနပ်ဖြစ်ပြီး အော်၍ပြောလိုက်၏။

'ဘယ်သူလဲ ထွက်ခဲ့စမ်း'

သူ၏အော်ဟစ်သံနှင့်အတူ—

မရှေးမနှောင်းမှာပင် ရယ်မောသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ချုံပုတ်ကြီးတစ်ခုအတွင်းမှ အမျိုးသမီးတစ်ယောက် ထွက် ပေါ်လာ၏။

ထိုအမျိုးသမီးကား သူ၏မိထွေးဖြစ်သူ ချူစန်းပင် ဖြစ်ပါ တော့သည်။

'ခင်...ခင်ဗျား'

သူ့မျက်နှာပျက်သွားသည်ကို ချူစန်းက သဘောကျစွာ ရယ်မောနေပါသည်။

'ပုထင်၊ ခင်ဘယ်လိုဖြစ်နေတာလဲ၊ ကိုယ့်ရဲ့အမေ တစ် ယောက်လုံးကို တွေ့တာတောင် ဝါရဝပြုပြီ မေးနေတယ် ထွက် လား'

'ခင်...ခင်ဗျား'

သူ အံကြိတ်လိုက်၏။

'ခင်ဗျားကို ဂါရဝစကားမပြောဘူး၊ လက်သီးပဲ ရှိရမယ်၊ သေဖို့ လာ ပြင်ထားလေတော့'

ပြောပြောဆိုဆို...

တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ချူစန်း လက်ကာပြလိုက်၏။



'ငါ့ကိုတိုက်ခိုက်ခဲ့ယ်ဆိုရင် အမှားကြီးမှားသွားလိမ့်မယ်၊ ငါဟာ မင်းရဲ့အောင်ကျိုးအတွက် လာခဲ့တာပဲ၊ ထင်းမောင် ကိုကား ဖျက်ဆီးခံလိုက်ရပြီဆိုတာနဲ့ နဂါးစိမ်းကိုက်ချုပ်ကို ဆိုက်ရှာရင်၊ ဒီကိုရောက်လာမယ်ဆိုတာ ငါ ကြိုတင်တွေးထား မိလို့ ဒီမှာလာပြီး စောင့်နေတာ၊ မင်းကိုခဏတွေ့ချင်တဲ့ လူတစ် ယောက်ရှိနေတယ်၊ သူဟာ မင်းအတွက် စိတ်ပူနေတယ်'

သူမ၏စကားကြောင့် ပုထင်တွေဝေသွားလေ၏။

'ကျုပ်ကို ဘယ်သူဟာတွေ့ချင်နေတာလဲ'

ဟူ၍ မေးလိုက်သောအခါ ချူစန်းက တည်ကြည်သော မျက် နှာထားဖြင့် ပြောလေ၏။

'ကျောင်းမေ'

'ဘာဗျ'

'ကျောင်းမေဟာ မင်းအတွက် စိုးရိမ်ပူပန်နေတယ်၊ မင်းကို တွေ့ချင်နေတယ်'

ပုထင်၊ ချက်ချင်း ခေါင်းခါယမ်းလိုက်၏။

'ဝမ်းနည်းပါတယ်ဗျာ၊ တဇောက်ဆန်းစိတ်နဲ့ ထင်ရာ စိုင်း နေတဲ့ မိန်းကလေး တစ်ယောက်ကို ကျုပ် မတွေ့ချင်တော့ပါ ဘူး'

'မင်း ဘယ်လိုပြောတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်ုပ်လိမ်ပြောစရာ အကြောင်းမရှိပါဘူး'

ချူစန်း ခေါင်းတွန့်လိုက်၏။

'ကောင်းပြီလေ.... မင်းမတွေ့ချင်ဘူး ဆိုမှတော့ ကျွန်ုပ်လည်း ဘာတတ်နိုင်ပါဦးမလဲ'

လူမသည် ပုထင်းအား ခြေဆုံးခေါင်းဆုံး ကြည့်၍ ဆက်ပြော၏။

'နဂါးစိမ်းဂိုဏ်းချုပ်ဟာ တစ်ချိန်ကလို ပုမိသားစု အပေါ်မှာ ပေါ့ပေါ့တန်တန် သဘောထားတော့မှာ မဟုတ်ဘူး၊ မင်းကိုယ်မင်း ဟုတ်လှပြီ ထင်မနေနဲ့၊ အတိသာ ထားနေလိုက်ပေတော့'

ထိုသို့ဆိုလျှင် ချူခန် လှည့်ထွက်သွားရန် ဟန်ပြင်လိုက်သည်။

'ရပ်လိုက်'

ပုထင်း၏ ဟန့်တားလိုက်သော၏။

'ခင်ဗျားလို လွယ်လွယ်နဲ့ သွားလို့ ရမှာမဟုတ်တော့ပါဘူး ဗျာ'

'ဘာ'

'ခင်ဗျားကို ပြတ်ပြတ်သားသား ဆုံးမဖို့ ကျုပ်ဆုံးဖြတ်ပြီးပါပြီ'



ယခုတစ်ကြိမ်...

မျက်နှာပျက်သွားရသူမှာ ချူစန်း ဖြစ်လေ၏။

'မင်း'

ပုထင်း အံကြိတ်၍ ပြောသည်။

'ခင်ဗျား ရောက်လာတော့ည်းက ကျုပ်တို့ မိသားစု ဒုက္ခရောက်ခဲ့ရတယ်၊ ခင်ဗျားကို ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်တော့ဘူး'

ပြောပြောဆိုဆို ဓားဓော် ယမ်း၍ စတင် တိုက်ခိုက်လိုက်သည်။

ချူစန်း မဲ့ပြုံး ပြုံး၍ ပြန်၍ ရင်ဆိုင်လိုက်၏။

'မင်း ဘာတတ်နိုင်မှာမို့လဲ'

သို့သော်

ထိပ်တိုက် ရင်ဆိုင်လိုက်ရသော အခါ ပုထင်းမှာ လူမမျှော်လင့်ထားသည်ထက် ပို၍ ကြောက်စရာ ကောင်းနေသည်ကို သိလိုက်ရ၏။

နှစ်ဦးသား ရင်ဆိုင်မိလိုက်ကြသည်နှင့်...

'ဝုန်း'

www.burmeseclassic.com

www.burmeseclassic.com



ကျွယ်ချောင်းသေး အသံ ထွက်ပေါ်လာ၍ ချူစန်းမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ရလေ၏။

ပုထင်းက အလွှတ်မပေးချေ။

'သေဖို့သာ ပြင်ထား။'

အော်ဟစ်ရင်း ဓားဟုန်ထိုး ခုန်ဝင် တိုက်ခိုက်လိုက်ပြန်သည်။

ချူစန်း ကြောက်ရွံ့သွားလေသည်။

ပုထင်း၏ သိုင်းပညာ အံ့မခန်း ထူးချွန်နေပြီ၊ သူမအနေနှင့် မည်သို့မျှ ယှဉ်အားစာအားမဲ့ ဖြစ်နေတော့သည် မဟုတ်ပါလော။

ပုထင်း၏ လက်ချက်ကြောင့် ခုပုဏ္ဏေရောက်ရတော့မည်လော မျှော်မျှားသို့ စဉ်းမှုပင်—

'ဟူး'

အဝတ်အစား ယောက်ျားသံနှင့် အရွယ် လူရိပ်တစ်ခု ရောက်ရှိလာပြီး ပုထင်းအား တိုက်ခိုက်လိုက်၏။

ရုတ်တရက်—



ရန်သူတစ်ယောက်၏ ထွက်ပေါ်လာခြင်းကြောင့် ပုထင်းမှာ ချူစန်းအား ဆက်၍ တိုက်ခိုက်ခြင်း မပြုတော့ဘဲ ကြားဝင်လာသည့် ရန်သူနှင့် ရင်ဆိုင်လိုက်ရလေသည်။

သို့တိုင်—

ပုထင်း၏ ဓားပေါ်၊ ရိုက်ချက်များ အဖျားခတ်သွားသည် ဖြစ်ရကား ချူစန်း ခံလိုက်ရသည်။

'ဝုန်း'

'အမယ်လေး'

ချူစန်းသည် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားပြီး ချုံပုတ်များ ကြားသို့ ခုန်ဝင်သွား၍ မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

သူမ နေရာသို့ ပုထင်း လိုက်မသွားနိုင်ဘဲ လွတ်ရုန်းသွား ရသည်ဖြစ်၍ မတော်မနှပ်ဖြင့် ကြားဝင်လာသူအား အော်ငေါက်ကာ တရကြမ်း တိုက်ခိုက်လိုက်၏။

'ကိုယ်နဲ့မဆိုင်ဘဲ ဝင်ရှုပ်တာ သေချင်ပြီ ထင်တယ်'

သူ၏ တိုက်ခိုက်မှုကြောင့် အောက်သံ ဟားဟားတွာ ထွက်ပေါ်လာ၍ လက်ပါးရိပ်များသည် ကြားဝင်လာသူ၏ ကိုယ်ကို ဖုံးလွှမ်းသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကြာဝင်လာစဉ်၏ သိုင်းဝိညာဉ် မခေသော်လည်း ပုထင်း၏ အား ငင်နိုင်ခြင်း မရှိဘဲ နောက်ဆုတ်လိုက်ရ၏။

အသားစီးရလိုက်သည်နှင့် ပုထင်းက အခွင့်အရေးကို အလွတ်မခံဘဲ လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်စဉ် ထိုလူ၏ မျက်နှာကို တွေ့မြင်လိုက်ရသောအခါ ကြောင်အမ်းအမ်းဖြစ်သွားလေတော့သည်။

'ဟင် ... ကျောင်းမေ'

ထိုလူမှာ ဇွတ်တရွတ် နိုင်လှသည့် ကျောင်းမေ ဖြစ်နေပါတော့သည်။

ကျောင်းမေက ခေါသတကြီး အော်ပြောလိုက်၏။

'ရှင့်ကို ကျွန်မ မုန်းတယ်'

သူမ လက်ဝါးဖြင့် ရိုက်လိုက်သောအခါ ပုထင်း အပျော့ ရှောင်လိုက်သော်လည်း ဝဲဘက် ပခုံးကို ရိုက်ချမိလိုက်သဖြင့် ယိုးယိုင်နှင့် နောက်ဆုတ်လိုက်ရတော့သည်။

'ဝုန်း'



ကျောင်းမေသည် ဆက်၍ တိုက်ခိုက်ခြင်းမပြုဘဲ ချုံပုတ်များကြားသို့ ခုန်ဝင်သွားလေ၏။

'ကျောင်းမေ ... ကျောင်းမေ'

ပုထင်းက အော်ခေါ်ရင်း ပြေးလိုက် သွားမိတော့သည်။

—၀—

www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာမိုးလျှံ

---

သစ်ဝင်ချုံနွယ်မျှားသည် အနောက်ဘက်တွင် အရိပ်ရိပ်ဖြင့် ကျန်ရစ်ခဲ့၏။

ကျောင်းမသည် ကိုယ်မစုတည်း အသုံးပြု၍ ပြေးလွှားသွား ပြီး တောင်ကုန်းလေး တစ်ခုသို့ ရောက်လာသောအခါ ခြေလှမ်း ရပ်လိုက်၏။

ထိုအခါ—

လူမတ် အရှေ့ဘက် မလှမ်းမကမ်းတွင် လူတစ်ယောက် ရပ် နေသည်ကို တွေ့လိုက်ရ၏။

ထိုလူမှာ ပုထင်း ဖြစ်သည်။



ပုထင်းသည် သိုင်းပညာ ရှော ကိုယ်ဖျော့ ပညာဝါ သူမ ထက် သာလွန်နေကြောင်း လက်တွေ့ သိလိုက်ရသဖြင့် ကျောင်း မ မကျေမနပ် ဖြစ်သွားလေ၏။

'ရှင်—ရှင်'

ပုထင်း၏ မျက်နှာ တည်ကြည်လေးနက်နေသည်။

'ညီမ—စိတ်ထင်ရာ စိုင်းနေမယ်ဆိုရင် ဒုက္ခရောက်ဖို့ပဲရှိတယ် ဆိုတာ သတိထားစေချင်တယ်'

ကျောင်းမ နှာခေါင်း ရှုံ့လိုက်မိသည်။

'ပါ—ကျွန်မကိစ္စဝါ ဆရာလာမလုပ်ပါနဲ့'

ပုထင်း ပင့်သက်ရှိုက်လိုက်မိလေသည်။

ကျောင်းမကား ဖျောင်းဖျ ဖို့မလွယ်မှန်းလည်း နားလည် ထား၏။

'နဂါးစိမ်းကိုယ်ထားအကြောင်း ညီမ ကောင်းကောင်း သိဝါ တယ်၊ ဘာကြောင့် သူတို့နဲ့ပတ်သက်ချင်ရတာလဲ၊ ဓားပိုက်ကို အရှဲ့တိုက်ပြီး လျှောက်လုပ်ခနေမယ်ဆိုရင် မှားလိမ့်မယ်'

ကျောင်းမ လက်မခံပါချေ။

'မှန်တယ်ထင်လို့လုပ်တာ ဘာကြောင့်မှားရမှာလဲ၊ ရှင့်ကို အရှဲ့တိုက်စရာ ဘာအကြောင်းရှိလို့လဲ၊ ကျွန်မက ရှင့်ကို ဂရု စိုက်နေရမှာလား'

www.burmeseclassic.com

www.burmeseclassic.com



'ညီမ'

'ကျွန်မဟာ နဂါးစိမ်းမှာ အရေးပါသူတစ်ယောက် ဖြစ်နေပြီ၊ ရှင်ဟာ နဂါးစိမ်းဂိုဏ်းကို ဒုက္ခပေးမယ့်လူဆိုတော့ ကျွန်မရန်သူ ဖြစ်နေပြီ၊ ရှင့်ကို ပြတ်ပြတ် ပြောထားဖို့ မရ ထိမ့်မယ်'

ပြောရခက်သော ကျောင်းမကြောင့် ပုထင်း စိတ်ပျက်သွား သည်။

သူမ အသွယ်ကြောင့် မိုက်မိုက်မဲမဲပြုမူနေရသည်ကို နား လည်ထားသဖြင့် အပြောရခက်နေပါတော့သည်။

ကျောင်းမက တော်နှစ်ပတ်စေ့ယမ်းသို့ ကြည့်သည်။

'ကဲ...ရှင် သတိထားထင်းပေတော့'

သူမသည် အော်ပြောလိုက်ပြီး ပုထင်းအား တိုက်ခိုက် လိုက်လေသည်။

ပုထင်း မလှုပ်မယှက်ရပ်နေ၏။

သူ၏မျက်နှာတွင် စိတ်ရှုပ်ထွေးခြင်းနှင့် ဝမ်းနည်းသည့် အရောင် အထင်းသားပေါ်လွင်နေလေသည်။

ကျောင်းမ သတိပြုမိသော်လည်း အမူမထားဘဲ ဆက်၍ တိုက်ခိုက်ခဲ့သည်။

ပုထင်းက ခုခံတိုက်ခိုက်ခြင်းမပြုသကဲ့သို့ ရှောင်တိမ်းခြင်း လည်း မပြုပါချေ။

ထို့ကြောင့်

တဖြည်းဖြည်း တိုက်ခိုက်လာသည့် ကျောင်းမ၏တိုက်ခိုက်မှုကို ခံလိုက်ရလေသည်။



'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

ပုထင်းမှာ ကြိုးပြတ်သွားသော စွန်ရဲလေးပမာ အဝေးသို့ လွင့်စင်သွားလေတော့သည်။

'အောင်'

ကျောင်းမ မယုံနိုင်အောင်ဖြစ်သွားကာ လွတ်ခနဲအော်လိုက် လေတော့သည်။

* * *

ပုယင်းသည် ကျောင်းမ၏ ဆက်ဝါးရိုက်ချက်မိပြီး အဝေး သို့ လွင့်စင်သွားလေသည်။

ကျောင်းမ ကြောင်အမ်းအမ်းဖြစ်သွားသည်။

'ရှင်...ရှင်...ဘာကြောင့် မရှောင်တာလဲ'

သူမ ခပ်တုန်တုန်သံဖြင့် ပုထင်းနေရာသို့ ပြေးသွားလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ပုထင်းသည် မြေပေါ်သို့ကျသွားပြီး အရှိန်ဖြင့် သုံးလေး ပတ်မျှ လိမ့်သွားလေသည်။

ထိုနောက်…

လူးလိမ့်ထလိုက်သောအခါ ဒယီးဒယိုင် ဖြစ်ခနေပါတော့ သည်။

'ဝေါ့'

ပါးစပ်ထဲမှ သွေးများသည်။ အန်ထုတ်လိုက်၏။

ပုထင်း၏အခြေအနေကိုမြင်လျှင် ကျောင်းမေ မှိုပြီးထိတ်လန့် သွား၏။

'ရှင်—ရှင်'

ပုထင်း အားယူပြီးပြောလိုက်သည်။

'ကျုပ်ကို တိုက်ခိုက်လိုက်ရတဲ့အတွက် ကျေနပ်ပါတယ်'

'အို'

'ကျုပ်ကြောင့် မင်းဘာအနစ်နာခံသွားရတာမျိုးတော့ မဖြစ် စေချင်ဘူး၊ မင်းဟာ ပါးနပ်လိမ္မာတဲ့ မိန်းမကောင်းတစ်ယောက် ပါ'



'ကျွန်မကို ဒါတွေလာမပြောမနေနဲ့၊ ရှင်ဟာ နဂါးစိမ်း ဂိုဏ်းက ယှဉ်ချင်နေတဲ့လူတစ်ယောက်ပဲ၊ ဒါကြောင့် ရှင့်ကို ဖမ်းဆီးခေါ်ဆောင်သွားရလိမ့်မယ်'

ပုထင်းသည် နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျလာ သည်အထိ ရယ်မောလိုက်လေသည်။

'မင်းဟာ နဂါးစိမ်းဂိုဏ်းရဲ့ အလိုကျဖြစ်အောင် ကျုပ်ကို ဖမ်းချင်တယ်ဆိုရင်တော့ ဖမ်းခေါ်သွားပေတော့ပေါ့'

'ကောင်းပြီ'

ကျောင်းမေက အလျော့မပေးဘဲ ရှေ့တိုးလာခဲ့သည်။

ထိုစဉ်—

'ရပ်လိုက်'

ဟန့်တားသံနှင့်အတူ လူရိပ်အချို့ ပြေးလွှားလာနေကြ သည်ကို တွေ့မြင်လိုက်ရလေသည်။

ကျောင်းမေ ရုတ်ထိတ်သွားပြီး ပုထင်း၏ရှေ့၌ အကာအကွယ် ပြုလော ရပ်နေလိုက်လေသည်။

ကျောင်းမေသည် ပုထင်းအတွက် စိုးရိမ်ပူပန်မှုရှိနေကြောင်း ထင်ရှားနေပေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြေးလွှားရောက်ရှိလာသူများမှာ အစိမ်းရောင်ကိုယ်ကြပ်အင်္ကျီ ဝတ်ဆင်ထားကြသည့် ခေးကျေးရွာမှ ခေးသားမများ ဖြစ်ကြောင်း သိရသည်။

ခေးသမားငါးယောက်သည် ကျောင်းမအား ဝိုင်းရံထား လိုက်ကြ၏။

ကျောင်းမ မဲ့ပြုံးပြုံးလိုက်သည်။

'ခေးကျေးရွာကလူတွေကြီး၊ နဂါးစိမ်းဂိုဏ်းက ရှင်တို့ကို ဆုံးမယ်ဆိုတာ မသိကြသေးဘူထင်တယ်'

ခေးသမားငါးယောက်အနက် ခေါင်းဆောင်ဖြစ်ဟန် ရှိသည့် ပိန်ပိန်ရှည်ရှည်လူက မဲ့ပြုံးပြုံးလိုက်သည်။

'နဂါးစိမ်းဂိုဏ်း၊ အခုပြီးနေ့ခင့်ယှဉ်တာကို သိထားလို့ ကျုပ်တို့က ရွာအပြင်ဘက်ထွက်ပြီး စောင့်ကြပ်နေကြတာပဲ၊ မင်းဟာ နဂါးစိမ်းဂိုဏ်းက လူဆိုရင်တော့ ဖမ်းခေါ်သွားရလိမ့်မယ်'

ကျောင်းမ ခေါင်းညိတ်လိုက်သည်။

'တော်ခင်းသားမှ၊ ကျွန်မကို ဖမ်းခေါ်လို့ရရင် ခေါ်သွား နိုင်ပါတယ်ရှင်'

'မိန်းကလေးတစ်ယောက် ဖြစ်နေမည့် နဂါးစိမ်းဂိုဏ်းက လူဆိုရင် ကျုပ်တို့က ညှာမှာမဟုတ်ဘူး၊ ဃတိသာထားပေ တော့'



ခေးကျေးရွာအပေါ် ကျရောက်လာမည့်အန္တရာယ်ကို ကာကွယ်ရန် ရွာအပြင်ဘက်ထွက်၍ လှည့်စောင့်ကြပ်နေသော ခေးသမားငါးယောက်တို့သည် ကျောင်းမထံသို့ အမှာန်ထိုး ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

တောသမ်းတောဝေါ်၌ ပြင်းထန်သော်တိုက်ပွဲဖြစ်ပေါ်လာ၏။

ပုထင်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်၏။

ခေးသမားငါးယောက်နှင့် ကျောင်းမတို့ ထိပ်တိုက်ရင်ဆိုင် မိကြပြီး မရှေးမနှောင်းမှာပင်...

'ဟုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာ သည်။

ခေးသမားများမှာ ကျောင်းမ၏ တိုက်ခိုက်မှုကြောင့် ဖရိုဖရဲ လွင့်စင်သွားကြလေတော့သည်။

ကျောင်းမ ရယ်မောလိုက်၏။

'ခေးကျေးရွာကလူတွေရဲ့ပညာ ဒါလောက်ပဲလား၊'

www.burmeseclassic.com

www.burmeseclassic.com



ဓားသမားငါးယောက်တို့ လူးလိမ့်ထလာပြီး တိုက်ခိုက်ရန် တန်ပြင်လိုက်ကြ၏။

သို့သော်—

သူတို့သည် ကျောင်းမေအား မည်သည့်နည်းနှင့်မျှ ယှဉ်နိုင်မည် မဟုတ်ကြောင်း ထင်ရှားနေ၏။

ပုထင်းမှာ အော်မေးလိုက်၏။

'ကျောင်းမေ မင်းရဲ့လုပ်ရပ်တွေ ရပ်တန့်လိုက်ရင် ကောင်းမယ်'

သူမမှာ အမှုမထားပါချေ။

'ဓားကျောရှာကိုဆုံးမဖို့ နဂါးစိမ်းဂိုဏ်းချုပ်က ကျွန်မကို တာဝန်ပေးထားတယ်ရှင့်၊ တာဝန်မကျေလို့မဖြစ်ဘူး၊ ဂိုဏ်းချုပ်က သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးချုပ်ကိုင်တော့မယ့်လူဆိုတာ ရှင်လည်းသိသားပဲ'

'မင်း...မင်း'

ပုထင်း မကျေမနပ်ဖြစ်သွား၏။

ထိုစဉ်—

'နဂါးစိမ်းဂိုဏ်းက ထင်ရာစိုင်းလို့ရမယ်ထင်ရင် မှားလိမ့်မယ် မိန်းကလေး'

အသံသြသြတစ်ချက် ထွက်ပေါ်လာ၏။

ကျောင်းမေ ကြည့်လိုက်သောအခါ—



တောင်ထွတ်တစ်ဖက်မှ လူသုံးယောက်ထွက်ပေါ်လာသည်ကို တွေ့လိုက်ရ၏။

ထိုလူသုံးယောက်မှာ အသက်ငါးဆယ်ခန့်ရှိ အဘိုးအို သုံးယောက်၊ အစိမ်းရောင်ဝတ်လုံရှည်နှင့် ရသေ့ကြီးဆန်ပါးတို့ ဖြစ်ကြလေ၏။

ထိုလူသုံးယောက် ရောက်လာသည်ကိုမြင်လျှင် ဓားဆော ရှမှ လူငါးယောက် ဝမ်းသာအားရ ဖြစ်သွားကြလေတော့သည်။

○ ○ ○

လူသုံးယောက် ထပ်မံရောက်ရှိလာသည်နှင့် အခြေအနေ တစ်မျိုးပြောင်းသွားသည်ဟု ပုထင်း ထင်မှတ်မိလိုက်၏။

ထိုသုံးယောက်သည် ထိပ်တန်းသိုင်းသမားများဖြစ်ကြောင်း သူတို့၏အတွင်းအားမှာ ပေါ်ပြနေခြင်းကြောင့်ဖြစ်သည်။

www.burmeseclassic.com

မေးကျေးရွာမှလူငါးယောက်က ချက်ချင်း ဦးညွှတ်လိုက်ကြ၏။

အသက်သေဆယ်ခန့် အစိမ်းရောင်ဝတ်လူမှာ အသိအမှတ်ပြုသည့်သဘောဖြင့် ခေါင်းညိတ်ပြလိုက်၏။

မေးကျေးရွာမှလူငါးယောက်က ချက်ချင်း နောက်ဆုတ်လိုက်ကြ၏။

ပုထင်၊ ဝင့်သက်ရှိုက်လိုက်၏။

နဂါးစိမ်းခေါင်းဆောင်နှင့် ရင်ဆိုင်ရန် မေးကျေးရွာသို့ လာခဲ့ရာမှ မေးကျေးရွာပိုင်ရှင်၏ အကြောင်းကို ကြားသိခဲ့ရသေးသည်။

မေးကျေးရွာပိုင်ရှင် ကျောင်းတော်မှ သိုင်းဆရာတို့၏ ထိပ်သီးဆရာသမားဆယ်ယောက်တွင် ပါဝင်သူဖြစ်၏။

ဓား၊ ဝညာနှင့်ဖက်သပြီးထားသော ကျွမ်းကျင်လိမ္မာပြီး ထိပ်သီးသိုင်းသမားများ၏ ချီးကျူးမှုကို ခံရသူဖြစ်သည်။

မေးကျေးရွာကို တည်ထောင်ခဲ့သည်မှာ ဆယ်နှစ်ခန့်သာ ရှိသေးသည်။

သိုင်းလောကတွင် ထင်ရှားကျော်ကြားစေရန် စွမ်းဆောင်နိုင်ခဲ့သူလည်း ဖြစ်သည်။

မေးကျေးရွာပိုင်ရှင်၏ ဖခင်မှာ ကွယ်လွန်သွားခဲ့ပြီ ဖြစ်သော်လည်း လူ၏ အရင်းနှီးဆုံး မိတ်ဆွေနှစ်ယောက်က မေးကျေးရွာပိုင်ရှင်အား ကျေးဇူးထားနေခဲ့ပြီးသားကြ၏။



တစ်ယောက်မှာ...

ဝူတန်းဂိုဏ်းချုပ်နှင့် ဓားပညာဆရာနေ့ပေဖ် မေတ္တာဓား ရှင် ထုံးရှမ်းဖြစ်ပြီး ကျန်တစ်ယောက်မှာ မိုးပြုရသော စီးမင်း ဖြစ်သေးသည်။

ယခု...

အစိမ်းရောင်ဝတ်ထားသည့် လူသတ်ပိုင်း ဝါ) မေးကျေး ရွာပိုင်ရှင် ကျောင်းတော်သည် သူ့ဖခင်၏ မိတ်ဆွေများ၊ ဖြစ်ကြ သော ထိပ်ထိပ်ကြဲ ဓားသမားကြီးများ၊ ဖြစ်ကြသည့် မေတ္တာ ဓားရှင် လုံရှမ်းနှင့် မိုးပြုရသော စီးမင်းတို့ ရောက်ရှိလာကြ ခြင်း ဖြစ်ကြောင်း၊ ပုထင်း နားလည်သိုက်၏။

နားလည်ပြီးချိန် သိုင်းသမားကြီးများ ရောက်ရှိ လာခြင်း ကြောင့် ဒေါ်ရာ ရထားသည့်တိုင် ကိုယ့်ကိုယ်ကို ဂရုမစိုက်နိုင် အားဘဲ ကျောင်းမေအတွက် စိတ်ပူသွားလေ၏။

'မင်း...ဒီနေ့သာ အမြန်ထွက်သွားတာ အကောင်းဆုံးဖြစ် မယ်'

ဟူ၍ သတိပေးလိုက်မိ၏။

ကျောင်းမေ မဲ့ပြုံး ပြုံးသည်။

'ကျွန်မဟာ နဂါးစိမ်းဂိုဏ်းမှာ အခရာပါတဲ့လူတစ်ယောက် ဖြစ်နေပြီ၊ ဒါကြောင့် မေးကျေးရွာကို ဆုံးမတဲ့နေရာမှာ မပါ ဝင်လို့ ဘယ်ဖြစ်ပါမလဲ'

www.burmeseclassic.com



'မင်း...'

'ရှင်သာ ဒဏ်ရာရထားပြီ ဆိုတော့ ဒီနေရာမှာ ထွက်ခွာသွားတာ အကောင်းဆုံး ဖြစ်လိမ့်မယ်၊ တော်ကြာ နဂါးစိမ်းဂိုဏ်းချုပ် ရောက်လာရင် ရှင်ဒုက္ခရောက်လိမ့်မယ်'

သူမ၏ စကားကြောင့် ဓားကျော့ရွှေပိုင်ရှင် ကျောင်းကျော်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။

ကျင်းမေသည် ဓားကျော့ရွှေကို ဒုက္ခပေးမည့် နဂါးစိမ်းဂိုဏ်းမှ လူတစ်ယောက် ဖြစ်ကြောင်း သိလိုက်ရသဖြင့် မရှော မနပ် ဖြစ်သွားသည့် သဘောရှိ၏။

ထိုအပြင်—

ပုထင်းသည် ဒဏ်ရာ ရထားပြီး ကျင်းမေနှင့် သိကျွမ်းနေခြင်းကြောင့် အံ့ဩနေပုံ ရှိ၏။

ကျင်းမေက တိုက်ခိုက်လိုက်သဖြင့် ပုထင်း ဒဏ်ရာရသွားခဲ့သည်ကို သူတို့ တွေ့မြင်ထားသည် မဟုတ်ပါသော။

'ကျင်းမေ...မင်းမြန်မြန်သွားပေါ့'

ပုထင်းက စိုးရိမ်တကြီး ပြောသည်။

သူမ ခေါင်းခါယမ်း၏။

'ကျွန်မ ဘာကြောင့် သွားရမှာလဲ'

'မင်း'



သူမသည် ပုထင်းအား အရှုံးတိုက်ရှိ စိတ်ဖြင့် နဂါးစိမ်းဂိုဏ်းနှင့် ပတ်သက်ခဲ့ခြင်း ဖြစ်၏။

ယခုမူသည်။

ပုထင်း စိုးရိမ် ပူပန်နေကြောင်း သိ၍ ဓားကျော့ရွှေပိုင်ရှင် ကျောင်းကျော်တို့ ဘက်သို့ လှည့်၍ စိန်ခေါ်လိုက်ခြင်း ဖြစ်လေသည်။

'ဓားကျော့ရွှေပိုင်ရှင် ရောက်လာတာ အတော်ပဲ၊ ကျွန်မ မပင်ပန်းရတော့ဘူးပေါ့၊ ကဲ...နဂါးစိမ်းဂိုဏ်းရဲ့ အမိန့်အတိုင်း အညှုံ့ခံမလား၊ အခွင့်သာခံမလား၊ ကြိုက်တဲ့ လမ်းကိုသာ ရွေးပါ'

ဓားကျော့ရွှေပိုင်ရှင်ကို ထိပါးစေသော စကားတို့ဖြင့် စိန်ခေါ်လိုက်လေ၏။

ကျောင်းကျော် ဒေါပွသွားသည်။

'နဂါးစိမ်းဂိုဏ်းဟာ အတော်ကို မောက်မာကြပါလား၊ ဒါပေမယ့် ဓားကျော့ရွှေက မမှုသေးဘူးဆိုတာ မှတ်ထားပါ၊ မိန်းကလေး ဒုက္ခရောက်မှာကို မလိုလားပါဘူး၊ ဂိုဏ်းချုပ်ကိုသာ ခေါ်လိုက်ပါ၊ ကျုပ် သူနဲ့ ရင်ဆိုင်ပါမယ်'

ကျင်းမေက ရယ်လိုက်သည်။

'ဓားကျော့ရွှေ ပိုင်ရှင်က တော်တော် အပြောကြီးတာပဲ၊ ဂိုဏ်းချုပ်ကိုယ်တိုင် ထွက်စရာမလိုပါဘူး၊ ကျွန်မတစ်ယောက်တည်း ရှင်တို့ကို တာဝန်ယူပြီး ဆုံးမပါမယ်ရှင်'

ကျောင်းကျော် ဒေါပွပွသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဖခင်၏ မိတ်ဆွေများ ရှိနေသည့်အတွက် စော်ကား၊ မော်ကားမှု ပြုလုပ်သည်ဟု၍ ကျင်းမေအား ဆုံးမရန် ဆုံးဖြတ်လိုက်သည်။

'မိန်းမလေး...ဒီလောက်လဲ အပြောမကြီးပါနဲ့ဗျာ၊ ကျုပ်ဟာ မိန်းမလေး ဒုက္ခရောက်သွားမှာကို စိုးရိမ်လို့ပါ၊ မိန်းမလေး ကိုကိုအောင်ချုပ်ကိုယ်စား၊ တာဝန်ယူချင်တယ်ဆိုရင်လဲ ကျုပ် မိန်းမလေးရဲ့ ပညာကို လေးစားပါမယ်'

ကျင်းမေက ရယ်လိုက်ပြန်သည်။

'ဒိတ်ချ...ကျွန်မရဲ့ပညာကို ရှင်တို့တွေ သိရလိမ့်မယ်'

စကားဆုံးလျှင် ရှေ့သို့ လှမ်းထွက်လိုက်၏။

'ညီမ'

ပုထင်းက တန်အားလိုက်သော်လည်း မရတော့ချေ။

ကျင်းမေသည် ဓားသွေးရှာပိုင်ရှင်နှင့် ရင်ဆိုင်ရန် မျက်နှာချင်း ဆိုင်လိုက်ပြီ ဖြစ်သည်။

-၀-

## တန်မဆောင်နိုင်သူ

---

ဖေဖော့ဝယမ်း တိုးဖိခတ်လာသည်။

သစ်ရွက်ဝါလေးများ ကြွေကျ စာသက်သို့ မှေးတွိုင်သော ယန်းရန်များ လွင့်ပျံ လာလေ၏။

သို့သော်...

တောသမ်းမေ့ဖြ အသယာလှုပမှု အပေါင်း ဆိတ်သုဉ်း ပျောက်ကွယ်သွားပြီး အရှပ်ဆိုး အရှုံးတန်သည် ဘိုက်ပွဲ ဖြစ်ပေါ်လာတော့မည် ဖြစ်သည်။

ပုထင်း စိတ်ပျက်နေ၏။

ကျင်းမေအား မည်သို့မျှ ဟန့်တား၍ ရတော့မည် မဟုတ်တည်ကို သိထားရသော...

www.burmeseclassic.com



လတ်ပိတ် ကြည့်နေလို့ဖြစ်ရတော့သည်။

မေတ္တာစေတနာ လိုရှမ်းနှင့် ခွဲခြားဖြူရမသ စီးမင်တို့၏ အခြေအနေ စောင့်ကြည့်နေကြလေ၏။

ခေါ်ဆောင်ရွက် ပိုင်ရှင် ကျောင်းကျုံး၏ ကျောင်းမေအား ကျိန်းစေ ဆုံးမနိုင်လိမ့်မည်ဟု ယုံကြည်ထားပုံ ရှိ၏။

ကျောင်းကျုံး၏ ကျောင်းမေအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်၏။

'မိန်းမလေး...နဂါးစိမ်း ဂိုဏ်းချုပ်နဲ့ဖွဲ့ ကျုပ်တွေ့ချင်ပါတယ်'

စည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်၏။

ကျောင်းမေ ခေါင်းညိတ်သည်။

'စိတ်ချပါ...ကျွန်မကို အနိုင်ယူနိုင်တယ်ဆိုရင် ရှင်တွေ့မတွေ့ချင်ဘူးဆိုရင်လဲ ဂိုဏ်းချုပ်နဲ့ တွေ့ရမှာပါရှင်'

'ကြော်...ဒါဖြင့် မိန်းမလေး မလွဲမသွေ ယှဉ်ပြိုင်ရမှာပေါ့'

'ဒါ အမှန်ပါပဲရှင်'

'ကောင်းပြီ၊ မိန်းမလေးကို အနိုင်ရမှ ဂိုဏ်းချုပ်နဲ့ တွေ့ရမယ်ဆိုရင် ကျုပ်က မိန်းမလေးကို အနိုင်ယူပြရတော့မှာပေါ့၊ ကဲ...မိန်းကလေး ဓားထုတ်လိုက်ပါ'



ကျောင်းကျုံး၏ ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်လေ၏။

ကျောင်းမေ ခေါင်းခါယမ်းသည်။

'ကျွန်မက ဓားကို အသုံးမပြုပါဘူးရှင်'

သူမသည် မြေပေါ်၌ ကျနေသော သစ်ကိုင်းခြောက်တစ်ခုကို ကောက်ယူလိုက်၏။

'ဟောဒီ သစ်ကိုင်းခြောက်နဲ့ပဲ ရှင့်ကို ယှဉ်ပြိုင် အနိုင်ယူပါမယ်'

'မင်း'

ကျောင်းကျုံး ပိုပြီး ဒေါသထွက်သွားသည်။

သို့သော်

သူ၏ ခါးမှ ဓားကို ထုတ်ယူလိုက်၏။

ဓားကို မထုတ်ဘဲ ဓားအိမ်ထဲ သွင်းလျက်သား အတိုင်းထားလိုက်၏။

'ကျုပ်ကလဲ ဓားအိမ်နဲ့ပဲ ယှဉ်ပြိုင်ပါမယ်'

'ခစ် ခစ် ခစ်'

သူမက ရယ်လိုက်သည်။

'ရှင်ဟာ အတော်ကို သဘောထားကြီးတဲ့ လူတစ်ယောက်ပဲ၊ ဒါပေမယ့် ကျွန်မက ရှင့်ကို အထင်ကြီးမယ် မထင်ပါနဲ့ရှင်၊ ကဲ...ကျွန်မရဲ့ တိုက်ကွက်လာပြီ၊ သတိထားထားပေတော့'

www.burmeseclassic.com



စကားဆုံးလျှင် လက်ထဲမှ သစ်ကိုင်းကို ဝှေ့ယမ်း၍ စောင့်တိုက်ခိုက်လိုက်သည်။

လေချွန်သံများ၊ ထဟူးဟူး မြည်၍ ထွက်ပေါ်လာတော့သည်။

သစ်ကိုင်းသည် ခေါင်းတစ်လက်မမျှ ကျောင်းကျုံးထံသို့ ဝင်သွားလေ၏။

သူ အံ့သြသွားသည်။

'သူ့ရဲ့ ဓားပညာ မဆိုးပါလား'

ကျောင်းမေသည် သိုင်းပညာ ရှိသဖြင့် မောက်မာနေခြင်း ဖြစ်ကြောင်းလည်း၊ ခုနလည်းလိုက်သလို ဆုံးမမည် ဟုမည်။ စိတ်ပိုင်းဖြတ်လိုက်၏။

'မိန်းကလေးရဲ့ပညာ မဆိုးပါဘူး၊ ဒါပေမယ့် ကျုပ်ရဲ့ပညာကိုလဲ ကြည့်ထားပါဦး'

ဓားကို ဝှေ့ယမ်း၍ ကိုဖိနှိပ်လိုက်သည်။

နှစ်ယောက်သား ထိုသို့ ရင်ဆိုင်မိလိုက်သည်နှင့်—

'ထန် ထန် ထန်'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

ကျောင်းကျုံး ချက်ချင်းပင် အပေါ်စီး ရသွားလေ၏။



'လက်လွှတ်လိုက်'

မအောင်ပေါက်ရင်း စစ္စာအိမ်မြင့် ခပ်ကြမ်းကြမ်း ရိုက်ချလိုက်သောအခါ—

'ဖြောင်း'

ကျောင်းမေ၏လက်ထဲမှ သစ်ကိုင်းမှာ ထက်ပိုင်းကျိုး၍ အဝေးသို့ လွင့်စင်သွားလေတော့သည်။

'ဟင်'

ကျောင်းမေ ရင်ထိတ်၍ အံ့ဩသွားသော နောက်ဆုတ်လိုက်ရသည်။

ကျောင်းကျုံးက ဆက်၍ တိုက်ခိုက်ခြင်း မပြုဘဲ ဓားကို ရုပ်သိမ်းလိုက်သည်။

သူမအား စိုက်ကြည့်၍ပြောသည်။

'မိန်းကလေး မင်းဘာမှ တတ်နိုင်မှာ မဟုတ်ဘူး၊ ၂နဂါး စိမ်းကိုကျော်ချုပ်ကို ခေါ်လိုက်ရင် ကောင်းမယ်'

ကျောင်းမေ ခေါင်းခါယမ်းသည်။

'ရှင်တို့ သုံးယောက်ကို ကျွန်မ ဘာကြောင့် စောင့်ဝန့်ယူနိုင်ရမလဲ'

'မင်း'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မရဲ့ သိုင်းကွက်ကို ကြည့်ထားပါဦးရှင်'

ကျောင်းမေသည် သစ်ကိုင်းအား ဓါးအဖြစ် အသုံးပြု၍ ရင်ဆိုင်ရာ၌ ကျောင်းကျော်ကို မယှဉ်နိုင်ဘဲ အရေးနိမ့်သွားခဲ့ရသဖြင့် ဒေါသထွက်နေသော ဖော့ဝါးနှစ်ချောင်းကိုအသုံးပြု၍ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်သည်။

'ဟူး ဟူး ဟူး'

လေတိုးသံများ တဟူးဟူးမြည်၍ ထွက်ပေါ်လာပြီး ဖော့ဝါးရိပ်တို့သည် ကျောင်းကျော်၏ တစ်ကိုယ်လုံး ဖုံးလွှမ်းသွားလေသည်။

ကျောင်းကျော် အပျော်သဘော နေ၍ဆုတ်လိုက်ရ၏။

'မိန်းကလေး... မင်းကို ချုပ်နေသည့်နေတာကို အခွင့်ကောင်း မယူပါနဲ့၊ ချုပ်ခွင့်လွတ်မှာ မဟုတ်ဘူး'

သတိပေးလိုက်ပြီး ချည်ချင်းပင် လက်ဝါး နှစ်ဘက်ကို အသုံးပြု၍ ပြန်လည် တိုက်ခိုက်လိုက်လေသည်။

ဖော့ဝါးရိပ်များ ထွက်ပေါ်လာပြီးလျှင်...

'ဝုန်း'

ကျောင်းမေသာလျှင် နေ၍ဆုတ်သွားရပြန်၏။

ကျောင်းကျော်က တိုက်ခိုက်မှုကို ရပ်တန့်လိုက်လေသည်။



'နဂါးစိမ်းဂူကိုကျော်ချုပ် အေယ်မှာလဲ့ ပြောပေါ'

ပုထင်းလည်း ကျောင်းမေအနားသို့ စိုးရိမ်ပူပန်လာသည်။

ဒယီးဒယိုင်ဖြင့် ရှေ့သို့ လှမ်းထွက်လိုက်၏။

'ညီမ...ဒီနေရာကို ထွက်သွားတာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်'

သူမ လက်မခံဘဲ ပြန်လည် အော်ပေါက်လိုက်လေသည်။

'ရှင်နဲ့မဆိုင်ဘူး၊ ရှင်အေးဖယ်လိုက်စမ်း'

'ကျောင်းမေ'

'ရှင် ဖယ်မလား၊ မဖယ်ဘူးလား'

ကျောင်းမေသည် ကျောင်းကျော်အား ရှုံးလိုက်ရသည် ဖြစ်၍ မကျေမနပ် ဖြစ်မိရာ၌ ပုထင်းက အော်ပေါ်ဖို့ တွန်းထုတ်ပစ်လိုက်သည်။

ဒဏ်ရာ ရထားသော ပုထင်းသည် ရှုတ်ဖျရက် တွန်းအိုး တိုက်ခိုက်ခြင်း ခံလိုက်ရသဖြင့် အဝေးသို့ လွင့်စင်သွားတော့သည်။

ထိုစဉ်...

သစ်ပင်ချုံနွယ်များ ကြားမှ လူတစ်ယောက် ခုန်ထွက်လာပြီး ပုထင်းအား ပွေ့ချီ၍ ထွက်ပြေးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ…

ကျော်းမေ ထိတ်လန့်သွားလေသည်။

'မပြေးနဲ့'

အော်ငေါက်၍ ပြေးလိုက်သွားရန် ဟန်ပြင်လိုက်လေတော့သည်။

'ရပ်လိုက်'

ကျောင်းကျိုးက လမ်းပိတ် ဟန့်တားလိုက်သည်။

'ဘေးဖယ်လိုက်စမ်း'

ကျောင်းမေက ချဏ်ချင်း တိုက်ခိုက်ပစ်သည်။

ကျောင်းကျိုးကလည်း ပြန်လည် တိုက်ခိုက် လိုက်လေသော အခါ…

'ဝုန်း'

'အမယ်လေး'

ကျောင်းမေမှာ ကျောင်းကျိုးအား မယှဉ်သာတော့ ပဏ်ရှုံးရှိသွားလေတော့သည်။

မှုမသည် ကျောင်းကျိုးအပေါ် မကျေမနပ် ဖြစ်နေသော်လည်း ပုထင်းအားလည်း စိုးရိမ်နေသည် ဖြစ်ရာ၏ ဒီကာရွက်တို့ကိုမှုမထားဘဲ တစ်ဟုန်ထိုး ပြေးထွက် သွားလိုက်လေတော့သည်။



'ရပ်လိုက်'

ကျောင်းကျိုးက ဟန့်တားလိုက်သော်လည်း မမီတော့ပါချေ။

ကျောင်းမေသည် လမ်းပင်ချုံနွယ်မျှင်းကြားသို့ ခုန်ဝင်သွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

* * *

အတန်ကြာပြေးသွားသော်မကြာသောအခါ ပုထင်အားပွေ့ချီသွားသူသည် တောင်ကုန်းမလေးတစ်ခုပေါ်သို့ပြေးတက်သွားသည်ကို တွေ့လိုက်ရလေ၏။

'မပြေးနဲ့'

ကျောင်းမေသည် အော်ဟစ်ရင်း တစ်ဟုန်ထိုးပြေးလိုက်သွားရာ မီသွားလေ၏။

ရှုမသည် ထိုလူအားတွေ့ဖြင့်၍ လမ်းပိတ်ဟန့်တားနိုင်ခဲ့လေ၏။

www.burmeseclassic.com



ပုထင်းအား ခေါ်ဆောင်သွားသူမှာ ချူးစန်ဖြစ်မည်ထင်ရ သည်။

'ဘယ်ဆက်ဆံတော့ ရှင်ကို။'

ချူးစန်အား ပုထင်းကို မြေပေါ်ချလိုက်လေသည်။

'သူ့ကိုငါ ခေါ်မသွားရင် ညည်းကိုရှုပ်နေမှာပေါ့'

ကျောင်းမေ စကားမခံပါချေ။

'ရှင်အား သူ့ကိုအသုံးချမယ်၊ ဒုက္ခပေးမယ်ဆိုတာ ကျွန်မမသိ ဘူးများမှတ်နေသလား။'

ချူးစန် ခါးထောက်လိုက်လေ၏။

'နေပါဦး၊ ဟုတ်လား နဂါးစိမ်းဂိုဏ်းရဲ့ ရန်သူတစ်ယောက်ဆို တာ ညည်းမသိဘူးလား။'

'သူဘာပဲဖြစ်ဖြစ် ရှင်နဲ့မဆိုင်ဘူး'

'ညည်းဘယ်လိုဖြစ်နေတာလဲ'

ကျောင်းမေ လက်ကာပြလိုက်သည်။

'ရှင် ဒီနေရာက ခုချက်ချင်းထွက်သွားပါ'

'ညည်း...'



'ရှင်သွားမလား၊ မသွားဘူးလား'

ကျောင်းမေ အော်ပေါက်နေသဖြင့် ချူးစန် မတော်မနုပ်ဖြစ် သွားလေ၏။

'ကျောင်းမေ...ညည်းဒုက္ခရောက်နေတုန်းက ငါကူညီခဲ့ရတယ်၊ ညည်းဟာ နဂါးစိမ်းဂိုဏ်းထဲကို ငါ့နောက်မှ ရောက်လာတာ ပါ၊ ငါ့ကို အမိန့်ပေးလို့မရဘူး၊ ငါ့စည်းအရ ငါ့အမိန့်ကိုသာ ညည်းနာခံရမှာ'

ကျောင်းမေ အမှုမထားပါချေ။

'ပုထင်းကိုထားခဲ့ပြီး ရှင်ထွက်သွားပါ'

'ညည်း...'

'ရှင်ထွက်မသွားဘူးဆိုရင်တော့ ကျွန်မအဆိုးမဆိုနဲ့'

'ညည်း...'

ချူးစန် ဒေါပွသွားသော်လည်း ကျောင်းမေအား တိုက်ခိုက် ခြင်းမပြုရဲပါချေ။

ကျောင်းမေ၏သိုင်းပညာ မည်မျှကြောင်း သူမသိရှိထားပေ သည်။

'ရှင် မသွားသေးဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ဘောက်'

ကျောင်းခေါ်ဖော ပေါက်လိုက်သောအခါ ချူးစန့် မြေဆောင့်၍ ထိုင်ခေါက်လိုက်လေ၏။

'အောင်းပြီ၊ ဒီနေ့ကို နဝါးစိမ်းကိုကျုံးချုပ်ကြိုးဆီမှာ ဆင်ပြုရလိမ့်မယ်၊ ညည်းအမေ့ယူခဲ့ဖို့သာ မြင်ထားပေတော့'

ဟောဆုံးလျှင် ချူးစန်လှည့်၍ ပြေးလွှားသွားလေတော့သည်။

● ○ ○

ချူးစန်ထွက်သွားပြီးဖြစ်ပါသည်။

ကျွန်မမေ ပုထင်းနှံခဘားဦ ဒူးထောက်ချလိုက်သည်။

အကျရာပြင်းစွာ ရရှိသွားခဲ့ရသည့်အခွး သူမ၏ လက်ချောင်းကြာရှင် ဆားတင်ပါလေး။



ပုထင်းသည် ထင်းယန်ကိုထံမှ သခင်မလေးပေချင်းနှင့် လက်ထပ်ခဲ့ကြောင်း သိရပြီးနောက် တမင်အရှဲ့တိုက်၍ နဝါးစိမ်းဂုဏ်သို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

နာကျည်းမုန်းတီးမှုများဖြင့် ပြည့်လျှံနေသည့် မိန်းမလေး တစ်ယောက်အဖြစ် ထင်တိုင်းကျဲခဲ့ခြင်းဖြစ်ပါသည်။

အမှန်ဆိုရလျှင်—

ကျွန်မသည် ပုထင်းအပေါ် မေတ္တာသက်ဝင်မိခဲ့သည်။

ပုထင်းက သူမအား မိန်းမဆိုးလေးတစ်ယောက်အဖြစ်မှ သဘောထားစေသောကြောင့် အရှဲ့တိုက်ခဲ့ခြင်း ဖြစ်ပါသည်။

ယခုတော့—

ကျွန်မ ဟန်မဆောင်နိုင်တော့ပါ။

'ကျွန်မ လက်ဝါးနဲ့ရိုက်လိုက်တာကို ရှင်ဘာကြောင့်မရှောင်ခဲ့ရတာလဲ'

ပြောရင်း သူမ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာခဲ့၏။

ပုထင်းသည် သက်သာစွာမမှု မျှောနေပြီဖြစ်သော်။

www.burmeseclassic.com

www.burmeseclassic.com



လှူဖော်နှုတ်ခမ်းထောင့်မှ သွေးများ စီးကျနေသည်။

'ရှင်ဘာကြောင့် မခုခံရတာလဲ'

ကျောင်းမေ မချင့်မရဲရေရွတ်လိုက်၏။

ပုထင်းကို သည့်အတိုင်းထား၍ မရအောင်ဖို့ ဆေးကုသပေးရအောင်မည်ဖြစ်ကြောင်းနားလည်မိရကား၊ အသင့်ဆောင်ထားသော အသက်ကယ်ဆေးတစ်လုံးထုတ်၍တိုက်ကျွေးလိုက်ပြီး ဒဏ်ရာကြောင်းများကို စမ်းသပ်ကြည့်လိုက်လေသည်။

သူမ ဓါတ်သြဖြင့်ဖြစ်နိုင်ရှိအောင်ချလိုက်သောကြောင့်ပုထင်း၏ ရင်ဝမှ နှလုံးသို့ထိုးသည့် သွေးကြောအချို့ ထိခိုက်သွားကြောင်း သိလိုက်ရလေ၏။

သူမ၏အသက်ကယ်ဆေးသည် အသက်မသေရုံ ထိန်းသိမ်းထားနိုင်မည်သာဖြစ်သည်။ ဝေဒနာ သက်သာပျောက်ကင်းသွားသည်အထိ စွမ်းဆောင်နိုင်မည်မဟုတ်ဘဲ အစွမ်းထက်သော သမားတော်တစ်ယောက်မှသာလျှင် ကုသ ပေးနိုင်မည်ဖြစ်ကြောင်း သိလိုက်လေသည်။

'မဖြစ်ဘူး၊ သမားတော်တစ်ယောက်ဆီသို့ အမြန်ဆုံး အရောက်ပို့ပေးနိုင်မှဖြစ်မယ်'

သူမသည် ပုထင်းအား ပခုံးပေါ်ထမ်း၍ ပြေးလွှားသွားလေတော့သည်။

—၀—

## လမ်းကြုံ

---

နေဝန်းနီမှာ အနောက်ဘက်သို့ ငုပ်လျှိုးပျောက်ကွယ်သွားပြီဖြစ်ပါသည်။

နေခြည်ကွယ်ပျောက်သွား၍ ညနှင့် အမှောင်ထု ဖုံးလွှမ်းသွားပြီး မကြာမီ တောင်းထင်ခေါ်၌ လဝန်းထွက်ပေါ်လာလေသည်။

ကြယ်ရောင်လရောင်ဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်းဖြစ်လာလေ၏။

ကျောင်းမေသည် ပုထင်းကို ပခုံးပေါ်ထမ်း၍ ပြေးလွှားလာခဲ့သော်လည်း ဤအရပ်ဒေသသည် ငါးမိုင်ပတ်လည်တွင်လူနေအိမ်ခြေမရှိကြောင်း သူမ သိရှိထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွင်းမေသည် မြေစေးပိုင်းရှိ မြို့ကလေးတစ်မြို့သို့ သွားရန် ဆုံးဖြတ်၍ ပြေးလွှားလာခဲ့ခြင်းလည်း ဖြစ်သည်။

အတော်ဝေးဝေးသွားရမည်ဖြစ်သော်လည်း ပုထင်းအား ဆေးဝါးကုသနိုင်ရေးအတွက် တစ်ညလုံး မရပ်မနား ပြေးသွားရန်လည်း ဆုံးဖြတ်ထားလေ၏။

သူမသည် တောလမ်းအတိုင်း ပြေးလာရင်း တစ်နေရာ အရောက်တွင်...

'ခွပ် ခွပ် ခွပ်'

'ခွပ် ခွပ် ခွပ်'

မြင်းခွာသံများထွက်ပေါ်လာပြီး မြင်းလှည်းတစ်စီးမောင်းနှင်လာနေသည်ကို တွေ့လိုက်ရလေသည်။

ကျွင်းမေ ဝမ်းသာသွားလေ၏။

မြင်းလှည်းကိုလုယူ၍ ခရီးဆက်ရန် ဆုံးဖြတ်လိုက်လေသည်။

ချက်ချင်းပင်...

လမ်းဘေးသစ်ပင်တစ်ပင်အောက်၌ ပုထင်းအား ချထားလိုက်သည်။



အဝေးဆီသို့ မျှော်ကြည့်လိုက်သောအခါ လရောင်ဖြင့် မြင်းလှည်းတစ်စီး မောင်းလာသည်ကို တွေ့လိုက်ရလေသည်။

ကျွင်းမေက လမ်းပေါ်သို့ ပြေးထွက်၍ အော်ငေါ်ကာ ဟန့်တားလိုက်လေသည်။

'ရပ်လိုက်စမ်း'

မြင်းလှည်းသမားသည် လမ်းပိတ်ရပ်နေသော မိန်းမတစ်ယောက်ကို တွေ့လိုက်ရသဖြင့်...

'ဟော...ဖော...'

မြင်းများကို အော်ငေါက်၍ မြင်းလှည်းကို ရပ်တန့်လိုက်သည်။

'ဆင်းလိုက်စမ်း'

ကျွင်းမေသည် ချက်ချင်းပင် မြေပေါ်ခြေဆောင့်၍ အပေါ်သို့ ခုန်တက်ကာ မြင်းလှည်းသမားအား ဆွဲချလိုက်လေသည်။

'ဟိတ်...ဘယ်လိုလုပ်လိုက်တာလဲ'

မြင်းလှည်းသမားသည် သာမန်လူတစ်ယောက်မဟုတ်ဘဲ သိုင်းသမားတစ်ယောက် ဖြစ်နေပါတော့၏။

ချက်ချင်းပင်...

www.burmeseclassic.com

www.burmeseclassic.com



ကျောပွတ်ကို ဝှေ့ယမ်း၍ ရိုက်ချလိုက်သည်။

ကျောင်းမေ အခေါက်ကြုံသွားသည်။

အထင်နှင့်အမြင် တလွဲစီ ဖြစ်သွားခြင်းကြောင့် အပျံယော ပြန်လည် ခုန်ဆင်းလိုက်၏။

မြင်းလှည်းသမားသည် ဆက်၍ တိုက်ခိုက်ခြင်းမပြုဘဲ ကျောပွတ်ကို ရုပ်သိမ်းလိုက်၏။

ကျောင်းမေ မဲ့ပြုံး ပြုံးသည်။

'လက်စသတ်တော့ ရှင့်အား သိုင်းပညာ တတ်နေတာကိုး၊ ကဲ...ရှောင်နိုင်ရင် ရှောင်ခဲ့ပေတော့'

သူမသည် လက်နက်ပုန်းအချို့ ထုတ်ယူ၍ ပစ်ခတ် တိုက်ခိုက်လိုက်၏။

'ဝှစ် ဝှစ် ဝှစ်'

လက်နက်ပုန်းလေးများသည် မြင်းလှည်း မောင်းသူထံသို့ တစ်ရှိန်ထိုး ပစ်လွင့်သွားလေ၏။

မြင်းလှည်းသမားသည် အညိုရောင် ချည်ကြမ်း အင်္ကျီဝတ် ဆင်ထားသော လူငယ်တစ်ယောက် ဖြစ်၏။



လက်နက်ပုန်းများ ပစ်လွှင့်လာသည်ကို တွေ့ရသော်လည်း ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိဘဲ...

'မင်းရဲ့ပညာ ဒါအကုန်ပဲလား'

ပြောရင်း အင်္ကျီအနားစကို ဝှေ့ယမ်းလိုက်၏။

ပစ်လွှင့်လာသော လက်နက်ပုန်းလေးများမှာ ချက်ချင်း ပျောက်ကွယ် သွားလေတော့၏။

'ဟင်'

ကျောင်းမေ ရင်ထိတ်သွားသည်။

မြင်းလှည်းသမားမှာ လူငယ်တစ်ယောက်ဖြစ်သော်လည်း သိုင်းပညာ မခေကြောင်း ထင်ရှား ပေါ်လွင်နေသည် မဟုတ်ပါလား။

○ ○ ○

လူငယ်သည် မြင်းလှည်းပေါ်မှ အသားအယာ ခုန်ဆင်းလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမေ ဆေပျားလေယာ နောက်ဆုတ်လိုက်၏။

လှယယ်အား ခေါင်းခါယမ်းသည်။

'မင်း ဒီအတိုင်း ထွက်သွားလို့ မရသေးဘူး၊ ဘာကြောင့် ကျုပ်တို့ကို တိုက်ခိုက်ရတယ်ဆိုတာ ပြောမှဖြစ်မယ်'

ရွှေမ အော်ကြိတ်လိုက်သည်။

'ရှင်မေးတိုင်း ပြောရမှာလား'

ဟုရှိ ပြန်သည် အော်ငေါက်လိုက်၏။

လှယယ် မှုံပြုံး ပြုံးသည်။

'စိတ်ချ...မင်းပြောကို ပြောရမယ်'

ချက်ချင်းပင်—

ကျောင်းမေအား တိုက်ခိုက်ရန် ရှေ့တိုးလာ၏။

ရွှေမ အခက်ကြုံသွားသည်။

သိုင်းပညာ မခေခေအား မြင်းလှည်းသမား လှယယ်နှင့်ရင်ဆိုင်ရန် ကြော က်ရွံ့ခြင်း မရှိ သော်လည်း အချိန်ကုန်ခြင်း ဖြစ်ရ ပုထင်းအား ဆေးဝါးကုသပေးဖို့ အချိန် နောက်ကျသွားမည် ဖြစ်လေ၏။



ထိုကြောင့်...

မြွေပင်ထွက်သွားရန် စိတ်ကူးလိုက်၏။

'ငါ ထွက်သွားတာ ကောင်းမယ်'

သို့သော်

သည်အတိုင်း ထွက်သွားပါက ခရီးတွင်မည် မဟုတ်ဘဲ မြင်းလှည်းရပါမှ ပုထင်းအား သယ်ဆောင်သွားဖို့ အဆင်ပြေ ချောမွေ့မည် ဖြစ်ရကား—

'ငါထွက်သွားလို့ မဖြစ်သေးပါဘူး၊ မြင်းလှည်းကိုရအောင် ယူမှပဲ'

ရွှေမ အော်ကြိတ်၍ လှယယ်ထံ ပြေးဝင် တိုက်ခိုက်လိုက်လေသည်။

လှယယ် ရယ်မောလိုက်သည်။

သူမ၏ တိုက်ခိုက်မှုကို အသာအယာပင် ရှောင်တိမ်းနေသည်။

'မင်းဟာ မိန်းမချောလေး တစ်ယောက်ပဲ၊ ဒါပေမယ်... ဒေါသကြီးနေတာ ခက်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ရှင့်ပါးစပ် ပိတ်ထားလိုက်စမ်း'

လှမယ က တစ်ဆွန့်ဆွန့် တိုက်ခိုက်လေ၏။

'ဟူး ဟူး ဟူး'

လေတိုက်ခတ်သံများ ထွက်ပေါ်လာ၍ လက်ဝါးရိပ်များ သည် လှငယ်၏ တစ်ကိုယ်လုံး လွှမ်းခြုံသွားလေသည်။

လှမသည် ခေါင်းမာပြီ၊ ထင်တိုင်း ကျူးတတ်သော မိန်း မများ၊ ကာမယောဂီအဖြစ် သိုင်းလောကတွင် နာမည်ကျော်ခဲ့ပါ သည်။

သူမ၏ သိုင်းပညာသည်လည်း လေးစားလောက်သော အဆင့်ရှိသည်။

သို့ပါလျက်—

လှမ ကြိုးစား အားစိုက်၍ တိုက်ခိုက်သည့်တိုင် လှငယ်၏ အင်္ကျီစကိုပင် မထိနိုင်ဘဲ ဖြစ်နေ၏။

လှငယ်က ရယ်မောရင်း အသာအယာပင် ရှောင်တိမ်းလေ သည်။

ရှင်းမေ ကြားရမရဖြစ်၍ ဆက်လက် တိုက်ခိုက်နိုင်ခြင်းမရှိ တော့ချေ။

ထိုစဉ်—



'မောင်လေး—ဘယ်သူနဲ့ ရန်ဖြစ်နေတာလဲ'

မြင်းလှည်းအိမ်ထဲမှ ချိုလွင်သော စကားသံ ထွက်ပေါ်လာ ပြီး အမျိုးသမီးတစ်ယောက် ဆင်းလာသည်ကိုတွေ့မြင်လိုက်ရ သည်။

ထိုအမျိုးသမီးမှာ အသက်လေးဆယ်ခန့် ရှိပြီး ငယ်စဉ်က ချောမောလှပခဲ့သူ ဖြစ်ကြောင်း ထင်ရှား ပေါ်လွင်နေလေ သည်။

လှငယ်က ရယ်လိုက်၏။

'လမ်းမှာ မြွေတစ်ကောင်နဲ့ တွေ့နေလို့ပါ မမ'

'ဘာ—ဘာပြောတယ်'

ရှင်းမေ ဒေါသတကြီး ဖြစ်သွားသည်။

လှငယ်က ဆက်ပြော၏။

'လမ်းပေါ်မှာ မိန်းမချောလေးတစ်ယောက်ကို ဖြစ်နေတယ် မမ'

'ရှင့်ပါးစပ် ပိတ်ထားလိုက်စမ်း'

လှမသည် လက်ဝါးနှစ်ဖက်ဖြင့် အတွင်းအား အပြည့်ဖြင့် ထိုးထုတ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



'မင်း စောင့်တော်ဆိုးပါလား'

လှယဉ်အား ရှောင်လိုက်ပြန်သည်။

ရှုမသည် ဘာမျှ မတတ်သာတော့ဘဲ ဆက်လျှော့လိုက်ရသည်။

အမျိုးသမီးက ရှေ့သို့ လှမ်းထွက်လာသည်။

လှမအား ခြေဆုံးခေါင်းဆုံး ကြည့်၍ မေး၏။

'ညီမ—တို့တစ်တွေ ရန်ငြိုးရန်စ မရှိပါဘူး။ ဘာကြောင့် ရန်လို ရန်မူ တိုက်ခိုက်ရတာလဲ ပြောပါဦး'

လှယဉ်ရော အမျိုးသမီးပါ အညာရ ခရီးသည်အသွင်ဝတ်ဆင်ကြပါသော်လည်း ထိပ်တန်း သိုင်းသမားတို့ ဖြစ်သည်ကို ချောင်းမေ ရိပ်မိသွားပြီ ဖြစ်သည်။

အမျိုးသမီး၏ အမေးကို မဖြေဘဲ မလှမ်းမကမ်း၌ရှိနေသည့် ပုထင်းကို ကြည့်လိုက်သည်။

ပုထင်းသည် ယမ်းပင်ကို ဆွဲမှီ၍ မလှုပ်မယှက်ရှိနေလေသည်။

လှယဉ်တို့ နှမယောက်လည်း ပုထင်းကို တွေ့မြင်သွားလေသည်။

အမျိုးသမီး မျက်မှောင်ကုတ်မိ၏။



'ဒဏ်ရာရထားတဲ့ လူတစ်ယောက်ပါလား၊ ဆွေးကြေပိုက်ခံထားရတယ်'

လှယဉ် ခေါင်းညိတ်၏။

'ဟုတ်တယ်—မမ၊ သူ့ဒုက္ခပေးတာပဲ ဖြစ်မယ်'

ချောင်းမေသည် ဒေါသကို အနိုင်နိုင် ချုပ်တည်းလိုက်ရလေသည်။

'ရှင်—အရမ်းမစွပ်စွဲနဲ့၊ သူ့ကို အချိန်မီ ဆေးကုနိုင်အောင် သမားတော်ရှိတဲ့ နေရာကို သွားဖို့ ရှင်တို့ရဲ့မြင်းလှည်းကို လုရတာ'

လှယဉ် မျက်မှောင်ကုတ်မိ၏။

'ဒါဆို မှန်ပဲလား'

'ကျွန်မ ဘာကြောင့် လိမ်ပြောရမှာလဲ'

လှယဉ်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်မိကြလေသည်။

အမျိုးသမီး သက်ပြင်းချသည်။

'အင်း—ဒုက္ခရောက်နေသူ တစ်ယောက်ကို တွေ့ရတော့ ကူညီရမှာပေါ့လေ'

www.burmeseclassic.com

www.burmeseclassic.com



ပြော၍ ရှေ့တိုးလိုက်၏။

'ရပ်လိုက်'

ချောင်းမေက အပျိုဆေးယာ လမ်းပိတ် ဆန့်တားလိုက်လေသည်။

အမျိုးသမီး ခေါင်းခါလိုက်၏။

'မိန်းကလေး...ကျုပ်အား ဒုက္ခပေးချင်တယ်ဆိုရင် ဆန့်တားလို့ရမှာ မဟုတ်ဘူးဆိုတာ ယုံကြည်စေချင်တယ်'

မည်သူ့ကိုမှ အလျှော့ မပေးခဲ့သော ချောင်းမေသည် ယခု တစ်ကြိမ်၌ စိတ်ဆိုးနိုင်ခြင်း မရှိဘဲ ငိုင်သွားလေ၏။

'မင်းရဲ့ မိတ်ဆွေအား အချိန်မီ ဆေးမကုရရင် ဒုက္ခရောက်သွားမှာ သေချာတယ်'

သူမ ဆက်ပြောလေသော အခါမှ ချောင်းမေ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'နေပါဦး၊ ရှင်က ဆေးကုတတ်လို့လား'

'ကျုပ်က ဆေးမကုတတ်ဘူးဆိုပေမယ့် လူမမာရဲ့ အခြေအနေကို တော့ ကြည့်တတ်ပါသေးတယ်'

'ဟာ—ဟာ'

'သူ့ကို အချိန်မီ ဆေးကုဖို့ လိုလိမ့်မယ်'



ချောင်းမေ၏ မျက်နှာမှာ အရည် ပျော်ကျသွားလေတော့သည်။

'ဟုတ်ပါတယ်ရှင်၊ ကူညီနိုင်ရင် ကူညီဖို့ ကျွန်မတောင်းပန် ပါတယ်ရှင်'

အမျိုးသမီး ခေါင်းညိတ်သည်။

'ကောင်းပြီ—မြင်းလှည်းပေါ် တက်ပါ၊ တရုတ်မြို့မှာ သမားကောင်း တစ်ယောက်ရှိတယ်၊ သူ့ဆီကို ပို့ပေးမယ်'

ချောင်းမေသည် လူငယ်သခင်တော့ကို သိလိုသေးသဖြင့် လှည့်ကြည့်လိုက်ရာ လူငယ်အား ရယ်လိုက်လေ၏။

'အဆင်ခံဒုတာ မရဘူး၊ မြင်းလှည်းခ ပေးရလိမ့်မယ်'

ချောင်းမေ နှုတ်ခမ်း ကိုက်လိုက်သည်။

'ရှင့်ရဲ့ မြင်းလှည်းခကို နှစ်ဆပေးမယ်'

ဟု၍ ပြောချလိုက်လေ၏။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com



တုရင်မြို့—

တုရင်မြို့သည် စည်ကား၍ သိုက်မြိုက်သော မြေအတပိုင်း၊ မြို့တစ်မြို့ ဖြစ်၏။

ကျင်းမေသည် မြင်းလှည်းဖြင့် အမ်းကြုံလိုက်လာခဲ့ရာ တုရင်မြို့သို့ ရောက်ရှိလာ၏။

လူမသည် မြင်းလှည်းပြတင်းပေါက်မှ နေ၍ စည်ကားနေသော ရှုခင်းများကို ကြည့်ရင်း လွတ်ခနဲ မေးလိုက်လေသည်။

'တုရင်မြို့ဟာ သိုင်းလောကမှာထင်ရှားတဲ့ စေတနာ့သမားတော် လီအင်ရဲ့ ဇာတိမြို့ပဲ'

အမျိုးသမီး ပြုံးသည်။

'ညီမ ဘယ်ဆိုးလို့တုန်း၊ သိုင်းလောကအကြောင်းအတော် သိထားတာပဲ'

ကျင်းမေ လူမအား ဖျတ်ခနဲ ပြန်ကြည့်လိုက်လေ၏။

လူမ အမ်းကြုံလိုက်လာသော်လည်း အမ်းခရီးတစ်လျှောက်တွင် စကားတစ်လုံးမှ မပြောဖြစ်ခဲ့ပါချေ။

အမျိုးသမီးက မေးမြန်းခြင်းမပြုခဲ့ပါ။



ကျင်းမေတို့၏အကြောင်းကို သိလိုသော်လည်း စောင့်ထိန်းသည့် သဘောဖြင့် မေးမြန်းခြင်းမပြုဘဲ နေခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားလေသည်။

အမျိုးသမီးက ကျင်းမေအား ပြုံးပြလိုက်လေသည်။

'စေတနာ့သမားတော် လီအင်ဟာ သိုင်းလောကထဲမှာ ကျော်လည်ခဲ့ရာက ခုချိန်မှာတော့ သူ့ဇာတိရပ်ရွာမှာပြန်နေတိုင်တယ်၊ ညီမကိုခေါ်ဆောင်လာတာပေါ့'

သမားတော်လီအင်သည် တုရင်မြို့၌ရှိနေသည်ဟု သိရလျှင် ကျင်းမေ ဝမ်းသာသွားလေ၏။

'ဝမ်းသာလိုက်တာရှင်၊ ကျွန်မတို့ကို ခုလို လိုက်ပို့ပေးတဲ့ အတွက် ကျေးဇူးတင်လို့မဆုံးပါဘူးရှင်'

အမျိုးသမီးက လက်ကာပြ၏။

'ကိစ္စမရှိပါဘူး၊ ညီမလေးတို့ကို ကူညီနိုင်တာကိုပဲ ဝမ်းသာလှပါပြီ'

ကျင်းမေသည် အမျိုးသမီးအား လေးစားသွားဟန်ဖြင့် ချက်ချင်းဝင်—

လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်၏။

'ကျွန်မနာမည် ကျင်းမေလို့ခေါ်ပါတယ်၊ မမနာမည်ကော ဘယ်လိုခေါ်တယ်ဆိုတာ မသိရသေးဘူးရှင်'

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး အံ့သြသွားသည်။

'ဪ…စသတ်တော့ ညီမဟာ ချယ်ရီမိန်းမဆိုးလေး ကျင်းမေ ဖြစ်နေတာကိုး'

လှမ သက်ပြင်းချလိုက်၏။

'ကျွန်မဟာ အမြဲတမ်း တစ်ခွတ်ဆိုး လုပ်ခဲ့တယ်၊ ဒါကြောင့်လဲ အမှားတွေ အများကြီး ကျူးလွန်ခဲ့မိတယ်ဆိုတာ ဝန်ခံပါတယ်'

အမျိုးသမီးက လှမအား အတန်ကြာ အကဲခတ်ကြည့်လိုက်ပြီးမှ မေးလေသည်။

'မမမေးတာကို စိတ်မဆိုးစေချင်ဘူး၊ ညီမဟာ နဂါးစိမ်းဂိုဏ်းထဲ ဝင်ခဲ့ဖူးတယ်ဆိုတာ အမှန်ပဲလား'

လှမ ခေါင်းညိတ်လိုက်၏။

'မှန်ပါတယ်မမရယ်၊ ကျွန်မ စိတ်ထင်ရာလုပ်ရင်း နဂါးစိမ်းဂိုဏ်းထဲကို ရောက်ခဲ့တာပါ၊ ကျွန်မလုပ်ရပ်တွေကြောင့် သိုင်းလောကသားတွေ ကျွန်မကို မုန်းတီးနေကြမယ်ဆိုတာ သိပါတယ်'

'အင်း…ညီမအနေနဲ့ ကိုယ့်အမှားကိုသိတယ်ဆိုရင် ပြုပြင်လို့ရပါတယ်၊ အခုမှအားမငယ်ပါနဲ့ကွယ်၊ မမလဲ တတ်နိုင်သမျှ ကူညီပါမယ်'



အမျိုးသမီး၏ အားပေးနှစ်သိမ့်လိုက်၏။

လှမတို့အချင်းချင်း နားလည်မှုရသွားကြသလို ရင်းရင်းနှီးနှီးလည်း ရှိသွားကြလေသည်။

ထို့နောက်…

'ဟော'

လှုင်ယံ၏ မြင်းခေါက်သံနှင့်အတူ မြင်းလှည်းမှာ ဆေးအနီသုတ်ထားသော အိမ်တစ်လုံးရှေ့၌ ရပ်တန့်သွားလေတော့သည်။

၈ ၀ ၀

ဧဝံနာအမည်တော် လိဂ်အစ်သည် အသက်ခြောက်ဆယ် နီးပါးရှိသော ဝါရင့်သိုင်းသမား သမားအောင်ဆေးယောဂီ ဖြစ်နေသည်။

နာမည်ညီနှင့်လိုက်အောင် သဘောမနေ့ ကောင်းလှသူ ဖြစ်သည်။

www.burmeseclassic.com

ကျောင်းမေက ပုထင်းအား ခေါ်ဆောင်သွားသောအခါ ချက်ချင်းပင် စစ်ဆေးကြည့်ရှုလေသည်။

အမျိုးသမီးနှင့် လူငယ်တို့သည် ရှေ့ခရီးမဆက်တော့ဘဲ အခြေအနေသိရဖို့ လိုက်လာကြ၏။

သမားတော်လီအင်းက ပုထင်းအား စမ်းသပ်စစ်ဆေးနေစဉ် အားလုံး စိတ်ဝင်စားစွာ စောင့်ကြည့်နေခဲ့ကြလေသည်။

သမားတော်သည် အတန်ကြာအောင် စေ့စေ့စပ်စပ် စမ်းသပ်စစ်ဆေးပြီးမှ သက်ပြင်းရှည်ကြီး ချလိုက်၏။

'ကျုပ်ဘဝမှာ ဒီလောက်ဆိုးတဲ့ လူငယ်တစ်ယောက်ကို မတွေ့ဖူးခဲ့ဘူး'

ထိုစကားကြောင့် ကျောင်းမေ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'သမားတော်ကြီးရှင့် သူဟာ...'

'ကျုပ် ပွင့်ပွင့်လင်းလင်းပြောမယ်၊ မိန်းကလေး လက်ခံမလား'

'ဟုတ်...ရှုတ်ကဲ့ ပြောပါရှင်'

သမားတော်လီအင်းက တည်ကြည်သောမျက်နှာထားဖြင့် ပြောလေ၏။



'သူဟာ အဆိပ်မိတဲ့အပြင် အတွင်းဒဏ်ရာပါ ရထားတော့ ဆေးကုပေးပေမယ့် သိုင်းသမားတစ်ယောက်ရဲ့ ဘဝကို ဘယ်တော့မှ ပြန်မရနိုင်တော့ဘူး'

'တင်'

ကျောင်းမေ အထိတ်တလန့် ရေရွတ်လိုက်၏။

အမျိုးသမီးနှင့်လူငယ်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

သိုင်းသမားတစ်ယောက်သည် သိုင်းပညာ အသုံးမပြုနိုင်တော့လျှင် လူကား အသက်ရှင်နေသော်လည်း ဘဝသေသွားသည်နှင့်မခြား၊ ဖြစ်ရကြောင်း၊ အားလုံး နားလည်ထားကြသည် မဟုတ်ပါလော။

ကျောင်းမေက လက်နှစ်ဖက်ဆုပ်ကာ အရိုအသေပြုရင်း သမားတော်အား မေးခွန်းပြန်လိုက်လေသည်။

'သမားတော်ကြီးရယ် အစ်ကိုပုထင်း သိုင်းပညာ ပြန်ပြီး အသုံးပြုလို့ရတဲ့ နည်းလမ်းကောင်းများ မရှိတော့ဘူးလား ရှင်'

သမားတော်က ခေါင်းခါယမ်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်နိုင်တော့ဘူး၊ မိန်းမလေး သူ့ အသက်ရှင်နေတာပဲ ကံကောင်းတယ်လို့ ပြောရလိမ့်မယ်'

ကျောင်းမေ ခေါင်းငိုက်စိုက်ကျသွားတော့သည်။

ဆရာတော်က ဖျောင်းဖျ၍ဆိုလေသည်။

'ကျုပ်လဲ သိုင်းသမားတစ်ယောက်ဘဝနဲ့ သိုင်းလောကမှာ ကျင်လည်ခဲ့တာပါကွယ်၊ ဒါပေမယ့် သိုင်းလောကဟာ ရှုပ်ထွေးပွေလီလွန်းလှပါတယ်၊ စိတ်ပျက်စရာ များလွန်းလှတဲ့ ဒါကြောင့် နေ့ရက်ဆိုး စိတ်ကုန်ပြီး သိုင်းလောကကို စွန့်ခွာ နိုင်ခဲ့တာပါ—

'သိုင်းလောကသားတစ်ယောက် မဟုတ်လို့ ဆေးကုပေါ် မှာ အေးနှပ်ပျော်ရွှင်စွာ နေထိုင်သွားနိုင်တဲ့ နည်းလမ်းတွေ အများကြီးရှိပါတယ်၊ ဒါကို နားလည်သဘောပေါက်ဖို့ပဲလို တယ်ကွယ်'

ကျောင်းမေ၏ မျက်ဝန်းအစုံမှ မျက်ရည်များစီးကျလာလေ သည်။

'သူ—သူ—ဒီလိုဖြစ်ရတာ ကျွန်မကြောင့်ပါရှင်၊ ကျွန်မဟာ နဂါးစိမ်းဂိုဏ်းက ပေးထားတဲ့ အဆိပ်အပ်ကို အသုံးပြုပြီး တိုက်ခိုက်လိုက်မိတယ်၊ ကျွန်မကြောင့် သူ ဒုက္ခရောက်ရတာ ပါ'



သမားတော် မျက်နှာပျက်သွားခဲ့လေသည်။

'ဟုတ်လား သတ်တော့ မိန်းမလေးဟာ နဂါးစိမ်းဂိုဏ်းက လူ ဖြစ်နေတာကို၊'

'ဟုတ်...ဟုတ်ပါတယ်ရှင်'

'မင်း ဘာကြောင့် ယင်ငယ်ရွယ်ရွယ်နဲ့ နဂါးစိမ်းဂိုဏ်းနဲ့ ပတ်သက်ရတာလဲ'

'ကျွန်မ'

ကျောင်းမေသည် ပုထင်းအပေါ် ထားရှိသည့် တစ်ဖက်သတ် မေတ္တာဖြင့် တဇွတ်ထိုးပြုလုပ်မိခဲ့သည့်အကြောင်း ရှင်းပြရန် သော်လည်း ပြောမထွက်နိုင်အောင် ဖြစ်နေပါတော့သည်။

အမျိုးသမီးနှင့်လူငယ်က ရှေ့တိုးလာ၏။

လူငယ်၏မျက်နှာ တည်ကြည်လေးနက်နေသည်။

'ညီမ သူ့နာမည်က ပုထင်းဟုတ်လား'

ဟူ၍ မေးလေ၏။

ကျောင်းမေ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ရှင်'

'သူ့ရဲ့ မိဘမျိုးရိုးကို အစ်ကို သိမသိဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'သူ—သူဟာ အစ်ချိန်က နဂါးစိမ်းကိုက်တဲ့နဲ့ ပတ်သက်ခဲ့ဘူးတဲ့ ပုအမျိုးအနွယ် သူ့ရဲအောင်ပုကျော်ရဲ့ သားဆိုတာ သိရပါတယ်'

'ဟာ'

လူငယ် အထိတ်တလန့်အော်လိုက်၏။

အမျိုးသမီးက ဝင်မေးသည်။

'ပုအမျိုးအနွယ် သူရဲကောင်းပုကျော်ကို ညီမတွေ့ဖူး သလား ပြောပါဦး'

ကျင်းမေ ခေါင်းယမ်းလိုက်၏။

'သူ့ရဲကောင်းကြီး ပုကျော်ဟာ မြင်းမြူဘု ကျောင်းမှာ နဂါးစိမ်းကိုက်တဲ့ရဲ့ လက်ချက်ကြောင့် သေဆုံးသွားခဲ့ရတယ်ဆိုတာပဲ သိရပါတယ်ရှင်'

'ဝါ—ဝါ—အမှန်ပဲလား'

'ဟုတ်ပါတယ်ရှင်'

အမျိုးသမီးနှင့် လူငယ်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။

ရုတ်တရက်—



လူငယ်၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာသည်။

'ဖေဖေဟာ နဂါးစိမ်းကိုက်ရဲ့ လက်ချက်မိသွားပြီကိုး'

သူက မရှုတိုးသွားပြီး ပုထင်အနီးသို့ ချဉ်းကပ်လိုက်လေသည်။

'ညီလေး၊ တို့ညီအစ်ကိုနှစ်ယောက် ပြန်ဆုံတွေ့ကြရတော့မည်၊ အတော်ကို ကြေကွဲစရာကောင်းနေပါလား၊ ညီအားလိုင်းစည်းဆုံးရှုံးသွားပေမယ့် နဂါးစိမ်းကိုက်ကို အစ်ကိုသတ်ပြီး ဆုံးမနိုင်နင်းသွားမယ်လို့ ကတိပြုပါတယ်'

ထိုစကားကြားလျှင်—

ကျင်းမေ ဝါးစပ်အဟောင်းသား ဖြစ်သွားသည်။

ထိုလူငယ်ကား ပုထင်၏အစ်ကို ပုချိဖြစ်ပါသည်။

အမျိုးသမီးကား ချူစန်းနှင့် ညီမဝမ်းကွဲတော်သူ လင်းလင်း ဖြစ်ပါသည်။

လင်းလင်းနှင့်ပုချိတို့သည် နဂါးစိမ်းကိုက်၏ အန္တရာယ်မှ ရှောင်ဝေရအောင် ကျင်းလိမ်မြို့၌ သွားရောက်နေထိုင်ခဲ့ကြပြီး ပုချိက အရိပ်မဲ့သိုင်းပညာကို လေ့ကျင့်ခဲ့လေသည်။

ယခုတော့ အရိပ်မဲ့ပညာကို လေ့ကျင့်အောင်မြင်ခဲ့ပြီးဖြစ်တာ လိုင်းလောကသို့ဆင်းပြီး ညီဖြစ်သူကိုရှာဖွေကာ နဂါးစိမ်းကိုက်အားရင်ဆိုင်ရန် ကြိုးစားနေသူ ဖြစ်လေသည်။

ပုထင်းသည် ဖခင်နှင့်ဆုံတွေ့ပြီး မကြာမီ ဖခင်ကြီး သေဆုံးသွားခဲ့ရသည်။

ယခု—

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုနှစ်ယောက် ပြန်လည်ဆုံတွေ့ရပြီဖြစ်၏။

ပုထင်းတို့ သိုင်းပညာဆုံးရှုံးခဲ့ရချိန်၌ ပြန်လည်ဆုံတွေ့ရခြင်း ဖြစ်ပါတော့သည်။

သူတို့ညီအစ်ကိုနှစ်ယောက်၏ဘဝတွင် ဆိုးဝါးစွာ ခွဲခွာခဲ့ရပြီး ဆိုးဝါးစွာ ပြန်လည်ဆုံတွေ့ခဲ့ရခြင်း ဖြစ်သည်တကား။

'အင်း...အင်း'

ညည်းတွားသံနှင့်အတူ ပုထင်း သတိရလာတော့သည်။

—၀—

ထဒါန်

---

နေဝန်းနီမှာ အနောက်ဘက်၌ ငုတ်လျှိုးပျောက်ကွယ်သွားပြီ ဖြစ်သည်။

နေခြည်ကွယ်ပျောက်သွားသည်နှင့် အမှောင်ထုက အစားထိုး ဝင်ရောက်လာတော့သည်။

သမားတော်ကြီးသည် ညှော်နံ့အတွင်း၌ မီးအိမ်များထွန်းညှိပေးလိုက်သဖြင့် အခင်းဆောင်ချင်းချင်း ဖြစ်သွားလေ၏။

ပုထင်းတို့အတွက် ညစာကိုလည်း ပြင်ဆင်ပေးတော့သည်။

သမားတော်ကြီး ဆေးဝါးကျွမ်းကျင်သဖြင့် ပုထင်းမှာ သိုင်းပညာအသုံးမပြုနိုင်သည်မှအပ လူကောင်းပကတိ ဖြစ်လာခဲ့လေပြီ။

www.burmeseclassic.com



စားပွဲပေါ်၌ စားစရာသောက်စရာများ စုံစုံလင်လင် ရှိနေသည်။

သို့သော်

မည်သူမျှ လက်ဖျားနှင့်ပင် မတို့ကြပါ။

ပုထင်းနှင့်ပုချိုတို့ ညီအစ်ကိုနှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ကြည့်နေကြ၏။

ပုချိုက ရေနွေးကြမ်းတစ်ခွက် ထည့်ပေးလိုက်သည်။

'ရော့…ညီလေး၊ ရေနွေးကြမ်းသောက်လိုက်ဦး'

'ကျေးဇူးပဲ၊ အစ်ကိုကြီး'

သူက ရေနွေးကြမ်းခွက်ကိုယူ၍ သောက်လိုက်သည်။

ပုချိုသည် ပုထင်း စိတ်မကောင်းဖြစ်နေသည်ကို မကြည့်ရက်တော့သဖြင့် အားပေးနှစ်သိမ့်လိုက်သည်။

'ညီလေး၊ တို့ညီအစ်ကိုနှစ်ယောက် ပြန်ဆုံတွေ့ကြပြီမို့ ဘာမှ အားငယ်စရာမလိုတော့ဘူး၊ ဒီတစ်ခါ နဂါးစိမ်းဂိုဏ်း ကံဆိုးဖို့အလှည့်ပဲရှိတော့တယ်'

ထိုတွင်

အိမ်ရှင်သခင်တော်ကြီးက ကြားဝင်ပြောလိုက်၏။



'မှတ်တယ်၊ ရှောင်ဆင်ကျွန်းဆိုင်ရဲ့ ဆော်သြမှုကြောင့် သိုင်းလောကသားတွေလည်း စုပေါင်းလာကြတဲ့ပြီး နဂါးစိမ်းဂိုဏ်းကို ဆုံးမဖို့ ပြင်ဆင်နေကြပါပြီ၊ နဂါးစိမ်းဂိုဏ်းအာဏာ ကြောက်လို့ပြီး သစ္စာခံခဲ့ကြတဲ့ သိုင်းအဖွဲ့အစည်းတွေလည်း ပြန်လည်တွန်းလှန်နေကြပြီ၊ သိုင်းလောကမှာ အခြေအနေတွေ အတော်ရှုပ်ထွေးနေတယ်၊ တိုက်ပွဲတွေလည်း ဖြစ်ပေါ်နေတယ်၊ မကြာခင် နဂါးစိမ်းဂိုဏ်း ကျဆုံးပျက်စီးသွားမှာ သေချာတယ်'

သူနှင့်ပုချိုတို့ အချင်းချင်းကြည့်လိုက်မိကြသည်။

သူက စိတ်မကောင်းစွာ ပြောလေ၏။

'ခုချိန်မှာ ကျွန်တော့်ရဲ့သိုင်းပညာ အသုံးမပြုနိုင်တာများ အတော်ကို ဝမ်းနည်းစရာကောင်းပါတယ်'

ပုချိုက ရယ်မောလိုက်၏။

'ညီလေး ဘာမှမပူပါနဲ့တော့၊ ညီလေးရဲ့တာဝန်တွေ ပြီးဆုံးသွားပြီမို့ အနားယူတဲ့အနေနဲ့ ထားလိုက်ပါ၊ ကျန်တဲ့ ကိစ္စကို အစ်ကို ဆက်ပြီးဆောင်ရွက်သွားပါ့မယ်'

'ကျွန်တော်'

'ညီလေး ပင်ပန်းလှပါပြီ၊ အနားယူဖို့သင့်ပြီ'

သူ သက်ပြင်းချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပုချိုက ကျင်းမေသော်လည်းအား တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်၏။

'မင်းဟာ နဂါးစိမ်းကိုက်နဲ့ ပူးပေါင်းဘူးခဲ့တော့ သူတို့အကြောင်းကို သိတန်သလောက်သိမှာပေါ့၊ ကျုပ်တို့ပြောပြရင်ကောင်းမယ်'

ရှုမ ခေါင်းညိတ်လိုက်၏။

'နဂါးစိမ်းကိုက်မှာ အဓိကကျတဲ့သူကတော့ ချူစန်းပေါ့၊ သူသာ နဂါးစိမ်းကိုက်ချုပ်အကြောင်းကို အသိဆုံးပေါ့၊ သူ့ကိုတွေ့အောင်ရှာနိုင်မယ်ဆိုရင် နဂါးစိမ်းကိုက်ချုပ် ဘယ်မှာရှိတယ်ဆိုတာ သိရပါလိမ့်မယ်'

ပုချို အနည်းငယ်စဉ်းစားပြီး ထပ်မေးလိုက်၏။

'သူတို့ဘယ်မှာရှိတယ်ဆိုတာ မင်းမသိဘူးလား'

'ရှုဟာ...'

ရှုမ ရုတ်တရက် အဖြေမပေးနိုင်ဘဲဖြစ်နေ၏။

ထိုစဉ်မှာပင်—

'ဓာင်း...ဓောင်း...ဟင်း'

လှေခွင်ပြောင်ရယ်မောလိုက်သော ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



ရယ်မောသံ ထွက်ပေါ်လာသည်နှင့် အားလုံးလှည့်ကြည့်လိုက်ကြသည်။

မလှမ်းမကမ်းရှိ ပြတင်းပေါက်အပြင်ဘက်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။

'ဘယ်သူလဲ'

ပုချိုက အော်မေးလိုက်၏။

ယင်းအောင်နှင့် ကျင်းမေတို့ ပြိုင်တူပြေးလိုက်ကြ၏။

'အဲဒါ ချူစန်းပဲ'

ပုချိုက ပုထင်းအား ညွှန်ပြသည်။

'ညီလေးကို ဂရုစိုက်လိုက်ပါ'

စကားဆုံးလျှင် ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ခုန်ထွက်လိုက်လေ၏။

ကျင်းမေတို့ ထိုင်ရာမှ ထရပ်လိုက်ကြ၏။

ကျင်းမေက စိုးရိမ်ပူပန်စွာပြောသည်။

'ချူစန်းဟာ သိပ်ပြီး စောက်ကျစ်ကျင်းလှတယ်၊ သူ့အကြောင်းမသိရင် ဒုက္ခရောက်သွားလိမ့်မယ်၊ ကျွန်မလိုက်သွားမယ်'

www.burmeseclassic.com

www.burmeseclassic.com



နွားမသည် ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ခုန်ထွက်လိုက်လေသည်။

လင်းလင်းအား လိုက်သွားရန် ပြင်လိုက်သော်လည်း ပုထင်းအား စိတ်မချသဖြင့် နေရစ်ခဲ့ရလေသည်။

နွားမကိုယ်တိုင်လည်း…

အိမ်မဝမ်းကွဲဖြစ်သူ ချူစန်း၏အကြောင်းကို ကောင်းစွာ သိရှိထားလေသည်။

ချူစန်း၏သိုင်းပညာ ကျွမ်းမှုမဟုတ်သော်လည်း နဂါးစိမ်း ဂိုဏ်းချုပ်၏ ယုံကြည်စိတ်ချရသူ ဖြစ်ရုံအား မခခကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

ပုချိုနှင့် ကျောင်းမေတို့ ပြတင်းပေါက်မှ အပြင်သို့ခုန်ထွက် လိုက်ကြပြီး မကြာမီ တိုက်ခိုက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

* * *



ကျောင်းမေနှင့် ပုချိုတို့ အိမ်အပြင်သို့ ရောက်ရှိသွားသည်နှင့် ရုတ်တရက် လူရိပ်များ ထွက်ပေါ်လာကာ ဝိုင်းဝန်းတိုက်ခိုက်ခြင်း ခံလိုက်ရလေသည်။

စင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာသည်။

နဂါးစိမ်းဂိုဏ်းသားများသည် လက်နက်ကိုယ်စီဆွဲကိုင်ကာ ဝိုင်းဝန်းတိုက်ခိုက်ကြခြင်း ဖြစ်၏။

ကျောင်းမေနှင့် ပုချိုတို့လည်း ချက်ချင်းပြန်လည်တိုက်ခိုက်ကြလေသည်။

သမားတော်ကြီး၏အိမ်ရှေ့၌ ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

'ဝုန်း'

'အား'

'အမလေး'

'သေပါပြီဗျို့'

ဆူညံသောအော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

နဂါးစိမ်းဂိုဏ်းသားများ ဆစ်ခဏအတွင်းမှာပင် ပရိုပရဲ ဖြစ်ကုန်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမေမေ ပေါ်သတကြီး အော်လိုက်၏။

'ချူစန်း၊ ရှင်ဘယ်မှာလဲ သတ္တိရှိရင် ထွက်ခဲ့စမ်း'

ပုချိုကလည်း၊ အခြေအနေကို အကဲခတ်ကြည့်လိုက်၏။

သို့သော်…

ချူစန်း၏ အရိပ်အယောင်ကို မတွေ့ပါချေ။

ချူစန်း မည်သည့်နေရာ ရောက်ရှိနေပါသနည်း။

သူတို့ ခဏစောင့်နေစဉ်မှာပင်…

'ယား'

နဂါးစိမ်းဂိုဏ်းသားများ၏ ညာသံပေးလာ၍ တိုက်ခိုက်လာသည်။

ကျောင်းမေတို့လည်း မတတ်သာတော့ဘဲ ပြန်လည်တိုက်ခိုက်ကြရတော့သည်။

• • •



အပြင်ဘက်မှ တိုက်ခိုက်သံများကြားရလျှင် ပုထင်းဂန မငြိမ်မဖြစ်သွားတော့သည်။

'ကျောင်းမေပြောတာ မှန်တယ်၊ နဂါးစိမ်းဂိုဏ်းသားတွေ စနစ်တကျစောင့်ခံလှုပ်ရှားကြပြီ၊ ချူစန်းဟာ အဆောင်ကို ကြောက်စရာကောင်းတယ်'

'နဂါးစိမ်းဂိုဏ်းချုပ်ကိုယ်တိုင်က သူ့ကို ယုံကြည်စိတ်ချနေပြီဆိုရင် ကျားကို အတောင်တပ်ပေးသလို ဖြစ်သွားမှာပဲ၊ သူ့အကြောင်းကို ကျွန်မ ကောင်းကောင်းသိတယ်၊ တစ်နေ့ကျရင် နဂါးစိမ်းဂိုဏ်းချုပ်ကိုတောင် သူ ပြန်ပြီးဒုက္ခပေးမှာ သေချာတယ်'

ထိုစဉ်…

'ဟင်၊ ဟင်၊ မှန်လိုက်တာ ညီမရယ်'

ရယ်သံနှင့်အတူ အသံ ထွက်ပေါ်လာခြင်းကြောင့် ပုထင်းတို့ ပျာယာခတ်၍ လှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ…

ချူစန်းသည် ဧည့်ခန်းတွင်းသို့ ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

'မမ'

'ခင်…ခင်ဗျား'

www.burmeseclassic.com

www.burmeseclassic.com



လင်းဆောင်းအား မုဆိုးကြီးနှင့် အသားအကျွမ်းဝင်ပြုထားလိုက်သည်။

မုဆိုးအား အံ့ဩစွာဖြင့် အော်ပြောလိုက်သည်။

'ခင်ဗျား ဘယ်ရာရသွားတာထောင်မှ ဘာမှမဖြစ်ဘူး ဟုတ်လား'

ချူစန်းက ရယ်မောလိုက်၏။

'နဂါးစိမ်းကိုက်ချုပ် တစ်ယောက်လို့ ဈေးထဲမှာ နေ့စက်ခံပြုထားမှတော့ ငါဟာ ဘာမျှဖြစ်သွားရမှာမို့လဲ'

'ခင်ဗျား'

'နဂါးစိမ်းကိုက်ကို လျှော့တွက်တာ မင်းရဲ့အမှားပဲ၊ အရိုင်မဲ့ သိုင်းလောကရဲ့ နောက်ဆုံးသိုင်းကွက်တွေကို ထုတ်ပေးမယ်ဆိုရင် မင်း အသက်ချမ်းသာရာရလိမ့်မယ်၊ ဒါမှမဟုတ်ရင်တော့'

လူ အံကြိတ်လိုက်၏။

'ကျုပ်ဟာ နဂါးစိမ်းကိုက်ကို ဘယ်တော့မှ အလျှော့မပေးဘူးဆိုတာ မှတ်ထားပါ'



'ဩော်...မင်းအဲ ပိုပြီးဒုက္ခရောက်ချင်နေတာကိုး၊ ခုတော့မှ မင်းရဲ့သိုင်းပညာကို အသုံးမပြုနိုင်တော့ဘူး မဟုတ်လား၊ ကျွင်းမေကြောင့် မင်းအပေါ် ထယ်ဒေါသထွက်ပဲ သံယောဇဉ်ရှိရှိ နဂါးစိမ်းကိုက်ချုပ်ရဲ့ အမိန့်အတိုင်း မင်းဒုက္ခရအောင် လုပ်ခဲ့တာပဲ'

လူ မဲ့ပြုံးပြုံးလိုက်သည်။

'ခင်ဗျားရဲ့ ဆောက်ကျစ်စဉ်းလဲတဲ့ဉာဏ်နဲ့ ကျုပ်နဲ့ကျွင်းမေကို ရန်တိုက်ပေးလို့ မရတော့ပါဘူးဗျာ'

ချူစန်း ပခုံးတွန့်လိုက်လေသည်။

'အော်...ကောင်းကောင်းမွန်မွန် ပြောလို့မရရင်လဲ ငါကိုယ်တိုင်ပဲ မင်းကို ခေါ်သွားရတော့မှာပေါ့'

ပြောရင်း ရှေ့တိုးလာ၏။

'ရပ်လိုက်'

လင်းလင်းဆော့ ဟန့်တားလိုက်လေသည်။

ချူစန်း ခေါင်းယမ်းလိုက်၏။

'ညီမ တို့ခတွေ့ရတာ အတော်ကြာမြင့်ခဲ့ပြီ၊ မနေ့ကမှပဲ အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ ခုတော့ အရေးကြီးတဲ့ကိစ္စရှိလို့ သွားဦးမယ်၊ ဘေးဖယ်လိုက်ပါ'

www.burmeseclassic.com

[illegible]င်းလင်းစွာ လက်ခံပါချေ၊

'မမ ဘွားဘွား သိုင်းဝည်းနဲ့ အတွင်းအားဆုံးရှုံးနေပါပြီ၊ သူ့ကို ဒုက္ခမပေးဖို့ ကျွန်မ တောင်းပန်ပါတယ်ရှင်'

ချူစန်း၏မျက်နှာ ခက်ထန်သွားလေ၏၊

'ညည်း၊ ဘေးဖယ်မနေ၊ မဖယ်ဘူးလား၊ ပြေစမ်း'

'ဝမ်းနည်းပါတယ် မမ၊ ကျွန်မ ဘေးမဖယ်နိုင်ပါဘူး'

'ကောင်းပြီ'

ချူစန်းသည် ရှေ့သို့ လျှပ်တစ်ပြက်ကိုးဆော လက်နှစ်ဖက်ကို ဝှေ့ယမ်းပြီး စောင်တိုက်ခိုက်လိုက်၏၊

ဆင်းဆင်းလည်း ပြန်လည်တိုက်ခိုက်လိုက်၏၊

နှစ်ယောက်သား ထိပ်တိုက် ရင်ဆိုင်မိလိုက်ကြသည်နှင့်…

'ဝုန်း'

ရှယ်ယောင်သေအသံ ထွက်ပေါ်လာစွာ ဆင်းဆင်းမှာ အဝေးသို့ လွင့်စင်သွားလေတော့သည်၊

၀ ၀ ၀



'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီတော့'

စူးရှသောအော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာလေသည်၊

ကျောင်းမေနှင့်ပုချိုတို့၏ တိုက်ခိုက်မှုကြောင့် နဂါးစိမ်းဂိုဏ်းသားများ ပရိုဖရဲဖြစ်သွားကြလေသည်၊

ယခုတစ်ကြိမ်

အတော်ပင် အထိနာသွားသည်ဖြစ်ရာ တိုက်ခိုက်ခြင်း မပြုရဲတော့ဘဲ နောက်ဆုတ်သွားကြလေသည်၊

ထိုအချိန်မှစပင်

သမားတော်ကြီး၏အိမ်ထဲမှ အော်ဟစ်သံ ထွက်ပေါ်လာမှ ကျောင်းမေတို့ အထိတ်တလန့်ဖြစ်သွားကြ၏၊

ချူစန်းမှာ အိမ်ထဲသို့ ရောက်နေပြီဖြစ်ကြောင်း နားလည်လိုက်ကြ၏၊

www.burmeseclassic.com



'ယား'

ညွှန်းသီပေးသော ပြတင်းပေါက်မှတစ်ဆင့် အိမ်ထဲသို့ ခုန်ဝင်လိုက်ကြ၏။

နှစ်ယောက်သား အိမ်ထဲရောက်သွားသည်နှင့် ကြမ်းပြင်ပေါ်တွင် လဲကျနေသည့်လင်းလင်းကို တွေ့လိုက်ရလေသည်။

လင်းလင်းက ညည်းတွားရင်း လူးလိမ့်ထနေ၏။

'မမ'

ကျောင်းမေက ပြေး၍ထူမလိုက်လေသည်။

သို့သော်

သူ၏လက်နှစ်ဖက်ကို ချက်ချင်း ပြန်၍ရုပ်သိမ်းလိုက်ရလေသည်။

အကြောင်းမှာ

လင်းလင်း၏ အသားအရည်မှာ ပြာနှမ်းနေသည်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်သည်။

ယခုတလော နဂါးစိမ်းဂိုဏ်းသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော အဆိပ်အမျိုးမျိုးကို အသုံးပြုနေ၏။



လင်းလင်းသည် နဂါးစိမ်းဂိုဏ်း၏ အဆိပ်မိသွားပြီ ဖြစ်ကြောင်း ထင်ရှားနေသည်။

လင်းလင်းက လူးလိမ့်ထလိုက်သည်။

'ပု...ပုထင်းကို ချုစန်းဖမ်းသွားပြီ'

သူမ၏စကားကြောင့် ကျောင်းမေနှင့်ပုချီတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ချုစန်းသည် အလွန်ကြောက်စရာကောင်းသူ ဖြစ်နေပြီဟု နားလည်လိုက်ကြသည်။

ပုချီ ဒေါပွသွားလေသည်။

'မမ၊ သူ ဘယ်ကိုပြေးသွားသလဲ'

'ဟိုဘက်'

လင်းလင်းက အနောက်ဘက်သို့ ညွှန်ပြလိုက်၏။

ပုချီလည်း ချက်ချင်းပြေးလိုက်သွားရန် တန်ပြင်လိုက်လေသည်။

သို့သော်

www.burmeseclassic.com

www.burmeseclassic.com



သူ၏နှုတ်ခမ်းများ ပြန်လည်ရပ်တန့်သွားသည်။

လင်းလင်းကို လှည့်ကြည့်လိုက်သည်။

လင်းလင်းမှာ တုန်တုန်ယင်ယင်ဖြစ်နေပါသည်။

ပုချို စိတ်မကောင်းဖြစ်သွား၏။

'မမ...သူတော့'

'သူက အဆိပ်ကို ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုတတ်နေပြီ၊ အဆိပ်သုံးပြီး တိုက်ခိုက်မယ်မထင်မိလို့ ခုလိုခံလိုက်ရတာပဲ၊ မကောင်းလေး၊ သူ့ကို ဘယ်နည်းနဲ့မှအလွတ်မပေးပါနဲ့'

'သူ့အသက်ရှင်နေသမျှ ကောလာပတ်လုံး သိုင်းလောကတစ်ခုလုံးကို ဒုက္ခပေးလိမ့်မယ်၊ သူနဲ့ နဂါးစိမ်းဂိုဏ်းကို ဆုံးမပြီးခွဲ ပစ်စေချင်တယ်'

'စိတ်ချပါ မမ၊ ကျွန်တော် ကတိပေးပါတယ်'

ပုချိုက ရှေ့မတိုးဘဲ နောက်ဆုတ်လိုက်၏။

လင်းလင်းလည်း နောက်ဆုတ် လိုက်သည်။

ကျောင်းမေသည် သူတို့ကို ငေးကြည့်နေ၏။

ရုတ်တရက်...

သူမ၏ ဖဝါးများ ယားယံလာသည်ကို ခံစားလိုက်ရသည်။



ချက်ချင်း ငုံ့ကြည့်လိုက်သောအခါ...

'ဟင်'

သူမ၏ လက်ဖဝါးပြင်၌ ခရမ်းရောင်သမ်းနေသည်ကို တွေ့ရသဖြင့် လွတ်ခနဲ အော်လိုက်သည်။

ပုချိုက လှမ်းကြည့်လိုက်၏။

ကျောင်းမေက ဆေးနှစ်ပက်ကို ထုတ်ယူ၍ နောက်ဆုံးတွင် ပွတ်လိုက်၏။

သူမ ပြုံးသည်။

'အစ်ကို ပုထင်းအတွက် စိုးရိမ်နေပါတယ်၊ နဂါးစိမ်းဂိုဏ်းချုပ်ဟာ အရိပ်မဲ့သိုင်းကို သိပ်လိုချင်နေတယ်၊ သူဟာ နေမင်းဆုံး သိုင်းကျမ်း အစစ်တွေကို မရခဲ့ဘူး ဆိုတာကို သိသွားပါပြီ...'

'ဒါကြောင့် အစ်ကို ပုထင်းဆီက ရယူလိမ့်မယ်၊ သူသာ အရိပ်မဲ့သိုင်းကို ရသွားရင် သိုင်းလောကတစ်ခုလုံး ပျက်စီးသွားလိမ့်မယ်၊ ကျေးဇူးပြုပြီး အစ်ကို ပုထင်းနေတဲ့ကို မြန်မြန် လိုက်သွားပါ'

ပုချို ပင့်သက်ရှိုက်လိုက်၏။

'ကောင်းပြီ...ချူချန်နေတဲ့ကို လိုက်သွားမယ်'

www.burmeseclassic.com

ပြောဆုံးလျှင် ချာခနဲ လှည့်ထွက်သွားသည်။

ပုချိုသည် အရေးကြီးသော ကိစ္စနှင့်အရေးမကြီးသောကိစ္စ ကို ခွဲခြား သိမြင်နိုင်သူ ဖြစ်၏။

လင်းလင်းနှင့် ကျောင်းမေ၏ အခြေအနေ မတန်မှန်းသိထား သော်လည်း ပုထင်းအား ကယ်တင်ဖို့ အရေးကြီးမှန်း သိထား ခြင်းကြောင့် ချက်ချင်း ထွက်သွားခြင်းဖြစ်၏။

o o o

ပုချို ထွက်သွားပြီးနောက်သည်။

လင်းလင်းနှင့် ကျောင်းမေတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။



သူတို့ အဆိပ်မိသွားကြပြီ ဖြစ်ကြောင်း နားလည်ထားကြ သည်။

နဂါးစိမ်းဂိုဏ်းသည် အလွန် ကြောက်မက်ဖွယ် ကောင်း သော အဆိပ် တစ်မျိုးကိုပါ အသုံးပြုနေပြီ ဖြစ်ခြင်းကြောင့် သိုင်းလောကအတွက် ရင်ဆိုင်စရာ ကောင်းလှကြောင်း နား လည်ထားကြလေ၏။

'ညီမလေးအတွက် မမ စိတ်မကောင်းပါဘူး'

လင်းလင်းက ပြောသည်။

ကျောင်းမေ ပြုံးလိုက်၏။

'ကျွန်မ့အတွက် တွေးမနေ မစိုးရိမ်ပါနဲ့ မမရယ်၊ အစ်ကိုပုထင်း ဒုက္ခရောက်နေချိန်မှာ သူ့ရဲ့ အစ်ကို ထွန်းပေါ်လာစေတာကိုပဲ ဝမ်းသာလို့ မဆုံးပါဘူး'

'စိတ်ချ—ပုချိုက ပုထင်းထက် မိုပြီး စိတ်ဓာတ် ကြံ့ခိုင် တယ်၊ သိုင်းပညာ မိုတော်တယ်လို့ မမ အာမခံပါတယ်၊ သူဟာ ညီဖြစ်သူ ပုထင်းကို ကယ်တင်မယ့်အပြင် နဂါးစိမ်းဂိုဏ်းကို ဖြိုခွဲ နိုင်မှာ သေချာပါတယ်'

'ကျွန်မ ယုံကြည်ပါတယ်ရှင်'

နှစ်ယောက်သား မျက်နှာချင်းဆိုင် ထိုင်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်၌ စားသောက်ဖွယ်ရာများ အဆင့်ဆင့် ရှိနေသည်။

သူတို့ တစ်ယောက်ကို တစ်ယောက် ကြည့်၍ ပြုံးလိုက်ကြပြီး အေးအေး စားသောက်လိုက်ကြ၏။

အမှောင်ရိပ်ထဲမှနေ၍ သူတို့ကို ကြည့်နေသူ တစ်ယောက်ရှိနေသည်။

အိမ်ရှင် သမားတော်ကြီး ဖြစ်သည်။

သမားတော်ကြီး၏ မျက်နှာ မသာမယာ ဖြစ်နေသည်။

'ကျုပ်ဟာ နာမည်ကျော် သမားတော် တစ်ယောက်ဖြစ်ခဲ့ပေမယ့် နဂါးစိမ်းဂိုဏ်းက အသုံးပြုနေတဲ့ အဆိပ်ကို ကုသမပေးနိုင်ဘူး ဘယ်လိုမှ ဖြေသိမ့်လို့ရမှာ မဟုတ်တော့ပါဘူး၊ နဂါးစိမ်းဂိုဏ်းက သာ မီးနတ်ဂိုဏ်း အသုံးပြုတဲ့ အဆိပ်ကို အသုံးချနေလို့ပဲ...'

'ဒီအဆိပ်ကို မီးနတ်ဂိုဏ်းချုပ်က လွဲရင် ဘယ်သူက ဖြေပေးနိုင်မှာလဲ'

ဟု၍ စိတ်ထဲမှ ညည်းတွားနေလေ၏။

လင်းထင်နှင့် ကျင်းမေတို့က စားသောက်နေကြသည်။



ညသည် ပို၍ မှောင်မိုက် နက်ရှိုင်းလာသည်။

ပုထင်း တစ်ယောက် မည်သည့် နေရာ ရောက်ရှိနေပါသနည်း။

ပုချိုသည် ညီဖြစ်သူအား ကယ်ဆယ်နိုင်ပါမည်လော။

—၀—

www.burmeseclassic.com

www.burmeseclassic.com

အပြိုင်အဆိုင်

---

နဂါးစောင်…

စိမ်းလန်းစိုပြည်နေသည့် နဂါးတောင်၌ နဂါးစိမ်းဂိုဏ်း၏ ဌာနချုပ်ကို တည်ထောင်ထားလိုက်ပြီ ဖြစ်၏။

ယနေ့ည…

နဂါးတောင် တစ်ခုလုံး မီးရောင်များ ထိန်ထိန်လင်း၍ စည်ကား၍ သိုက်မြိုက်နေ၏။

နဂါးတောင်၌ မင်္ဂလာပွဲကြီး တစ်ခုကို ခြိမ့်ခြိမ့်သဲ ဆင်နွှဲကျင်းပနေခြင်း ဖြစ်၏။



နဂါးစိမ်းဂိုဏ်းကို သစ္စာခံထားကြသော သိုင်းအဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူတို့သည် လက်ဖွဲ့ ပစ္စည်းများယူဆောင်ကာ နဂါးတောင်သို့ ရောက်ရှိလာခဲ့ကြလေ၏။

နဂါးစိမ်း ဂိုဏ်းချုပ်သည် ရွှေရောင် ကျောခင်းဆောင်ကြီးကိုပင် ခြိမ်းခြောက်ထားပြီး…

မကြာမီ…

သိုင်းလောကက တစ်ခုလုံးအား လွှမ်းမိုး သိမ်းပိုက်မည်ဟု အတိအလင်း ကြေညာထားပြီး ဖြစ်၏။

သိုင်းလောကသားများသည် စုပေါင်း အင်အားဖြင့် နဂါးစိမ်း ဂိုဏ်းကို ဖြိုခွဲနှိမ်နင်းရန် ကြံစည်ခဲ့ကြသော်လည်း နဂါးစိမ်းဂိုဏ်း အသုံးပြုနေသည့် အဆိပ်ကြောင့် နဂါးတောင်ကို ဝင်ရောက် တိုက်ခိုက်ရန် နှောင့်နှေး ကြန့်ကြာ နေရပေါင်းတစ္စလည်း။

သိုင်းလောကသားများ မဝံ့မရဲ ဖြစ်နေခြင်းကြောင့်လည်း နဂါးစိမ်းဂိုဏ်းအား ပို၍ ခေါင်းထောင်လာခြင်း ဖြစ်ပါတော့သည်။

ယခုလည်း…

www.burmeseclassic.com



သိုင်းလေ့တာအား ပြမခန်အံ့ မင်္ဂလာပွဲကြီးတစ်ခု ခြိမ့်ခြိမ့်သဲသဲ ဆင်ယင် ကျင်းပနေလေသည်။

မည်သူ၏ မင်္ဂလာပွဲ ဖြစ်သနည်း။

* * *

နဂါးတောင်ပေါ်ရှိ နဂါးစိမ်းဂိုဏ်း၏ အဆောက်အဦးကြီးအလျှင်း၌ သီးသန့်အဆောင် တစ်ခု ဟတ်ောင်းတွင် မွှေးကြိုင်ဆင်းမျှဲလော ပန်းရနံ့များ ပျံ့လွှမ်းနေသည်။

မီးရောင်များ ထိန်ထိန်လင်းအောင် ထွန်းညှိထားပြီး မိန်းမအဆောင်များ၏ တေးသံသာများ၊ တူရိယာပစ္စည်းများ တီးခတ်သံများ ချိုလွင်စွာ ထွက်နေလေသည်။

ထိုအဆောင်၌-

အဝတ်အကြေပ်များနှင့် ဝင်ထွက်သွားလာနေကြသူများသည် မိန်းမသားများချည်းသာ ဖြစ်နေသည်။



ယောကျ်ားတစ်ယောက်တလေ ဝင်ထွက်သွားလာခြင်းမရှိသည့် အဆောင်သည့် ယနေ့ညကျင်းပမည့် နဂါးစိမ်းဂိုဏ်း၏ မင်္ဂလာပွဲ၌ ပါဝင်ဆင်နွှဲရမည့် ယောကျ်ားရှင် သတို့သမီး၏ သီးသန့်အဆောင်ဖြစ်ကြောင်း ဖော်ပြနေပါတော့သည်။

မှန်ပေသည်။

အဆောင်အတွင်း၌ အလှပြင်နေသည့် သတို့သမီး ရှိနေသည်။

သတို့သမီးမှာ ငယ်ရွယ်လှ နုတ်မိမယ်မလေးအသား ချောမောလှပလှသေး ဖြစ်၏။

ကျွမ်းကျင်သော အလှပြင်ပညာရှင်များက စိုင်းနှင်းအလှ ပြင်ဆင်ပေးလိုက်သောအခါ သူမသည် ပို၍ချောမောလှပလာတော့သည်။

ထိုမိန်းမလေးမှာ—

မီးနတ်ဂိုဏ်းချုပ် မေဖုံးဖြစ်နေသည်။

မေဖုံးသည် နဂါးစိမ်းဂိုဏ်း၌ သတို့သမီးအဖြစ် အလှယ်ကြောင့် ရောက်ရှိနေရပါသနည်း။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com



သို့သန့်အဆောင်တွင်းသို့ ချူစန်းဝင်ရောက်လာလျှင် ရှိနေသူအားလုံးက ဦးညွှတ်ဂါရဝပြုလိုက်ကြလေ၏။

ချူစန်းက အမှုထမ်းတဲ့ သတို့သမီးမေဖုံးထံသို့လှမ်းသွားလေသည်။

မေဖုံးက မလှုပ်မယှက် ကျောက်ရုပ်ပမာ ရှိနေ၏။

လူမင်းက မေဖုံးကိုကြည့်ကာ ချီးကျူးလိုက်၏။

'အို….လှလိုက်တဲ့ညီမလေးရယ်၊ နတ်သမီးလေးလား၊ ထင်ရတယ်၊ သခင်လေးသာ တွေ့မြင်နိုင်မယ်ဆိုရင် ဘယ်လောက်များ ဝမ်းသာလိုက်မလေမလဲ'

လူမင်း၏စကားကိုမေဖုံးက မကြားသည့်အလား ရှိနေ၏။

လူမင်းက မေဖုံးအား ခြေဆုံးခေါင်းဆုံးကြည့်ရင်း ဦးခေါင်းအဆက်ဆက်ညိတ်လိုက်လေ၏။

'အတော်ပဲ သတို့သမီးက အဆင်သင့်ဖြစ်နေရင် သတို့သားကို သွားပြီး အကြောင်းကြားလိုက်ဦးမယ်'

ချူစန်း ခပ်သွက်သွက်ပင် ပြန်ထွက်သွားလေ၏။

လူမင်း ဝေးဝေးသွားသည်တော့ မတုတ်ပါ။

မေဖုံးရှိနေသည့် အဆောင်နှင့်ကပ်လျက် အဆောင်တစ်ခုသို့ ဝင်သွားခြင်းဖြစ်၏။



ထိုအဆောင်ကား….

အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

အဆောင်အတွင်း၌ လူငါးယောက်ရှိနေ၏။

လေးယောက်က သန့်မထွားကျိုင်းသော လူသန်ကြီးများ ဖြစ်ကြ၏။

ကျန်တစ်ယောက်မှာ ပိန်ပိန်ပါးပါး အသက်လေးဆယ်ခန့် ရှိ၏။

ထိုလူသည် အိတ်တစ်လုံးကိုကိုင်ထား၏။

လူတို့ငါးယောက်သည် အရောင်ဖိတ်ဖိတ် တောက်ပြောင်နေသော ကျွန်းခေါင်းကြီးတစ်လုံးအနီး၌ စုရုံးနေကြခြင်းဖြစ်လေသည်။

ချူစန်းရောက်လာလျှင် ဦးညွှတ် ဂါရဝပြုလိုက်ကြလေသည်။

ချူစန်းက အားလုံးကို ဝေ့ကြည့်ပြီး မေးလိုက်သည်။

'အားလုံး အဆင်သင့်ဖြစ်ပြီလား'

ပိန်ပိန်ပါးပါးလူက ခေါင်းညိတ်ပြ၏။

'ဖြစ်ပါပြီဗျာ၊ အဝတ်အစားလဲပြီး အလှပြင်ပေးဖို့ပဲ ကျန်ပါတော့တယ်'

www.burmeseclassic.com

www.burmeseclassic.com



လူမ ထပ်မေးသည်။

'အရိုးဆက်ပြည့် ရှင်ဘုရင်ဆော့'

'သူတို့တစ်ခေါ်ပြီးလို့ ပြန်သွားကြပါပြီ'

'ကောင်းပြီ ဒါတို့သားကို အဆင်သင့်ပြင်ထားလိုက်ပါ။ မကြာခင် မင်္ဂလာပွဲ စတော့မယ်'

'ကောင်းပါပြီခင်ဗျာ'

ခူးစန်းသည် လိုအပ်သည်များကို မှာကြားပြီး သခေါင် အကျင်းမှ ပြန်လည်ထွက်ခွာသွားလေတော့သည်။

○ ○ ○

နဂါးစိမ်းဂိုဏ်း၏ ခန်းမဆောင်ကြီးသည် လူတစ်ထောင် ကျော်မျှဆံ့သော ခန်းမဆောင်ကြီး ဖြစ်သည်။

ယခု

ခန်းမဆောင်ကြီးအတွင်း၌ လူအများဖြင့် စည်ကားနေပြီး စားပွဲသောက်ပွဲ ကျင်းပလျက်ရှိနေသည်။



တေးသံသာများသည်။ ပျံ့လွင့်နေ၏။

မင်္ဂလာအခမ်းအနားပွဲတစ်ခု ဆင်ယင်ကျင်းပနေခြင်း ဖြစ်သည်။

နဂါးစိမ်းဂိုဏ်းသားများသည် ခန်းမဆောင်ကြီး၏ ဝဲယာ တစ်ဖက်တစ်ချက်၌ စီတန်း၍ နေရာယူထားကြ၏။

ရောက်ရှိလာကြသော ဧည့်သည်တိုင်းသည် သိုင်းလောက သားများချည်း ဖြစ်လေသည်။

နဂါးစိမ်းဂိုဏ်းအပေါ် လေးစားသော သိုင်းသမား များအပြင် နဂါးစိမ်းဂိုဏ်းကို သစ္စာခံခြင်းမရှိသော်လည်း နဂါးစိမ်းဂိုဏ်းချုပ်၏ ဖိတ်ကြားချက်ကြောင့် ရောက်ရှိလာ ကြသူများသည်။ ရှိကြလေသည်။

သို့ဖြင့်—

ခန်းမဆောင်တစ်ခုလုံး စည်ကားနေတော့သည်။

တူရိယာသံများ တေးသံ ရယ်မောသံများသည် ခန်းမ ဆောင်အတွင်း၌ လွှမ်းမိုးနေသည်။

ရုပ်ဆိုးဆိုး ဝဖိုင့်ဖိုင့် ရှိသူတစ်ယောက်မှာ မင်္ဂလာအခမ်း အနား ကျင်းပရန်ပြင်ဆင်ထားသည့် အရှေ့ဘက်စင်မြင့်ဆီသို့ လှမ်းကြည့်ပြီး အသံဝါကြီးဖြင့်ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'နဂါးစိမ်းဂိုဏ်းချုပ်ရဲ့ ဖိတ်စာထဲမှာ ပေါ်လာတဲ့အခမ်းအနား တက်ရောက်ဖို့အကြောင်းပဲပါတယ်၊ ဘယ်သူဘယ်ဝါ မင်္ဂလာဆောင်ကြမယ်ဆိုတာ မပါဘူး၊ ကျုပ်တစ်သက်မှာ ဒီလို ဘုမသိဘမသိမင်္ဂလာပွဲကို ပထမဆုံးအကြိမ် တက်ရောက်ခဲ့ဖူးတာပဲ'

သူ၏နံဘေး၌ထိုင်နေသော အဝါရောင်ဝတ်ဆင်ထားသည့် အဘိုးအိုတစ်ယောက်က ခေါင်းညိတ် ထောက်ခံလိုက်သည်၊

'ဟုတ်တယ်၊ ဒီလိုမင်္ဂလာပွဲကို ကိုယ်တိုင်တက်ရောက်ဖို့ မဆိုထားနဲ့ ကြားဖို့ စိတ်ကောင်းမတွေးသင့်ဘူး၊ ဒါပေမယ့် ကျုပ်ရောက်ခဲ့တယ်'

သူ၏စကားမှာ ထူးခြားသည့်အဓိပ္ပာယ် ဆောင်နေပါသည်၊

ရုပ်ဆိုးဆိုး ဝဝဖိုင့်ဖိုင့်ရှိသူအား အနက်ရောင်သိုင်းလောက၌ နာမည်ကြီးသော ငှက်ဆိုးအဖွဲ့၏ ခေါင်းဆောင်ဖြစ်လေသည်၊

သူအား ငှက်ဆိုးကြီးဟု သိုင်းလောကသားများက ခေါ်ကြလေသည်၊

နဂါးစိမ်းဂိုဏ်းက သိုင်းလောကတွင် လွှမ်းမိုး ချုပ်ကိုင်ရန် ကြိုးစားနေသောအခါ အနက်ရောင် သိုင်းသမားတို့ကိုလည်း စည်းရုံး သိမ်းသွင်းခဲ့သည်၊



အနက်ရောင် သိုင်းသမားတို့သည်လည်း မည်သူ့ ဩဇာမှ မခံဘဲ ကိုယ့်သဘောနှင့်ကိုယ် ထင်ရာစိုင်းနေသူများ ဖြစ်ရကား နဂါးစိမ်းဂိုဏ်း၏ ဩဇာကို မခံလိုကြသဖြင့် ပူးပေါင်းခြင်းမပြုကြချေ၊

နဂါးစိမ်းဂိုဏ်းသည် လူတို့၏ ဩဇာမခံသည့် အနက်ရောင် သိုင်းသမားတို့ကို ရက်ရက်စက်စက် တိုက်ခိုက်ချေမှုန်းပစ်ခဲ့လေသည်၊

နဂါးစိမ်းဂိုဏ်း၏ လက်ချက်ဖြင့် အနက်ရောင်သိုင်းသမားများ အသက်ဆုံးရှုံးခဲ့ရသည်၊

သို့ပါသော်လည်း...

နဂါးစိမ်းဂိုဏ်းသည် အနက်ရောင် သိုင်းသမားအားလုံးအပေါ် အနိုင်ကျင့်နိုင်ခြင်း မရှိခဲ့ချေ၊

တစ်ဖက်တွင်လည်း အဖြူရောင် သိုင်းသမားတို့နှင့် ရင်ဆိုင်နေရခြင်းကြောင့် နောက်ပိုင်းတွင် အနက်ရောင်သိုင်းလောကမှ ထင်ရှားသူတို့နှင့် ပြေလည်စွာ ဆက်ဆံခဲ့ရလေ၏၊

ငှက်ဆိုးကြီးမှာ အနက်ရောင် သိုင်းလောက၌ ထင်ရှားသော ခေါင်းဆောင်တစ်ယောက် ဖြစ်သလို အဝါရောင် ဝတ်ဆင်ထားသည့် အဘိုးအိုမှာလည်း မြွေပါလူးတုန်း နာမည်ကြီးသော အနက်ရောင် ထိပ်သီး တစ်ယောက် ဖြစ်နေလေတော့သည်၊

www.burmeseclassic.com

www.burmeseclassic.com



နဂါးစိမ်းဂိုဏ်းချုပ် ကိုယ်တိုင်က ခေါင်းဆောင်စွာ ဖိတ်ကြားခြင်းခံရသဖြင့် မင်္ဂလာပွဲသို့ တက်ရောက်လာကြခြင်း ဖြစ်လေသည်။

မြေဝါဘီလူးနှင့် ငှက်ဆိုးတို့၏ စားသောက်ကို အနီရောင်ဝတ်ထားသော ခါးထောင်ကင်းမ၏ မျက်နှာရှိသူက ထောက်ခံပို့ဆောင်သည်။

'နဂါးစိမ်းဂိုဏ်းရဲ့ မင်္ဂလာပွဲဟာ တအံ့တဩ မင်္ဂလာပွဲနဲ့ လုံးဝ မတူဘူးလို့ ကျုပ်ပြောရဲတယ်ဗျ'

ဘိုလူမှာ ငရဲနီဘူးသော အနက်ရောင် ထိုက်သီး ထမ်းဦးပင် ဖြစ်သည်။

အနက်ရောင် သိုင်းသမားတို့က နဂါးစိမ်းဂိုဏ်း၏ မင်္ဂလာပွဲကို ဝေဖန်နေကြသကဲ့သို့—

မ ဂုမ်းမလာမ်း တစ်နေရာ၌ ထိုင်နေကြသော အဖြူရောင် သိုင်းသမားတို့ကလည်း တီးတိုး ဝေဖန်နေကြလေ၏။

နဂါးစိမ်းဂိုဏ်းသည် သစ္စာခံထားသော အဖြူရောင်သိုင်းသမားတို့ သာမက ရန်သူကြီးများ ဖြစ်နေသည့် အဖြူရောင် သိုင်းအဖွဲ့ကြီးတို့မှ သိုင်းသမားများကိုပါ ဖိတ်ကြားထားလေသည်။

ရှောင်လင်ကျောင်းမှနေ၍ မင်္ဂလာပွဲသို့ တက်ရောက်လာသူမှာ—



ရှောင်လင်ကျောင်းတော်သားတို့ကို သိုင်းပညာ စည့် ယင်တန်းဆရာ ကိုကျောင်းဖြစ်၏။

ကိုကျောင်းသည် မင်္ဂလာပွဲနှင့် ပတ်သက်၍ မ ... ပါရှိလာ ဆိုလိုက်၏။

'နဂါးစိမ်းဂိုဏ်းက သိုင်းလောကကို နှစ်ကြိမ် တိုင် ခန့် နေခဲ့ယူလ် ဖျက်ဆီးဖို့ ကြံစည်ခဲ့တဲ့ အဖွဲ့အစည်းတစ်ခု ... စစ်ကြိမ်မှာ ပိုဆိုးလာတယ်။ အခု ကျင်းပတဲ့ မင်္ဂလာ ... ယာကို ... ကောင်းတဲ့ ကိစ္စ မဖြစ်နိုင်ဘူး—'

'သိုင်းလောကကို ခုက္ခပေးဖို့ အကြံအစ မယ်'

လူ ... စား ... ကို ဝူတန်ဂိုဏ်း ... ကါရ ... ချောက်သူ ဖြစ်လေ ရှိ ... သည်။

'ဟုတ်တယ်ဗျို့—' ... ယ ထိုအနီးသို့ ရောက်ရှိလာပြီး တည် တွေကို ရမ်ဆိုင်း နှစ်ထားဖြင့် ပြောလိုက်၏။

စာယ်— ... တို့—ဂိုဏ်းချုပ်ကြီးဟာ မိတ်ဆွေတို့ကို အေးစေ့ ... ကြိုးစားခဲ့တာ ဖြစ်ပါတယ်။ နဂါးစိမ်း ဂိုဏ်းရဲ့ မင်္ဂလာ ... ဂိုဏ်းကြီး ... သိုင်းလောကအကြောင်း မပြောတဲ့ မင်္ဂလာ ပြောကြတာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်'

သူ ... ဟန် ... ဆင်—

မှာ ရပ် ... ... ရယ်လိုက်၏။

www.burmeseclassic.com



နဂ သော့၏ဓား မှ ပြတ်သား လှပေသည်၊

ဝှင်းခေ

သည်၊ နှံသည် နဂါးစိမ်းအား ပြတ်သားစွာ ရင်ဆိုင်သူ

ဖစ်ကြောင်း ထင်ရှားနေ၏၊

ဟု ဟုခ ဟား ဟား၊

သည်မှ ရသော့ အနီး၌ ထိုင်နေသော ဆံပင် နီကျင့်ကျင့်နှင့် လူ

နဂါးသွယ်လိုက်၏၊

လုံးဝ မတွေ့ဘူးလို့

ထိုလူမှာ ဝေရိုနီးဝူဟု နာမည်ကြီးသူ ဖြစ်၏၊

ဖြစ်သည်၊ သိလိုက်ပြီးလျှင်—

အနတ်ရောင် သုံး— ဂါးစိမ်းဂိုဏ်း ဘာမှ လိုလဲ သိုင်း

တို့ ဝေဖန်နေကြသကဲ့သို့— ဂျပ်တို့ ကြည့်မရစရာ ကြ

မ ယှမ်းမကာမ်း တစ်နေ့ရာ၌ ထိုင်နေ ပြောင်းလဲ ပစ်ရ

သိုင်းသမားတို့ကလည်း တီးတိုး ဝေဖန်နေကြ

နဂါးစိမ်းဂိုဏ်းသည် သစ္စာခံထားသော အဖွဲ့နေသည်ကို

သမားတို့ သားမ ရန်သူကြီးများ သဖွယ် ဖြစ်နေသ

ရောင် သိုင်းအဖွဲ့ကြီးတို့မှ သိုင်းသမားများကိုပါ ဖိတ်

လေသည်၊

ရွှေခင်ယင်ကျောင်းမှနေ၍ မဂ်လာပွဲသို့ တက်ရောက် နှင့်အနတ်ကြအစည်

မှာ—



ထိုစဉ်—

နဂါးစိမ်းဂိုဏ်းမှ လူတစ်ယောက်က အနီးသို့ ရောက်ရှိလာ သည်၊

ထိုလူသည် နှုတ်ခမ်းမွေး ထူထားရှိပြီး ဆည်ကြည့် ခန့်ငြားသော ရုပ်သွင်ရှိလေ၏၊

နဂါးစိမ်းဂိုဏ်းချုပ်၏ထိပ်တန်းကိုယ်ရံတော် လေးယောက် တွင် ပါဝင်သူ ဖြစ်သည်၊

သူ၏ အမည်မှာ —

ရှောင်စုဖြစ်သည်၊

ဓောင်ကဲ့ ဓားပါးသိုင်းဖြင့် နာမည်ကျော်သူ ဖြစ်လေ သည်၊

ရှောင်စုသည် ကျိုရသော့တို့အနီးသို့ ရောက်ရှိလာပြီး တည် ကြည့်သော မျက်နှာထားဖြင့် ပြောလိုက်၏၊

'မိတ်ဆွေတို့…ဂိုဏ်းချုပ်ကြီးဟာ မိတ်ဆွေတို့ကို လေးစား စွာ ဖိတ်ကြားခဲ့တာ ဖြစ်ပါတယ်၊ နဂါးစိမ်း ဂိုဏ်းရဲ့ မင်္ဂလာ အချိန်အခါမှာ သိုင်းလောကအကြောင်း မပြောတဲ့ မင်္ဂလာ စကား ပြောကြတာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်'

ကျိုတွင်—

ကျိုရသော့က ရယ်လိုက်၏၊

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်တို့ကော သိုင်းလောကရဲ့ စည်းကမ်းတွေ ခေတ်ဟောင်းထုံးစံတွေကို ကောင်းကောင်းကြီး နားလည် သဘောပေါက်ထားပါတယ်...

'ဒါဖြင့်...နဂါးစိမ်းဂိုဏ်းနဲ့ ပတ်သက်လို့ကတော့ ဘာယ်လို စည်းကမ်းကိုမှ စောင့်ထိန်းစရာ မလိုဘူးလို့ ခံယူထားကြတယ်'

'ဟုတ်တယ်...ဟုတ်တယ်'

'ဒါ အမှန်ပဲ'

ကိုကျော်ခင်နှင့် ကျင်းဝူတို့က ထောက်ခံလိုက်ကြလေတော့သည်။

ရှောင်စု မျက်နှာပျက်သွားလေ၏။

'ဂိုဏ်းချုပ်ကြီးဟာ သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးနိုင်စွမ်း ရှိပေမယ့် သိုင်းလောကသားတွေ သဘောကြွေ ပျော်စိုးထုံးကြမှုကို မလိုလားဘဲ ခွင့်လွှတ်ထားလိုက်ပါပြီ။ အခုလို ဆဲဆဲ နဂါးစိမ်းဂိုဏ်းကို အသိအမှတ်ပြုနေကြပါပြီ။ ယခုရှိ အခြေအနေအတိုင်း အေးချမ်းစွာ နေထိုင်သွားဖို့ စီစဉ်ထားပါတယ်၊ မိတ်ဆွေတို့ ဘာကြောင့် ထိန်းသိမ်းမှု ရှိဖို့ လိုပါလိမ့်မယ်'

ခြင်္သေ့ကြီး ရှောင်စုအား မျက်နှာထား တင်းတင်းဖြင့် ပြောလိုက်၏။

'ကျုပ်တို့ဟာ ဒီကို ကောင်းတဲ့ သဘောနဲ့ လာခဲ့ကြတာ မဟုတ်ဘူးဆိုတာ မှတ်ထားပါ'

'ခင်ဗျာ'



'ဘာလဲ မင်းက မကျေနပ်ဘူးလား'

ကျင်းဝူသည် ဒေါသကြီးသွားပြီး ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်လေသည်။

ရှောင်စု ပင့်သက်ရှိုက်လိုက်၏။

'မိတ်ဆွေ...မင်္ဂလာ အခမ်းအနားကို အနှောင့်အယှက်ပေးမယ်ဆိုရင် မယုံကြည်နိုင်လောက်တဲ့ ဆိုးကျိုးတွေ ခံစားရလိမ့်မယ်ဆိုတာ မှတ်ထားပါ'

'ဟား ဟား ဟား'

ကျင်းဝူက ရယ်လိုက်လေ၏။

'ကျုပ်က နဂါးစိမ်းဂိုဏ်းကို အမှုထားလို့ လာခဲ့တာယ်ဆိုတာ မှတ်ထားပါ'

'ခင်ဗျား'

အခြေအနေသည်တင်းမာသွား၏။

နဂါးစိမ်းဂိုဏ်းသားတို့သည် ချက်ချင်းဝင် ရှေ့တိုးလာကြသည်။

ကိုကျော်ခင်နှင့်ချူဂရေသတို့အားအားသေးစွာမင်ထောက်ပိုင်ကြည့်နေကြ၏။

ရှောင်စုက ဦးညွှတ်လိုက်၏။

'မိတ်ဆွေ...စိတ်အေးအေးထားပါ၊ မင်္ဂလာပွဲ ပြီးသွားရင် မိတ်ဆွေတို့ပညာ ဘယ်လောက် အစွမ်းအစ ရှိတယ် ဆိုတာ ကြည့်ပေးတာပေါ့'

စကားဆုံးလျှင် လှည့်ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'နေဦး'

ကျွင်းဝူ ဟန့်တားလိုက်၏။

ရှောင်စုသည် အမှုမထားဘဲ ခြေလှမ်း ကျဲကျဲဖြင့် လှမ်းထွက်သွားလေသည်။

ကျွင်းဝူသာ လိုက်လံ ဟန့်တားရန် ထန်ပြင်လိုက်စဉ် ထိုရှောင်းဖေး ဟန့်တားလိုက်၏။

'မိတ်ဆွေ — သိပ်လောစရာ မလိုပါဘူး၊ အချိန်တွေ ရှိနေတယ်ဆိုတာ စောင့်ကြည့်ကြသေးတာပေါ့'

ကျွင်း ရယေ ဟလည်း ဖျောင်းဖျလိုက်သည်။

'မင်္ဂလာပွဲကို မစောင့်ကြည့်ကြလို့လဲ နေ့စဉ်မတွေ့ သေးပါဘူး'

ကျွင်းဝူ သက်ပြင်းချ၏။

တစ်မှ မပြေတော့ဘဲ စားပွဲ၌ ပြန်ထည့် ထိုင်ချလိုက်လေသည်။

ထိုစဉ် —

'တူ — တူ...'

ခရာမှုတ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မင်္ဂလာအခမ်းအနား စတင်တော့မည်ဖြစ်လေသည်။



## ထူးဆန်းသော မင်္ဂလာပွဲ

---

မင်္ဂလာခရာသံ ထွက်ပေါ်လာ၏။

ခန်းမဆောင်အတွင်း၌ ရောက်ရှိနေသူများ စိတ်ဝင်စားသွားကြလေ၏။

သတို့သား၊ သတို့သမီးတို့ ဝင်ရောက်လာကြမည့် မင်္ဂလာတံခါးပေါက်ဆီသို့ လှမ်းကြည့်လိုက်ကြလေ၏။

ထိုအချိန်မှာပင် —

အသင့်ပြုလုပ်ထားသော စင်မြင့်ပေါ်သို့ လူတစ်ယောက် တက်ရောက်လာခဲ့လေ၏။

ထိုလူမှာ —

www.burmeseclassic.com

www.burmeseclassic.com



နဂါးစိမ်းဂိုဏ်းချုပ်၏ ကိုယ်ရံတော်လေးယောက်နှင့် ပါဝင်လာသည့် စမ်းဟိုးဆိုသူဖြစ်လေ၏။

သူသည် ဓားရှည်လက်သီးသိုင်းကွက်ဖြင့် သိုင်းလောကတွင် ထင်ရှားခဲ့သည့် သိုင်းသမားကြီးတစ်ယောက်ဖြစ်သည်။

သိုင်းပညာအစွမ်းကိုဖြင့် ထင်ရှားစိုးခဲ့သဖြင့် သိုင်းလောကသားများအား ဆက်မခံကြတော့သဖြင့် နဂါးစိမ်းအဖွဲ့သို့ ရောက်ရှိလာသူဖြစ်လေ၏။

သူက ခန်းဆောင်ကြီးအတွင်းသို့ တစ်ချက်ဝေ့ကြည့်လိုက်ပြီး အောင်မြင်ခန့်ညားလှသောလေသံဖြင့် ပြောလိုက်လေသည်။

'ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိ လူကြီးမင်းအပေါင်းတို့ ခင်ဗျား... နဂါးစိမ်းဂိုဏ်းမှ ကျင်းပမယ့် မင်္ဂလာအချိန်အခါ ကျရောက်လာပြီဖြစ်ပါတယ်'

သူ၏စကားကို အားလုံးက စိတ်ဝင်စားစွာ နားထောင်နေကြလေ၏။

စမ်းဟိုးက စကားဆက်လိုက်လေ၏။

'သတို့သမီးနှင့်သတို့သား ကြွရောက်လာပါတော့မယ်၊ အားလုံး ကောင်းချီးပေးကြဖို့ တိုက်တွန်းပါတယ်'

စကားဆုံးလျှင် လက်ခုပ်သံများ ညံလိုက်လေသည်။

ဂီတမှုတ်သံများ၊ မင်္ဂလာတေးသီချင်းသံများ ထွက်ပေါ်လာလေ၏။

မရှေးမနှောင်းမှာပင် သတို့သမီးသည် အခြွေအရံများဖြင့် ခန်းမဆောင်အတွင်းသို့ ဝင်ရောက်လာလေ၏။



စမ်းဟိုးက အောင်မြင်ခန့်ညားသောအသံဖြင့် ကြေညာလိုက်လေ၏။

'သတို့သမီးဖြစ်တဲ့ နတ်သခင်မလေးမေဖုံး ရောက်ရှိလာပြီဖြစ်ပါတယ်'

ထိုကြေညာသံကြားလျှင် ပရိသတ်အားလုံး အံ့အားသင့်ဖြစ်သွားကြလေသည်။

'ဟင်... နဂါးစိမ်းဂိုဏ်းရဲ့သတို့သမီးဟာ မီးနတ်သခင်မလေးဖြစ်နေပါလား'

'မီးနတ်သခင်မလေးက နဂါးစိမ်းဂိုဏ်းနဲ့ ပူးပေါင်းလိုက်တာကြောင့် နဂါးစိမ်းဂိုဏ်းဟာ ကြောက်စရာကောင်းတဲ့ အဆိပ်ကို အသုံးပြုပြီး သိုင်းလောကကို ဗိုလ်ကျပေးနိုင်ခဲ့တာကိုး'

'မနေပါဦး၊ မီးနတ်သခင်မလေးက နဂါးစိမ်းဂိုဏ်းက ဘယ်သူနဲ့လက်ထပ်မှာလဲ၊ ဂိုဏ်းချုပ်နဲ့လား'

တစ်ယောက်တစ်ပေါက်ပြောဆို ဝေဖန်သံများထွက်ပေါ်လာလေသည်။

သခင်မလေးမေဖုံးအား စင်မြင့်ပေါ်ရှိ သတို့သမီးအတွက် ပြင်ဆင်ပေးထားသောနေရာ၌ နေရာယူထားလိုက်ပြီ ဖြစ်လေသည်။

စမ်းဟိုးက ကြေညာလိုက်ပြန်လေ၏။

'သတို့သား ကြွချီလာပါပြီ'

အားလုံး စိတ်ဝင်စားစွာဖြင့် လှမ်းကြည့်လိုက်ကြသည်။

ထိုအခါ...

www.burmeseclassic.com

www.burmeseclassic.com



လူသန်ကြီးလေးယောက်တို့မှာ အနက်ရောင်ကျွန်းခေါင်းကြီး တစ်လုံးကို ထမ်းလာကြသည်ကို တွေ့မြင်လိုက်ကြလေတော့သည်။

၀ ၀ ၀

'ဟင်'

'ဟာ'

ပရိသတ်များ တအံ့တသြဖြစ်သွားကြလေသည်။

မမျှော်လင့်သော ဖြစ်ရပ်တစ်ခုကို တွေ့မြင်လိုက်ရသည့် အတွက်ပါလား။

သတို့သားရောက်လာပြီဟု သိလိုက်ရချိန်၌ တွေ့မြင်လိုက်ရသည်မှာ ခေါင်းနက်ကြီးတစ်လုံးဖြစ်နေပါတော့သည်။

နတ်သမီးလေးအလား လှပသောမဖုံးအာ ပန်းပုရုပ်တုပမာ မလှုပ်မယှက်ထိုင်နေသည်။

လူသန်ကြီးလေးယောက်တို့ ခေါင်းအနက်ကြီးကို မဖုံးအနီး၌ ချလိုက်၏။

ချက်ချင်း သူတို့အနီးသို့ရောက်ရှိလာလေ၏။

'ချောလိုက်တဲ့ သတို့သမီးလေး'



မဖုံးကို ချီးကျူးပြီး လူသန်ကြီးများကို အမိန့်ပေးလိုက်သည်။

'ကဲ...မင်းသားလေးကို ထုတ်လိုက်ပါဦး'

လူသန်ကြီးများသည် ခေါင်းနက်ကြီးကိုချ၍ အတွင်းဘက်မှ ဝတ်ကောင်းစားလှ ဝတ်ဆင်ပြင်ဆင်ထားသော အရိုးစုတစ်ခုကို ထုတ်ယူလိုက်ကြလေ၏။

ထိုအရိုးစုသည်ကား...

မီးနတ်ဂိုဏ်းချုပ်၏တူတော်မောင် နဂါးမင်းသားလေး၏ အရိုးစုဖြစ်ပါခဲ့တော့သည်။

နဂါးမင်းသားသည် လှပချောမောလွန်းသော မဖုံးကို ဖမ်းဆီးရန်ကြိုးစားရင်း ပုထင်း၏လက်ချက်ဖြင့် သေဆုံးသွားခဲ့ရသည်။

ထို အတွက်ကြောင့်...

နဂါးစိမ်းဂိုဏ်းချုပ်သည် ပုထင်းအပေါ် အခဲမကျေနိုင်သကဲ့သို့ မီးနတ်သခင်မလေး မဖုံးကို သဲကြီးမဲကြီးလိုက်၍ ဖမ်းဆီးခဲ့ခြင်းဖြစ်လေသည်။

မဖုံးသည် ချုံစန်းနေရာတ်သို့ လိုက်ရင်း နဂါးစိမ်းဂိုဏ်းချုပ်နှင့် ကတွေ့၍ ရင်ဆိုင်ခဲ့ရ၏။

ဂိုဏ်းချုပ်အား မယှဉ်နိုင်ဘဲ ရှုံးနိမ့်၍ အဖမ်းခံခဲ့ရခြင်းဖြစ်သည်။

ဂိုဏ်းချုပ်သည် ပုထင်းကို သတ်ဖြတ်မည်ဟု ခြိမ်းခြောက်၍ မဖုံးထံမှ အဆိပ်များ ရယူခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သေဆုံးသွားပြီဖြစ်သော ဘုရားတာဝန်ခံမောင် နဂါးမင်းသားနှင့် လက်ထပ်ပေးရန် အာဘင်းအကြပ် စီစဉ်ခဲ့ခြင်း ဖြစ်ပါတော့သည်။

မေဖုံးသည် ပုဆင်းအနေနှင့် နဂါးစိမ်း ကိုဏ်းချုပ်ကို မည်သည့်နည်းနှင့်မျှ ယှဉ်နိုင်မည် မဟုတ်ကြောင်း၊ နားလည်ထားသဖြင့် ကိုဏ်းချုပ်အလိုကျ လိုက်လျောခဲ့ရခြင်း ဖြစ်၏။

ကိုဏ်းချုပ်သည် ဓာတ်မတည့်ဘဲ ပုထင်းကို ဖိုက်လှံ ဖုံကွယ်ပေးနေသည်ကို လည်းကောင်း၊—

ရှေးမှ အဆိပ်ကြောင့် ပုထင်း သိုင်းပညာ ဆုံးရှုံးသွားသည်ကို လည်းကောင်း မသိခဲ့ချေ။

ယခု—

ထူးဆန်းသော မင်္ဂလာပွဲအား စတင် ကျင်းပနေပြီ ဖြစ်ပါသည်။

လှပသော မိန်းမအသေး တစ်ယောက်နှင့် အရိုးစုတစ်စုတို့၏ မင်္ဂလာပွဲ ဖြစ်နေပါတော့သည်။

ချူစန်းသည် ထိုတိုသော တစ်ယောက်ပမာ ပြင်ဆင်ပေးထားသော နဂါးမင်းသား၏ အရိုးစုကို မေဖုံးနှင့် ယှဉ်တွဲထိုင်ထားသည့် အနေအထားမျိုး ပြင်ဆင်ပေးလိုက်သည်။

ပြီးလျှင်—

ဝှမ်ထိုးကို အချက်ပြလိုက်၏။

ဝှမ်တိုးကလည်း လက်ဝှေ့ထမ်းမြည်သည်။

ခရုသင်းမှုတ်သံများ၊ တူရိယာ တီးမှုတ်သံများ ထွက်ပေါ်လာတော့သည်။



မေဖုံးသည် နဂါးမင်းသား၏ ဇနီးသည် ဖြစ်သွားရတော့သည်။

ထိုတစ်ခဏ် အချိန်မှာပင်—

'ဒီမင်္ဂလာပွဲကို ကျုပ်သဘောမတူဘူး'

ဟန့်တားသံ ထွက်ပေါ်လာသည်ကို ကြားလိုက် ရတော့သည်။

တေးသံသာများ ချက်ချင်း တိတ်ဆိတ် ပျောက်ကွယ်သွားသည်။

လူတိုင်း လူတိုင်းသည် ဟန့်တားသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ကြ၏။

ထိုအခါ

တော်ကောင်းစားလူ ဝတ်ဆင်ထားသော လူငယ် တစ်ဦး ခန်းမဆောင် အတွင်းသို့ ဝင်ရောက်လာသည်ကို တွေ့မြင်လိုက် ရလေသည်။

—၀—

www.burmeseclassic.com

## တိုအိပွဲ

ခန်းမဆောင်တစ်ခုလုံး အပ်ကျသံ ကြားရလောက်အောင် တိတ်ဆိတ် ငြိမ်သက်သွား၏။

လူတိုင်းသည် ခန်းမဆောင်အတွင်းသို့ ဝင်ရောက်လာသည့် လူငယ်ကို အကဲခတ် ကြည့်နေကြ၏။

လူငယ်သည် ဝတ်ကောင်း စားလှတို့ ဝတ်ဆင်ထားပြီး ယောကျ်ားပီသစွာ ချောမော ခန့်ညားသူ ဖြစ်၏။

ထိုလူငယ်မှာ ပုထင်း၏အစ်ကို ပုချိုဖြစ်သည်။

ပုချိုသည် ခန်းမဆောင်အတွင်းသို့ ရောက်လျှင် တည်ကြည်စွာ မျက်နှာထားဖြင့် ပြော၏။

'ဒီမင်္ဂလာပွဲကို ကျုပ်သဘောမကျဘူး'



ထို့နောက် စကားအဆုံးတွင်—

'ဟူး'

ဓားတိုးသံတစ်ချက် ထွက်ပေါ်လာ၍ လူရိပ်တစ်ခုသည် ပုချို၏ ရှေ့သို့ ရောက်ရှိလာသည်။

ထိုလူမှာ—

နဂါးစိမ်းဂိုဏ်းချုပ်၏ ကိုယ်ရံတော် ဓားသမားထဲ၌ ပါဝင်သော ဝါဖိုးဆိုသူ ဖြစ်သည်။

ဝါဖိုးသည် ယခင်က အနောက်ရောင် သိုင်းလောကတွင် ကျော်ကြားခဲ့သော သိုင်းသမားလူဆိုးကြီး တစ်ယောက်ဖြစ်သည်။

ဝါဖိုးအား အရှေ့ရောင်သိုင်းသမားတို့က ဆုံးမရန် မြှုလှန်ရှာဖွေလာသောကြောင့် နဂါးစိမ်းဂိုဏ်း၌ လာရောက်ခိုလှုံရင်း ထက်မြက်သည့် သိုင်းပညာ ရှိနေသဖြင့် ဂိုဏ်းချုပ်၏ ကိုယ်ရံတော် ဓားသမားထဲ၌ ပါဝင်လာခဲ့ခြင်း ဖြစ်သည်။

ဝါဖိုးက ပုချိုအား ဒေါသတကြီး အော်ငေါက်လိုက်လေသည်။

'မင်းတော်တော် သတ္တိကောင်းပါလား၊ နဂါးစိမ်းဂိုဏ်းရဲ့ မင်္ဂလာပွဲမှာ လာပြီး နှောင့်ယှက်ရဲတာ သေချင်လို့ပဲ ဖြစ်ရမယ်'

ပုချိုကား ပုထင်းထက်ပိုပြီး စိတ်ဆတ်သူ ဖြစ်၏။

နဂါးစိမ်း၏ လက်ချက်ကြောင့် မိသားစု တစ်စုလုံး ပြိုကွဲခဲ့ရသည်ဖြစ်သည်။

ထို့ကြောင့်—

www.burmeseclassic.com

www.burmeseclassic.com



နဂါးစိမ်းကိုကြီးအဝေါ် အခဲမကျေဖြစ်ခဲ့ရသည်မှာ ကြာပြီ ဖြစ်သည်။

ထူး၏ ဝေါသမျှကို မျိုသိပ်ထားခဲ့ရာမှ ထူးအား ကူညီ စောင့်ရှောက်ခဲ့သည့် လင်းဆောင်းနှင့် ညီဖြစ်သူ ပုထင်းတို့ ဒုက္ခ ရောက်ခဲ့ရသည်တွင် မည်သို့မျှ သည်းမခံနိုင်တော့ဘဲ နဂါးစိမ်း သို့ ထောက်ရောက်၍ ရင်ဆိုင်နေခြင်း ဖြစ်ပေတော့၏။

ပုချီ မဲ့ပြုံး ပြုံးလိုက်၏။

'ဘယ်သူသေမလဲ ကြည့်ကြသေးတာပေါ့'

စကားဆုံးသည်နှင့် လက်ဝါးဝှေစ်မဖြင့် ဆန့်ထုတ်၍ ဆောင့် တိုက်ခိုက်လိုက်၏။

နှမ်ပေါင်းမျှားတွေ ကြိုးစား၍ လေ့ကျင့်ထားခဲ့သည့် အရိပ်မဲ့ လက်ဝါးသိုင်း ပညာကို အသုံးပြုလိုက်ခြင်း ဖြစ်၏။

'ဟူး'

လေတိုးသံ ထွက်ပေါ်လာ၍ အရိပ်မဲ့လက်ဝါး သိုင်းကွက် သည် ပါဖုံးထံသို့ တိုးဝင်သွားလေ၏။

ဝါဖုံးအနေညီး ထိပ်သီးသိုင်းသမား ဖြစ်ယောင်ပီပီ လက် ဝါးဆန့်ထုတ်၍ ချက်ချင်း ခုခံလိုက်လေ၏။

နှစ်ယောက်သား ထိပ်တိုက် ရင်ဆိုင်မိကြသည်နှင့်...

'ဝုန်း'

ကျယ်လောင်သော အသံ ထွက်ပေါ်လာ၍ ဝါဖုံး ဒယီး ဒယိုင်ဖြင့် နောက်ဆုတ်လိုက်ရ၏။

'ဂုင်'



စင်မြင့်ပေါ်မှ ကြည့်နေသော ဝမ်တိုးနှင့် ချူစန်းတို့ ရင်ထိတ် သွားကြသည်။

'ဟူး'

ဝမ်တိုးသည် ချက်ချင်းပင် စင်မြင့်ပေါ်မှ ခုန်ဆင်း၍ ပုချီ အနီးသို့ ရောက်ရှိသွား၏။

ပုချီမှာ တည်ကြည်သော မျက်နှာထားဖြင့် မလှုပ်မယှက် ရပ်နေ၏။

ဝါဖုံးမှာ မောသံတကြီး ရှေ့တိုးလာ၏။

'နေမင်းကြီး... ဒီကောင်ဝမ်းသား ကျုပ်ကို စော်ကားလိုက် တာပဲ၊ သူ့ကို ကျုပ်ဆုံးမပါရစေသား'

ဝမ်တိုး မျက်မှောင် ကုတ်သွားပြီးမှ သဘောတူလိုက်လေ သည်။

'ကောင်းပြီ'

ဝမ်တိုးမှာ နောက်ဆုတ်ပေးလိုက်လျှင်...

'ယား'

ဝါဖုံးသည် ညာသံပေး၍ ပုချီထံသို့ ခုန်ဝင်တိုက်ခိုက်လိုက် သည်။

ပုချီမှာ အရိပ်မဲ့ လက်ဝါးသိုင်းကို အသုံးပြုရင်း လက်ဝါး တစ်ချက် ရိုက်ထုတ်လိုက်၏။

ဝါဖုံးနှင့် ပုချီတို့ ထိပ်တိုက် ရင်ဆိုင်မိသွားကြပြန်၏။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာပြီး ဝါဖုံးမှာ ဒယီး ဒယိုင်ဖြင့် နောက်ဆုတ်သွားရ ပြန်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတောင်ကြိမ်—

'ဝေါ့'

ဝါဖုံးဝါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်၏။

ဒဏ်ရာပြင်းစွာရသွားပြီဖြစ်၍ ကြာရင်းထင်ရှားနေပါတော့၏။

ဖမ်တိုး မျက်မှောင်ကုတ်သွားသည်။

ပုချိုကဲ့သို့ လူငယ်တစ်ယောက်က ဝါဖုံးကဲ့သို့ထိပ်သီးသိုင်းသမားတစ်ယောက်ကို ပြင်းထန်စွာ ဒဏ်ရာ ရရှိသွားစေရန် တိုက်ခိုက်နိုင်လိမ့်မည်ဟု မယုံကြည်ခဲ့ပါ။

ယခုတော့—

'မင်း'

ဝါဖုံးသည် ဒေါသတကြီးဖြင့် ပုချိုအား တိုက်ခိုက်ရန် ကြိုးစားလိုက်ပါသော်လည်း မဟန်နိုင်တော့ပါချေ။

ရှေ့တိုးရန် ဟန်ပြင်ရင်း ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွား [illegible]—

'ဝုန်း'

အရုပ်ကြိုးပြတ် သကဲ့သို့ ကျသွားပြီး မလှုပ်မယှက်ဖြစ်သွားလေ၏။

'တောက်'

ဖမ်တိုး မကျေမနပ်ဖြင့် တက်ခေါက်လိုက်၏။

'ခွေးကောင်လေး— သေဖို့သာ ပြင်ထားပေတော့'

ကြုံးဝါးရင်း ရှေ့တိုး၍ ပုချိုအား တိုက်ခိုက်လိုက်တော့သည်။



ပုချိုနှင့် ပုထင်းတို့သည် ဖခင်ထံမှ အရိပ်မဲ့ သိုင်းပညာကို အတူတကွ ရရှိခဲ့ကြ၏။

ပုချိုသည် သိုင်းလောကသို့ မထွက်ခင် ကျောင်းလိန်မြို့၌ဇာတ်မြှုပ်နေထိုင်ရင်း လေ့ကျင့်ခဲ့ရာမှ အရိပ်မဲ့သိုင်းပညာကို [illegible] အောင်မြင်ခဲ့ခြင်း ဖြစ်၏။

ပထမဆုံးအကြိမ်အဖြစ် အရိပ်မဲ့ သိုင်းပညာကို အသုံးပြု၍ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ဖမ်တိုးသည် ဝါဖုံးခံလိုက်ရသည်ကိုမြင်လျှင် ဒေါသတကြီး ဖြင့် ဝင်ရောက် တိုက်ခိုက်လာလေ၏။

ပုချိုက အရိပ်မဲ့ လက်ဝါးပညာကိုပင် အသုံးပြု၍ ရင်ဆိုင် လိုက်လေ၏။

နှစ်ယောက်သား ထိပ်တိုက် ရင်ဆိုင်လိုက်ကြသည်နှင့်—

'ဝုန်း'

ကျယ်လောင်သော အသံ ထွက်ပေါ်လာ၍ ဖမ်တိုးသည် [illegible] နောက်ဆုတ်လိုက်ရလေ၏။

'ဟင်'

'ဟာ'

ခန်းမဆောင်အတွင်း၌ ရောက်ရှိနေကြသော အဖြူရောင် သိုင်းသမားများ၊ သာမက အနက်ရောင်သိုင်းသမားများပါ အထိတ်တလန့် ဖြစ်ကုန်ကြလေ၏။

လူငယ်လေးတစ်ယောက်သာ ဖြစ်သော ပုချိုသည် ထိပ်သီး သိုင်းသမားကြီးများကို အလွယ်တကူ အနိုင်ယူနေသည် [illegible] ပါလေ။

www.burmeseclassic.com

www.burmeseclassic.com



နဂါးစိမ်းကိုတက်သေးမှုသည် မထိပိုးကြည့်မနေနိုင်ကြ တော့ဘဲ—

'ယူ၊'

ညာသံပေးလာ၍ ပုချိုထံ မြေးဝင် တိုက်ခိုက်လိုက်ကြလေ သည်။

ပုချိုလာသည်၊ ပြန်လည်တိုက်ခိုက်လျှင်ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာတော့သည်။

ခန်းမဆောင်အတွင်း၌ ရောက်ရှိနေကြသည့် အမြှူးရာင် ဆိုင်းသမားများနှင့် အနုတ်ဆရာင်ဆိုင်းသမားများမှာ မည်သို့ ပြုလုပ်ရမှန်းမသိဘဲတိုက်ပွဲကိုငေးမောကြည့်နေကြလေတော့၏။

ဝ ဝ ဝ

ကျိုးရှိသော မြွေသည်ကဲ့သို့ မင်္ဂလာပွဲကျင်းပသည့်အခမ်းအနား သည် အမင်္ဂလာပွဲ အခမ်းအနားအဖြစ်သို့ ပြောင်းလဲသွားပြီ ဖြစ်လေသည်။

မီးနတ်သခင်မလေး မေဖူးအား မလွှပ်မယှက်ဆီး၊

ချူစန်း ဒေါသချောင်းချောင်းထွက်လာ၏။

'တောက်—ခင်းအသုံးပြုလိုက်တာ အရိုပ်မဲ့ဆန်ငါးစည ပွဲ၊ ခင်းဟာ ပုထင်းရဲ့အစ်ကို ပုချိုဖြစ်ရမယ်'

အရိပ်မဲ့ညာ တတ်မြောက်ထားသော ပုချိုအား သူမ မည်သည့်နည်းနှင့်မျှ ယှဉ်နိုင်မည်မဟုတ်ကြောင်း၊ ယုံကြည်ထား သည်။



သူမသည်၊ ဒေါသဖြစ်ဖြစ်နှင့် မေဖူးအား မေးခွန်းထုတ် လိုက်၏။

'ညည်းရဲ့အဆိပ်ကို ထုတ်ပေးစမ်း'

မေဖူး၊ အံကိုပြင်းချလိုက်၏။

'ရှင်တို့လိုချင်တဲ့အဆိပ်ကို ကျွန်မပေးပြီးပြီပဲ'

'ညည်းပေးတဲ့အဆိပ်တွေအငါတို့အသုံးပြုလိုက်နှုန်းခဲ့ပြီ ဒါ့ကို ကျွန်မဘာတတ်နိုင်မှာလဲ'

'ညည်း ထပ်ပြီးပေးရမယ်'

'ကျွန်မမှာ မပေးစရာမရှိဘူး'

'ညည်း'

ချူစန်း ဒေါသဖြင့် ရှေ့တိုးလာ၏။

မေဖူး ဆိုင်ရာမှ ငေါက်ခနဲထရပ်လိုက်၏။

'ကျွန်မကို ရှင်ကြိုက်သလိုလုပ်နိုင်တယ်၊ ဒါပေမယ့် အစ်ကို ပုထင်းကို ဒုက္ခပေးလို့တော့မရဘူး'

'နေပါဦး ပုထင်းကို ငါတို့ ဒုက္ခပေးတယ်လို့ ဘာကြောင့် ပြောနိုင်ရတာလဲ'

မေဖူးက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက် သည်။

'အစ်ကိုပုထင်းရဲ့အစ်ကို ပုချိုတောင် ဒီကိုရောက်လာနိုင် ရင် သူ့ကို ဘာကြောင့် ရောက်မလာနိုင်ရမှာလဲ၊ ရှင်တို့ကြောင့် ဒုက္ခရောက်နေပြီဆိုတာ ထင်ရှားနေပြီ'

သူမ၏စကားအဆုံးတွင် ချူစန်း စကားတုံ့ပြန် မေးလိုက်တော့၏။

www.burmeseclassic.com



'မှန်ချိုတ်လေ ပုထင်းအစ ငါတို့လက်ထဲရောက်နေပြီ၊ ဒီကို နဝါးစိမ်းဂိုဏ်းချုပ် ဘာကြောင့် ရောက်မလာသလဲဆိုတာ ညည်းသိလား'

ရှုမအား ဘာမှမပြောဘဲနေလိုက်၏။

ချူစန်းအား ဆက်ပြောသည်။

'ပုထင်းဟာ ဂိုဏ်းချုပ်လက်ထဲ ရောက်နေပြီ'

'ရှင်…ရှင်'

'ဟင်း…ဟင်း…ရှုမှာ ညည်းရဲ့အဆိပ်မိထားတော့စွာ သိုင်းပညာ အသုံးမပြုနိုင်တော့ဘူးပေ'

'ရှင်…ရှင်ယုတ်မာလှချည်လား'

ချူစန်း ပခုံးတွန့်လိုက်၏။

'အရိပ်မဲ့ပညာကိုရဖို့ ဘာမဆိုငါလုပ်မှာပဲ၊ ဂိုဏ်းချုပ်သာ သိုင်းလောကကို လွှမ်းမိုးနိုင်ပြီဆိုရင် ငါလည်း ထင်ရှားစိုးနိုင်ပြီပေါ့'

'ရှင်…ရှင်'

ရှုမက ချူစန်းအား တိုက်ခိုက်ရန် ပြင်လိုက်လေသည်။

ချူစန်း ခေါင်းခါယမ်းလိုက်၏။

'ညည်းရဲ့သိုင်းပညာကို အသုံးပြုလို့မရအောင်ဖျက်ဆီးထားတာ မေ့သွားပြီလား'

ရှုမ ခေါင်းငိုက်စိုက်ကျသွား၏။

ဂိုဏ်းချုပ်သည် ရှုမအား ဖမ်းမိသွားပြီးနောက် သိုင်းပညာ အသုံးပြု၍မရအောင် သွေးကြောမျှားကို ဖျက်ဆီးပစ်လိုက်လေသည် မဟုတ်ပါလား။



ဂိုဏ်းချုပ်နှင့် ချူစန်းတို့၏လှည့်ကွက်ကြောင့် အားလုံးဒုက္ခ ရောက်ခဲ့ကြလေပြီဖြစ်၏။

'ကဲ…အဆိပ်ကို ထုတ်ပေးစမ်း'

'ကျွန်မမှာ ဘာအဆိပ်မှမရှိတော့ဘူး'

'ညည်း'

'ကျွန်မမှာရှိနေသေးရင် ရှင်တို့ ရှာတွေ့သွားကြမှာပဲ မဟုတ်လား'

'ဩော်'

ချူစန်း တွေဝေသွားလေ၏။

ရှုမ၌ အဆိပ်များရှိသေးလျှင်ရှာ၍မတွေ့နိုင်စရာ မရှိဟု တွေးမိလိုက်၏။

ရှုမ၏ မီးနတ်အဆိပ်သည် အလွန်ကြောက်မက်ဖွယ်ကောင်း လှပေသည်။

အဆိပ်စေးလုံးလေး တစ်လုံးကို အသုံးပြုရုံဖြင့် လူပေါင်း တစ်ရာခန့် အဆိပ်မိသွားစေရန် အာနိသင်ရှိလေသည်။

ချူစန်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

'သော်…ညည်းဆီက အဆိပ်စေးမရနိုင်ဘူးဆိုတော့လဲ ပုချီဒူးလေ ကြီးလေးအောင် သူညီပုထင်းနဲ့ ခြိမ်းခြောက်ရတော့မှာပေါ့'

ပုချီဘက် မြောင်းဦးလှည့်သွားသဖြင့် သူမ စိတ်သက်သာရာ ရသွားလေသည်။

မည်သို့ဆိုစေ…

www.burmeseclassic.com

www.burmeseclassic.com



နဂါးစိမ်းလက်ထဲကို ပုထင်းရောဇ်ရှိနေသည်အား ချင်လေးစရာ ကောင်းလှပေသည်။

ပုထင်းသည် ဘာတို့အဆိုရှိနေသော အရိပ်မဲ့သိုင်းကျမ်းကို ပေးလိမ့်မည်မဟုတ်ပါ။

ဤသို့ ဆိုလျှင်—

မဖြူ၊ တွေးတောနေစဉ်မှာပင် စူးရှသော အော်ဟစ်သံမျိုး ထွက်ပေါ်လာသည်ကို ကြားလိုက်ရတော့သည်။

မ ၀ ၀

'ဝုန်း'

'အား'

'အောင်မယ်လေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ၊ ဆက်ပြိုင်နက် ထွက်ပေါ်လာသည်။

ပုချိုတို့ ခိုက်လိုက်သည်နှင့် နဂါးစိမ်းဂိုဏ်းသားများ ပရိပရဲဖြစ်သွားကြလေသည်။

အနှစ်ရှောင်သိုင်းသမားများနှင့် အဝါရောင် သိုင်းသမားများလည်း ထိုင်ရာမှ ထလိုက်ကြလေ၏။

အခြင်းအရေးမှလာသည်နှင့် နဂါးစိမ်းဂိုဏ်းဝင် ပြိုခွဲရန် ပူမောင်းမိသွားကြလေတော့သည်။



စမ်းကိုးနှင့်ဝါဖုတို့သည် ပုချို၏လက်ချက်ဖြင့် အနှိမ်ခံလွှပြီးနောက် သံဆက်ဝါးရှောင်စုအား ရှေ့တိုးလာသည်။

'မင်းရဲ့သိုင်းပညာ မဆိုးပါဘူး၊ ကျုပ်ရဲ့သံလက်ဝါးကို စမ်းကြည့်ပါဦး'

စကားဆုံးလျှင် သံလက်ဝါးသိုင်းပညာကို အသုံးပြု၍ စတင်တိုက်ခိုက်လိုက်လေသည်။

'ဟား....'

ပြင်းထန်သော သံလက်ဝါးရှိန်ချက်သည် ပုချို၏ရင်ဘတ်သို့ တိုးဝင်လာလေသည်။

ပုချိုအား ရှောင်တိမ်းခြင်းမပြုဘဲ အရိပ်မဲ့ပညာကိုအသုံးပြု၍ ရင်ဆိုင်တိုက်ခိုက်လိုက်လေ၏။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသည်နှင့်—

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာပြီး ရှောင်စုသည် နောက်ဆုတ်လိုက်ရလေ၏။

သူ၏ သံလက်ဝါးပညာသည် ပုချိုအား အနိုင်ယူဖို့အတွက် မည်သို့မျှ မတတ်နိုင်ခဲ့ပါချေ။

သူ၏ အရိပ်မဲ့လက်ဝါးပညာနှင့် ရင်ဆိုင်လိုက်ရသောအခါ ရှောင်စု၏ လက်နှင့်ပခုံးတစ်လုံး သွင်းဆွင်ကျိုးသွားတော့သည်။

ရှောင်စုမှာ မျက်နှာကြီးရှုံ့မဲ့၍ နောက်ထပ်တိုက်ခိုက်ခြင်း မပြုနိုင်တော့ချေ။

ပုချို မှိုင်ပြုံးပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီခန်းမဆောင်ထဲမှာ ဘယ်သူက ကျုပ်ကို ဟန့်တားနိုင်မှာတဲ့လဲ'

ထိုစဉ်—

'ငါတစ်ယောက်လုံးရှိသေးတယ်ဆိုတာ မမေ့နဲ့ဦး'

စကားသံနှင့်အတူ လူတစ်ယောက်၏ ခုန်ဝင်တိုက်ခိုက်လာသည်။

ထိုလူမှာ ချူစန်းဖြစ်လေသည်။

ဝ ဝ ဝ

ခန်းမဆောင်အတွင်း၌ ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်နေသည်။

အဖြူရောင်သိုင်းသမားများနှင့် အနက်ရောင်သိုင်းသမားများ ပူးပေါင်းလက်တွဲကာ နဂါးစိမ်းဂိုဏ်းသားများအား တိုက်ခိုက်နေပြီဖြစ်လေသည်။

'ဝုန်း'

'အား'

'အမလေး'

'သေပါပြီဗျ'

ဆူညံသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်နေသည်။



အဖြူရောင်သိုင်းသမားများ၏ ပူးပေါင်းတိုက်ခိုက်မှုကြောင့် နဂါးစိမ်းဂိုဏ်းသားများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားလေ၏။

ခန်းမဆောင်ကြီးအတွင်း၌ စတင်သော တိုက်ပွဲသည် ခန်းမဆောင် အပြင်ဘက်သို့တိုင် ရောက်ရှိသွားလေသည်။

နဂါးစိမ်းဂိုဏ်းသားများသည် ကျန်ရှိနေသေးသော ကိုယ်ရံတော် ဝမ်တိုး၏ ဦးဆောင်မှုဖြင့် လူအင်အားအသုံးပြုကာ ခန်းမဆောင်ကြီးကို ဝိုင်းထား၍ တိုက်ကြလေသည်။

ဝမ်တိုးတို့သည် စည်းရုံးသိမ်းသွင်းထားသော သိုင်းသမားများ၏အင်အား မင်္ဂလာပွဲသို့ရောက်ရှိနေကြသော အနက်ရောင်သိုင်းသမားများ၏ အင်အားကို အသုံးပြုကာ အဖြူရောင်သိုင်းသမားများကို အနိုင်ယူရန် စီစဉ်ထားလေ၏။

သို့သော်

အနက်ရောင်သိုင်းသမားများသည်လည်းကောင်း၊

နဂါးစိမ်းဂိုဏ်းအပေါ် သစ္စာခံခဲ့ကြသည့် သိုင်းသမားများသည်လည်းကောင်း၊ အလိုလို စုပေါင်းမိသွားကြပြီး ဝိုင်းဝန်း တွန်းလှန်လာကြသည် ဖြစ်ရာ ဝမ်တိုးထင်မှတ်သကဲ့သို့ ဖြစ်မလာတော့ဘဲ နဂါးစိမ်းဂိုဏ်းသားများ မရှုမလှ အရေးနိမ့်သွားကြလေတော့သည်။

ဝမ်တိုးတို့လူစုသည် ဦးဖွား၊ ငရဲနီ၊ ငှက်ဆိုးကြီးနှင့် မြေဇာဘီလူးတို့နှင့် ရင်ဆိုင်တိုက်ခိုက်ရလေ၏။

တိုက်ပွဲအား ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'တစ်ယောက်ထဲမှ မလွှတ်စေနဲ့'

ဝမ်တိုးက ညာသံပေးကာ ရှေ့ဆုံးမှ ဦးဆောင်တိုက်ခိုက်လေ၏။

ဇရိုနီသုံးယောက်သည် ဝိုင်းရံထားကြသော နဂါးစိမ်းဂိုဏ်းသားများကို ဆုံးမလိုက်ကြလေသည်။

'အား'

'အမယ်လေး'

'သေပါပြီဗျ'

ဒူးရှူးသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာသော နဂါးစိမ်းအဖွဲ့သားများ ပရိုဖရဲ ထွက်ပြေးသွားကြလေတော့သည်။

သူ ဒေါသထွက်သွားလေ၏။

'ဇရိုနီ၊ ခင်ဗျားက ဘာကြောင့် အဖြူရောင် သိုင်းသမားတွေဘက်က ရပ်တည်ချင်ရတာလဲ၊ ပြောစမ်းပါဦး'

ဒေါသတကြီး မေးလိုက်၏။

'ဟား...ဟား...ဟား'

ဇရိုနီက ဟားတိုက်ရယ်မောလိုက်သည်။

'ငါဟာ ဘယ်တုန်းကမှ အဖြူရောင်သိုင်းသမားတစ်ယောက် မဖြစ်ခဲ့ပေမယ့် သိုင်းလောကကြီး ပျက်စီးသွားမှာကို ဘယ်တုန်းကမှ မလိုလားခဲ့ဘူး၊ နဂါးစိမ်းအဖွဲ့ဟာ သိုင်းလောကတစ်ခုလုံး ပျက်ဆီးဖို့ကြံစည်နေတာ ငါ ဘယ်လိုလုပ်ပြီး ကြည့်နိုင်မှာလဲ'



'ဒါဖြင့်...သိုင်းလောကကြီး ပျက်စီးသွားမှာကို ခင်ဗျားက စိုးရိမ်နေတယ်ပေါ့ ဟုတ်လား'

'နဂါးစိမ်းအဖွဲ့ဟာ သိုင်းလောကပျက်စီးအောင် လုပ်နေတာမဟုတ်လို့ ဘာတွေလုပ်နေတာလဲ'

'အေးပြီ၊ ခင်ဗျားက သိုင်းလောကကြီးကို ဒီလောက်တောင် ချစ်နေတယ်ဆိုရင်လဲ နဂါးစိမ်းအဖွဲ့ဟာ ခင်ဗျားကို ဆုံးမရတော့မှာပေါ့'

ဝမ်တိုးက ဓားရှည်တစ်လက်ဆွဲထုတ်ကာ တရကြမ်း တိုက်ခိုက်လိုက်လေ၏။

ဇရိုနီကလည်း ချက်ချင်း ပြန်လည်တိုက်ခိုက်လိုက်သည်။

သူတို့ ရင်ဆိုင်တိုက်ခိုက်နေစဉ်...

'ကျုပ်တို့လဲ ရှိသေးတယ်ဆိုတာ မမေ့နဲ့'

ငှက်ဆိုးကြီးနှင့် မြွေပါဘီလူးတို့က တိုက်ပွဲအတွင်းသို့ ခုန်ဝင်လာကြ၏။

ဝမ်တိုးသည် ထိပ်သီးသိုင်းသမားတစ်ယောက် ဖြစ်သည်နှင့်အညီ ဇရိုနီ့အား ဝရုန်းတိုက် လိမ့်မည်မဟုတ်ပါချေ။

သို့သော်

မြွေပါဘီလူးနှင့် ငှက်ဆိုးကြီးတို့က ဝင်ရောက်တိုက်ခိုက်ကြသောအခါ အခက်ကြုံသွားရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန် နဂါးစိမ်းအဖွဲ့သားများမှာမူ အပြုံးနှင့်အနုဏ်သိုင်းသမားများ၏ စုပေါင်းတိုက်ခိုက်ခြင်း ခံရလေသောကြောင့် တပြည်းပြည်း အရေးနိမ့်သွားကြလေတော့၏။

ထိုအချိန်တွင်

၀ ၀ ၀

ပုချီနှင့်ချူစန်းတို့ ရင်ဆိုင်မိလိုက်ကြလေသည်။

ချူစန်း၏သိုင်းပညာသည် ယခင်ကထက်စာလျှင် များစွာတိုးတက်လာပြီဖြစ်ပါသည်။

သူမသည် နဂါးစိမ်းခေါင်းဆောင်၏ စိတ်အချရဆုံး ယုံတော်တစ်ယောက် ဖြစ်လာသကဲ့သို့ သိုင်းပညာလည်း တိုးတက်လာခဲ့ခြင်း ဖြစ်ပေတော့သည်။

ချူစန်းသည် လက်ဝါးနှစ်ဖက်အသုံးပြုကာ ပုချီအား တိုက်ခိုက်လိုက်၏။

ပုချီ မဲ့ပြုံးပြုံးလိုက်သည်။

'ခင်ဗျား ဘာမှတတ်နိုင်မှာမို့ လဲ'

အရိပ်မဲ့လက်ဝါးသိုင်းကွက်ကို အသုံးပြုကာ ဆီးကြိုတိုက်ခိုက်လိုက်သည်။



နှစ်ယောက်သား ထိပ်တိုက် ရင်ဆိုင်မိလိုက်ကြသည်နှင့် —

'ဝုန်း'

ကျယ်လောင်သော အသံ ထွက်ပေါ်လာ၍ ချူစန်းမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေ၏။

ပုချီမှာ ဆက်၍ တိုက်ခိုက်ခြင်း မပြုဘဲ ထက်မိုက်ကြည့်နေလိုက်သည်။

ချူစန်း ထိတ်လန့်သွား၏။

နှုတ်ခမ်းကို လက်ဖြင့် သုတ်လိုက်သော အခါ သွေးများ ပေကျံသွားသည်ကို တွေ့ရ၏။

ပုချီ၏ လက်ချက်ကြောင့် အတွင်းဒဏ်ရာရသွားပြီဖြစ်လေသည်။

'မင်း...မင်း'

ပုချီ မဲ့ပြုံး ပြုံးလိုက်သည်။

'ကျုပ်ညီ ပုထင်း ဘယ်မှာလဲ ပြောပါ'

ချူစန်း အံကြိတ်လိုက်၏။

'ပုထင်းကို တွေ့ချင်ရင် ငါ့နောက် လိုက်ခဲ့ပေတော့'

စကားဆုံးလျှင် ချူစန်း လှည့်၍ ပြေးထွက်သွားလေတော့သည်။

ပုချီ ပြုံးသည်။

'စိတ်ချ၊ ကျုပ်ညီကို တွေ့ရမယ်ဆိုရင် ငရဲပြည်ကိုတောင် လိုက်ရဲတယ်ဆိုတာ မှတ်ထားပါ'

ချက်ချင်းပင် —

ချူစန်းနောက်သို့ ပြေးလိုက်၍ သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းမြင့်ပေါ်မှ အခြေအနေကို စောင့်ကြည့်နေသည့် မေပုံ သည် ထိုင်ရာမှ ဆတ်ခနဲ ထ၍ ဝင်းမြင့်အောက်ဘက်သို့ ခုန်ဆင်း လိုက်၏။

ထိုနေ့က

ပုချိုဘိုခနေ့ကသို့ ပြေးလိုက်သွားလေတော့သည်။

—၀—

## အတွေ့အကြုံ

ချူးစန်းက တစ်ဟုန်ထိုး ပြေးသွားနေသည်။

ပုချိုကလည်း အလွတ်မပေးဘဲ နောက်က လိုက်ပြေးလာ နေသည်။

အတန်ကြာအောင် ပြေးသွားမိကြလျှင်....

ကျောက်ဆောင်ကြီး တစ်ခု၏ ခြေရင်းသို့ ရောက်ရှိသွားကြ သည်။

ထိုကျောက်ဆောင်ကြီး၌ ကြီးမားသော လိုဏ်ဂူကြီးတစ်ခု ရှိ နေပြီး....

ထိုလိုဏ်ဂူကြီး အတွင်း၌ မီးရောင်များ ထွက်ပေါ်နေသည် ကို တွေ့ရလေ၏။

ချူးစန်းက ခြေလှမ်းရပ်လိုက်သည်။

ပုချိုလည်း ခြေလှမ်းရပ်လိုက်လေ၏။

ချူးစန်းက ပုချိုအား လှည့်ကြည့်၍ ပြုံးပြ၏။

www.burmeseclassic.com

www.burmeseclassic.com



'မင်းတွေချင်တဲ့ မင်းရဲ့ ညီဟာ အဲဒီလိုဏ်ဂူထဲမှာ ရှိနေပါတယ်'

ပုချို ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ'

လူကား ချုံစန်းအား အမှုမထားတော့ဘဲ လိုဏ်ဂူကြီးအတွင်းသို့ လှမ်းဝင်လိုက်၏။

လိုဏ်ဂူထဲ၌ မီးတုတ်များ ထွန်းညှိထားသဖြင့် နေ့တာနှင့် မခြား ထိန်လင်းနေ၏။

ပုချိုသည် ဂူထဲဝင်လိုက်သည်နှင့် အေးစိမ့်သော ခံစားမှုတို့ ခံစားလိုက်ရ၏။

I ၂၀ / ၉

'ညီလေး'

ပုထင်းကို စိုးရိမ်ပူပန်စွာဖြင့် ခေါ်လိုက်သည်။

ရုတ်တရက်—

ဂူအတွင်းမှ အေးစိမ့်သော ရယ်သံတစ်ချက် ထွက်ပေါ်လာသည်။

'မင်းရဲ့ညီ ရှိနေတယ်၊ ဝင်ခဲ့ပါ'

ပုချို အံကြိတ်၍ ဂူအတွင်းပိုင်းသို့ ဆက်၍ ဝင်လိုက်လေသည်။

ဂူအတွင်းပိုင်း၌ ခန်းမဆောင်ကြီး တစ်ခု ဝမ်း ကျယ်ဝန်းနေပါသည်။

ပုချိုသ ထိုနေရာသို့ ရောက်ရှိသွားသောအခါ ဂူနံရံ၌ သံကြိုးများဖြင့် ချည်နှောင်ထားခြင်း ခံရသည့် လူငယ်တစ်ဦးကို တွေ့ရ၏။



ထိုလူငယ်ကား—

ပုချိုလိုက်ရှာနေသည့်ညီဖြစ်သူ ပုထင်းဖြစ်နေတော့၏။

'ညီလေး'

ပုချိုသည် စိတ်မကောင်းဖြစ်၍ ပုထင်းထံသို့ လှမ်းသွားရန် ဟန်ပြင်လိုက်၏။

လူတစ်ယောက်က ၎င်း၏ရှေ့မှ လမ်းပိတ်ထားလိုက်လေ၏။

အသက်ခြောက်ဆယ်ခန့်ရှိ အဘိုးအိုတစ်ယောက် ဖြစ်၏။

သိုင်းလောက တစ်ခုလုံးကို မွှေနှောက် ဒုက္ခပေးနေသည့် နဂါးစိမ်းဂိုဏ်းချုပ် ဖြစ်ပါ၏။

ပုချို ခြေလှမ်းရပ်သွားသည်။

နဂါးစိမ်းဂိုဏ်းချုပ်ဆိုသူကို ခြေဆုံးခေါင်းဆုံး ကြည့်မိ၏။

'သစ္စာဖောက် ပုကျောင်းရဲ့ သားတွေတော့ အရွယ်ရောက်ကြီးပြင်းလာကြပြီကိုး'

ပုချို မဲ့ပြုံးပြုံးသည်။

'ကျုပ်ရဲ့အဖေဟာ သစ္စာဖောက် တစ်ယောက် မဟုတ်ပါဘူးဗျာ၊ ကျုပ်တို့ မျိုးရိုးစဉ်ဆက် ပိုင်ဆိုင်ထားတဲ့ အရိပ်မဲ့သိုင်းကျမ်းကို ပြန်လည် ရယူနိုင်အောင် ခင်ဗျားနဲ့ ပူးပေါင်းခဲ့ရတာပါ—'

'ခင်ဗျားကြောင့် ကျုပ်အဖေ သေဆုံးခဲ့ရတယ်၊ ကျုပ်ညီလဲ ဒုက္ခရောက်ခဲ့ရတယ်—'

'ဒါကြောင့် ခင်ဗျားကို ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူးဆိုတာ မှတ်ထားပါ'

နဂါးစိမ်းဂိုဏ်းချုပ် ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ငါ့အဖွဲ့ မင်းတို့ မိသားစုကို ဘယ်တော့မှ မေ့သွားမှာ မဟုတ်ဘူး၊ မင်းတို့ကြောင့် အရိုင်မဲ့ သိုင်းကျမ်းကို ဆုံးရှုံးခဲ့ရတာ၊ အမျိုးမျိုး လှည့်စားခဲ့ရသေးတယ်...

'ငါဟာ အရိုင်မဲ့ သိုင်းကျမ်းကို ရမယ်ဆိုရင် သိုင်းလောကကြီးကို သိမ်းပိုက်နိုင်တော့ ကြားပြီးခဲ့ပါ ခုတော့ မင်းတို့မိသားစုကြောင့် ငါ့ရဲ့ အကြံအစည်တွေ ပျက်စီးခဲ့ရတယ်၊ ငါ ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး၊ ဆိုတာ မှတ်ထားပါ'

ပုချို ရယ်မိုက်သည်။

'ထိုခေါ်ယောက်ကို တစ်ယောက် ခွင့်မလွှတ် နိုင်ရှုတွေ တွေ့နေကြပြီပဲ၊ ခင်ဗျာ၊ ဘာလုပ်နေတာလဲ'

'ဟေ့၊ ဟား ဟား၊ မင်း ဘာယ်ဆိုးလိုလဲ၊ သတိသားထားစေတော့'

နဂါးစိမ်းဂိုဏ်းချုပ်သည် ရယ်မောရင်း စောင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော်...

လူ၏ တိုက်ကွက်ကို ချက်ချင်းပင်ပြန်မည်ရှပ်သိမ်းလိုက်၏။

'ဒီနေရာက ကျဉ်းတယ်၊ လိုက်ဂူအပြင်ဘက်ကို ထွက်ကြရင် မကောင်းဘူးလား'

'သိပ်ကောင်းတာပေါ့ဗျာ'

ပုချိုက ထောက်ခံလိုက်လေသည်။

နှစ်ယောက်သား ဂူထဲမှ ထွက်လာခဲ့ကြ လေတော့သည်။ လောင်းဆောင်ပေါ်၌ လကန်းထိန်ထိန် သာနေသည်။ အရောင်ဖြင့် စန်းကျင်တစ်ခုလုံး ဆာယာ လှပနေလေ၏။



နဂါးစိမ်းဂိုဏ်းချုပ်နှင့် ပုချိုလိုသည် လိုဏ်ဂူကြီး၏ အပြင်ဘက်ကို ရောက်ရှိလာခဲ့ကြပြီဖြစ်၏။

တောအုပ်လည်း၌...

စိမ်းလန်းသောသစ်ပင်များ ရှိနေသည်။

မြက်ခင်းပေါ်တွင် မျက်နှာချင်းဆိုင် နေရာယူလိုက်ကြ၏။

လူသည် ပုချို၏ ကိုယ်နေဟန်ထားကိုကြည့်ကာ ယခင်ကာ ထက် ပြုံးလိုက်၏။

'မဆိုးဘူး၊ မင်းဟာ အရိုင်မဲ့သိုင်းပညာကို ထက်မြက်စွာ တတ်မြောက်ထားပြီ မဟုတ်လား'

ပုချိုက တည်ကြည်စွာပြန်ပြော၏။

'မှန်ပါတယ်ဗျာ၊ ခင်ဗျားကိုဆုံးမဖို့ နှစ်ပေါင်းများစွာ အပင်ပန်းခံပြီး လေ့ကျင့်ခဲ့ရတာပါ'

'နေပါဦး၊ ဒီသိုင်းကိုတတ်မြောက်ရုံနဲ့ ကျုပ်ကိုအနိုင်ရမယ်လို့ မင်းထင်နေသလား'

'ဒါအမှန်ပါပဲ'

'ဟား...ဟား...ဟား'

လူက ဟားတိုက်ရယ်မောလိုက်လေ၏။

'အရိုင်မဲ့သိုင်းသို့ မင်းတစ်ယောက်တည်း တတ်ထားတယ်ထင်ရင် မှားသွားလိမ့်မယ်'

'ခင်...ခင်ဗျား'

ပုချို ချင်ထိတ်သွားလေသည်။

လူသည် ညီဖြစ်သူပုသင်းအား နှိပ်စက်ညှင်းပန်းကာ အရိုင်မဲ့ သိုင်းပညာ ရယူခဲ့ပြီးလေဟု၍ စိုးရိမ်ပူပန်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ—

သူနှင့် ပြတ်ပြတ်သားသား ရင်ဆိုင်တိုက်ခိုက်သွားရမည့်အခါ ဖြစ်ပါသည်။

'လူယုတ်မာကြီး သတိထားပေတော့'

ပုချိုက ဒေါသတကြီးဖြင့် သူ့ထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

သူကလည်း ဟားတိုက်ရယ်မောရင်း ပြန်လည်တိုက်ခိုက်လေတော့သည်။

နဂါးစိမ်းကုက်ချုပ်နှင့် ပုချိုတို့ ထိပ်တိုက်ရင်ဆိုင်နေကြပြီ ဖြစ်သည်။

ထိုအချိန်တွင် စိမ်းလန်းသော သစ်ဝင်များကြားသို့ ချူစန်း ရောက်ရှိလာသော်၏။

ချူစန်း ပြုံးလိုက်သည်။

'ဒီကောင်လေးကို ဖမ်းဆီးနိုင်ပြီဆိုရင် သိုင်းကျမ်းကို ရပြီပေါ့'

သူမသည် ပုချိုအား လေဓါးနတ်ပုန်းဖြင့်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေ၏

ထိုစဉ်—

'ချူစန်း မင်းရဲ့ မကောင်းတဲ့လုပ်ရပ်တွေကို ရပ်တန့်လိုက်ရင်ကောင်းမယ်'

နောက်ကျောဘက်မှ အေးစိမ့်သောစကားသံ ထွက်ပေါ်လာခြင်းကြောင့် သူမရင်ထိတ်သွားပြီး ကပျာကယာ နောက်လှည့်ကြည့်လိုက်၏။



ထိုအခါ—

မလှမ်းမကမ်း၌ လူသုံးယောက် ရောက်ရှိနေသည်ကို တွေ့ရလေသည်။

ထိုလူသုံးယောက်တွင်—

ရှောင်လင်ကို ချောင်း၊ ဝှထန်းကျီရသေ့နှင့် ခြင်္သေ့ကြီး ကျွင်းဝူတို့ ဖြစ်ကြလေသည်။

သူမ မထော့မပ်နဲ့ဖြစ်သွားလေ၏။

'ရှင်တို့ ကိုယ်နဲ့မဆိုင်ဘဲဝင်ရှုပ်တာ ဒုက္ခရောက်ချင်လို့ပဲဖြစ်ရမယ်'

ချက်ချင်းပင်—

လေဓါးနတ်ပုန်းများဖြင့် ပစ်ခတ်လိုက်လေ၏။

လက်နက်ပုန်းလေးများသည် ကိုချောင်းတို့ထံ တရစပ်တိုးဝင်လာလေသည်။

သူတို့ ကပျာကယာ ရှောင်တိမ်းလိုက်ကြပြီးနောင်—

'ယား'

ညာသံပေးကာ ချူစန်းထံသို့ ခုန်ဝင်တိုက်ခိုက်လိုက်ကြလေသည်။

လိုက်ကူအပြင်ဘက်၌ ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်နေချိန်တွင် လူရိပ်တစ်ခုက ဂူအတွင်းသို့ လှစ်ခနဲပြေးဝင်သွားလေသည်။

၀ ၀ ၀

www.burmeseclassic.com



ပုထင်းမှာ သိုင်းပညာ ဆုံးရှုံးခဲ့ရသည့်အပြင် နဂါးစိမ်းဂိုဏ်း၏ ဖမ်းဆီးချုပ်နှောင်ခြင်း ခံနေရပြီဖြစ်လေသည်။

နဂါးစိမ်းဂိုဏ်းချုပ်က သူ့အား ညှင်းပန်းနှိပ်စက်ကာ အရိပ်မဲ့သိုင်း၏ နောက်ဆုံးအကွက်များကို မေးမြန်းခဲ့သော်လည်း သူက မပြောဘဲနေခဲ့၏။

အရိပ်မဲ့ပညာကိုသာ နဂါးစိမ်းဂိုဏ်းချုပ်မှ ဆုံးခန်းတိုင်အောင် ရရှိသွားပါက သိုင်းလောကတစ်ခုလုံး ပျက်စီးသွားမည်ကို နားလည်ထားလေ၏။

သူ့အားကယ်တင်ရန် အစ်ကိုပုချို လိုက်လာသည်ကို တွေ့ရလျှင် ဝမ်းသာသွားပြီး နဂါးစိမ်းဂိုဏ်းချုပ်အား အနိုင်ယူနိုင်ပါစေဟု ဆု တောင်းနေမိတော့သည်။

ထိုအချိန်တွင် ဂူကြီးအတွင်းကို လူတစ်ယောက် ဝင်ရောက်လာလေ၏။

ထိုလူကား … သတို့သမီးဝတ်စုံဆင်မြန်းထားသည့် မေဖုံးဖြစ်နေပါတော့သည်။

'မေဖုံး'

ပုထင်း မယုံနိုင်စွာ ခေါ်လိုက်မိ၏။

သူမက …

အနီးသို့ချဉ်းကပ်လာပြီး ဓားတစ်လက် အရင်ဆုံး ထိုးဖြတ်လိုက်၏။

'အစ်ကို ဒီဆေးကို မြန်မြန်သောက်လိုက်ပါ'

ပုထင်းလည်း ရှည်ရှည်ဝေးဝေးစဉ်းစားမနေတော့ဘဲ ဆေးကို သောက်ချလိုက်၏။



သူမသည် ဓားတစ်လက်ဖြင့် ပုထင်းအား ချည်နှောင်ထားသော သံကြိုးများအား ဖြတ်တောက်ပစ်လိုက်၏။

အနောက်အဖွဲ့မှ လွတ်မြောက်သွားသည်နှင့် —

'အစ်ကို အတွင်းအား မြန်မြန် ကျင့်လိုက်ပါ'

သူမတိုက်တွန်းလိုက်သောအခါ ပုထင်းသည် အနေအထားကို သတိပေါ်လာပြီး ချက်ချင်းပင် မြေပေါ်ထိုင်ကာ အတွင်းအား ပြန် ကျင့်လိုက်လေသည်။

ကြာမီ —

သူ၏ဦးခေါင်းပေါ်မှ အငွေ့တထောင်းထောင်းထလာ၏။ အဆိပ်များပြေပျောက်သွားပြီး သိုင်းပညာ ပြန်သည်ရရှိလာသည်ကို တွေ့လိုက်ရလေတော့သည်။

၁ ၀ ၈

'ဝုန်း'

'အား'

စူးရှသော အော်ဟစ်သံနှင့်အတူ ချုပ်စန်းမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်လေသည်။

သူမ၏နှုတ်ခမ်းထောင့်မှ သွေးများစီးကျနေ၏။

ဆရာကို ကျောင်းတိုက်၏ စုပေါင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာပြင်းထန် ရရှိသွားပြီဖြစ်သည်။

ချုပ်စန်းသည် အခြေအနေမှာ ခန့်မှန်းသိလျှင် ကျေးဇူးတော်ယာ ထွက်ပြေးရန် ဟန်ပြင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'မင်း ပြေးလို့မရတော့ပါဘူး'

ကိုတျောင်းတို့က ပိတ်ဆို့ တိုက်ခိုက်လိုက်ကြသောအခါ ချူစန်း ဘာမျှမတတ်နိုင်တော့ပါချေ။

'ဝုန်း'

'အမယ်လေး'

စူးရှသော အော်ဟစ်သံနှင့်အတူ ချူစန်းမှာ မြေပေါ်သို့ လဲကျသွားကာ အမိုက်ဇာတ်သိမ်းသွားလေတော့သည်။

ထိုစဉ်—

ပုချိုသည် အရိပ်မဲ့ သိုင်းကျမ်းမှ သိုင်းကွက်များထုတ်ဖော်ကာ နဂါးစိမ်းဂိုဏ်းချုပ်အား တိုက်ခိုက်လိုက်လေသည်။

သူ၏ အရိပ်မဲ့ပညာမှာ အစွမ်းထက်လှသည်။

သူ၏သိုင်းကွက်များကို နဂါးစိမ်းဂိုဏ်းချုပ်က သိရှိနေပြီး အသာအယာပင် ရှောင်တိမ်းသွားနိုင်ခဲ့လေသည်။

နဂါးစိမ်းဂိုဏ်းချုပ် ပြန်လည်တိုက်ခိုက်ရာ၌ အသုံးပြုသော သိုင်းကွက်များသည်လည်း အရိပ်မဲ့ သိုင်းကွက်များ ဖြစ်နေသည်ကို တွေ့ရသောအခါ အံ့သြသွားလေ၏။

'ဟင်—သူလဲ အရိပ်မဲ့သိုင်းကို တတ်ထားပါလား'

အရိပ်မဲ့ သိုင်းဖြင့် နဂါးစိမ်းဂိုဏ်းချုပ်အား အနိုင်ယူမည်ဟု ရည်ရွယ်ထားသော်လည်း သူ၏ရည်ရွယ်ချက်အတိုင်း မဖြစ်နိုင်တော့ဟု တွေးကာ စိတ်ပျက်သွားလေ၏။

'ဟား—ဟား—ဟား'

နဂါးစိမ်းခေါင်းဆောင်က ဟားတိုက်ရယ်မောလိုက်လေသည်။



'ဘယ်လိုလဲ၊ ငါ့ကိုအနိုင်ယူနိုင်မယ်လို့ မင်း ထင်နေလား'

'ဟင်—ခင်ဗျား'

'ကဲ—ငါ့ရဲ့သိုင်းကွက်ကို ကြည့်ထားစမ်းပါဦး'

နဂါးစိမ်းခေါင်းဆောင်သည် ရှေ့တိုးကာ လက်ဝါး နှစ်ဖက် အသုံးပြုပြီး တိုက်ခိုက်လိုက်လေသည်။

ပုချို အလျှင်အမြန် ပြန်လည်ခုခံလိုက်၏။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်—

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာကာ ပုချိုမှာ အနောက်ဘက်သို့ လွင့်စင်သွားလေသည်။

'ဟား—ဟား—ဟား'

နဂါးစိမ်းခေါင်းဆောင်က ကျေနပ်စွာ ရယ်မောလိုက်၏။

'အရိပ်မဲ့ သိုင်းပညာ အစွမ်းထက်တယ်ဆိုတာ အမှန်ပါပဲ၊ ဒါပေမယ့် ကျုပ်က အထင်မကြီးတော့ပါဘူး၊ အတွေ့အကြုံ ဗဟုသုတမရှိရင် ဘယ်လောက်အစွမ်းထက်တဲ့ သိုင်းပညာကို တတ်တတ် အကျိုးရှိနိုင်ဘူးဆိုတာ ထင်ရှားနေတာပဲ'

'ခင်—ခင်ဗျား'

'မင်းရဲ့အရိပ်မဲ့ပညာကို ထုတ်ဖော်အသုံးပြုလိုက်စမ်းပါဦး'

နဂါးစိမ်းခေါင်းဆောင်က စိန်ခေါ်လိုက်လျှင် ပုချိုသည် အံတင်းတင်းကြိတ်ကာ တိုက်ခိုက်လိုက်၏။

'ယား'

နဂါးစိမ်းခေါင်းဆောင်က ပေါ့ပေါ့ပါးပါးဖြင့် ပြန်လည် ရင်ဆိုင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝှန်း'

အား

ပုချို အခေါးသို့လှုပ်စင်သွားလေ၏။

သိုင်းပညာနှင့်ပတ်သက်၍ အတွေ့အကြုံ ဗဟုသုတဆည် ဆည်း၊ အလွန်အရေးပါကြောင်း ထင်ရှားနေပါသည်။

အတွေ့အကြုံမရှိသော ပုချိုအား အတွေ့အကြုံကြွယ်ဝသည့် နဂါးစိမ်းခေါင်းဆောင်က အနိုင်ယူလိုက်ခြင်းဖြစ်၏။

နဂါးစိမ်းခေါင်းဆောင် ပြုံးလိုက်လေသည်။

'ဒါဟာ အရိုးမဲ့သိုင်းပညာကို ဆုံးခန်းတိုင်အောင် မရ ပေမယ့် ခုလောက်နဲ့ပဲ လုံလောက်နေပါပြီ၊ မင်းတို့ညီအစ်ကို နှစ်ယောက်စလုံးကို ရှင်းပစ်မယ်ဆိုရင် အောက်ကပေါ်မှာ အရိုး မဲ့ပညာ တတ်မြောက်တဲ့လူ ငါအစ်ယောက်တည်းပဲ ရှိတော့ မှာပေါ့၊ ကဲ...အသေဖြိုးပြင်ထားပေတော့'

ပုချိုအား အပြီးတိုင် သုတ်သင်ရှင်းလင်းပစ်ရန် ဟန်ပြင် လိုက်၏။

ထိုစဉ်—

'ရပ်လိုက်'

အော်ဝေါက်သံနှင့်အတူ ဆရာကိုကျောင်းတို့ သုံးယောက် ပြေးလွှားရောက်ရှိလာပြီး နဂါးစိမ်းကိုက်းချုပ် အား ဝင် ရောက်တိုက်ခိုက်လိုက်ကြလေ၏။

နဂါးစိမ်းခေါင်းဆောင်ကသည်း ချက်ချင်း ပြန်လည် တိုက်ခိုက်လိုက်လေသည်။



ကျယ်လောင်သောအော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ် လာ၏။

ဆရာကိုကျောင်းတို့သုံးယောက်မှာ နဂါးစိမ်းကိုက်းချုပ် အား မယှဉ်နိုင်ဘဲ အဝေးသို့လွင့်စင်သွားကြလေသည်။

'ဟား...ဟား...ဟား'

နဂါးစိမ်းခေါင်းဆောင်က ဟားတိုက်ရယ်မောလိုက်လေ သည်။

'ကာယသူတွေများ မတတ်တယ်၊ ရှောင်လင်ကျောင်းနဲ့ ဝူတန်း အဖွဲ့က သိုင်းဆရာကြီးတွေကိုး၊ ခင်ဗျားတို့ရောက်လာတာ အတော်ပဲ၊ ဓနုဥဏ်လဲ ဆုံးမရမယ့်အတူတူ ခုဆုံတည်းက ဆုံးမ ထားလိုက်ရုံပေါ့ဗျာ'

ပြောရင်း ရှေ့တိုးလိုက်သည်။

ထိုအချိန်မှာပင်

'ကျုပ်တို့လဲ ရှိပါသေးတယ်'

အော်ဟစ်ပြောသံနှင့်အတူ လူသုံးယောက် ပြေးလွှား ရောက်ရှိလာကြလေသည်။

ထိုလူသုံးယောက်တို့အား အနုတ်ရောင် သိုင်းထိပ်သီးများ ဖြစ်ကြသည့် ဧရိန်၊ ငှက်ဆိုးကြီးနှင့် မြွေဘုရင်လူးတို့ ဖြစ်ကြလေ သည်။

ဧရိန်တို့သည် ရှည်ရှည်ဝေးဝေး ဝေ့ေစားမနေတော့ဘဲ နဂါးစိမ်းခေါင်းဆောင်က ဝင်ရောက်တိုက်ခိုက်လိုက်ကြလေ သည်။

နဂါးစိမ်းခေါင်းဆောင် မကျေမနပ်ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားတို့ဟာ အနုပညာရှင်သိုင်းလောကသားတွေ ဖြစ်ကြပါလျက် ကျုပ်နဲ့ ယှဉ်တွဲဖို့မစဉ်းစားဘဲ ဘာကြောင့် တိုက်ခိုက်ချင်ရတာလဲ'

ဂျော်နီတို့က ဘာမျှပြန်မပြောဘဲ ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြသည်။

နဂါးစိမ်းကိုကျော်ချုပ် ဒေါပွသွားသည်။

'ခင်ဗျားတို့ သေချင်နေကြပြီကိုး ကောင်းပြီ'

ချက်ချင်းပင်—

အရိပ်မဲ့သိုင်းပညာကို အသုံးပြုကာ တိုက်ခိုက်လိုက်လေ၏။

ဂျော်နီတို့သည် ထိပ်သီးသိုင်းသမားများ ဖြစ်ကြပါသော်လည်း သူ့အား မယှဉ်နိုင်ဘဲဖြစ်သွားကြ၏။

ထိပ်တိုက် ရင်ဆိုင်မိလိုက်ကြသည်နှင့်—

'စုံနီး'

'အား'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများနှင့်အတူ အဝေးသို့လွင့်စင်သွားကြလေတော့သည်။

နဂါးစိမ်းကိုကျော်ချုပ်အား မည်သူမျှ မယှဉ်နိုင်ပါတော့ချေ။

ကျွဲအတိုင်းဆိုလျှင်—

နဂါးစိမ်းကိုကျော်ချုပ်ကြောင့် သိုင်းလောကတစ်ခုလုံး ပျက်စီးရတော့မည် ဖြစ်လေသည်။

သူ့အား ဟန့်တားမည့်သူ မရှိတော့ပြီလော။



'ဟား—ဟား—ဟား ကျုပ်ကို ဘယ်သူက ဟန့်တားနိုင်မှာလဲ ပြောစမ်းပါဦး'

သူက ကြုံးဝါးလိုက်၏။

ထိုစဉ်—

'ကျုပ်တစ်ယောက်လုံး ရှိပါသေးတယ်ဗျ'

စကားသံနှင့်အတူ

လူတစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ—

ပုထင်းဖြစ်လေသည်။

* * *

ပုထင်းသည် နဂါးစိမ်းကိုကျော်ချုပ်နှင့် ရင်ဆိုင်လိုက်သည်။

နဂါးစိမ်းကိုကျော်ချုပ် မယုံနိုင်အောင်ဖြစ်နေ၏။

'မင်း—မင်း—'

'ခင်ဗျားကို ဟန့်တားနိုင်မယ့်လူ ရှိနေသေးတယ်ဆိုတာ မမေ့ပါနဲ့ဦးဗျာ'

ပုထင်းက ရဲရဲတုံ့လိုက်၏။

သူက ပြုံးလေသည်။

'မင်းရဲ့သိုင်းပညာ ဆုံးရှုံးနေပြီပဲ၊ တာဝန်များကို ကျော်နိုင်မှာမို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချ ကျုပ်ထတ်နိုင်ပါသေးတယ်'

ပုထင်းအာ မြေပေါ်ခြေဆာစင့်အော လှုပ်တစ်ပြီး ခုန်ဝင်တိုက်ခိုက်လေသည်။

ဘွားလည်း ဆီးကြိုတိုက်ခိုက်သည်။

အရိပ်မဲ့ သိုင်းပညာ ဓာတ်မြေမတိုးထားသူ နှစ်ယောက်၏ တိုက်ပွဲကား ကြေးမှာမက်ဖွယ်ကောင်းအောင် ပြင်းထန်ခဲ့ပါလေသည်။

အရွမ်းထက်လှသည့်သိုင်းကို နှစ်ဦးစလုံး၏ အသုံးပြုလိုက်ခြင်းဖြစ်သည်။

နဂါးစိမ်းဂိုဏ်းချုပ်သည် ပုထင်းအာ သိုင်းပညာကို အသုံးပြုနိုင်သည်ကို အံ့ဩနေမိသော်လည်း အရိပ်မဲ့သိုင်းကို အသုံးပြုကာ တိုက်ခိုက်ရသည်ကို သဘောကျသွားလေ၏။

'ကောင်းတယ်ဟေ့ ကောင်းအယ်၊ မင်းရဲ့ အစ်ကိုထက်သာသေးတယ်'

ပြောရင်း—

ရှေ့ကြွမ်း တိုက်ခိုက်လေသည်။

ပုထင်းအာ အရိပ်မဲ့ သိုင်းပညာ၏ နောက်ဆုံးအကွက်များကို ထုတ်ဖော်လိုက်လေသည်။

ထိုအကွက်များကို နဂါးစိမ်းဂိုဏ်းချုပ် ရထားသည် မဟုတ်ပါ။



ပြောရင်း—

'ဟင်း

အား'

ဗိုးရှသေးအသံ ထွက်ပေါ်လာစဉ် ဂိုဏ်းချုပ် နောက်သို့ ဆုတ်လိုက်ရလေသည်။

ပုထင်း၊ အားစိုက်သွားသည်။

'ခင်ဗျား ဘာမှမတတ်နိုင်တော့ပါဘူး'

လှုပ်တစ်ပြက်ခုန်ဝင်ကာ တိုက်ခိုက်လိုက်၏။

ဂိုဏ်းချုပ်သည် ရှာများစွာ ကြိုးစားခုခံလိုက်သော်လည်း ပုထင်း၏တိုက်ကွက်ကို မယှဉ်နိုင်တော့ပါချေ။

ပုထင်း၏လက်ဝါးသည် သူ၏ရင်ဝသို့ ရိုက်ခနဲတိုးဝင်သွားလေသည်။

'ဝုန်း'

'အွန်း'

ဂိုဏ်းချုပ်သည် ဝယ်းဝယိုင်ဖြင့် နောက်ဆုတ်သွားပြီး မြေပေါ် လဲကျသွားလေတော့သည်။

ပုထင်းသည် နဂါးစိမ်းဂိုဏ်းချုပ်အား ပြတ်ပြတ်သားသား အနိုင်ယူလိုက်ပြီ ဖြစ်ပါသည်။

• • •

www.burmeseclassic.com

www.burmeseclassic.com



အဲဖြူနှင့် အနတ် သိုင်းဆရာမများမှာ စုပေါင်းမိုးကြိုးပစ်ခံခဲ့ခြင်းကြောင့် နဂါးစိမ်းဂိုဏ်းမှာ ပြိုကွဲပျက်စီးသွားရတော့သည်။

နဂါးစိမ်းဂိုဏ်းချုပ်သည်လည်း ပုထင်း၏ လက်ချက်ဖြင့် အမိုက်ဇာတ်သိမ်းသွားပြီ ဖြစ်လေသည်။

သိုင်းလောကအတွက်ခုလို အေးချမ်းသာယာသွားတော့မည် ဖြစ်ပါသည်။

ပုထင်းက အစ်ကိုဖြစ်သူပုချိုကို ဖေးမလိုက်၏။

'အစ်ကို'

'ညီလေး'

ကွဲကွာခဲ့ကြသော ညီအစ်ကိုနှစ်ယောက်တို့လည်း ပြန်လည်ဆုံတွေ့မိကြပြီ ဖြစ်လေသည်။

ထို့စဉ်...

'အစ်ကို'

ဝမ်းသာအားရ ပြေးလာသော မေဖူးသာ၏ တွေ့မြင်လိုက်ရလေတော့သည်။

—၀—

(စတုတ္ထပိုင်း ဇာတ်သိမ်း ပြီး၏။)

ဝဏ္ဏအောင်

BURMESE CLASSIC

www.burmeseclassic.com